# ဂါထာပရိတ်တော်များ နှင့် ကိုယ်တွေ့ဖြစ်ရပ်များ

ပထမအုပ်

မြတ်မင်္ဂလာအယ်ဒီတာအဖွဲ့ စီစဉ်သည်။

ဒုတိယအကြိမ်

# ဂါထာ ပရိတ်တော်

နှင့်

# ကိုယ်တွေ့ဖြစ်ရပ်များ

မြတ်မင်္ဂလာအယ်ဒီတာအဖွဲ့စီစဉ်သည်

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၄၉၆/၈၉(၉)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၅၇၁/၈၉(၁၂)

| | | |
|---|---|---|
| စောင်ရေ | ........ | ၂၀၀၀။ |
| တန်ဖိုး | ........ | ၂၁-ကျပ်။ |
| အဖုံးရိုက် | ........ | ဟံသာဝတီ ပုံနှိပ်တိုက် |
| ပန်းချီ | ........ | ဦးစန်းလှိုင် |

(ဒုတိယအကြိမ်)

၁၉၉၀၊ ဖေဖော်ဝါရီလ

**ထုတ်ဝေသူ-ဦးဇော်ဝင်း** (မြဲ-၀၀၀၄)

အမှတ်- ၃၄၉၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

ပုံနှိပ်သူ- ဦးဇော်ဝင်း (မြဲ-၀၁၄၈၅)
ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်
၃၄၉၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

ဒုတိယ အကြိမ်

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ


၁။ အမှာစာ ၇

၂။ မြန်မာနိုင်ငံနှင့် သမ္ဗုဒ္ဓေ ....မြင့်ဆွေ ၁၁

၃။ နန်းမြို့တော်နှင့် သမ္ဗုဒ္ဓေအင်း ...ဇော်ဂျီ ၁၇

၄။ သမ္ဗုဒ္ဓေဂါထာတန်ခိုး ... ထင်အောင်လင်း ၂၀

၅။ သမ္ဗုဒ္ဓေဂါထာနှင့် ကျွန်တော့်ဘဝ ....မအူပင်-သန်းညွန့် ၂၅

၆။ အလွန်ကျေးဇူးကြီးမားလှသော
မဟာသရဏဂုံတော်ကြီး ... ဒဂုန်-ဦးစန်းငွေ ၂၉

၇။ ဒုက္ခဝက်ပါမှ လွတ်မြောက်စေသောဂါထာ
....ချောင်းဆုံ အုန်းသွင် ၇၄

၈။ မီးလျှံမှရေစင် ....နုယဉ် ၈၀

၉။ ဗောဇ္ဈင်သုတ်တော်အကျိုး ....မောင်စိန်လွင်(ပျဉ်းမနား) ၈၄

၁၀။ ဗောဇ္ဈင်သုတ်၏ အာနိသင် ....ချောင်းဆုံ-အုန်းသွင် ၈၈

၁၁။ ဓာရဏပရိတ်တော်နှင့် ကျွန်တော် ....ဝါဝါထင်လင်း ၉၆

၁၂။ ဘုန်းကြီးပေးသော ဂါထာ ....မောင်မြတ်သင်း ၁၀၈

၁၃။ ဇာလီခေါင်ဆရာတော်ဘုရားကြီး၏
ဩဝါဒနှင့် ဂါထာတော်မြတ် ....တက္ကသိုလ်-ဝင်းမွန် ၁၁၄

၁၄။ သိရသ္မိံ ဂါထာ တန်ခိုး ....ထင်အောင်လင်း ၁၂၃

၁၅။ အန္တရာယ်ကင်းလာဘ်ရှင်ဂါထာ....ချောင်းဆုံ-အုန်းသွင် ၁၃၁

၁၆။ အံ့ဖွယ် ဘုရားဂုဏ်တော်
....ဘုန်းကြီးကျောင်းသား(ဓမ္မာစရိယ) ၁၃၇


ဒုတိယအကြိမ်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဗုဒ္ဓ၏ဂုဏ် ကိုယ်လုံးခြုံသော် ....ထီးချိုင့်နတ်စိုး | ၁၄၁ |
| ၁၈။ | သဝေမပါ ကိုးဂါထာ အကျိုးမှာ အနန္တ ....ချောင်းဆုံ အုန်းသွင် | ၁၄၆ |
| ၁၉။ | ဘေးဘယာမခသည့် ဗုဒ္ဓဂုဏ်တော် ....ယုဝတီ-ရွှေဝါစိန် | ၁၅၁ |
| ၂၀။ | ရတနာသုံးသွယ် ဘေးရန်ကယ် ... ဦးဘောင်းညွန့်(ရေနံချောင်း) | ၁၆၂ |
| ၂၁။ | အနာကင်းလို ဘေးကင်းလို ရွတ်ဆို ဤဂါထာ ... ချောင်းဆုံ-အုန်းသွင် | ၁၆၇ |
| ၂၂။ | စမ္ဗုဒ္ဓေဂါထာတော်နှင့် ပေါဓိပက္ခိယတရား ....တက္ကသိုလ်-ဝင်းမွန် | ၁၇၂ |
| ၂၃။ | ပြည်တော်ပြန်ဘုရားနှင့် စမ္ဗုဒ္ဓေဂါထာ ....ချောင်းဆုံ-အုန်းသွင် | ၁၆၇ |
| ၂၄။ | မာရ်အောင်မြင်မှုနှင့် ဂါထာတော်များ ....တက္ကသိုလ်-ဝင်းမွန် | ၁၈၁ |
| ၂၅။ | ပရိတ်အကျိုးနှင့် ပရိတ်ရွတ်နည်း ....လယ်တီဆရာတော်ဘုရားကြီး | ၁၈၈ |
| ၂၆။ | မေတ္တာဘာဝနာ ... ခုမ်းမြေ့ရိပ်သာဆရာတော် | ၁၉၁ |
| ၂၇။ | မေတ္တာသုတ် ရွတ်ဖတ်ရခြင်းအကျိုး ....အရှင်ပဏ္ဍိတမဟာထေရ်(စစ်ကိုင်း) | ၂၀၀ |
| ၂၈။ | မေတ္တာသုတ် ပါဠိတော် | ၂၀၃ |


ဒုတိယ အကြိမ်

# အမှာစာ

ပရိတ်တော်များနှင့်၊ ဘုရား၊ တရား၊ သံဃာ ဂုဏ်ကျေးဇူးကိုဖော်ကျူးသော ဂါထာများသည် အလွန်တန်ဖိုးရှိလှပါသည်။ ယင်းတို့ကို ရွတ်ဖတ်ကြသဖြင့် လူပေါင်းများစွာသည် ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းရှင်းခဲ့ကြပါသည်။ ထူးခြားသော အကျိုးကျေးဇူးများကို ရရှိခဲ့ကြပါသည်။ ထိုသို့ အကျိုးကျေးဇူး ခံစားရသူများအနက် စေတနာရှင်အချို့သည် မမှမိတ်ဆွေများ အကျိုးငှာ မိမိတို့၏ ကိုယ်တွေ့များကို ဆောင်းပါးရေး၍ မြတ်မင်္ဂလာ စာစောင်သို့ ပေးပို့ခဲ့ကြပါသည်။ ယင်းတို့မှာ တန်ဖိုးရှိလှသဖြင့် မြတ်မင်္ဂလာ အယ်ဒီတာအဖွဲ့က အရေးအသား အတင်အပြ ကောင်းသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြခဲ့ပါသည်။ မြတ်မင်္ဂလာစာရှုသူ မမှမိတ်ဆွေများကလည်း ဝမ်းမြောက် ဝမ်းသာ ဖတ်ရှုခဲ့ကြပါသည်။ လိုက်နာကျင့်သုံးခဲ့ကြပါသည်။ ထူးခြားသော အကျိုးကျေးဇူးများကို ရရှိခဲ့ကြပါသည်။

ယင်းဆောင်းပါးများကို စာစောင်တွင် ဖော်ပြရုံသာမက တပေါင်းတစည်းတည်း စုပေါင်း၍ စာအုပ်ထုတ်ဝေရသော် ပိုမိုကောင်းမွန်လိမ့်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ယင်းတို့ကို စုပေါင်း၍ စာအုပ်ထုတ်ဝေလိုက်ပါသည်။ ထိုသို့ စာအုပ်ထုတ်ဝေနိုင်ရန် ကူညီကြသော ဆောင်းပါးရှင်များကို အထူးကျေးဇူးတင်ပါသည်။

မူလက ဆောင်းပါး အနည်းငယ်ကိုသာ စုပေါင်း၍ ၁၂-ကျပ်တန် ထုတ်ဝေရန် ရည်ရွယ်ခဲ့ပါသည်။ သို့ရာတွင် ပိုမိုပြည့်စုံရန်အတွက် လက်လှမ်းမီသမျှ ဆောင်းပါးအားလုံးနှင့် မူရင်း ပရိတ်တော်များ၊ ဂါထာများကိုပါ ပြည့်ပြည့်စုံစုံ ဖော်ပြလိုသော စေတနာကြောင့် စာအုပ်ထူသွားပြီး ဈေးနှုန်းလည်း တိုးမြှင့် သတ်မှတ်လိုက်ရ ပါသည်။

ဒုတိယ အကြိမ်

စာရှုသူ ဓမ္မမိတ်ဆွေများ နားလည် လက်ခံ ကြမည်ဟု ယုံကြည်ပါသည်။

(နောက်ဆက်တွဲအဖြစ် လယ်တီဆရာတော် ဘုရားကြီး၏ သုကုမာရမဂ္ဂ ဒီပနီမှ (က) ပရိတ်အကျိုးနှင့် ပရိတ်ရွတ် နည်းကို လည်းကောင်း၊ ချမ်းမြေ့ရိပ်သာ ဆရာတော်၏ အခြေပျိုး ဗုဒ္ဓဘာသာမှ (ခ) မေတ္တာဘာဝနာ ကိုလည်း ကောင်း၊ ရွှေဟင်္သာ တိုက်သစ် ဆရာတော် အရှင် ပဏ္ဍိတ ထေရ်၏ မေတ္တာသုတ် မြန်မာ ဋီကာမှ (ဂ) မေတ္တာသုတ် ရွတ် ဖတ် ရ ခြင်း အကျိုးကို လည်းကောင်း ကူးယူဖော်ပြ ပါသည်။)

အယ်ဒီတာအဖွဲ့
မြတ်မင်္ဂလာ စာစောင်

# ဘုရားအား ပူဇော်ခြင်း

ဘုရားရှင်သည် သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်တော်တို့ဖြင့် မွမ်းထုံအပ်သော ဓာတ်တော်ရတနာတို့သည်လည်းကောင်း၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော သာသနာတော်ကို လည်းကောင်း ကိုယ်တော်စားထားတော်မူခဲ့၍ အနုပါဒိသေသ နိဗ္ဗာန်စံဝင်တော်မူ၏။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသွားသော်လည်း လူနတ်နိဗ္ဗာန် သုံးတန်သောစည်းစိမ်ချမ်းသာ ရရှိခြင်းကား ပြတ်တောက်မသွားချေ။ စည်းစိမ်ချမ်းသာ ရလိုသူတို့သည် ဓာတ်တော်ရတနာကို ပူဇော်၍လည်းကောင်း၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော သာသနာတော်၏ အဆုံးအမကို လိုက်နာကျင့်သုံး၍လည်းကောင်း လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုရရှိကြကုန်၏။ ထို့ကြောင့် ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားရှင်အား ပူဇော်ခြင်းသည် အကျိုးရှိသည်သာတည်း။ ။

**မိလိန္ဒမင်းကြီးအား အရှင်နာဂသေန မိန့်ကြားချက်**
**(မိလိန္ဒပဉှာကျမ်းမှ)**

ဒုတိယ အကြိမ်

# ပရိတ်တန်ခိုး

ပရိတ်အရံအတားပြုသောသူကို ကိုက်လိုသော မြွေသည် မကိုက်ဝံ့။ ဟင်းလင်းပွင့်သောမြေခံတွင်းသည် ပိတ်သွား၏။ ခိုးသူတို့၏ မြှောက်ချီရွယ်မိုးထားသောတင်းပုတ်သည်လည်း ရိုက်နှက်ရန် မဖြစ်မြောက်နိုင်။ ထိုတင်းပုတ်ကိုင်သူတို့သည် တင်းပုတ်ကိုလွှတ်ချ၍ ချစ်ခင်လာကြကုန်၏။ မုန့်ယိုနေသော ဆင်ပြောင်ကြီးသည်လည်းထိုးရန်လာပြီးမှ ဖယ်ခွာသွား၏။ ပြောင်ပြောင်တောက်သော မီးပုံကြီးသည်လည်း အနီးသို့ ရောက်သော် ငြိမ်းသွား၏။ အဆိပ်ကိုစားမိလျှင်လည်း ထိုအဆိပ်သည် ဆေးဖြစ်သွား၏။ သတ်လို၍ အနီးသို့ရောက်လာသော သူသတ်သမား တို့သည်လည်း ကျွန် အဖြစ်သို့ ရောက်သွားကုန်၏။ နင်းမိသော ကျော့ကွင်း သည်လည်း မဖွဲ့မိချေ။

မိလိန္ဒမင်းကြီးအား အရှင်နာဂသေန မိန့်ကြားချက်

(မိလိန္ဒပဉှာကျမ်းမှ)



ဒုတိယ အကြိမ်



# မြန်မာနိုင်ငံနှင့် သမ္ဗုဒ္ဓေ

မြင့်ဆွေ

(၁)

"မဟာဂီတပေါင်းချုပ်" ကျမ်းပြုဆရာကြီး ဦးပြုံးချိုက ကျိုက်လတ်မြို့ ပစ္ဆိမာရုံရွှေကျောင်းသာသနာပိုင် ဆရာတော်ဘုရားကြီးအား သမ္ဗုဒ္ဓေဂါထာနှင့်ပတ်သက်၍ အောက်ပါအတိုင်း မေးလျှောက်ခဲ့ဖူးသည်။

"သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ- အစချီသော ဂါထာသည် ဘုရားတပည့်တော်များ ငယ်စဉ်ကပင် ရရှိရွတ်အံခဲ့ရသည်မှာ ၂-ဂါထာခွဲသာ ရှိပါသည်။ ယခု မျှားမကြာမီက ပေတိုစာဟောင်းတစ်ခု၌ တစ်ပါဒပို၍ ၃-ဂါထာ အပြည့် ပါရှိသော သမ္ဗုဒ္ဓေ မူဟောင်းကို တွေ့ရှိ မှတ်သားထားပြီးလျှင် အချို့ပညာအရည်အချင်းရှိ ဆရာများကို ဆွေးနွေးမေးမြန်းကြည့်ရာ ၎င်းဂါထာသည် အာနိသင်ကြီးလှ၍ အန္တရာယ်ကင်းရုံသာမက ကာယသိဒ္ဓိ လမ်းများကိုပင် စွမ်းနိုင်သဖြင့် ပုန်ကန်ရိုင်းပျကြသူ များလိမ့်မည်ကို စိုး၍ ရှေးဆရာတော်ကြီးများက တစ်ပါဒကိုဖြုတ်လျက် နုတ်ပယ်ချထားတော်မူခဲ့ကြသည်။ ဂါထာမူမှန်မှာ ၃-ဂါထာမှ မှန်ပါသည်ဟု ပြောကြပါသည်ဘုရား။

"သို့ရာတွင် ၎င်းစကားများသည် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ ဂါထာမူမှန်ကိုသာ 'အလိုရှိသည်ဖြစ်ပါ၍ ယခုအရှင်ဘုရားအား 'ဆက်ကပ်သော သမ္ဗုဒ္ဓေ၃-ဂါထာကို မှားသောပုဒ်ပါ၌ အကွဲရာများအား သုတ်သင်ပြင်ဆင် လျက် မူမှန်ရရှိရန် တပည့်တော်အား သနားတော်မူပါမည့်အကြောင်း ရှိခိုးလျှောက်ထား တောင်းပန်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။"

ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးကလည်း ၁၁ဂဂ-ခု၊ပြာသိုလဆုတ် ၁၅ ရက် နေ့စွဲဖြင့် မေးလျှောက်ချက်ကို ကရုဏာရှေ့ထား၍ ဖြေကြားတော်မူခဲ့ပေသည်။ ဆရာတော်ဘုရားကြီး၏ ဖြေကြားလွှာ၌....

ဒုတိယ အကြိမ်

၂၄၆၂

(က) သမ္ဗုဒ္ဓေ ၃-ဂါထာ၏ ပုဒ်-ပါဠိ အက္ခရာတို့ကို မှန်ကန်အောင် သုတ်သင်ပြင်ဆင်ပေးခြင်း၊

(ခ) ဌာန်-ကရိုဏ်းကျနအောင် ရွတ်နည်းရွက်ဟန် အသံထွက်များ ကို ဖော်ပြထားခြင်း၊

(ဂ) ၃-ဂါထာလုံး၏ အနက်ကိုပါ ပြန်ဆိုပေးခြင်းတို့ ပါရှိပေသည်။

နောက်မှ ထပ်မံတွေ့ရှိရသည်ဆိုသော "အပ္ပကံ ဝါလုကံ ဂင်္ဂ၊ အနန္တံ နိဗ္ဗုတံ ဇိနံ" ဟူသည့် ၂-ပါဒကိုပါ ဆရာတော်ကြီးက အနက်ပြန်ဆိုထား ပေသည်။

ယင်းဖြေကြားလွှာတွင် ပတ္တမြားရုံဆရာတော်ဘုရားကြီးက....

"လောကီ၊ လောကုတ္တရာ စီးပွားချမ်းသာတို့ကို ဆောင်စွမ်းနိုင်သော ဂါထာများဖြစ်၍ ကောင်းမွန်စွာပြင်ဆင်၍ ပေးလိုက်သည်၊ ပါဠိပါဌ်ကို ကျကျနနကျက်ရမည်၊ အနက်ကို အကျဉ်းမျှရေးလိုက်သည်" ဟူသော မှတ်ချက်ကို ထည့်သွင်းဖော်ပြထားသည်။

သမ္ဗုဒ္ဓေဂါထာ၏ စွမ်းရည်သတ္တိကို ဦးပြုံးချို၏ လျှောက်လွှာ၌ "ကာယသိဒ္ဓိ လမ်းများကိုပင် စွမ်းနိုင်သဖြင့်" ဟု ဖော်ပြထားသော်လည်း ဆရာတော်ဘုရားကြီး၏အဖြေ၌ကား ထိုစကားများကိုမတွေ့ရပေ။သို့သော် ဆရာတော်ကြီး၏ မှတ်ချက်တွင် "လောကီ၊ လောကုတ္တရာ စီးပွားချမ်းသာ တို့ကို ဆောင်စွမ်းနိုင်သော ဂါထာများ" ဟု ခြုံ၍ဖော်ပြထားရာ ဆရာတော် ကြီး တစ်ပါးအနေနှင့် ဤမျှလောက် ဖော်ပြထားလျှင်ပင် လောကီကျိုး၊ လောကုတ္တရာကျိုး အမျိုးမျိုးဆိုရာ၌ ဘယ်အကျိုးတွေ ပါဝင်နိုင်ကြောင်း ရိပ်မိနိုင်လောက်ပေပြီ။

## (၂)

မြန်မာလူမျိုးများသည် သမ္ဗုဒ္ဓေဂါထာ၏ အကျိုး အာနိသင်များကို ရှေးအခါကပင် ယုံယုံကြည်ကြည် စွဲစွဲသမ်းလမ်း ရှိခဲ့ကြသည်။ သမ္ဗုဒ္ဓေ ဂါထာကို အမြဲတမ်းရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ စနစ်တကျ သုံးစွဲခြင်းများ ပြုလုပ်ပါက ဘေးအန္တရာယ်ကင်းသည်၊ ကပ်သုံးပါးမှ ကျော်နင်းနိုင်သည်၊ လောကီသိဒ္ဓိအကျိုးအမျိုးမျိုးကိုလည်း ရရှိနိုင်သည်ဟူသော ယုံကြည်မှုများ ဖြစ်သည်။

သာမန် အချိန်အခါများထက် ဘေးအန္တရာယ်နှင့်ရင်ဆိုင်ရသော အချိန် အခါများတွင် သမ္ဗုဒ္ဓေဂါထာသည် ပို၍ရှေ့တန်းသို့ ရောက်လာတတ်ပေ

သည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကို မီလိုက်သည့် အဘိုးအဘွားများ၏ ပြောပြချက်အရဆိုလျှင် ထိုအချိန်က သမ္ဗုဒ္ဓေဂါထာသည် လူတိုင်း၏ လုံခြုံရေးအတွက် သံကွန်ချာ ခုနစ်ထပ်လောက် အားထားခဲ့ကြကြောင်း သိရှိရသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းကလည်း သမ္ဗုဒ္ဓေ ဂါထာသည် ကမ္ဘာကျော်ခံတပ်ကြီး ဆယ်ခုလောက်မက အားကိုးအားထားပြုခြင်းကို ခံခဲ့ရပေသည်။ ဗုံးကြဲလေယာဉ်ပျံလာသဖြင့် ဗုံးခိုကျင်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် တီးတိုးရွတ်ဆိုနေကြသည့် သမ္ဗုဒ္ဓေဂါထာသံများကို ကိုယ်တိုင်ကြားသိ ကြုံတွေ့ခဲ့ရသည်။

သမ္ဗုဒ္ဓေစေတီတော်ကြီးတည်ရှိရာ မုံရွာခရိုင် မိုးညှင်းတောရတိုက် ပတ်ဝန်းကျင်၌ ယနေ့အထိ ပြောစမှတ်ပြုနေကြသည့် အံ့ဩဖွယ်ဖြစ်ရပ်တစ်ခုရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်ရပ်ပင်တည်း။ စစ်ကြီးဖြစ်လာသောအခါ မိုးညှင်းကျောင်းတိုက် အတွင်းသို့ အမြို့မြို့အနယ်နယ်မှ လာရောက်ခိုလှုံကြသော အိမ်ထောင်စုများမှာ တစ်ထောင်ကျော် ရှိခဲ့၏။

အံ့ဩစရာကောင်းသည်မှာ ထိုအချိန်က ဗုံးဘေး ဗုံးဒဏ်ကို ကာကွယ်ရန်အတွက် တစ်နိုင်ငံလုံး စစ်လမ်းနှင့် နီးစပ်သည့်နေရာတိုင်း၌ ဗုံးခိုကျင်းများ တူးကာ ခိုနေထိုင်ကြသော်လည်း မိုးညှင်းကျောင်းတိုက်အတွင်းမှ အိမ်ထောင်စု တစ်ထောင်ကျော်တို့မှာ ဗုံးခိုကျင်းမရှိဘဲ ရဲဝံ့စွာ နေထိုင်ကြခြင်းပင် ဖြစ်သည်။

ထိုထက်ပို၍ အံ့ဩစရာကောင်းသည်ကား ဂျပန်စစ်တပ်ကြီး ချီတက်လာသောအခါ၌ အင်္ဂလိပ်ဘက်မှ စစ်သားပေါင်း ၄၀၀၀-ကျော်တို့သည် မိုးညှင်းတိုက်ကို ဝိုင်းကာ စခန်းချပြီး ဂျပန်များကို ပြန်လည် ခုခံ တိုက်ခိုက်ကြသည်။ ဂျပန်များကလည်း အမြောက်များ စက် သေနတ် များ ဖြင့် တရကြမ်း ပစ်ခတ် တိုက်ခိုက်ကြသည်။ သို့သော် မိုးညှင်းတိုက်အတွင်းရှိ အိမ်ထောင်စုပေါင်းတစ်ထောင်ကျော်တို့မှာ ထိုအမြောက်နှင့် စက်သေနတ်တို့၏ ဘေးရန်မှ လွတ်ကင်းခဲ့ကြသည်။ လူများကိုမဆိုထားဘဲ၊ ယုတ်စွအဆုံး မိုးညှင်းတိုက်တွင်းရှိ ကြက်၊ ငှက်စသော တိရစ္ဆာန်များပင် အထိအခိုက်မရှိကြ။ သမ္ဗုဒ္ဓေ စေတီတော်ကြီးနှင့် ကျောင်းတိုက်အတွင်းရှိ အဆောက်အအုံဟူသမျှတို့မှာလည်း အပျက်အစီးမရှိခဲ့ကြဟု ဆိုသည်။ မိုးညှင်းဆရာတော်ဘုရားကြီး၏ မေတ္တာတန်ခိုးအပြင် သမ္ဗုဒ္ဓေစေတီတော်ကြီး၏ တန်ခိုးစွမ်းအင် အာနိသင်ကြောင့် ဤကဲ့သို့ အမြောက်၊ စက်သေနတ်တို့ဘေးရန်မှ လွတ်ကင်းခဲ့ကြသည်ဟု ယူဆကြသည်။

ဒုတိယ အကြိမ်

(၃)

ရှေးမြန်မာမင်းများ လက်ထက်က ပြည်သစ်၊ မြို့သစ်၊ နန်းသစ်များကို တည်ထောင်တော်မူသောအခါ မြို့တံခါးများနှင့် မြို့ရိုးများ၌ မြန်မာ ရှင်ဘုရင်များသည် သမ္ဗုဒ္ဓေအင်းကို မြှုပ်နှံသည့်အစဉ်အလာ ရှိခဲ့ကြသည်။

ပဥ္စမသင်္ဂါယနာ တင်တော်မူခဲ့သော ဘဝရှင်မင်းတရားကြီး သည်ပင် မန္တလေးရတနာပုံမြို့သစ်ကို တည်ဆောက်စဉ်က မြို့ရိုးတံခါး၌ သမ္ဗုဒ္ဓေအင်း ကို မြှုပ်နှံခဲ့ဖူးသည်။ ထိုအကြောင်းကို အာရစ်ချတ်တင်ပယ်က ၁၉၂၃- ခုနှစ်၊ ဒီဇင်ဘာလထုတ် အင်ဒီးယင်း အင်တီကေရီမဂ္ဂဇင်း၌ "မန္တလေး မြို့တော်၏ အကာအကွယ်အင်း" ဟူသော ကိုယ်တွေ့ဆောင်းပါး တစ်ပုဒ်ကို ရေးသားခဲ့ဖူးရာ၊ ထိုဆောင်းပါးကို ဆရာဇော်ဂျီက မြန်မာပြန်၍ ပြခဲ့ဖူး သည်။ (ယခုစာအုပ်တွင် ယင်းကို ဖော်ပြထားပါသည်။)

သမ္ဗုဒ္ဓေဂါထာ၏ သုံးနည်းများသည် ရှေးအစဉ်အဆက်ကပင် ရှိခဲ့ပေ သည်။ ယင်း သုံးနည်းများအနက် ကျွန်ုပ်စာရေးသူ တွေ့ရှိမှတ်သားဖူးသည့် ရှေးဆရာကြီးများ၏ သမ္ဗုဒ္ဓေ ဂါထာ သုံးနည်း လင်္ကာများ အောက်ပါ အတိုင်း ဖြစ်သည်။

"မြတ်သမ္ဗုဒ္ဓေ၊ ဆူဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစား သတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်း ပဥ္စ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏၊ ရန်သူတွေ့မြောက်၊ ခါယ်ထစ်ခေါက်တည့်၊ စစ်ထိုးသောခါ၊ ရွတ်ပါကိုးကြိမ်၊ (စံအိမ်သမ္ဘေ၊ မဖွားနေမူ၊ ရေမှာ ကိုးခေါက်၊ မန်း၍သောက်ကား၊ ဖွားမြောက်ခဏ ချမ်းသာရ၏။")

"ခေတ္တာနှောပ်သုင်း၊ သံဇခြကျင်းနှင့်၊ အပြင်းတိုက်လျှောင်၊ တစ်ထောင် ရွတ်လေ၊ လွတ်ထွက်ပေ၏ ပန်းမွှေးနှစ်ခေါက်၊ ခရီးလျှောက်မူ၊ ခေါင်း မှာတင်စိုက်၊ ရန်ဘေး၌လည်း၊ မြို့တိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏။"

"ခပ်သိမ်းရောဂါ၊ များပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပ်တို့၊ အံ့ဒဲစဖောက်၊ တွန်းဟောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရှာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်းထွေ ထွေ၊ ကောင်းကျိုးဝေသည်၊ သမ္ဗုဒ္ဓေ၏ တန်ခိုးတည်း။

ဒုတိယ အကြိမ်

၎င်းသင်္ကြံ၏အဓိပ္ပာယ်မှာ သမ္ဗုဒ္ဓေဂါထာကို ကွမ်းစားလျှင်၇-ခေါက်၊ ခေါင်းလျှော်လျှင် ၁၀-ခေါက်၊ ထမင်းစားလျှင် ၃-ခေါက်၊ ဆီလိမ်းလျှင် ၅-ခေါက်၊ လေ့စီးလျှင် ၈-ခေါက်၊ ပန်းနံ့သာလိမ်းလျှင် ၉-ခေါက်၊ အိပ်ရာဝင်လျှင် ၉-ခေါက်၊ ရန်သူနှင့်တွေ့လျှင် ၁၁-ခေါက်၊ စစ်တိုက်သောအခါ ၉-ခေါက်၊ အချုပ်အနှောင် ခံရသောအခါ အခေါက်ရေ ၁၀၀၀၊ လမ်းခရီးသွားလျှင် ၂-ခေါက်၊ အသီးသီးရွတ်ဆိုပါက လိုရာကိစ္စအဝဝ ပြီးမြောက်နိုင်သည်။ ထို့ပြင် မွေးသောပန်းကိုကိုင်၍ သမ္ဗုဒ္ဓေဂါထာကို ၂-ခေါက်ရွတ်ပြီး ခေါင်းမှာပန်ဆင်ပါက ဘေးအန္တရာယ် ဟူသမျှကင်းလွတ်သည်။ နေ့စဉ် ၉-ခေါက်မှန်မှန်ရွတ်ဆိုပါကလည်း ရောဂါကင်းခြင်း၊ သောကကင်းခြင်း၊ မင်းတကာတို့ပူဇော်ခြင်းခံရမည်ဟု အဓိပ္ပာယ်ရပေသည်။

## (၄)

စင်စစ် သမ္ဗုဒ္ဓေဂါထာမှာ လောကီမန္တန် ဂါထာမဟုတ်ပေ။ ဘုရားရှိခိုးဂါထာသာဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်များနှင့်တကွ၊ ဂင်္ဂါဝါလုသဲစုမက ပွင့်တော်မူပြီးခဲ့ကြကုန်သော ဘုရားရှင်တို့ကိုရှိခိုးသော ဂါထာဖြစ်သည်။

ထို့ကြောင့်လည်း ပိဋကတ်ကျမ်းတတ်အကျော် ရှေးရှေးဆရာတော်ကြီးများသည် သမ္ဗုဒ္ဓေဂါထာကို ဘုရားရှိခိုးဂါထာအဖြစ် အနက်ပြန်ဆိုခဲ့ကြသည်၊ အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ကြီးကဆိုလျှင် သမ္ဗုဒ္ဓေဂါထာကို "နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး" ဟုပင် အမည်ပေးကာ အနက် မြန်မာ ပြန်ဆိုတော်မူခဲ့ပေသည်။

မြန်မာဗုဒ္ဓဘာသာဝင် လောက၌ ရေပန်းစား၍ မြန်မာဘုရင် အဆက်အဆက်ကပင် အားကိုးအားထား ပြုခဲ့ရသော ဘုရားရှိခိုးဂါထာဖြစ်ပါလျက် ၎င်းသမ္ဗုဒ္ဓေဂါထာကို မည်သည့်ခေတ်၊ မည်သည့်အချိန်က မည်သူရေးခဲ့သည်ဟု အမှတ်အသားအတိအကျကိုကား မတွေ့ရှိခဲ့ရပေ။

သို့သော် ဆေးရဝါဒ ပိဋကတ်တော်များ စတင်ရောက်ရှိလာသော ပုဂံခေတ်ကပင် မြန်မာနိုင်ငံ၌ သမ္ဗုဒ္ဓေဂါထာရောက်ရှိနေပြီဖြစ်သည့် ရာဇဝင်ခြေရာခြေကြောင်းများကိုကား ၁၉၄၇-၄၈ ခုနှစ်၊ မြန်မာနိုင်ငံကမ္ဘည်းကျောက်စာဝန်၏ အစီရင်ခံစာတွင် တွေ့ရှိနေရပေသည်။

ယင်းအစီရင်ခံစာ၌ မိုးကုတ်၊ မိုးမိတ်၊ သစ်တောနယ်အဝင် ငအိုးရွာဘုန်းကြီး ဦးစိန္တသည် အိပ်မက်အရ ရွှေလီမြစ်ကမ်းပေါ်၌ တည်ရှိသည့်

ဒုတိယအကြိမ်

စေတီတော်ဟောင်း လေးဆူကို တူးဖော်ရာ ဓာတ်တော်၊ ညှပ်ရိုးတော်၊ ရုပ်တုတော်၊ စေတီတော်များ၊ ဗုဒ္ဓဂင် အုတ်ခွက်များနှင့်အတူ သမ္ဗုဒ္ဓေ အုတ်ခွက်များပါ ရရှိကြောင်း ဖော်ပြထားသည်။

ဗုဒ္ဓဝင် အုတ်ခွက်တစ်ခု၏ ကျောဘက်တွင်-

"ဧသော ဘဂဝါ မဟာရာဇသိရိ အနိရုဒ္ဓဒေဝေန ကတော ဝိမုတ္တတ္ထံ သဟတ္ထေနဝါတိ"

ဟူသော ပါဠိဘာသာ စာသုံးကြောင်းကို တွေ့ရှိရာ မြန်မာလိုဆိုလျှင်-

"ဤဗုဒ္ဓဝင် အုတ်ခွက်ကို ကျက်သရေလည်းရှိ၊ မြင့်လည်း မြင့်မြတ်သော အနော်ရထာမင်းသည် ဝိမုတ္တိအရသာကို ရလိုခြင်းငှာ မိမိ၏ လက်တော်ဖြင့် ပြုအပ်ပါ၏"ဟူ၍ အဓိပ္ပာယ်ရသည်။

ယင်းပါဠိစာသုံးကြောင်းကို အနော်ရထာမင်း၏ လက်ရေးဖြစ်သည်ဟူ၍လည်း ကျောက်စာဝန်က မှတ်ချက်ချထားသေးသည်။

သို့ဖြစ်ရာ ရွှေလီမြစ်ကမ်းပေါ်မှ တူးဖော်တွေ့ရှိသည့် ဗုဒ္ဓဝင်အုတ်ခွက်နှင့် သမ္ဗုဒ္ဓေအုတ်ခွက်များမှာ ယင်းအုတ်ခွက် စာသုံးကြောင်းအရ ပုဂံခေတ်ကဖြစ်ကြောင်း ထင်ရှားနေသည်။ ထို့ကြောင့်လည်း ပုဂံခေတ်ကပင် သမ္ဗုဒ္ဓေဂါထာသည် မြန်မာနိုင်ငံ၌ ရှိနေပြီဖြစ်ကြောင်း ရာဇဝင် ခြေရာခြေကြောင်းတစ်ခုအဖြစ် ကောက်ယူနိုင်ပေသည်။ ။

မြင့်ဆွေ

# နန်းမြို့တော်နှင့် သမ္မုခွေ့အင်း

## ဇော်ဂျီ

အောက်ပါ အကြောင်းအရာတို့သည် ၁၉၂၃-ခုနှစ်၊ ဒီဇင်ဘာလထုတ် "ဘင်ဒီးယင်း အင်တီကွေရီ" ခေါ် အင်္ဂလိပ်သစဉ် မဂ္ဂဇင်း၌ ဆာရစ်ချတ် တင်ပယ် ရေးသော "မန္တလေး နန်းမြို့တော်၏ အကာအကွယ်အင်း" ဆောင်းပါးမှ ဖြစ်သည်။ ဆာရစ်ချတ်သည် ၁၈၈၇-ခုနှစ်မှ ၁၈၈၉-ခုနှစ် အထိ မန္တလေးမြို့တွင် စစ်သက်အရာရှိကပ်ဦး အနေဖြင့် အမှုထမ်းခဲ့သူ ဖြစ်သည်။ ဆာရစ်ချတ်၏ တာဝန်မှာ နန်းမြို့တော် နယ်မြေအတွင်း၌ ဗြိတိသျှစစ်တပ်နှင့် ဗြိတိသျှ အမျိုးသားတို့ နေထိုင်ရေးနှင့် အထက် နိုင်ငံ အုပ်ချုပ်ရေးတို့အတွက် ဗြိတိသျှ (ကန်တော်မင်) တပ်မြို့ တည်ပေးရန် ဖြစ်လေသည်။ ဆာရစ်ချတ်၏ရုံးကို ရွှေတိုက်ဆောင်၏ အနောက် တောင်ဘက်တွင် ကပ်လျက်ရှိသော တောင်ထားဝယ်ဆောင်တစ်ခု၌ ဖွင့် ထားလေသည်။

ထိုအခါကသော် အုတ်မြို့ရိုးကြီးအတွင်း၌က တစ်ထောင်မျှ ကျယ်ဝန်း သော ရွှေမြို့တော်၌ လူပေါင်း ခြောက်သောင်းခါးထောင်ခန့် စုဝေးနေ ထိုင်ကြလေသည်။ တိုင်းပြည် ငြိမ်သက်လာသောအခါ ဆာရစ်ချတ်သည် ထိုလူစုကို ရွှေမြို့တော်အတွင်းမှ မြို့ပြင်လေးရပ်သို့ ထုတ်ရန် စီမံဆောင်ရွက် ရလေသည်။ ပြီးစီးသောအခါ သစ်တပ်အတွင်း ကေနှစ်ရာခန့် ကျယ်ဝန်း သော နန်းမြို့တော်ဒေသကို ရှင်းလင်းပြန်သည်။ နန်းမြို့တော် အတွင်းတွင် အဆောင်ဆောင် အခန်းခန်း ပြည့်ညပ်နေသည်ဟု ယူဆသဖြင့် ဖြိုစရာရှိသည် တို့ကို ဖြို၍ ဖျက်စရာရှိသည်တို့ကို ဖျက်လေသည်။ ရှေးဦးစွာ အချင်း ၁၂-လက်မ၊ အမြင့် ၁၂-ပေရှိသော သစ်တပ်တိုင်များကို ဖြိုသည်။ ထို့နောက် သစ်တပ်တံခါးများကို ဖျက်သည်။ အမှတ်အသားအဖြစ် ကျန်ရစ်အောင် သစ်တပ်တိုင်အချို့ကိုသာ ချန်ထားသည်။

သစ်တပ်တိုင်များကိုဖြို၍ သစ်တပ်တံခါးများကို ဖျက်ပြီးသောအခါ မြေနန်းတော် အရှေ့မျက်နှာ အုတ်ဝင်းကိုဖျက်သည်။ ၁၈၈၉-ခုနှစ်တွင်

ဒုတိယ အကြိမ်

အုတ်ခင်း၏ အရှေ့တံခါးဖြစ်သော တံခါးနီတစ်ခုသာ ကျန်လေသည်။ ထိုတံခါးနီကိုလည်း ဖျက်ရမည် ဖြစ်လေသည်။ တံခါးနီကို မဖျက်ခင် ဆာရစ်ချတ်သည် တံခါးနီတပ်ဆင်သော ဝဲယာအုတ်တိုင် တစ်ခုခု၏ အောက်၌ နန်းမြို့ဘော်ဟည်းစဉ်က အင်းမြှုပ်ခဲ့ကြောင်းသတင်းရလေသည်။

ထို့ကြောင့် ဆာရစ်ချတ်သည် အုတ်တိုင်ကို ဖျက်သောအခါ သတိ ဝီရိယဖြင့် ဖျက်ကြရန် လည်းကောင်း တစ်ခုခုကို တွေ့လျှင် ရုတ်တရက် မပြောင်းမရွှေ့ကြရန် လည်းကောင်း မှာထား လေသည်။ အုတ်တိုင်ကို ဖျက်နေခိုက်တွင် မြန်မာ ရာဇဝတ်ဦး သည် ဆာရစ်ချတ်ရှိရာသို့ အပြေး အလွှားလာ၍ တောင်ဘက်အုတ်တိုင်အောက်၌ ကျောက်သေတ္တာတစ်လုံးကို တွေ့ကြောင်း ပြောလေသည်။ ဆာရစ်ချတ်သည် ထိုနေရာသို့ ချက်ချင်း လိုက်သွား၍ကြည့်ရာ လေးပေခွဲ နက်သော နေရာတွင် ကျောက်သေတ္တာ ကို မြင်ရလေသည်။



ငွေပြားပေါ်၌ ပါရှိသော ...

## ဒုတိယ အကြိမ်

ကျောက်သေတ္တာ၏ အရွယ်မှာ စတုရန်း ၁၈-လက်မရှိ၍ အတွင်း ၁၂-လက်မ အနက်ရှိသည်။ ကျောက်သားအဖုံးပါသည်။ ကျောက်သေတ္တာ၌ စာထွင်းထားသည်။ အဖုံးကို ဖွင့်ကြည့်သောအခါ စတုရန်း ရှစ်လက်မခန့်ရှိသော ငွေပြားတစ်ချပ်ကိုရသည်။ ငွေပြား၌ သမ္ဗုဒ္ဓေ ဂါထာတော် အင်းကို ထွင်းထားသည်။

ကျောက်သေတ္တာ၌ ထွင်းထားသောစာတွင် (သာသနာတော် ၂၄၀၁၊ ကောဇာသက္ကရာဇ် ၁၂၁၉-ခု၊ ဘဝရှင်မင်းတရားကြီးဘုရား နန်းစံ ၆-နှစ်မြောက်တွင် မန္တလေးအရပ်၌ ရွှေမြို့တော်ကြီး ပန်းကုံး ကနက်စိုက်မှတ်၍ ရွှေနန်းမြို့တော် တည်လုပ်စံနေတော်မူရာ တံခါးနီတော်မြို့ရိုး လက်ဝဲအရပ် ၁၃-တောင်ခန့်တွင် အင်းထည့်သွင်းမြှုပ်နှံသည့် ကျောက်သေတ္တာ)ဟု ပါရှိလေသည်။ ငွေပြား သမ္ဗုဒ္ဓေအင်းမှာ ဖော်ပြပါပုံအတိုင်းဖြစ်သည်။

ဇော်ဂျီ

ဒုတိယ အကြိမ်

# သမ္ဗုဒ္ဓဂါယာတန်ခိုး

ထင်အောင်လ း

သမ္ဗုဒ္ဓေဂါယာသည် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အဖော်များများနှင့် အကျွမ်းတဝင် ရှိသော ဂါယာဖြစ်ပါသည်။ ကျွန်တော်သည်နေ့စဉ် သမ္ဗုဒ္ဓေဂါယာကို အချိန်ရသမျှ ရွတ်ဆိုသော သူ ဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါယာ အစွမ်းကြောင့် ဘေးမှ လွတ်မြောက် ခဲ့ရသော ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်ကလေးကို စာဖတ်သူများအား လေးစားစွာ တင်ပြလိုက်ပါသည်။

၁၉၇၈-ခုနှစ်က ဖြစ်ပါသည်။ ကျွန်တော့်၌ သားဦး ယောက်ျားကလေး ရခါစ၊ ကျွန်တော်၏ ယောက္ခမများ နေထိုင်ရာ ရေနံချောင်းမြို့သို့ အဘိုးအဘွားများအား သူတို့၏ မြေးဦး ယောက်ျားကလေးကို ပြရန် သွားခဲ့ပါသည်။

ကျွန်တော့် ယောက္ခမများသည် ဘာသာရေးကို ကိုင်းရှိုင်းကြသည်။ ရေနံချောင်းမြို့ရှိ ရှစ်မျက်နှာ ဘုရားကြီး၏ ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက် ပေးနေကြသော လူကြီးများ ဖြစ်ကြပါသည်။ ထိုနေ့သည် ၁၉၇၈-ခု၊ ဧပြီလ ၁၄ ရက် သင်္ကြန်အကြိုနေ့ဖြစ်ပါသည်။ ဘုရားလူကြီးများသည် ဘုရား ကားဖြင့် ပုပ္ပားတောင်သို့ သွားရန် စီစဉ် နေကြပြီး ကျွန်တော့်အားလည်း ကြုံတုန်း ပုပ္ပားတောင်သို့ လိုက်ရန် ခေါ်ကြပါသည်။ ရေနံချောင်းမှ ဆရာဝန် ဦးမင်းယွန်း၏ ကားဖြင့် ပုပ္ပားသို့ သွားရန် ဖြစ်ပါသည်။ ကားမှာ ဂျစ်ကားဖြစ်ပြီး အမိုး ဖွင့်ထားပါသည်။ ဂျစ်ကား၏အလယ်ဝမ်းထဲ၌ ပုပ္ပားတွင်လှူရန်အတွက် ကြက်သွန်အိတ်များကို ထပ်ပြီးတင်ထားပါသည်။ ကြက်သွန်အိတ်များ ထပ်ထားသည့် အမြင့်မှာ

ဒုတိယ အကြိမ်

ကားဆိုင်ခုံ နောက်မှီယက်ပင် မြင့်တက်နေပါသည်။ ကြက်သွန် အိတ်များ ပေါ်တွင် ကျွန်တော်က အလယ်မှနေပြီး ဝဲယာနှစ်ဘက်တွင် လူတစ်ဦးစီ ထိုင်၍ လိုက်ပါသွားကြပါသည်။

နေ့လယ် ၂ နာရီ ၃၀ မိနစ်အချိန်တွင် ရေနံချောင်းမြို့မှ စ,ထွက်ပါ သည်။ နွေရာသီ မြေလတ်ဒေသ၏ အပူရှိန်ကို ခံနိုင်ရန် လူကြီးများက မြက် ဦးထုပ်များ ဆောင်းကြပါသည်။ ဦးထုပ်များ လေ၌ လွင့်ပါမသွားစေရန် ဆရာဝန် ဦးမင်းထွဋ်ထံမှ ရရှိသော ပတ်တီးများဖြင့် ကြိုးသိုင်းများကို ပြုလုပ်ထားပါသည်။ ဦးမင်းထွဋ်က 'တို့က လူကြီးလမ်းသရဲကွ' ဟုပြောရာ အားလုံးက ဝိုင်းရယ်ကြပါသည်။

ကျွန်တော်သည် ဦးထုပ်များကို ပတ်တီးများဖြင့် ကြိုးသိုင်းပြုလုပ်ထားပုံ ကိုကြည့်ပြီး စိတ်ထဲတွင် ဘဝင်မကျပါ။ အယူသည်းသူ တစ်ယောက် မဟုတ် သော်လည်း ထွက်လာသည့်နေ့ ၁၃ ရက်နေ့ဖြစ်နေ၍ ၁၃ ဂဏန်းသည် ကံမကောင်းခြင်း အထိမ်းအမှတ်ဟု မှတ်ယူလိုက်ပါသည်။

ကားထွက်စဉ် အချိန်မှစပြီး သမ္ဗုဒ္ဓေဂါထာကိုလည်း တိုးတိုးကလေး ရွတ်ဆိုလာပါသည်။ ရေနံချောင်းမြို့အထွက် တွင်းကုန်းအရပ် ရောက်လျှင် ဆရာဝန် ဦးမင်းထွဋ်၏ တပည့်ဖြစ်သူတစ်ဦးကိုဝင်ခေါ်ပါသည်။ ထို့နောက် ဆက်၍ထွက်လာရာ ကားသည် သုံးမိုင်ခန့်သွားပြီး ရေဆူ၍ရပ်သွားပါသည်။ ကားတွင် ရေထည့်ရန် ရေပုံး ပါမလာပါ။ သို့ဖြစ်၍ ဆရာဝန် ဦးမင်းထွဋ် က ၎င်း၏ တပည့်တစ်ဦးဖြစ်သူအား ကားမှာလိုအပ်သည်များ ယူမလာရ ကောင်းလားဆိုပြီး ဆူပါတော့သည်။ သည်အချိန်မှာ ကားပေါ်ပါလာသူ ဦးမြသောင်းဆိုသူက အနီးအနားရှိ အိမ်တစ်အိမ်မှရေပုံးကို ခေတ္တသွားငှား ပြီး ကားကို ရေဖြည့်ပါသည်။ ရေဖြည့်ပြီး ဆက်လက် ထွက်ခဲ့ကြပါသည်။ ဦးမြသောင်းကလည်း အဆူခံရသော ကောင်လေးအား 'မင်းတော့လား ကွာ....ငါမကယ် သေဖွယ်ရာရှိတော့သည်' ဟုစ,ပြီး ပုံပြင်တစ်ခုကိုပြောရင်း လိုက်ပါလာပါသည်။

သည်လိုနှင့် ထွက်လာလိုက်ကြသည်မှာ ကားသည် သုံးမိုင်ခန့် သွားပြီး တစ်ခါ ထိုးရပ်သွားလိုက်၊ သုံး မိုင်ခန့်သွားပြီး တစ်ခါ ထိုးရပ်သွားလိုက်နှင့်။ ကျွန်တော်တို့သည် လမ်းဘေးရှိ ရေမြောင်းထဲမှရေကိုခပ်ထည့်လိုက်၊ ရေတွင်း ရှိရာအရပ်တွင် ရေတောင်းပြီး ဖြည့်လိုက်နှင့်။ လေးငါးခါ ကားရပ်ပြီး ချိန်မှ ကျွန်တော်တို့အထဲမှ လူကြီးတစ်ဦးက 'ငါတို့ကား ဘာများမှားယွင်း နေလို့ သည်လောက်တောင် ဖြစ်နေရတာလဲ' ဆိုပြီး လူရေကြည့်လိုက်ပါ သည်။ အားလုံး လူကိုးယောက် ဖြစ်နေပါသည်။ ယင်းဒေသမှ လူများ

သည့် လူကိုးယောက် ခရီးမသွားကောင်းဟုယူဆကြပါသည်။ ဦးမြဲသောင်းသည် သူ၏ ခေတ်လုံး လက်စွပ်ကလေးကို ပြပြီး 'ကျွန်တော့် ဆရာပါပါသည်' ဟု ပြောပါသည်။ ကားမောင်းသူ ဆရာဝန် ဦးမင်းထွဋ်ကလည်း ကျောက်ခဲ ၂-လုံး ကောက်ယူပြီး ကိုကျောက်နှင့် မကျောက် လိုက်ခဲ့၊ ဒါဆို (၁၃)ယောက် ဖြစ်သွားတာပေါ့'ဟု ပြောပါသည်။

ကျွန်တော့်အနေဖြင့် ကားပေါ်ပါလာသူ လူကြီးများမှာ ကျွန်တော်နှင့် ရင်းနှီးသူများ မဟုတ်ကြ၍ သူတို့နှင့် စကား မပြောဖြစ်ပါ။ စိတ်ထဲတွင်မူ လူကိုးယောက် ကားစီးလာသည်ဖြစ်ရာ ခေတ်လုံးလက်စွပ် ပါသူက သူ၏ဆရာ ပါသည်ဆိုလျှင် လူဆယ်ယောက်၊ ကိုကျောက်နှင့် မကျောက်ပါလျှင် (၁၂)ယောက်ဖြစ်ရမည့်အစား မည်သည့်အတွက်(၁၃)ယောက်ဟု ပြောသည်ကို နားမလည်ပါ။ အမှန်မှာ မှားပြီး ပြောဆိုမိခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော်၏စိတ်ထဲတွင် ကျွန်တော်တို့ ထွက်လာသည့်နေ့က ၁၃-ရက်နေ့ဖြစ်ပြီး ယခု ဆရာဝန် ဦးမင်းထွဋ်က ၁၃ ယောက်ဟု ပြောလိုက်သည့်အတွက် တိုက်ဆိုင်မှုနှစ်ခု ဖြစ်နေသည်။ စိတ်ထဲ ထင့်သွားသည့်အလျောက် မည်သူနှင့်မျှ စကားမပြောမည့်အတူတူ အလကားနေလို့ မဖြစ်ဘူးဆိုပြီး အရပ်ဆယ်မျက်နှာရှိ သတ္တဝါ အနန္တတို့အား မေတ္တာပို့ပါသည်။ ထို့နောက် နံနက်ခင်းက မိမိဆောက်တည်ခဲ့သော ငါးပါးသီလနှင့် ပရိတ်ကြီး ရွတ်ခဲ့သည်များကို အမျှပေးဝေပါသည်။ ထို့နောက်တွင်မူ သမ္ဗုဒ္ဓေ ဂါထာကိုသာ အနက်သင်အောင် လေးလေးစားစားကြီး စိတ်ထဲမှ ရွတ်ဆိုလာပါတော့သည်။

ကားသည် ဧရာနံချောင်း-ကျောက်ပန်းတောင်းလမ်း၏ ကျဖြောင့်တည်းအနေအထားကြောင့် တစ်နာရီလျှင် ၅၀-မိုင်နှုန်းခန့် မောင်းနေပါသည်။ အချိန်က ညနေ ၄း၄၅ နာရီ ရှိနေပါသည်။ ကျောက်ပန်းတောင်းမြို့ ရောက်ခါနီး ၄ မိုင်ခန့်အလိုတွင်မူ ကားမောင်းသူ ဆရာဝန် ဦးမင်းထွဋ်စတီယာရင်ကို ကိုင်ထားသော လက်မှာ ကလေးများ ပေါ်တော်ကားမောင်းတမ်း ကစားသကဲ့သို့ ဘယ်ညာ လှုပ်ယမ်းနေပါသည်။

ကားမှာ မည်သို့မျှ ထိန်းမရတော့ပါ။ ဆရာဝန် ဦးမင်းထွဋ်၏ နှုတ်မှလည်း တစ်ဆက်တည်းမှာပင် 'ထိန်းမရတော့ဘူး၊ ပိုက်ရောပြုတ်သွားပြီ' ဟု ပြောသံကို ကျွန်တော် ကြားလိုက်ရပါသည်။

ကားသည် လမ်းဘေးချောက်ဆီသို့ တန်းသွားနေပါသည်။ လမ်းဘေးချောက်ကို ကာရံထားသော အုတ်ခုံအဖြူကလေးဆီသို့ ကားခေါင်းက

ဦးတည်နေပါသည်။ ကျွန်တော်ကြည့်လိုက်စဉ် ကားမှာ အုတ်ခုံကိုဝင်တိုက်ပြီးလျှင် ချောက်ထဲတွင် ပေါက်နေသော (လူယောကျ်ားကြီးနှစ်ဖက်စာခန့်ရှိ)ကုက္ကိုပင်ကြီးနှင့် ဝင်တိုက်မိမည်မှာ သေချာနေပါသည်။

ထိုအခိုက်တွင် ကျွန်တော်သည် သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုလာသည်မှာ အခေါက်ပေါင်း ငါးရာထက် မနည်းတော့ပါ။ ကျွန်တော့် စိတ်ထဲတွင် တဒင်္ဂအချိန်အတွင်းဖြစ်ပေါ်လာသည်မှာ ကုက္ကိုပင်နှင့်မတိုက်လျှင် တော်ပြီဟုသာ။

ကျွန်တော် လုံးဝမသိတော့ပါ။ ကျွန်တော့်ကိုယ်သည် လေထဲတွင် လူတစ်ရပ်စာ အမြင့်မှအောက်သို့ ဖြည်းညင်းစွာ ကျနေသည်ကိုသာသိလိုက်ပါသည်၊

ကျွန်တော် အလွန် ကံကောင်းပါသည်။ကျွန်တော်ကျလိုက်သော နေရာသည် လှည်းလမ်းကြောင်း၏ အလယ်ရှိ မို့နေသော သဲပုံကြီးပေါ်တွင် ဖြစ်ပါသည်။ခဲလုံးတစ်လုံးမျှမရှိပါ။ ကျွန်တော်နာသည်းမနာပါ။ ရုတ်တရက် မှင်တက်မိသလို ဖြစ်နေရာမှ ကားလမ်းဘက်သို့ ကြည့်လိုက်သောအခါ ချောက်ထဲရှိ ကမူကလေး တစ်ခုပေါ်တွင် ကား၏ဝမ်းဗိုက် တင်နေပြီး စီးဆော့တစ်ခုလို လှုပ်နေသည်ကို တွေ့ရပါသည်။

ကားဆီသို့ ကျွန်တော်လျှောက်သွားစဉ် ကျွန်တော်နှင့်ဝါးတစ်ရိုက်စာ အကွာတွင် ဆရာဝန် ဦးမင်းထွဋ်မှောက်လျက် အနေအထားဖြင့် လဲကာ ညည်းညူနေသည်ကို တွေ့ရပါသည်။ သူ၏တပည့်ဖြစ်သူ မောင်ဝင်းအောင်လည်း ကျွန်တော့် အနီးသို့ ရောက်လာ၍ ဆရာဝန် ဦးမင်းထွဋ်အား ကြည့်ခိုင်းလိုက်ပါသည်။ ကားဆီသို့ ကျွန်တော် ဆက်လျှောက်သာရာ ကား၏ စက်သည် မရပ်သေးပါ။

ကျွန်တော်သည် ပတ်ဝန်းကျင်သို့ ကြည့်လိုက်ပြီး ပြေးလွှားကာ မူးသူ၊ မေ့သူ၊ ကျိုးပဲ့သူများကို လိုက်ကြည့်ပါသည်။ လူကောင်းဆို၍ ကျွန်တော်နှင့် မော်တော်ကား ထိန်းမရစဉ် ကပင် ကားလမ်း ပေါ်သို့ ခုန်ချခဲ့သော ဆရာဝန်၏ တပည့်ဖြစ်သူ မောင်ဝင်းအောင်သာ ရှိပါသည်။

ကျွန်တော်လည်း လူနာများကို မောင်ဝင်းအောင်အား ကြည့်ခိုင်းပြီး ကားလမ်းပေါ်မှ လာသမျှကားများကို ဆီးတားနေပါသည်။ ကားလမ်းပေါ်တွင် ကားတားနေစဉ် ကျွန်တော်တို့ကား မည်ကဲ့သို့ချောက်ထဲ ကျသွားသည်ကို ကြည့်လိုက်ပါသည်။

ဖြစ်ပုံမှာ ကားသည် အုတ်ပေါင်ရိုးကို တစ်ချိန်ထိုး ဝင်တိုက်ရမည် ဖြစ်သော်လည်း ခုန်တက်သွားပြီး မည်သို့မျှ ကွေ့မရသော ကားဘီးသည်

ဖုတ်ပေါင်အစွန်းနှင့် ဝင်တိုက်ပြီး ကွေ့သွားသည့်အတိုင်း ချောက်ထဲသို့ ကျသွားကြောင်းနှင့် ကုက္ကိုပင်၏အောက် တစ်တောင်ခန့် အကွာမှ ကပ်ပြီး ဂငယ်ကွေ့-ကွေ့သွားကြောင်း တွေ့ရပါသည်။

ဦးမြသောင်းသည် ပွဲချင်းပြီး သေဆုံးသွားပါသည်၊ ကျန်လူရှစ်ယောက် အနက် ငါးယောက်မှာ ဒဏ်ရာအနည်းအများ ရရှိခဲ့ပါသည်။ ကျွန်တော် ၏ ကိုယ်အလေးချိန်သည် ထိုစဉ်က ပေါင်ချိန် ၁၇၀-ရှိပါသည်၊ ကြက်သွန် အိတ်များ ပေါ်မှ လိုက်လာသည်က တစ်ကြောင်း၊ အမိုးဖွင့် ထားသည် က တစ်ကြောင်း မိုင်-၅၀ နှုန်းခန့်နှင့် ဂငယ်ကွေ့-ကွေ့လိုက်သော အရှိန်ကြောင့် ခဲလုံးကိုကြိုးတပ်ပြီး ဝှေ့ယမ်းလွှင့်ပစ်လိုက်သကဲ့သို့ လွင့်သွား ပါသည်။ ကားရပ်သောနေရာနှင့် ကျွန်တော်လွင့်ထွက်သွားသော နေရာမှာ ဝါးသုံးရိုက်စာခန့် ရှိပါသည်။

ကျန်လူများအားလုံးမှာ ကားနှင့်အလွန်ဆုံး ၁၄-၅ ပေသာ ဝေးပါ သည်။ သို့ပါသော်လည်း ကျွန်တော့်တွင် မည်သည့်ဒဏ်ရာမျှလည်း မရပါ။ ကားကြုံရသောအခါ လူနာများကိုကျောက်ပန်းတောင်း ဆေးရုံသို့ ရောက် သည်အထိ ဦးဆောင်သွားနိုင် ပါသည်။ သေသင့်သောလူကို ပြပါဆိုလျှင် ကျွန်တော်သာ ဦးစားပေးအဆင့်တွင် ရှိပါသည်။ သို့သော် မည်သည့် အကြောင်းကြောင့် မဖြစ်သနည်းဟု ပြန်လည် တွေးပိသောအခါမှ သမ္ဗုဒ္ဓေ ဂါထာကို အထူးရွတ်ဖတ်ပြီး မေတ္တာပို့ခြင်း၊ ငါးပါးသီလ ထိန်းခြင်း၊ အမျှပေးဝေခြင်း စသည့် ကုသိုလ်များကြောင့်ဟုသည့် အဖြေမှာ တိကျလှ ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ သည်လည်း ကျွန်တော့်နည်းတူ ဘေးအန္တရာယ် အမျိုးမျိုးတို့မှ ကင်းလွတ် စေခြင်းငှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ယုံကြည်စွာအားလေး၍ ရွတ်ဖတ် ခြင်း၊ တတ်နိုင်သမျှ ပုတီးစိပ်ခြင်း ပြုလုပ်ကြပါရန် ကျွန်တော်၏ ကိုယ်တွေ့ ဖြစ်ရပ်ကလေးကို တင်ပြရင်း တိုက်တွန်းလိုက်ရပါသည်။ ။

ထင်အောင်လင်း

ဒုတိယ အကြိမ်

# သမ္မာဒေဝဂါထာနှင့် ကျွန်တော့်ဘဝ

**မအုပ်ပင် သန်းညွန့်**

သမ္မာဒေဝဂါထာဟု ဆိုလျှင် ဗုဒ္ဓဘာသာဝင်မဟုတ်သော ပုဂ္ဂိုလ်များပင် မည်သို့သော ဂါထာဖြစ်သည်ကို သိကြပါသည်။ လူသိသော ဂါထာတစ်ပုဒ်ပင် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များအဖို့ကား ဆိုဖွယ်ရာ မရှိပေ။ ထို ဂါထာတော်မြတ်၏ ထူးခြားမှု၊ တန်ခိုးတော်၏ ထက်မြက်မှု၊ ဂါထာတော်၏ အကာအကွယ်ပေးမှုများကို ကြုံတွေ့ရသူ များလှပေသည်။ အသက်အန္တရာယ်ကြားမှ လွတ်လာသူများ၊ ထူးခြားသော ဖြစ်ရပ်ဆန်းများနှင့် တွေ့ကြုံသူများ၏ အဖြစ်အပျက်များ၊ ထိုထိုသော ဖြစ်ရပ်ဆန်းများကို တွေ့ကြုံသူများတွင် ကျွန်တော်လည်း ပါဝင်ခဲ့ပါသည်။ ထိုဖြစ်ရပ်များကြောင့်ပင် ကျွန်တော်၏ဘဝသည်လည်း တစ်ဆစ်ပြောင်းခဲ့ရပါသည်။

အကြောင်းမှန် ဖြစ်ရပ်မှာ ဤသို့ ဖြစ်ပါသည်။ "သမ္မာဒေဝ၊ အဋ္ဌဝီသဋ္ဌ" အစရှိသော ဂါထာမြတ်ကို ငယ်စဉ်တောင်ကျေးဘဝက အခြားသော ဗုဒ္ဓဘာသာဝင် ကလေးများကဲ့သို့ ရွတ်ဖတ်ကြည်ညိုခဲ့ရသည် မဟုတ်ပါ။ ကျွန်တော်၏ကျေးဇူးရှင် မိခင်ကြီးမှာ ကရင်အမျိုးသမီးဖြစ်ပြီးလျှင် နှစ်ခြင်း ခရစ်ယာန်ဘာသာဝင် တစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျွန်တော်သည် တနင်္ဂနွေနေ့တိုင်း ခရစ်ယာန်ဘုရားကျောင်းသို့ သွားရပါသည်။ ဝတ်ပြုခြင်း၊ ဓမ္မသီချင်းများ သီဆိုခြင်းဖြင့် ကြီးပြင်းခဲ့ရပါသည်။

၁၉၅၇-ခုနှစ်လောက်တွင် ခရစ်ယာန် ဘာသာသို့ ဝင်ခဲ့ပါသည်။ ၁၉၅၉-၆၀ ပြည့်နှစ်လောက်တွင် ရန်ကုန်မြို့ အလွတ်ပညာသင်ကျောင်းတစ်ကျောင်း၌ ပညာသင်ရင်း နိုင်ငံရေး ဆရာများ၊ ကျောင်းသားများနှင့် တွဲမိကာ ကျွန်တော်လည်း ဟိုယောင်ယောင် သည်ယောင်ယောင် ဖြစ်ခဲ့ပါသည်။ ဘာသာရေးဘက်တွင် အလေးအနက် မထားတော့ပါ။

ဒုတိယ အကြိမ်

ထိုမှ ဆယ်တန်းအောင်ကာ ဘဝအမျိုးမျိုးပြောင်းခဲ့ပြီး အတွေ့အကြုံ အမျိုးမျိုး၊ လူအမျိုးမျိုးနှင့် တွေ့ကြုံဆက်ဆံခဲ့ရပါသည်။ ၁၉၆၈-ခုနှစ်တွင် ကျွန်တော်အိမ်ထောင်ပြုခဲ့ပါသည်။ အိမ်ထောင်ဖက်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘာသာတရားကိုင်းရှိုင်းသူ တစ်ယောက်ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် အရက်ပျံစက်ရုံစီမံကိန်း(ယခု ဧေယျဝတီအရက်ပျံစက်ရုံ) တွင် အမှုထမ်းလျက်ရှိပါသည်။ ရုံးမှာပန်းဆိုးတန်း(အကျိုးတော်ဆောင်) အပေါ်ထပ်တွင် ရှိပါသည်။

တစ်နေ့တွင် အသံချဲ့စက်တစ်ခုမှနေ၍ အဆိုတော် ကိုမြသောင်း၏ သမ္ဗုဒ္ဓေသီချင်းသံကို ကျွန်တော်ကြားမိ၍ ကျွန်တော်၏ဘေးခုံမှ လုပ်ဖော်ကိုင်ဖက်တစ်ယောက်အား ဂါထာဘော်အကြောင်းကို မေးမိပါသည်။

နောက်တစ်နေ့ ရုံးတက်ချိန်တွင် ကျွန်တော်၏မိတ်ဆွေက ဂါထာတော်ကို ရေးလာပေးပါသည်။ သေးလေးနက်နက်မဟုတ်သော်လည်း ဂါထာကို ရအောင်ကျက်မှတ်လေ့လာခဲ့ပါသည်။ ထိုမှ လအတန်ငယ်ကြာသောအခါ တစ်ခုသော နံနက် ၄ နာရီခွဲအချိန်လောက်တွင် ကိစ္စတစ်ခုအတွက် နေအိမ်မြောက်ဥက္ကလာမှ ရန်ကုန်သို့ ကုန်စိမ်း ဘတ်(စ်)ကားဖြင့်လာရာ အလွတ်ရနေသော သမ္ဗုဒ္ဓေဂါထာကို အမှတ်မထင် ရွတ်ဆိုလာမိပါသည်။ သုံးခေါက်မျှ ရွတ်ဆိုပြီးခါနီး လောက်တွင် စီးလာသော ဘတ်(စ်)ကားမှာ ကျောက်ရေတွင်းနားတွင် လမ်းဘေးသို့ ရုတ်တရက်တိမ်းမှောက် သွားပါတော့သည်။ အခြားသူများ ဒဏ်ရာရသော်လည်း ကျွန်တော့်မှာမူ မည်သည့် ဒဏ်ရာမျှမရခဲ့ပါ။ ဤသို့ဖြစ်ရခြင်းမှာ သမ္ဗုဒ္ဓေ ဂါထာတော်မြတ်၏ တန်ခိုးတော်ကြောင့်သာ ဖြစ်ပါသည်။ ထို့မှစ၍ ကျွန်တော်သည် ဂါထာတော်မြတ်ကို ယုံကြည်လေးမြတ်စွာဖြင့် အမြဲမပြတ် ရွတ်ဆိုခဲ့ပါသည်။ ဂါထာကိုအကြောင်းပြု၍ ဗုဒ္ဓ၏အဆုံးအမ စာပေများကို လေ့လာခြင်း၊ လိုက်နာခြင်းများ ပြုလုပ်နေထိုင်ခဲ့ပါသည်။

ထို့မှတစ်ဖန် ၁၉၇၉-ခု၊ မတ်လလောက်တွင် ကျွန်တော်သည် စိန့်ဂျွန်းဈေးမှ ကိစ္စတစ်ခုကြောင့် ဆိုင်ပိတ်၍ ညနေ ၃-နာရီလောက်တွင် စက်ဘီးစီးလျက် အိမ်ပြန်လာပါသည်။ ထိုစဉ်က ဝဂ္ဂရိပ်သာလမ်းတွင်နေပါသည်။ တက္ကသိုလ် (၁)ပဋ္ဌာန်းကျောင်း ရှေ့လောက်တွင် ရန်ကုန်မှ အင်းစိန်သို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စီးက နောက်မှနေ၍ ဝင်တိုက်ခြင်းကို ခံရပါသည်။ စက်ဘီးရောလူပါ တစ်ခြားသို့ လွင့်စဉ်သွားပါသည်။ သို့သော်လည်း ကျွန်တော့်မှာ အံ့သြဖွယ်ကောင်းလောက်အောင်ပင် မည်သည့်ဒဏ်ရာမှ မရခဲ့ပါ။

ဒုတိယ အကြိမ်

ဤဖြစ်ရပ်များမှာ ကျွန်တော်၏ တကယ့် အဖြစ်အပျက်များ ဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါထာတော်မြတ်၏ တန်ခိုးတော်ကြောင့် အသက်ဘေးမှ လွတ်မြောက်လာခဲ့၍ ဤဆောင်းပါးကို ရေးနိုင်ခြင်းဖြစ်ပါသည်။ ထိုအချိန်အခါမှစ၍ ကျွန်တော်သည် ဗုဒ္ဓ၏အရိပ်သို့ ခိုဝင်လာပြီး ကျွန်တော်၏ နေအိမ်တွင် မည်သည့်အခါမျှ မရှိခဲ့ဖူးသော ဗုဒ္ဓ၏ဆင်းတုတော်ကို ပူဇော်ကန်တော့ခဲ့ပါတော့သည်။

ဤဆောင်းပါးသည် ကျွန်တော်၏ဘဝကို အခြေပြု၍ ကျွန်တော့်ဘဝလမ်းကြောင်း ပြောင်းခဲ့ရပုံ၊ သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုးတော်ကြောင့် အသက်ဘေးမှ လွတ်မြောက်လာပုံ၊ ထိုမှတစ်ဆင့် ဗုဒ္ဓ၏အရိပ်သို့ ခိုဝင်လာပုံများကို အခြားသော ပါရမီရှင်များသိအောင်၊ ဗုဒ္ဓအပေါ် ကြည်ညိုသည်ထက် ကြည်ညိုလာအောင် နိဗ္ဗာန်ဆော်လိုက်ရခြင်း ဖြစ်ပါသည်။

**မအူပင် သန်းညွန့်**

## သမ္ဗုဒ္ဓေ ဂါထာပါဠိ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

## သမ္ဗုဒ္ဓေ ဂါထာအနက်

အဋ္ဌဝီသံ၊ သုံးပါးဘဝ သုံးလောကတွင် ည ၆ ရောင် ဖိတ် အောင်ဘွဲ့သိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ တန်ဆောင်ပမာ ညာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကို လည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ၊ နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေ၊ လရောင်ပမာ ညာဏ်ရောင်ဝါဖြင့် သစ္စာ

လင်းပြောင် မြတ်ဘုန်းခေါင်တို့ကို လည်းကောင်း။ ပဉ္စသတ သဟဿာနိ၊ သောင်းထိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်း ကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နမာမိ၊ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏၊

ဂင်္ဂါ-ဂင်္ဂါယ၊ ဂင်္ဂါမြစ်တွင်း၌။ ဝါလုကာ၊ ရှိကြကုန်သောသဲတို့သည်။ အပ္ပကာ၊ နည်းကြကုန်သေး၏။ နိဗ္ဗုတာ၊ ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော။ ဇိနာ၊ နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ်ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့အား။ အနန္တာ၊ သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ တေဇိနေစ၊ ထိုဘုရားရှင်တို့ကိုလည်း ကောင်း။ တေသံ၊ ထိုငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်၊ မရေမတွက်နိုင်ကုန်သော ဘုရားရှင်တို့၏။ ဓမ္မဥ္စ၊ တရားတော်မြတ်ကို လည်းကောင်း။ သံဃဥ္စ၊ ကပည့်သား သံဃာတော်မြတ်ကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန-အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန၊ ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမ ကုသိုလ်စေတနာကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း။ အသေသတော့၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ပျောက်ပျက်ပါစေကုန်သတည်း။ ။



# အလွန်ကျေးဇူး ကြီးမားလှသော မဟာ သရဏဂုံတော်ကြီး

ဒဂုန်ဦးစန်းငွေ

ကိုယ်တွေ့သည် စိတ်ကူးယဉ်ထက် ဆန်းနေတတ်၏။

ထိုအဖြစ်ဆန်းနှင့် အမှတ်မထင် ရင်ဆိုင်ခဲ့ရဖူးရာ ထိုဖြစ်ရပ်ကို တွေးမိလေတိုင်း ဆွေ့တသက်သက် ဖြစ်ရပါသည်။

အချိန်မှာ နှစ်ကူးသင်္ကြန်ကာလ။ သင်္ကြန်ကျရန် တစ်ရက်အလို၊ အကြိုနေ့ညချမ်းအချိန်ဖြစ်၏။ သင်္ကြန်အခါ အညာဆန်ခရီးသည်များ ဘူတာကြီးတွင် သဲသဲရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်၊ ရှုပ်ယှက်ခတ်နေ၏။ ကျွန်ုပ်လည်း ခရီးသည်တစ်ဦးအဖြစ်ဖြင့် ဘူတာကြီးသို့ ရောက်နေ၏။

ကျွန်ုပ်သွားရမည့်ခရီးမှာ ပုပ္ပားဖြစ်လေသည်။ ကိစ္စတစ်ခုဖြင့် ဇာတိချက်ကြွေ စကားဝါမြေသို့သွားရန် ကိစ္စရှိနေသည့်အတွက် 'ဒီတစ်ခေါက်တော့ မိတ္ထီလာဘက်မှ ပတ်သွားမည်' ဟူ၍ ရမည်းသင်းအထိ ရထားလက်မှတ်ကို တစ်ရက်ကြို၍ ယူလိုက်၏။ ခုံနံပါတ်နှင့်တကွ လက်မှတ်တစ်စောင် ကိုယ်ပိုင်ဖြစ်လာသည်။ သို့သော် ထိုလက်မှတ်က ကျွန်ုပ်အား အကျိုး မပြုနိုင်ချေ။ အကြောင်းကား ဤသို့ဖြစ်ပါ၏။

ကျွန်ုပ် ရထားပေါ် တက်သွားသောအချိန်တွင် တွဲထဲ၌ လူတွေခဲနေ၏။ ငါးပိငါးချဉ်သိပ်သကဲ့သို့ ပြွတ်သိပ်နေ၏။ ကျွန်ုပ်သည် မိမိနေရာထိုင်ခုံသို့ ရောက်အောင် တတ်နိုင်သမျှ လှုပ်ရှားကြည့်ပါသေး၏။ သို့သော် ခါချဉ်ကောင် မာန်ကြီးသော်လည်း တောင်ကြီးကို မဖြိုနိုင်သကဲ့သို့ပင် ထိုလူအုပ်ကို ထိုးဖောက်ရန် ကျွန်ုပ် မစွမ်းနိုင်ပြီ။

ရထားပေါ်တွင် ပြည့်ကျပ်နေသည့် ပရိသက်ကို သုံးသပ်ကာ 'ငါလိုက်လို့ မဖြစ်ဘူးထင်တယ်' ဟူ၍ ရထားပေါ်မှ ပြန်ဆင်းရန် ကြံမိသေး၏။ သို့သော် နောက်သို့ ပြန်ဆုတ်၍လည်း မရဘဲဖြစ်နေပါသည်။ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်သာ၊ ရှေ့တိုးနောက်ဆုတ် လှုပ်ရှားမဖြစ်ဘဲ တစ်

နေသည်။ ထိုခဏ ရထားထွက်စပြုပါလေ၏။ ကျွန်ုပ်မှာ ထိုနေရာတွင် ရပ်လျက် ခရီးဆောင်အိတ်ကို ပခုံးတွင်ချိတ်လျက် ရထားဆွဲဆောင်ရာသို့ မိုးတိုးမတ်တတ်နှင့် ပါခဲ့ရပါ၏။

ခြေတစ်ပေါင်ကျိုး ဒုက္ခ

ဤရထားစီးခရီးသည်များအနက် ကျွန်ုပ်ထက် အသက်ကြီးသူ ပါမည်မထင်။ ကျွန်ုပ်မှာ သူများထက် အသက်ကြီးလေသည်နှင့်အမျှ ဆင်းရဲဒုက္ခလည်း ပို၍ကြုံခဲ့ရ၏။ သက်ကြီးယွင်းယို အိုမင်းမစွမ်းရှယ်ဖြစ်သည့်အပြင် ခါးနာရောဂါကလည်း ရှိနေသည်။ ရံခါ ပျောက်သွားလိုက်၊ ရံခါ ပေါ်လာလိုက်နှင့် ပေါ်လိုက်ငုပ်လိုက် ဖြစ်နေသည်။

သည်ကြားထဲမှာ ခါးနာရောဂါက ထလာပါလေ၏။ တတ်နိုင်သမျှ ကြိတ်မှိတ်၍ ကြံ့ကြံ့ခံပါသေး၏။ သို့သော် ခါးနာရောဂါက မဖြုံရေးချ ဘယ်မဖြုံ။ ခါးကြောက အစ ပေါင်ကြော၊ ခြေသလုံးကြောများက တစစ်စစ်ဖြစ်လာသည်။ ထို့ကြောင့် နည်းနည်းမျှ သက်သာစေတော့ဟူ၍ ခါးနာသည့်ဘက်မှ ညာခြေထောက်ကို အသာအယာဖွကာ ခပ်ဆဆမြှောက်လိုက်၏။ ဤသို့မြှောက်ခြင်းကား ကျွန်ုပ်အတွက် ဒုက္ခရောက်ဖို့ ဖြစ်နေသည်တကား။ မြှောက်ထားသော ခြေထောက် အောက်သို့ပြန်ချ၍ မရတော့ပြီ။

အကြောင်းက သည်လိုပါ။ ကျွန်ုပ်ခြေထောက် မြှောက်ကြွလိုက်သည်နှင့် တစ်ပြိုင်နက် လယ်ကန်သင်းရိုးဖောက်ချလျှင် ရေတွေတရဟော စီးဆင်းလာသကဲ့သို့ ဘေးကလူများ ခြေထောက်အောက်သို့ တိုးဝှေ့ရောက်လာကုန်သဖြင့် ကျွန်ုပ်၏ ခြေနေရာ ပျောက်သွားပါလေ၏။ ခြေကို တစ်ချောင်းမြှောက်၊ တစ်ချောင်းထောက်လျက် လမ်းတစ်လျှောက်လုံး ခြေတစ်ပေါင်ကျိုးနှင့်သာ လိုက်ပါခဲ့ရ၏။

**ဝေဒနာကို ရေခဲန်းဖြင့် ကုစားခြင်း**

ညဉ့်လွှာရုံအောက်တွင် ရထားသည် တဂျုတ်ဂျုတ်နှင့် သူ့အလုပ်သူလုပ်နေ၏။

အတန်ကြာသော် အသက်က စကားပြောလာ၏။ သက်ရှယ်နှင့်မမျှ ကြီးမားလှသော ခြေတစ်ပေါင်ကျိုး ဒုက္ခကြီး ခံစားနေရခြင်း၊ ထိုမှတစ်ပါး လူအုပ်ကြီးအတွင်း ညှီဟောင်ဟောင် အနံ့ဆိုး နံစော်ခြင်းတို့ကြောင့် မူးဝေထိုင်းမှိုင်းကာ ခေါင်းထဲက မိုက်ခနဲ မိုက်ခနဲ ဖြစ်လာပါသည်။ လဲကျမသွားအောင် သတိနှင့် ထိန်းထားရပါတော့သည်။

**ဒုတိယ အကြိမ်**

သက်သာရာ သက်သာကြောင်း တရားထုံး နှလုံးသွင်း၏။ သက်သာရာကို ရှာခဲ့၏။ ထိုအခါ ဘုရားတန်ဆောင်း၊ စောင်းတန်းများမှ ငရဲခန်းပန်းချီကားများကို မြင်ယောင်လာသည်။ ငရဲအိုးထဲတွင် မချိမဆံ့ တဆန့်ငင်ငင် ခံစားနေရသော ငရဲသားများနှင့် နှိုင်းစာ၍ ကြည့်ပြီးလျှင်....

"ဟေ့လူရ၊ မင်းဆင်းရဲတာ ဘာဟုတ်သေးလဲ၊ ဟိုမှာကြည့်စမ်း ငရဲသားတွေ၊ ငရဲအိုးထဲမှာ အမဲအူပြုတ်ထားသလို တပွက်ပွက်နဲ့ ခံနေလိုက်ကြရတာ။ မင်းမှာ အသက်ရှိသလို သူတို့မှာလဲအသက်နဲ့ပဲ။ အဲဒီသူတို့ ဒုက္ခနဲ့ စာရင် မင်းဒုက္ခဟာ အသေးအဖွဲ့ကလေးပါကွာ။"

ဤသို့ သက်သာလိုသက်သာကြောင်း ကြံဖန်၍ ကုစားခဲ့ရာ အစပထမတွင် ဟန်သလိုလိုရှိခဲ့ခ၏ကာမူ ကြာရှည်စွာမခံပါ။ ခြေတစ်ပေါင်ကျိုးဒုက္ခ ဒိုရင်းသို့ပင် ပြန်ဆိုက်လာပါသည်။ ဝေဒနာနုပဿနာများသည်လည်း သမာဓိမရသည့်အတွက် အစွမ်းမထက်။ မဟာသရဏဂုံတော်ကြီးသည်လည်း ခြေတစ်ပေါင်ကျိုး ဒုက္ခကို မလွှမ်းမိုးနိုင်။ နှလုံးသွင်းပါသော်လည်း မလင်းနိုင် မထင်းနိုင် ဖြစ်နေသည်။

## အသက်ကို ဥဏ်စောင့်

ထိုအခါ ရထားပေါ်တွင် ခြေတစ်ပေါင်ကျိုး လိုက်ပါလျက်မှ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရတော့၏။ အသက်နှင့်မမျှ ဒုက္ခဝေဒနာကြီးကို ခံစားနေရသဖြင့် မေးခွန်းမထုတ်လျှင် မဖြစ်အောင် အခြေအနေ၏ ဖန်တီးချက်အရ တစ်ယောက်တည်း အမေးအဖြေ ပြုခဲ့ရပေသည်။ ထိုအချိန်တွင် ရထားမှာ ဒါးပိန်မြို့လောက်ကို ရောက်လောက်နေပြီ ထင်ပါသည်။

မေး။ ။ဟေ့လူ၊ အသက်တယ်လောက်ရှိ။

ဖြေ။ ။ကျုပ်အသက် ၇၀-ကျော်။

မေး။ ။ဒီအရွယ်မှာ ခရီးသွားလို့ မတော်ဘူးလို့ မစဉ်းစားမိဘူးလား။

ဖြေ။ ။ဟင့်အင်း....အသက်ကြီးတာ တခြား၊ သွားစရာရှိတာ တခြားပဲ။ အသက်ကြီးတာနဲ့ ခရီးမသွားရဘော့ဘူးလား။

မေး။ ။ကဲ....ထားပါတော့၊ ဒီအရွယ်မှာ ခရီးသွားရရင် အဖော်နဲ့သွားသင့်တယ်လို့ကော မတွက်မိဘူးလား။

ဖြေ။ ။အဖော်မလိုပါဘူး။ ကျုပ်အားနဲ့ ကျုပ် လှုပ်ရှားနိုင်သားပဲ။ အမေပေးတဲ့ ခြေနှစ်ချောင်းရော၊ မျက်စိနှစ်လုံးရော အားလုံး

ကောင်း။ အဖော်ခေါ်ရင်ရှုပ်တယ်။ ပြီးတော့ စရိတ်က ကုန်ဦး မယ်။

မေး။ ။ကဲ…ဒါဖြင့် ယခု ရထားပေါ်မှာ ဘယ်လိုလိုက်ရသလဲ။
ဖြေ။ ။ခြေတစ်ပေါင်ကျိုး။
မေး။ ။ခြေတစ်ပေါင်ကျိုးလိုက်ရတာ မဆင်းရဲဘူးလား။
ဖြေ။ ။အိမ်မှာလိုတော့ ဘယ်ချမ်းသာမလဲ။
မေး။ ။ကောင်းပါပြီတဲ့ဗျာ။ ဘယ်ဆင်းမှာလဲ။
ဖြေ။ ။ရမည်းသင်းမှာ။
မေး။ ။အိုး....အဝေးကြီးပါလား။
ဖြေ။ ။နီးတာဝေးတာ အကြောင်းမဟုတ်။ သွားစရာက ရှိနေတာကိုး။
မေး။ ။ကဲ....ရမည်းသင်းကို ဘယ်အချိန်ရောက်မလဲ။
ဖြေ။ ။မနက်လေးနာရီလောက် ရောက်မယ် ပြောကြတာပဲ။
မေး။ ။မင်းရဲ့ အသက်အရွယ်နဲ့ မင်းရဲ့ခန္ဓာကိုယ် ခြေတစ်ပေါင်ကျိုး ကြီးကို ရမည်းသင်းရောက် ညလုံးပေါက် မင်းသယ်ဆောင်သွား နိုင်မလား။ မင်းမှာ ဉာဏ်မရှိဖူးလား။ အဲဒါကို လေးလေးနက် နက် စဉ်းစား။

ဤသို့ အပြန်ပြန်အလှန်လှန် မေးဖြေပြု စဉ်းစားပြီး 'လက်မှတ်ခငွေ ဆုံးချင် ဆုံးပစေတော့၊ ငါပဲခူးမှာပဲ ဆင်းနေရစ်မည်' ဟူ၍ ဆုံးဖြတ်ကာ ထိုညတွင် ပဲခူးမြို့ ဘူတာရုံအနီး ရွှေတောင်ကျောင်းတိုက် ဆရာတော် ဦးစန္ဒောဘာသထံတွင် အိပ်ရတော့၏။

ဤသို့ အန္တရာယ်နှင့် ကြုံနေရခိုက် ပဲခူးမြို့၌ ဆင်းနေရစ်ဖြစ်ခြင်းမှာ 'မင်း ရှေ့ကိုဆက်မလိုက်နှင့်၊ ဆက်၍မလိုက်နှင့်' ဟူ၍ မဟာသရဏဂုံတော် ကြီးက သတိပေးဟန့်တားသည်ဟု စိတ်တွင် စွဲမြဲစွာ ထင်လာသောကြောင့် ဖြစ်ပါသည်။

မဟာသရဏဂုံတော်ကြီး၊

အဆိုပါ မဟာသရဏဂုံတော်ကြီးကို ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး စီရင်ပြီး ကိုယ်တော်တိုင်လည်း နေ့စဉ်အမြဲ ပုတီးစိပ်တော်မူ ကြောင်း သိရပါသည်။ ကျွန်ုပ်သည် လယ်တီဆရာတော်ဘုရားထံမှ မဟာ သရဏဂုံအမွေကိုဆက်ခံ၍ နေ့စဉ် ပုတီးစိပ်လာခဲ့သည်မှာ ကြာပါပြီ။

ဒုတိယ အကြိမ်

ကျွန်ုပ်သွားလေရာ ကားပေါ်၊ ရထားပေါ်ကအစ သရဏဂုံသည် ကိုယ်နှင့်မကွာ ပါမြဲဖြစ်ပါသည်။ သရဏဂုံကို မေ့သောနေ့၊ ပုတီးမစိပ်မိသော နေ့ဟူ၍ မရှိခဲ့ပါ။

မဟာ သရဏဂုံတော်ကြီး အကြောင်းကို အမြွက်မျှ ပြဆိုရလျှင် 'အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ' ကို အစပြု၍ 'သဗ္ဗဝိပါက ဝဋ္ဋဒုက္ခက္ခယ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ' တွင် အဆုံးသတ်ပါသည်။ ပုတီးပ စ်ခါစိပ်လျှင် မိနစ်ငါးဆယ်ကြာမှ ဆုံးပါသည်။ တစ်ပုဒ်ဆုံးမှ တစ်လုံးချဟု လယ်တီဆရာတော်ဘုရား အမိန့်ရှိခဲ့ကြောင်း သိရပါသည်။

ဥပမာ-ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ
ဂစ္ဆာမိ။ (တစ်လုံးချ)

-ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ
ဂစ္ဆာမိ။ (တစ်လုံးချ)

ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ သံဃံ သရဏံ
ဂစ္ဆာမိ။ (တစ်လုံးချ)

အနက်ကိုပါ ရွတ်၍စိပ်လျှင် သာ၍ကောင်းပါသည်။ မဟာသရဏဂုံ အနက် နိဿယကိုလည်း လယ်တီဆရာတော်ဘုရားကြီး ကိုယ်တိုင်ပင် ရေးသား ထားခဲ့သည်။

- ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ၊ ခန္ဓာငါးပါး တည်းဟူသော ဒုက္ခတုံးကြီးကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခမှန်း သိခြင်းလျှင်အဆုံးရှိသည် တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။
- ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ၊ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခတုံးကြီးကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခမှန်းသိခြင်းလျှင် အဆုံးရှိသည် တိုင်အောင်။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။
- ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ၊ ခန္ဓာငါးပါးတည်းဟူသောဒုက္ခတုံးကြီးကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခမှန်းသိခြင်းလျှင် အဆုံးရှိသည် တိုင်အောင်။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယ အကြိမ်

ဤသို့ အနက်ပါဖော်၍ ပုတီးစိပ်လျှင် အဓိပ္ပာယ်ပါ တစ်ခါတည်း နားလည်ရသဖြင့် ပို၍ အကျိုးရှိနိုင်၏။ အဓိပ္ပာယ်နားလည်မှု အသိဓာတ်ခံ ရှိပြီးဖြစ်လျှင် ပါဠိသက်သက်လည်း စိပ်နိုင်ပါ၏။

**မဟာသရဏဂုံတော်ကြီး၏ အကျိုး**

မဟာသရဏဂုံတော်ကြီး ပုတီးစိပ်ခြင်း၏ လက်ငင်းအကျိုးကို ကျွန်ုပ် ခံစားခဲ့ရဖူး၏။

ရထားပေါ်တွင် ခံစားလာခဲ့ရသည့် ခြေတစ်ပေါင်ကျိုးဝင်မှု လွတ်မြောက်လာခဲ့သော ကျွန်ုပ်သည် ထိုနေ့ညက ပဲခူးမှာအိပ်ပြီး ခရီးဆက်ရန် ရှိသေးသဖြင့် နောက်တစ်နေ့နံနက်တွင် ရထားလက်မှတ်ရရှိရေးပြဿနာကို ရှေးဦးစွာ ရှင်းရ၏။ သင်္ကြန်ကာလဖြစ်၍ ရထားမှာ လူကျပ်ကောင်းတုန်း အချိန် ဖြစ်နေသည်။

သို့သော် ကျွန်ုပ်အဖို့မှာ ခဲရာခဲဆစ် မဖြစ်ခဲ့ပါ။ ထိုအချိန်တွင် ဆရာတော်ကျောင်းသို့ ရန်ကုန်မှ မီးရထားအရာရှိတစ်ဦး ဥပုသ်စောင့်ရန် ရောက်ရှိနေ၏။ ဆရာတော်က ထိုအရာရှိနှင့် မိတ်ဆက်ပေးခြင်းကို အကြောင်းပြု၍ မီးရထားလက်မှတ်မှာ ကျွန်ုပ်ထံ လွယ်ကူစွာ ရောက်ရှိလာပါသည်။

နံနက်မိုးသောက်သော် ဆရာတော်ကို လက်အုပ်ချီခဲ့ပြီး ဘူတာရုံဘက်သို့ ကျွန်ုပ်ထွက်လာခဲ့၏။ ပဲခူးမြို့သည် သင်္ကြန်ပီသလှ၏။ ဘူတာရုံတွင် ရေဖလား ကိုယ်စီ ပြွတ်ကိုယ်စီနှင့် ရေတပ်ချီလျက် ရှိနေ၏။ ကျွန်ုပ် ထို ရေ တပ် ကို ဖောက်ထွင်းကာ ရေအရွှဲသားနှင့် ရထားပေါ် တက်ခဲ့ရသည်။

'သင်္ကြန်တွင်းပေကိုး၊ ရေပက်ကြမှာပေါ့ ပက်ကြပလေစေ' ဟု ဆန္ဒပြုမိသည့်အပြင် ရေပက်သူ များအား မြန်မာ့အစဉ်အလာ ရိုးရာယဉ်ကျေးမှုကို ထိန်းစောင့်သူများဟူ၍ပင် မြင်မိကာ ဝမ်းသာကြည်နူးခြင်း ဖြစ်ရပါသည်။

သင်္ကြန် အကျနေ့ဖြစ်၏။ ရေပက်သူများသည် သင်္ကြန် ပိုင်နက်တွင်းသို့ ချင်းနင်းရောက်ရှိပြီဖြစ်သောကြောင့် ဥပုသ်သည်သော ဘာသောမရှောင်။ ခရီးသည်သော ဘာသောညာသောနားမလည်၊ မည်းမည်းမြင်တိုင်းပက်ကြသဖြင့် ရထားပေါ်မှ ခရီးသည်များက တံခါး ပိတ်ထားကြ၏။ ရထား တံခါးကိုပိတ်ထားလေလေ၊ ရေပက်သူများက ရထားကိုအငြိုးနှင့်မဲ၍တဖျန်းဖျန်း ပက်လေလေ။ ထိုဒဏ်ကိုမရှုမလှခံရသည့်အတွက် ရထားတွဲများမှာ စိုစို ရွှဲ ရွှဲရွှဲစိုနေလေတော့၏။ ပလတ်စတစ် ရေပူဖောင်းနှင့် အောက်ကနေပြီး တဖောင်းဖောင်း ပေါက်သူကပေါက်။ ရထားပေါ်တက်ပြီး လောင်းသူက

လောင်းကြသဖြင့် ဘုရားခရီးအတွင်းမှာ သကြန်မိုးကြီး သည်းထန်စွာ ရွာနေပါလေ၏။

နံနက် ၈ နာရီအချိန်တွင် အညာဆန်ရထားသည် ပဲခူးဘူတာမှ တရွေ့ရွေ့ ထွက်စပြုလေတော့မှ ကျွန်ုပ်မှာ ရေတရွှဲရွှဲနှင့် ရထားဆွဲခေါ်ရာသို့ ပါရလေ၏။ ပဲခူးမြို့ကိုလွန်မှ ရထားပြူတင်းပေါက်ကို အထက်သို့ တစ်ဝက်ခန့် မြှင့်တင်လျက် သံတံခါးရွက်ကို လက်တစ်ဘက်ဖြင့် မှေးကိုင်ကာ ညှိတွင်မှ ကျွန်ုပ်၏လုပ်ငန်းကို စရပေတော့သည်။ စိပ်နေကျ မဟာသရဏဂုံတော်ကြီးကို လမ်းတစ်လျှောက်လုံး စိပ်ပါသည်။

- အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

- အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

- အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

ပုတီးလုံးကလေးတွေ တစ်လုံးပြီးတစ်လုံး အဆက်မပြတ် တဒေါက်ဒေါက် ကျလာသည်နှင့်အမျှ ပဲခူးမြို့မှာလည်း တဖြည်းဖြည်း ရထားနှင့် ဝေးမှန်းမသိ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပါတော့သည်။

သို့နှင့်ပင် ရထားသည် ပြွန်တံဆာမြို့သို့ ရောက်လေ၏။ ပြွန်တံဆာမြို့ကလည်း အားကျမခံ ကျွန်ုပ်တို့ရထားကို သကြန်ရေနှင့်ကြိုနေကြသည်။ ထိုနေ့တွင် ရထားသည် ပြွန်တံဆာ၌ကြာကြာမရပ်ဘဲ အချိန်သတ်၍ရပ်သည်ဆိုရုံမျှ ရပ်ပြီး ချက်ချင်းဆိုသလိုထွက်သွားသည့်အတွက် ရေပက်သူများက ကျေနပ်ကြဟန်မတူ။ ရထားကို ပြောင်းဆန်အောင် ရေပူစီဖောင်း များ နှင့် ပေါက်ကြကုန်၏။ ကျွန်ုပ်မှာ ပုတီးစိပ်ကျင့်ဝတ်ကို အပျက်မခံဘဲ အာရုံဝင်စားစွာ စိပ်မြဲစိပ်နေ၏။

**ရထားကို ခဲနှင့်ထုခြင်း**

လူငယ်တစ်စုက ဝအောင် မပက်ရကောင်းလားဟု ရထားကို မကျေသိက်နိုင် ဖြစ်လာဟန်တူ၏။ တစ်ခဏအတွင်းမှာပင် 'ဒိုင်း' ဟူသော အသံကြီး ထွက်လာသည်။ အသံကြီးမှာ တဂျုတ်ဂျုတ်ခုတ်နေသော ရထားသံကိုပင် လွှမ်းကာ ဟိန်းထွက်လာသောကြောင့် ရထားစီး ခရီးသည်များ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ တချို့က ကျွန်ုပ်ထံ ပြေးလာပြီး ပါလာသော ပရုပ်ဆီများကို သုတ်ပေးသူက ပေးကြသည်။

ဒုတိယ အကြိမ်

"ဘယ်ထိသွားသလဲ၊ ဘယ်ထိသွားသလဲ။"

ပျာပျာသလဲ စိုးရိမ်တကြီး မေးသူက မေးကြသည်။ ကျွန်ုပ်အနားတွင် လူတွေ ဝိုင်းအုံနေလေပြီ။

ကျွန်ုပ်သည် ဒဏ်ရာကို မကြည့်ဝံ့။ လက်ဖြင့် တွင်တွင်ဆုပ်၍ မျက်နှာကို တစ်ဘက်သို့ လွှဲထားရသည်။ ဖြစ်ပုံကား ဤသို့ပါတည်း။

ကျေနပ်လောက်အောင် ရေမပက်လိုက်ရသောကြောင့် အမျက်သဲကာ ရထားကို ခဲနှင့်ထုဟန် တူပါသည်။ ထိုခဲမှာ ကျွန်ုပ်ကိုင်ထားသော တံခါး ရွက်ကို လာမှန်သည်။ တံခါးရွက်ကို ကိုင်ထားသော ကျွန်ုပ်လက်ကို တစ်ဝက်၊ သံတံခါးရွက်ကို တစ်ဝက် ထိမှန်သွားသည်။ မဟာသရဏ ဂုံတော်ကြီးကို တတွတ်တွတ်ရွတ်၍ ပုတီးစိပ်နေစဉ် ခံလိုက်ရခြင်း ဖြစ်ပါ သည်။

လက်ချောင်းကလေးတွေ ပြတ်ကုန်တာကိုပဲမြင်ရခဲ့ မလား၊ အရိုးရော အသားပါ စိစိညက်ညက် ကြေသွားတာကိုပဲ မြင်ရလေမလား။

ကျွန်ုပ်သည် လက်ကိုသာဆုပ်ထားသည်။ ကိုယ့်လက်ကို မကြည့်ဝံ့။ ခဲမှန်သည့်တံခါးရွက်ကို ဝိုင်းကြည့်ကြရင်း 'ဟာ....တော်တော်ပြင်းတဲ့ ဒဏ်ရာပါလား၊ သံမဏိတံခါးရွက်တောင် ပိန်ချိုင့်သွားပါကလား' ဟူ၍ ပြောကြ ဆိုကြလေလေ၊ ကျွန်ုပ်မှာ ဆုပ်ထားသောလက် ဖြေကြည့်ရမှာ ကြောက်လေလေ ဖြစ်နေသည်။ သို့သော် ပြင်းပြစွာ နာကျင်ခြင်းကားမရှိလှ ပါ။ ထုံကျဉ်သော ဝေဒနာလောက်မျှသာ ခံစားရပါ၏။

လူတွေက ဒဏ်ရာကိုသိလို၍ လက်ကို အဖြေခိုင်းကြသည်။ ဆုပ်ထား သော လက်ကို ကျွန်ုပ် မဖြုတ်ဝံ့၊ မဖြေဝံ့။

"ကျုပ်လက်ကလေးတွေတော့ ကြေမွကုန်ပြီ ထင်ပါရဲ့ဗျာ။"

ညည်းညည်းတွားတွား စကားဆိုရင်း ဆုပ်ထားသောလက်ကို မဝံ့မရဲ နှင့် တဖြည်းဖြည်း ဖြေ၍ကြည့်လေသောအခါ လက်ချောင်းများပေါ်တွင် ထင်နေသည့် အစင်းမျှကိုသာ တွေ့ကြရသဖြင့် အားလုံး အံ့အားသင့် ကုန်၏။

"ဟာ....သိပ်ထူးဆန်းတာပဲ၊ သိပ်ကံကောင်းတာပဲ ဘကြီး၊ သံမဏိနဲ့လုပ် ထားတဲ့ တံခါးရွက်တောင် ဟိုမှာ ပိန်ချိုင့်နေတယ်။ ဘကြီးလက် ဘာမှ မဖြစ်ဘူး။"

ဒုတိယ အကြိမ်

"ကျုပ်က လက်တွေ ပြတ်ကုန်ပြီလို့တောင် ထင်နေတာ။ တော်ပါသေးရဲ့။"

ဘာမှ မဖြစ်မှန်း သိ၍ လူအုပ် ရှဲသွားသောအခါ မဟာသရဏဂုံတော်ကြီးကို ပုတီးစိပ်မြဲစိပ်ချင်း ရထားခေါ်ရာသို့ အန္တရာယ်ကင်းရှင်းစွာ လိုက်ပါခဲ့ရပါသတည်း။

- ဇီဝိတပရိယန္တံ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
- ဇီဝိတပရိယန္တံ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
- ဇီဝိတပရိယန္တံ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

ဒဂုန် ဦးစန်းငွေ

## မဟာသရဏဂုံတော်ကြီး

(ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသည်။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မဟာသရဏဂုံ ပါဠိ

(က) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။
(ခ) ဒုတိယမ္ပိ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။
(ဂ) တတိယမ္ပိ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

### ဒုတိယ အကြိမ်

(ဃ) ဘဝပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘဝပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဘဝပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(င) အတ္တဘာဝပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အတ္တဘာဝပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အတ္တဘာဝပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(စ) ကာယပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ကာယပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ကာယပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(ဆ) အင်္ဂပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အင်္ဂပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အင်္ဂပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(ဇ) ဇီဝိတပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိယန္တံ အစ္ဆတဂ္ဂေ ပါကုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

* * *

၁-သစ္စဝဏ္ဏနာ ပဏ္ဏာသ
သစ္စပဋိဝေဓ

(၁) စတုသစ္စပဋိဝေဓပရိယတ္တိံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂) စတုသစ္စပဋိဝေဓပရိယတ္တိံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၃) စတုသစ္စပဋိဝေဓပရိယတ္တိံ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယအကြိမ်

ဂ-ဒုက္ခသစ္စ ပဋိဝေဓ

(၄) ဒုက္ခသစ္စပဋိဝေဓပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၅) ဒုက္ခသစ္စပဋိဝေဓပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၆) ဒုက္ခသစ္စပဋိဝေဓပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ခ-သမုဒယသစ္စ ပဋိဝေဓ

(၇) သမုဒယသစ္စပဋိဝေဓပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၈) သမုဒယသစ္စပဋိဝေဓပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၉) သမုဒယသစ္စပဋိဝေဓပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ဂ-နိရောဓသစ္စ ပဋိဝေဓ

(၁၀) နိရောဓသစ္စပဋိဝေဓပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၁) နိရောဓသစ္စပဋိဝေဓပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၂) နိရောဓသစ္စပဋိဝေဓပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ဃ-မဂ္ဂသစ္စ ပဋိဝေဓ

(၁၃) မဂ္ဂသစ္စပဋိဝေဓပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၄) မဂ္ဂသစ္စပဋိဝေဓပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၅) မဂ္ဂသစ္စပဋိဝေဓပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

သစ္စဝဏ္ဏနာ ပထမ ပြီး၏။

က-ဒုက္ခသစ္စ ဝဏ္ဏနာ

၂-ဒုက္ခဝဏ္ဏနာ ပထမ

ဒုက္ခသစ္စပရိညာ

(၁) ဒုက္ခသစ္စပရိညာပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂) ဒုက္ခသစ္စပရိညာပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၃) ဒုက္ခသစ္စပရိညာပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယအကြိမ်

## ပဉ္စက္ခန္ဓ ဒုက္ခပရိညာ

(၄) ပဉ္စက္ခန္ဓ ဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၅) ပဉ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၆) ပဉ္စက္ခန္ဓပရိညာပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

## ၁-ရူပက္ခန္ဓ ဒုက္ခပရိညာ

(၇) ရူပက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၈) ရူပက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၉) ရူပက္ခန္ဓဒုက္ခပရိညာပရိယန္တံ သံဃံ သရဏံ ဂစ္ဆမိ။

## ၂-ဝေဒနာက္ခန္ဓ ဒုက္ခပရိညာ

(၁၀) ဝေဒနာက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၁) ဝေဒနာက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၂) ဝေဒနာက္ခန္ဓဒုက္ခပရိညာပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

## ၃-သညာက္ခန္ဓ ဒုက္ခပရိညာ

(၁၃) သညာက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၄) သညာက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၅) သညာက္ခန္ဓဒုက္ခပရိညာပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

## ၄-သင်္ခါရက္ခန္ဓ ဒုက္ခပရိညာ

(၁၆) သင်္ခါရက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၇) သင်္ခါရက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ကျွန်ုပ်မတို့ နေ့စဉ် ရွတ်ဆို ပူဇော်ခဲ့ရသော ဗောဇ္ဈင်ပရိတ်နှင့် ဓာရဏ ပရိတ်တော်၏ တန်ခိုးအာနိသင်ကြောင့် ဇရာပိုင်းရောက်ခါမှ ဆေးရုံတက် မေ့ဆေးပေး ခွဲစိတ်ကုသ ခံလိုက်ရသော အစ်ကိုကြီးမှာ ဘေးမသီ၊ရန်မခ ဘဲ ကျန်းကျန်းမာမာ လိမ္မာသော သမားကောင်း၊ သမားမြတ်တို့နှင့် ကြုံကြိုက် ရခြင်း၊ စေတနာ ပြည့်ဝကြသော ဆေးရုံသူနာပြုများ၊ ရောဂါနှင့်လိုအပ် သော ရှားပါး ဆေးဝါးများ၊ ဘက်စုံ ရရှိ ခဲ့ခြင်းသာ ဖြစ်ပေမည်ဟု ကျွန်မက တထစ်ချ မှတ်ယူမိပါတော့သည်။ ။

အားလုံးကို ကျေးဇူးတင်လျက်...။

နုယဉ်

* * *



# ဗောဇ္ဈင် သုတ်တော်အကျိုး

## မောင်စိန်လွင် (မျဉ်းမနား)

မြန်မာနိုင်ငံ၌ ရှေးကာလကပင် ပရိတ်ကြီး ၁၁-သုတ်ကို ရဟန်းရှင်လူတို့ ရွတ်ဖတ်လာခဲ့ကြပါသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်ရသော အကျိုးကား ကြီးမားလှပေ၏။ ခပ်သိမ်းသော ရောဂါ ဘေးအန္တရာယ် တို့ကို ကာကွယ်ခြင်းနှင့် ကောင်းကျိုးချမ်းသာ မင်္ဂလာ ကျက်သရေအပေါင်းနှင့် ပြည့်စုံကြခြင်းတို့ကြောင့် အမြဲမပြတ် ရွတ်ဖတ်သင့်လှပေသည်။ နေ့စဉ် ရွတ်ဖတ် ကြည်ညိုနိုင်ကြစေရန် အောက်ပါအတိုင်း အကျဉ်းမျှ ဖော်ပြအပ်ပါသည်။

၁။ တနင်္ဂနွေ-မင်္ဂလသုတ်။ အလှူအိမ်တက် ကျက်သရေရှိခြင်း။

၂။ တနင်္လာ-ရတနသုတ်။ ကပ်ကြီးသုံးပါးမှ ကင်းဝေးခြင်း။

၃။ အင်္ဂါ-မေတ္တသုတ်။ နတ်များမခြောက်လှန့်နိုင်ခြင်း၊ သူတစ်ပါး ရန်ငြိုး မဖွဲ့နိုင်ခြင်း။

၄။ ဗုဒ္ဓဟူး-ခန္ဓသုတ်။ မြွေ၊ ကင်း၊ သန်း ကင်းဝေးစေခြင်း။
   ။ မောရသုတ်။ ရာဇဝတ်ဘေးမှ လွတ်ခြင်း။
   ။ ဝဋ္ဋသုတ်။ မီးဘေးမှ ကင်းဝေးစေခြင်း။

၅။ ကြာသပတေး-ဓဇဂ္ဂသုတ်။ စစ်မက်အန္တရာယ် ဘေးကင်းခြင်း။

၆။ သောကြာ-အာဋာနာဋိယသုတ်။ ဘီလူး၊ သရဲသဘက် မဖျက်ဆီးနိုင်ခြင်း။

ဒုတိယ အကြိမ်

၄။ စနေ-အင်္ဂုလိမာလသုတ်။ အလွယ်တကူ မီးဖွားနိုင်ခြင်း။

- ဗောဇ္ဈင်္ဂသုတ်။ ၉၆-ပါး ရောဂါဘေး ကင်းဝေးစေခြင်း။
- ပုဗ္ဗဏှသုတ်။ အတိတ်နိမိတ် ဂြိုဟ်စီးဂြိုဟ်နင်း ကံကြမ္မာ ကောင်းလာနိုင်ခြင်း။

အထက်ဖော်ပြပါ ပရိတ်ကြီး ၁၁-သုတ်၏ တန်ခိုးတော်ကို ကိုယ်တိုင်ကျင့်ကြံ အားထုတ်နေကြသော သူတော်စင် သူတော်ကောင်းတို့ နေ့စဉ်နှင့်အမျှ ကောင်းကျိုးချမ်းသာ တွေ့နေကြမည် အမှန်ဖြစ်ပါသည်။ နိုင်ငံကျော် စာရေးဆရာကြီး ဦးသုခသည် မေတ္တာသုတ်နှင့် မင်္ဂလသုတ် စာအုပ်တို့ကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထိုဆရာကြီး၏ ကျေးဇူးကြောင့်ပင် အင်္ဂါသား ကျွန်တော်သည် မေတ္တာသုတ်ကို အရကျက်ပြီး တစ်ဆင့် မေတ္တာပွားနိုင်ခဲ့ပါသည်။

ကျွန်တော်ရေးလိုသည်မှာ ထိုပရိတ်ကြီး ၁၁ သုတ်ထဲမှ ဗောဇ္ဈင်သုတ်၏ တန်ခိုးထက်မြက်ပုံ ကိုယ်တွေ့ဖြစ်ရပ်ကို တင်ပြလိုပါသည်။ မကြာမီသော အချိန်ကာလက ဖြစ်ပါသည်။ ၁၉၈၄-ခု နှစ်စပိုင်းလောက်မှ စ၍ ကျွန်တော်၏ ကျေးဇူးရှင်မိခင်ကြီး၌ ဝမ်းဗိုက်ရောင် ရောဂါဝေဒနာ စွဲကပ်လာခဲ့ပါသည်။ ကျွန်တော်၏မိခင်မှာ ကျွန်တော် သုံးနှစ်သားအရွယ်ကပင် မုဆိုးမဘဝဖြင့် ကျွန်တော်နှင့်အတူ နေလာခဲ့ရာ ယခုအချိန်ထိဖြစ်ပါသည်။ ကျွန်တော်သည် မိခင်ကြီး၏ ရောဂါဝေဒနာကို ပူပန်စိတ်ဆင်းရဲမှုကို နေ့စဉ် ခံစားနေခဲ့ရပါသည်။ ထိုရောဂါ သက်သာ ပျောက်ကင်း ကျန်းမာစေရန် မြန်မာကုနည်း၊ အနောက်တိုင်းကုနည်းတို့ဖြင့် ကြိုးစားကုသပါသော်လည်း မရပါ။ ရောဂါမှာသက်သာလိုက်၊ ပြန်ပေါ်လိုက်နှင့်တဖြည်းဖြည်းပင် မရဏမင်းထံ ဝင်ရောက်၍ အပ်ရတော့မည့် အခြေအနေ ရောက်ရှိနေပါပြီ။

ကျွန်တော်မှာလည်း အစဉ်းစား အစိုးရိမ်လွန်ပြီး အစားအသောက်ပျက်ခြင်း၊ အိပ်ရေးပျက်ခြင်းများကြောင့် မကောင်းသော အိပ်မက်များ မက်ခြင်းကို ရံဖန်ရံခါ ခံစားခဲ့ရပါသည်။ မကောင်းသော အိပ်မက်တို့ကိုတော့ မေတ္တာသုတ် တန်ခိုးတော်ဖြင့် အနိုင် ယူနိုင်ခဲ့ပါသည်။

၉၆-ပါးသော ရောဂါဝေဒနာနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ၏ ဗောဇ္ဈင်သုတ်တော်သည် ကျွန်တော်၏ ဦးနှောက်ဘူင် ပေါ်ပေါက်လာခဲ့သည်။ အခါတစ်ပါး နာဖျား ဆင်းရဲတော် မူကြကုန်သော အရှင်မောဂ္ဂလာန် မထေရ်နှင့် အရှင်မဟာကဿပ မထေရ်တို့အား မြတ်စွာဘုရားက ဗောဇ္ဈင် ခုနစ်ပါးတရားကို ဟောကြားပေး၏။ ခဏချင်းပင် ရောဂါမှ ကင်းလွတ်တော်မူကြကုန်၏။

ဒုတိယ အကြိမ်

တစ်ရံရောအခါ မြတ်စွာဘုရားကိုယ်တိုင် အနာရောဂါ ပြင်းထန်နှိပ်စက်ခံရသဖြင့် အရှင်စုန္ဒမထေရ်အား ယိုဇ္ဈင်တရားတော်မြတ်ကို ရိုသေစွာ ရွတ်ဆိုစေ၍ နာယူတော်မူသော တစ်ခဏ၌ပင် အနာရောဂါ ပျောက်ကင်းချမ်းသာတော် မူလာသည်။ မထေရ်မြတ်ကြီး သုံးပါးစလုံး ရောဂါ ပျောက်ကင်းချမ်းသာစေသော ဗောဇ္ဈင်သုတ်တော်ကို ကျွန်တော် ယုံကြည်စွာ ရွတ်ဆိုပြီး မိခင်ကြီးအား နာကြားစေပါသည်။

ကျွန်တော် အလွတ်ရသော ဗောဇ္ဈင်သုတ်တော်ကို ငါးပါးသီလ ခံယူပြီး နံနက်တစ်ကြိမ် ညတစ်ကြိမ်ရွတ်ဖတ်ခဲ့ပါသည်။ ရက်ပျက်အနည်းငယ်သာ ရှိခဲ့ပါသည်။ နောက် အတော်တစ်ခု ခေါင်းထဲ ရောက်လာပြန်ပါသည်။ မိခင်ကြီး ကွယ်လွန်သွားခဲ့လျှင် မကွယ်လွန်မီ ဒါန၊ သီလ၊ ဘာဝနာ ပါသွားစေခြင်းငှာ ကျွန်တော်၏ဆရာတော်ဦးသုန္ဒရ (စဉ့်အိုးတိုကျောင်း) နှင့် တိုင်ပင်ပြီး မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက် ဆရာတော် ဦးကဝိသရ၊ တံခွန်တိုင်ကျောင်းဆရာတော် ဦးတေဇနိယတို့ အမှူးပြုသော သံဃာတော် အရှင်မြတ်တို့အား ပင့်လျှောက်ပြီး အထူးသဖြင့် ဗောဇ္ဈင်သုတ်တော်ကို ချီးမြှင့်ပေးတော်မူပါ မည့်အကြောင်း လျှောက်ထားခဲ့ပါသည်။ မိခင်ကြီးအား နာကြားစေခဲ့ပါသည်။

ထိုသို့ မြတ်စွာဘုရား၏ ဒေသနာ အမြိုက်ဆေးကို နာကြားခဲ့ရပြီးနောက် ကျွန်တော်၏မိခင်မှာ သက်သာသလိုရှိပြီး အနည်းငယ် ရှင်လန်းလာခဲ့ပါသည်။ ကျွန်တော်၏ ညီရှိရာ ရန်ကုန်သို့သွားပြီး ဆေးစစ် ဆေးကုသမှုကိုပါ ပြောဆိုလာပါသည်။ ဤနေရာတွင် အထူး ရေးပြလိုသော အချက်မှာ ကျွန်တော်၏မိခင်ကြီးသည် ရောဂါဖြစ်သည့် အချိန်ကပြီး "ငါသည် ပျဉ်းမနားမှာပင် ဆေး၊ မည်သည့်ကယ်မှမသွား၊ ပျဉ်းမနားမှ ပင် ကုမရသည့်အဆုံး ခေါင်းချမည်" ဟူ၍ ပြောဆိုထားပါသဖြင့် ရန်ကုန်၊ မန္တလေး မြို့ကြီးများကိုပင် မခေါ်ရဲတော့ပါ။ မိခင်ကြီး စိတ်မဆောင်ရဲ ခေါ်ခြင်းငှာ ရန်ကုန်သွား၍ ဆေးကုသရန် မတိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။

၀ ၀ ၀

ယခုမူ ရန်ကုန်သွား ဆေးကုရန် မိခင်ကြီးက လက်ခံလိုက်သည်။ ရန်ကုန်သွားရန် ဆုံးဖြတ်ပြီးနောက် ရထားမဆင်းမီ နံနက်ပိုင်းတွင် ဆရာတော် ဦးကဝိသရသည် အမြဲအမြဲ သွားသော အိမ်များမှ ဆွမ်းခံကြွပြီးနောက်

ဒုတိယ အကြိမ်

မိခင်ကြီး ရန်ကုန်သွားမည်ကို သိသဖြင့် တမင်တကာ လာရောက်နှုတ်ဆက် အားပေးပြီး ဗောဇ္ဈင်သုတ်တော်ကို ချီးမြှင့် ပေးပြန်ပါသည်။ ထိုစဉ်က ကျွန်တော့်မိခင်ကြီးကို ကြည့်ရသည်မှာ ဝမ်းသာဝမ်းနည်းဖြစ်ပြီး မျက်ရည် ဝိုင်းလျက် လက်အုပ်ချီနေရင်း ဆရာတော်အား နောက်ဆုံး ဂါရဝပြုလိုက် ရခြင်းပေလောဟု တွေးထင်နေသလားမသိ။ သို့သော် စိတ်ဓာတ် တက်ကြွ နေပုံမှာ ဘူတာဆင်းသည်အထိ ထူးထူးခြားခြား မြင်တွေ့ရပါသည်။

ရန်ကုန်တွင် ကျွန်တော့်မိခင်ကြီး ဆေးသွားကုသည်မှာ တစ်လတိတိ ကြာခဲ့ပါသည်။ ရန်ကုန်ကညီသည် ပါရဂူဆရာဝန်ဖြစ်သည်မက မြန်မာ သမားတော်ကြီးဖြစ်ပါ ကုသမှုပေးခဲ့ရာ ရောဂါနှင့်ဆေးတွေ့ပြီး သေမင်း၏ဘေး နောက်ဆုတ် ပြန်သွားရပါတော့သည်။

မိခင်ကြီးပြန်၍ ကျန်းမာလာခြင်းသည် မြတ်ဗုဒ္ဓ၏တရား ဆေးဟု လုံးဝ ယုံကြည်ပါသည်။ တစ်ချို့က ပြောချင်ကြပါမည်။ ပရိတ်ရွတ်တာနှင့် ရောဂါ ပျောက်သလား ဟူ၍...။ ကျွန်တော်ယုံကြည်စွာ ဖြေဆိုရပါသော် ပရိတ်ရွတ်ဖတ် နာကြားခဲ့ရသော မိခင်ကြီးသည် စိတ်ပိုင်းဆိုင်ရာ ယုံကြည် တက်ကြွမှုရှိပြီး ရုပ်ပိုင်းဆိုင်ရာ ကုသပေးကြသော မြန်မာ သမားတော်ကြီး နှင့် ပါရဂူဆရာဝန်ကြီးတို့ မိခင်ကြီး၏ ရောဂါကိုတွေ့၍ ဆေးကိုတည့်အောင် ပေးနိုင်ခဲ့ပါသည်။ ရောဂါနှင့်ဆေး တည့်အောင်ပေး၍ ပျောက်ရေးမခက် ခြင်း ဖြစ်ပါသည်။ ၉၆-ပါး ရောဂါဝေဒနာ ခံစားနေကြရသောသူများ သည် ဗောဇ္ဈင်သုတ်တော်ကို ရိုရိုသေသေ ရွတ်ဖတ်ပွားများ၍ ကျန်းမာ ချမ်းသာကြပါစေရန် မေတ္တာပို့ရင်း နိဂုံးချုပ်အပ်ပါသတည်း။

ဗောဇ္ဈင်သုတ်တော်မှာ အလွယ်တကူ ရှာဖွေနိုင်မည်ဖြစ်ပါ၍ ဖော်မပြ တော့ပါ။ ကျွန်တော်၏မိခင်ကြီးသည် အသက် ၇၆-နှစ်ရှိပြီး ယခုအခါ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်တွင် နေထိုင်သူ ဒေါ်ကျင်မေ ဖြစ်ပါသည်။

မောင်စိန်လွင် (ပျဉ်းမနား)

* * *

ဒုတိယ အကြိမ်

# မောင်မျှင်သုတ်၏ အာနိသင်

## ချောင်းဆုံ ဒွန်းသွင်

"ကျွန်တော့်ရောဂါက ဦးနှောက်သွေးကြောထဲက သွေးခဲတဲ့ရောဂါပါ၊ ပထမဆုံးတော့ သတိလစ်တယ်၊ ဈေးဝယ်ပြီး ပိုက်ဆံမပေးဘဲ ထွက်သွားတာ တို့၊ ပိုက်ဆံပေးပြီး ပစ္စည်းမယူဘဲ ပြန်အမ်းငွေမယူဘဲ ထွက်သွားတာတို့ စတဲ့အသေးအဖွဲ့ကနေ နောက် အတိတ်မေ့တာ၊ ပြန်စဉ်းစားရင် မခံမရပ်နိုင်အောင် ခေါင်းကိုက်တာဖြစ်လာတယ်၊နောက်ဆုံးတော့ ခေါင်းထဲမှာ ခေါက်လိုက်နေသလို အဆက်မပြတ် မခံမရပ်နိုင်အောင်ဖြစ်ပြီး ဆေးရုံတက်ရတော့တာပဲ။

"ဆေးရုံမှာ နှစ်လခွဲလောက်အမျိုးမျိုးစမ်းသပ်ပြီးတဲ့နောက် ကျွန်တော့်ကို ခွဲစိတ်ကုသဖို့ ဆုံးဖြတ်ကြပါတယ်။ အန္တရာယ်ကတော့ တစ်ရာခိုင်နှုန်းလောက်ပဲ ရှိဘယ်လို့ ဆရာဝန်ကြီးက ပြောပါတယ်။ ဒါပေမယ့် ဆရာရယ် တကယ်တော့ အဲဒီ တစ်ရာခိုင်နှုန်းဆိုတာလဲ အကိုင်းအဆရှိတာမှမဟုတ်ဘဲ။ တစ်ရာခိုင်နှုန်းဟာ ဘယ်လောက်ပဲ ဖြစ်မယ်လို့ ပြောနိုင်တာမှ မဟုတ်ဘဲ။ ဒီတော့ ခွဲရမှာ ကြောက်တာပေါ့။ ဒါပေမယ့် တခြားနည်းလမ်းလဲမရှိတော့ ခွဲစိတ်ဖို့ သဘောတူကြောင်း လက်မှတ် ရေးထိုးလိုက်ရတယ်။"

တစ်နေ့တွင် ကျွန်တော်တို့ရုံးမှ တပည့်တစ်ဦး ဆေးရုံမှဆင်းလာပြီး ရုံးပြန်တက်လာသဖြင့် သူ ဆေးရုံတက်နေစဉ်က မလာရောက်နိုင်ခဲ့ သည်ကို ခွင့်လွှတ်ရန် တောင်းပန်ရင်း သူ့ရောဂါအကြောင်းကို မေးမြန်းရာ အထက်ပါအတိုင်း ပြန်ပြောနေခြင်းဖြစ်သည်။

"အခု ခွဲစိတ်ပြီးသွားပြီလား၊ ကောင်းသွားပြီလား"ဟု ကျွန်တော်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်ပါသည်။

ဒုတိယအကြိမ်

"အဲဒါ ပြောမလို့ပေါ့ဆရာ၊ ဆရာက ဘာသာရေးနဲ့ ပတ်သက်ပြီး ဆောင်းပါးတွေ ရေးတတ်တယ်ဆိုတာ သိရလို့ ဆရာ့ကို ဒီထူးဆန်းတဲ့ အဖြစ်ကလေး ပြောပြချင်လို့၊ ကျွန်တော် မခွဲဖြစ်ဘူးဆရာ၊ မခွဲရ မစိတ်ရဘဲ လုံးဝ နီးနီး ပျောက်ကင်းသွားတယ်။ နီးနီးဆိုတာက ပျောက်နေတာ မကြာသေးလို့ ချန်ပြီး ပြောတာ၊ တကယ်တော့ လုံးဝပျောက်သွားပါပြီ။"

သူက လေးလေးနက်နက် ပြန်ပြောသည်။ ထို့နောက်ဆက်ပြီး....

"ရောဂါ ပျောက်ချင်လွန်းလို့ ခွဲမယ်၊စိတ်မယ်ဆိုပေမယ့် တကယ်တမ်းကျတော့ ဒီအန္တရာယ်တစ်ရာခိုင်နှုန်းဆိုတာကိုပဲ ကျွန်တော်အတော်ကြောက်နေမိတယ်၊ တုန်လှုပ် ချောက်ချားနေတယ်။ ခွဲဖို့ သုံးရက် အလိုလောက်မှာ ကျွန်တော်ဟာ ဆောက်တည်ရာ မရလောက်အောင် ဖြစ်နေမိတယ်၊ ဒါနဲ့ စိတ်ငြိမ်အောင်ဆိုပြီး တတ်သမျှ မှတ်သမျှ ပရိတ်တော်တွေကိုရွတ်နေမိတယ်၊ ဒီလို ရွတ်ရာက 'ဗောဇ္ဈင်သုတ်'ကို ထူးထူးခြားခြား ရွတ်ဖို့ အကြံရလာတယ်၊ ဒါနဲ့ တစ်ကြိမ်ရွတ်ရင် ခုနစ်ခေါက်၊ တစ်နေ့ ခုနစ်ကြိမ် ရွတ်တော့တာပဲ၊ ခွဲစိတ်မယ့် မနက်ကျတော့ စိတ်ထဲက ဝေဒနာ သက်သာသလိုလိုဖြစ်လာတယ်။

"အစီအစဉ်အရ ကျွန်တော် တစ်ယောက်တည်း ခွဲဖို့ပဲ၊ ခွဲစိတ်ခါနီးမှ အရေးပေါ် လူနာတစ်ယောက် ရောက်လာတယ်။ သူက ကျွန်တော့်လို မဟုတ်ဘူး။ သိပ်အရေးကြီးနေတယ်။ ဒါကြောင့် ကျွန်တော့်ကို ဒုတိယထားပြီး သူ့ကို အလျင်ခွဲတယ်၊ အဲဒီမှာ ခွဲစိတ်တဲ့စက် ပျက်သွားတယ်။ ကျွန်တော် ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ စက်က ရက်အတော်ကြာကြာ ပြင်ရဦးမှာမို့ ကျွန်တော့်မှာ ဗောဇ္ဈင်သုတ် ရွတ်ဖို့ ရက်အတော် ရ သွားတယ်။

"ကျွန်တော်လဲ အားတက်ပြီး တအားဖိ ရွတ်တော့တာပေါ့။ အံ့သြစရာကောင်းတာက ကျွန်တော့်ခေါင်းဟာ အရင်က စဉ်းစားလို့လဲ မရဘူး၊ တစ်ခုခုကို အာရုံစိုက် ပြောဆိုလို့လဲ မရဘူး၊ ရွတ်လို့လဲ မရဘူး၊ ခေါင်းထဲ တစ်ခါတည်း ကျဉ်ဘက်လာတာပဲ၊ ဒါပေမယ့် မခွဲခင် သုံးရက်လောက်က စပြီး ကျွန်တော် ပရိတ်ရွတ်တော့ ရွတ်လို့ရတယ်။ ဗောဇ္ဈင်သုတ်တွေ ဖိရွတ်တော့လဲ ဘာမှ မဖြစ်ဘူး၊နောက်စက်ပျက်လို့ စက်ကို စောင့်ရင်းနဲ့ဗောဇ္ဈင်သုတ် ဖိရွတ်တော့လဲ ဘာမှ မဖြစ်ဘူး။

"စက်ပြင်ဖို့ ကြာဦးမှာမို့၊ ပြီးတော့ တစ်လုံးတည်းရှိတာမို့ ကျွန်တော့်ကို စက်ပြင်တာ စောင့်ရင်း အိမ်မှာ ပြန်နားဖို့ ဆရာဝန်ကြီးက ခွင့်ပြုတယ်။

ဒုတိယအကြိမ်

ထပ်ပြီး စမ်းသပ် ကြည့်တော့လဲ ရောဂါက ထူးထူးခြားခြား သက်သာနေတာတွေ့လို့ ဆရာဝန်ကြီးကလဲ အံ့သြနေတယ်။

"အိမ်ရောက်တော့လဲ မောဇ္ဈင်သုတ်ကိုပဲ ပုံမှန်ရွတ်နေခဲ့တယ်။ ရောဂါလဲ အကောင်းပကတိလို ဖြစ်နေတယ်။ ရက်ချိန်းစေ့လို့ ဆရာဝန်ကြီးကို သွားပြန်ပြတော့ ဆရာဝန်ကြီးက 'လုပ်ငန်းခွင် ပြန်ဝင်ပြီး နားနား နေနေ လုပ်ကြည့်ပါ၊ တဖြည်းဖြည်း ပျောက်ကင်း သွားနိုင်တယ်' ဆိုပြီး ကျွန်တော့်ကို လုပ် ငန်း ခွင် ပြန် ဝင် နိုင် ကြောင်း၊ ထောက်ခံစာ ပေးလိုက်တယ် ဆရာ။

"ကျွန်တော့် ရောဂါကို မောဇ္ဈင်သုတ်က ပျောက်အောင် ကုလိုက်တယ်လို့ ကျွန်တော် ယုံကြည်တယ် ဆရာ။ အဲဒါ တစ်ခြား ဝေဒနာရှင်တွေလဲ သိအောင်၊ ရွတ်နိုင်အောင် ကျွန်တော့် ကိုယ်တွေ့ကလေးကို ဆရာရေးသားပြီး ဖြန့်ဖြူးပေးပါ" ဟု လေးလေးနက်နက် ပြောသည်။ ကျွန်တော်ကလည်း ဝမ်းသာ အားရ ဝန်ခံ လိုက်သည်။

ထိုသူနှင့်ကျွန်တော် တွေ့ပြီး ငါးရက်မြောက်နေ့တွင် ကျွန်တော်တို့ရွာနမှ အမျိုးသမီး အယ်ဒီတာ တစ်ဦးက ကျွန်တော့်ထံလာရင်း စကားစပ်မိရာမှ ကျွန်တော်က မောဇ္ဈင်သုတ် ရွတ်ဖတ်ခြင်း အကြောင်း ရောက်ရှိသွားသည်။

"မောဇ္ဈင်သုတ်နဲ့ ပတ်သက်ပြီး ကျွန်မတို့ဆီမှာလဲ ထူးခြားတဲ့ အတွေ့အကြုံရှိတယ်၊ အန်ကယ့် ဆောင်းပါး ပိုပြီး ပြည့်စုံသွားအောင် ကျွန်မ ပြောပြမယ်" ဟု ဆိုပြန်သည်။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ကျွန်မ ခင်ပွန်းဟာ ပုံမှန်ဆေးစစ်ရင်း မျက်မှန်မှာ အဆုတ်ရောဂါ လက္ခဏာလိုလို အစက် အပြောက်လေးတွေ တွေ့တယ်၊ သူက ဘာသာရေးယုံကြည်မှု လေးနက်တဲ့ လူဖြစ်တော့ မောဇ္ဈင်သုတ်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် နေ့စဉ် ခုနစ်ခေါက်စီမှန်မှန် ရွတ်တယ်၊ သာမန် မဟုတ်ဘူး၊ ယုံယုံကြည်ကြည်နဲ့ လေးလေးနက်နက် ရွတ်တာ။

"အဲဒီလို မောဇ္ဈင်သုတ်ကို နံနက် ည နေ့စဉ် ခုနစ်ခေါက်စီ ယုံကြည်စွဲမြဲစွာနဲ့ မှန်မှန်ရွတ်ပြီး ခြောက်လခန့် ကြာတဲ့အခါကျတော့ ဆရာဝန်ဆီ ပြန်သွားပြီး မျက်မှန် ပြန်ရိုက်ကြည့်တယ်၊ မျက်မှန်မှာ အရင်တစ်ခါတုန်းကလို အစက်ကလေးတွေ လုံးဝ မတွေ့ရတော့ဘူး။

ဒုတိယ အကြိမ်

"ကျွန်မတို့ တစ်အိမ်သားလုံး တစ်ယောက်ယောက် နေထိုင်မကောင်း ဖြစ်ရင် ဗောဇ္ဈင်သုတ်တော်ကိုပဲ ယုံယုံကြည်ကြည် ရွတ်ကြတယ်" ဟု သူမ၏ ကိုယ်တွေ့ကို အားရပါးရ ပြောပြသည်။

ဤဗောဇ္ဈင်သုတ်သည် ရောဂါဝေဒနာသည်များ အတွက် ဆေးစွမ်း ကောင်းတစ်လက် ဖြစ်ကြောင်း ပရိတ်တော်များနှင့် ပတ်သက်သည့် ဗဟု သုတ ရှိသူတိုင်း သိထားကြပေသည်။ ကြားသိထားသည့်အတိုင်း ရွတ်ဆိုကြ မည် ဖြစ်ပါသည်။ ထိုသို့ ရွတ်ဆိုရာတွင် ယုံကြည်မှု သဒ္ဓါပေါ် မူတည်ပြီး အကျိုးခံစားရမည် ဖြစ်ပေသည်။

ဤဗောဇ္ဈင်သုတ်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ဟောကြားတော်မူခဲ့သည်။ ထိုသို့ ဟောကြားရခြင်းမှာလည်း အရှင်မဟာ ကဿပကိုယ်တော်ကြီးနှင့်အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးတို့ ရောဂါ ဝေဒနာ၏ နှိပ်စက်မှုဒဏ်ကို အပြင်းအထန် ခံစားနေရသဖြင့် ရောဂါမှသက် သာရန် ဟောကြားတော်မူခြင်း ဖြစ်၏။ ဗောဇ္ဈင်သုတ်တရားတော်၏ အာနုဘော်ဖြင့် အရှင်မဟာကဿပနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးတို့ နှစ်ပါးစလုံး ဝေဒနာမှ သက်သာ ပျောက်ကင်းခဲ့ကြပေသည်။

ဤမျှမကသေး၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ဝေဒနာခံစားနေရချိန်ဝယ် စုန္ဒမထေရ်အား ပြန်ရွတ်စေပြီး ဗောဇ္ဈင်သုတ်ကို နှလုံးသွင်းခြင်းဖြင့် ဝေဒနာမှ ချမ်းသာခဲ့ပေသည်။

ထို့ကြောင့် မည်သည့် ရောဂါဝေဒနာဖြစ်စေ၊ ဝေဒနာကျရောက်သော အခါ ဝေဒနာရှင်ကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးကဖြစ်စေ ဗောဇ္ဈင်သုတ် ကို ယုံကြည်မှု သဒ္ဓါ အပြည့်အဝဖြင့် ရွတ်ဆိုခြင်း၊ နာကြားခြင်း ပြုပါက အကျိုးထူးနိုင်ကြောင်း မြတ်မင်္ဂလာ ပရိသတ်များထံ တင်ပြလိုက်ရပါ သတည်း။ ။

ချောင်းဆုံ-အုန်းသွင်

ဗောဇ္ဈင်သုတ်ပါဠိ

သံသာရေ သံသရန္တာနံ၊
သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊
မာရသေနာ ပမဒ္ဒနေ။

ဒုတိယ အကြိမ်

ဗုဒ္ဓိတွာ ယေ စိမေ သတ္တာ၊
တိဘဝါ မုတ္တကုတ္တမာ။
အဇာတိံ မဇရာဗျာဓိံ၊
အမတံ နိဗ္ဗုယံ ဂတာ။

ဧဝမာဒိ ဂုဏူပေတံ၊
အနေက ဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊
ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။
ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာပရေ။
သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။
သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
ဧကသ္မိံ သမယေ နာထော၊
မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။
တေ စ တံ အဘိနန္ဒိတွာ၊
ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
ဧကဒါ ဓမ္မရာဇာပိ၊
ဂေလညေနာဘိပီဠိတော။
စုန္ဒတ္ထေရေန တံ ယေဝ၊
ဘဏာပေတွာန သာဒရံ၊

ဒုတိယ [illegible]

သမွေဒိဘူတာန အာဂမာခေ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
တေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
ပဟိနာ တေဓ အာဂမာခေ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟာတာ ကိလေသာဝ၊
ပတ္တာ’ နုပ္ပတ္တိ ဓမ္မတံ။
တေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

၀ ၀ ၀

## မေဗျောင်သုတ်အနက်

သံသာရေ၊ သံသာရာ၌။ သံသာရန္တာနံ၊ ကျင်လည်ကုန်သော သူတို့၏။ သဗ္ဗဒုက္ခ ဝိနာသနေ၊ ခပ်သိမ်းသော ဆင်းရဲကို ပျောက်ပျက်ကုန်ထသော။ မာရသေနာပမဒ္ဒနေ၊ ကိလေသာဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ်ကုန်ထသော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ အရဟတ္တမဂ်၏ အင်္ဂါဖြစ်ကုန်ထသော။

ယေ ဣမေ ဓမ္မေ၊ အကြင်တရားတို့ကို။ ဗုဇ္ဈိတွာဝ၊ သိရှိသာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ တိဘဝါ၊ သုံးပါးသောဘဝမှ။ မုတ္တကာ၊ ကင်းလွတ်ကုန်၏။ ဥတ္တမာ၊ မြတ်ကုန်၏။ အဇာတိံ၊ ပဋိသန္ဓေ နေခြင်းမရှိထသော။ အဇရံ၊ အိုခြင်းမရှိထသော။ အဗျာဓိံ၊ နာခြင်းမရှိထသော။ နိဗ္ဘယံ၊ ဘေးလည်းမရှိထသော။ အမတံ၊ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။

ဧဝမာဒိဂုဏူပေတံ၊ ဤသို့အစရှိသော ကျေးဇူးတို့နှင့် ပြည့်စုံထသော။ အနေကဂုဏသင်္ဂဟံ၊ များသော ကျေးဇူးတို့ကိုလည်း တကွ ယူရာဖြစ်ထသော။ ဩသဓဉ္စ၊ ဆေးလည်းဖြစ်ထသော။ မန္တဉ္စ၊ မန္တရားလည်းဖြစ်ထသော။ ဣမံ ဗောဇ္ဈင်္ဂဉ္စ၊ ဤဗောဇ္ဈင်ကိုလည်း။ ဟော၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

ဒုတိယ အကြိမ်

သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိဟူ၍ ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါစ၊ သမ္ဗောဇ္ဈင်လည်းကောင်း၊ တထာ၊ ထို့အတူ။ ဓမ္မာနံဝိစယော စ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း၊ ဝီရိယဉ္စ၊ ဝီရိယသမ္ဗောဇ္ဈင်လည်းကောင်း။ ပီတိ စ၊ ပီတိသမ္ဗောဇ္ဈင်လည်းကောင်း၊ ပဿဒ္ဓိစ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်လည်းကောင်း။ တထာ၊ ထို့အတူ အပရေ၊ တစ်ပါးကုန်သော။

သမာဓုပေက္ခာ၊ သမာဓိ ဥပေက္ခာဖြစ်ကုန်သော။ ဗောဇ္ဈင်္ဂါစ၊ သမ္ဗောဇ္ဈင်တို့လည်းကောင်း။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေ ဗောဇ္ဈင်္ဂါ၊ ထိုသမ္ဗောဇ္ဈင်တို့ကို။ သဗ္ဗဒဿိနာ၊ ခပ်သိမ်းသော တရားတို့ကို မြင်တော်မူတတ်သော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မာ၊ကောင်းသောအပြားဖြင့်။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်၏။ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်၏။

အဘိညာယ၊ ရှေးရှုသိအပ်သော တရားတို့ကို သိခြင်းအကျိုးငှာ လည်းကောင်း။ နိဗ္ဗာနာယစ၊ ကိလေသာငြိမ်းခြင်း အကျိုးငှာလည်းကောင်း။ ဗောဓိယာ စ၊ အရဟတ္တမဂ်ဉာဏ်အကျိုးငှာလည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဧကသ္မိံ၊ တစ်ပါးသော။ သမယေ၊ အခါ၌၊ နာထော၊ မြတ်စွာဘုရားသည်။ မောဂ္ဂလ္လာနဉ္စ၊ မောဂ္ဂလာန် မထေရ်ကိုလည်းကောင်း။ ကဿပဉ္စ၊ ကဿပ မထေရ်ကိုလည်းကောင်း။ ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲကုန်သော။ တေ၊ ထိုမထေရ်တို့ကို။ ဒိသွာ၊ မြင်၍။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ အဒေသယိ၊ ဟောတော်မူပြီ။

တေစ၊ ထိုမထေရ်တို့သည်လည်း။ တံ၊ ထိုဟောတော်မူသော ဗောဇ္ဈင်တရားတော်ကို။ အဘိနန္ဒိတွာ၊ အလွန်နှစ်သက်၍။ တင်္ခဏေ၊ ထိုခဏ၌။ ရောဂါ၊ အနာမှ။ မုစ္စိံသု၊ လွတ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဧကဒါ၊ တစ်ပါးသောအခါ၌။ ဓမ္မရာဇာပိ၊ တရားမင်း ဘုရားသည်လည်း။ ဂေလညေန၊ အနာသည်။ အဘိပီဠိတော၊ လွန်စွာနှိပ်စက်အပ်သည်

ဖြစ်၍။ စုန္ဒတ္ထေရန၊ စုန္ဒမထေရ်ကို။ တံယေဝ၊ ထိုဗောဇ္ဈင် ခုနစ်ပါးတရားကိုသာလျှင်။ သာဒရံ၊ ရိုသေမြတ်နိုးနှင့်တကွ။ ဘဏာပေတွာန၊ ဟောစေလတ်၍။

သမ္မောဒိတွာန၊ နှစ်လိုတော်မူ၍။ ဌာနသော၊ ဟောသောကြောင့်၊ တမှာ အာဗာဓာ၊ ထိုအနာမှ။ ဝုဋ္ဌာသိ၊ ထတော်မူ၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သောစကားကိုဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌၊ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

တိဏ္ဏန္နမ္ပိ၊ သုံးပါးလည်း ဖြစ်ကုန်ထသော။ မဟေသိနံ၊ မဟာကဿပမထေရ်၊ မောဂ္ဂလာန်မထေရ်၊ မြတ်စွာဘုရားတို့အား။ တေ အာဗာဓာ၊ ထိုအနာတို့သည်လည်း။ ပဟီနာ၊ ပျောက်ကုန်၏။ မဂ္ဂဟတာ ကိလေသာဝ၊ မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကဲ့သို့။ အနုပ္ပတ္တိဓမ္မတံ၊ တစ်ဖန် မဖြစ်ကောင်းသော သဘောသို့။ ပတ္တာဝေ၊ ရောက်ကုန်သည်သာတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သော စကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။ ။

* * *

# ဓာရဏပရိတ်တော်နှင့် ကျွန်တော်

## ဝါဝါထင်လင်း

ဗုဒ္ဓါနံ ဝိဝိဟာယာ နသက္ကာ
ကေနစိ အန္တရာယော ကာတုံ
တထာ မေ ဟောတု။

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဝိဝိဟာယာ၊ ...သက်တော်၏။ အန္တရာယော၊ ဘေးအန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား ဟောတု၊ ဖြစ်ပါစေသတည်း။

ဤဓာရဏ ပရိတ်တော်ကို ကျွန်တော် ၁၁-နှစ်သား အရွယ်ကတည်းက အသေအချာ ကျကျနန ရွတ်တတ်သည်။ အနက်အဓိပ္ပာယ်ကိုမူ နားမလည်ခဲ့ပါ။ ကျကျနန ရွတ်တတ်သည်မှာလည်း မေမေရဲ့မေမေ၊ ဘွားဘွား ကျေးဇူးကြောင့် ဖြစ်ပါသည်။ နံနက်မိုးလင်းသည်နှင့် မြေးတစ်ယောက်ယောက်ကို "ဟဲ့ ပရိတ်ကြီး ၁၁-သုတ်နဲ့ ဓာရဏပရိတ် ဖွင့်တော့လေ" ဟု ဆိုတတ်သည်။ အဲသည့်နောက် ကျွန်တော်တို့အိမ်တွင် သပိတ်အိုင်တောရ၊ သံကုန်းဆရာတော် အရှင်ဉာဏဟိသာရ၏ ပရိတ်ကြီး ၁၁-သုတ်နှင့် သထုံဆရာတော်တို့၏ ဓာရဏ ပရိတ်တော် ရွက်ဖတ်သံတို့သည် တစ်အိမ်လုံး ဝေဆာနေပါတော့သည်။

ဘွားဘွား ကျေးဇူးကြောင့် ကျွန်တော် ဘယ်နေရာသွားသွား၊ ဘာစားစား၊ ဘာလုပ်လုပ် သည် ဓာရဏပရိတ်တော်ကို စိတ်ထဲမှ အစဉ်ရွတ်ဆိုနေတတ်ပါသည်။ ကားပေါ် တက်လိုက်သည်နှင့်၊ ခရီးတစ်ခုထွက်တော့မည်ဆိုသည်နှင့် ကျွန်တော် စိတ်ထဲတွင် သည်ဓာရဏ ပရိတ်တော်ကို အလိုအလျောက်ဆိုပြီးသားဖြစ်နေသည်။ ကျွန်တော် ၁၁-နှစ်သား အရွယ်တုန်း

ဒုတိယ အကြိမ်

ကတော့ ဆရာတော်နှင့်အတူ ဘာမသိ ညာမသိ အပြိုင် အော်အော် ဆိုမိသည်။ လူကြီး တစ်ယောက်ယောက်က ဆိုခိုင်းရင်လဲ ငြင်းပယ်ခြင်းမရှိ၊ အထစ်အငေါ့မရှိ ဆိုပြတတ်သည်။

ယခုဆိုလျှင် ကျွန်တော် အသက် ၂၁-နှစ် ရှိပါပြီ၊ မောရဏပရိတ်တော်၏ ပါဠိတော်ကိုရော အနက်အဓိပ္ပာယ်ကိုပါ ကောင်းကောင်း နားလည်စွာ ရွတ်ဖတ်တတ်ပြီ ဖြစ်သည်။

သာသနာ ၂၅၂၂-ခု၊ ကောဇာ ၁၃၄၀-ပြည့်၊ ၁၉၇၉-ခုနှစ်အတွင်း သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်မှ ထုတ်ဝေသော မောရဏ ပရိတ်တော်နှင့် အဘိဏှသုတ် စာအုပ်ဝါဝါကလေးကို ကျွန်တော် အမြဲလို ကိုင်ဆောင် ရွတ်ဖတ်ခြင်းကြောင့် ယခုလို နားလည်ရခြင်း ဖြစ်သည်။

ကောင်းမြတ်သော စေတနာဖြင့် တာဝန် ဝတ္တရားများကို ထမ်းဆောင် နေသူ အားလုံးတို့သည် မောရဏ ပရိတ်တော်ကို ရွတ်ဖတ်ပါက အကာလ မရဏမှ လွတ်မြောက်နိုင်သည်။ အကာလ မရဏနှင့် မတွေ့ကြုံရ၊ မတွေ့ ကြုံနိုင်။

အကာလမရဏဆိုသည်မှာသူတစ်ပါးလက်နက်ဖြင့်သေရခြင်း၊သူတစ်ပါး ပယောဂဖြင့် သေရခြင်း၊ ကျားကိုက် သေရခြင်း၊ချောက်ကမ်းပါးကျ သေ ရခြင်း၊ ကားမှောက်၍ သေရခြင်း စသည့် ဥပစ္ဆေဒက ကံကြောင့် သေခြင်း မျိုးများကို ဆိုလိုသည်။မောရဏ ပရိတ်ကို ရွတ်ဖတ်သူမှာ အကာလ မရဏ အမျိုးမျိုးတို့မှ လွတ်မြောက်သည်ဟု စာအုပ်၏ တိုက်တွန်းချက်၊ ဒုတိယ အပိုဒ်နှင့် တတိယအပိုဒ်တို့တွင် တွေ့နိုင်ပါသည်။

ကျွန်တော်သည် သည်မောရဏပရိတ်တော်ကို ရွတ်ဆိုသည့် အခါတိုင်း ယုံယုံကြည်ကြည် လေးလေးစားစားနှင့် ရွတ်ဆိုပါသည်။ ကျွန်တော်၏ မောင်နှမများကိုလဲ သည်မောရဏပရိတ်တော်ကို ရွတ်ဆိုကြရန်အမြဲတိုက်တွန်း ပါသည်။ သူငယ်ချင်းများနှင့် တွေ့တိုင်း ကြုံတိုင်း သည်မောရဏပရိတ်တော် ကို ရွတ်ဆို ရှင်းပြသည့်အခါ တလေးတစားနှင့် စိတ်ဝင်စားစွာ မေးမြန်း နားထောင်သူ ရှိသလို လှောင်ပြောင်၍ သရော်ကြသည့် သူများလည်း ရှိပါသည်။

ကျွန်တော့် အနေဖြင့် မောရဏ ပရိတ်တော်ကို ပို၍ ယုံကြည်လေးစားမှု ဖြစ်ခဲ့ရသည်မှာ ကျွန်တော် ဆယ်တန်းအောင်၍ ပထမနှစ် ဓာတုဗေဒ တက် စဉ်က ဖြစ်ပါသည်။

## ဒုတိယ အကြိမ်

ကျွန်တော် ဆယ်တန်းကို ဂုဏ်ထူး သုံးဘာသာဖြင့် အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် သဘော်သားဖြစ်သူ ကျွန်တော်၏ အစ်ကိုကြီးက ကျွန်တော့်အတွက် ဆူပါကက် (ခေါ်) မော်တော်ဆိုင်ကယ်လေးတစ်စီး ဝယ်ပေးပါသည်။

တစ်နေ့တွင် ကျွန်တော်သည် ကျောင်း၌ လက်တွေ့လုပ်ရန်ရှိသဖြင့် အိမ်မှစောစောထွက်ခဲ့ပါသည်။ ကျွန်တော်တို့ အိမ်မှာ ၄၉-လမ်း၊ အိမ်အမှတ် (      ) တွင် ဖြစ်ပါသည်။ အိမ်မှထွက်၍ ဆိုင်ကယ်ပေါ် တက်လိုက်သည်နှင့် ဘွားဘွားက "ဟဲ့ မြေး၊ ဖြည်းဖြည်း မောင်းနော်၊ ဓာရဏာ ပရိတ်လဲ ရွတ်သွားဦး" ဟု ပြောပါသည်။ ဘွားဘွား မှာခဲ့ကတည်းက ကျွန်တော်၏ စိတ်သည် ဓာရဏာပရိတ်ကို ရွတ်ဆိုနေပါသည်။

ကျွန်တော်သည် လူငယ်ပီပီ ဆိုင်ကယ်ကို စ,ထွက်သည်နှင့် နှုန်းတင်ပြီး မောင်းခဲ့ပါသည်။ ကျွန်တော်၏ ဆိုင်ကယ်လေးသည် မင်းမနိုင်တိုက်ခန်းတွင် နေသော လူငယ်ချင်းဖြစ်သူ ကျော်မိုးသူထံသို့ ဦးတည်နေပါသည်။ ကျော်မိုးသူက အသင့်စောင့်နေသည်။ ဆိုင်ကယ် နောက်မှ ခွထိုင်လိုက်သည်နှင့် "ဟေ့ကောင် ဓာရဏာပရိတ်ရွတ်နော်" ဟု ကျွန်တော်က ပြောတော့ "ငါမှ မရတာကွာ၊ မင်းကသာ လုပ်မနေပါနဲ့၊ အိုးကြီးကျနေတာပဲ၊ မောင်းမှာသာ မောင်း ကိုယ့်လူ၊ လက်တွေ့ လုပ်ဖို့ နောက်ကျနေဦးမယ်" ဟု ပြောပါသည်။ ကျွန်တော်လဲ ဘာမှ မပြောတော့ဘဲ ဆိုင်ကယ်ကို မောင်းထွက်ခဲ့ပါသည်။

ဆိုင်ကယ်လေးသည် မင်းမနိုင်ကထွက်ပြီး ဝေါ်ဒင်လမ်းပေါ် ရောက်ခဲ့သည်။ ဆိုင်ကယ်ကို မြောက်ဘက်သို့ ဦးတည်လိုက်သည်။

ကျွန်တော်သည် ဆိုင်ကယ်ကို အရှိန်မြှင့်၍ မောင်းလိုက်ပါသည်၊ နောက်မှ ထိုင်လိုက်လာသူ ကျော်မိုးသူကသည်း "ကောင်းကွယ်ကွာ၊ မြန်မြန်သာမောင်း" ဟု တိုက်တွန်းနေပါသည်။

ဆိုင်ကယ်လေးသည် မြို့မကျောင်း၊ အမှတ် ၂-စစ်ဆေးရုံ၊ အိမ်တော်ရာဘုရား စသည်တို့ကို အမြန်နှုန်းဖြင့် ဖြတ်ကျော်ခဲ့ပါသည်။ ယာခင်းသာလက်ဖက်ရည်ဆိုင် ရောက်ခါနီး အရှိန်ကို နည်းငယ်လျှော့ပြီး ဘယ်ဘက်အချက်ပြ မီးကို ဖွင့်လိုက်ပါသည်။ ကားရှင်းသည်နှင့် ကွေ့ချပြီး နှုန်းကို တင်လိုက်ပါသည်။

ဟဲလ်ပင်လမ်း မီးပွိုင့်အနီး ကိုက် ၁၀၀- အကွာလောက်တွင် အမှတ်မထင် ၉-နှစ်အရွယ် ကလေးတစ်ယောက်က လမ်းကို ဖြတ်ကူးလိုက်သည်။

ဒုတိယအကြိမ်

"ဟာ....ဟော့ကောင်၊ ကလေး၊ ရှေ့မှာ ကလေး" ဟု နောက်မှ ကျော်မိုးသူ၏ သတိပေးအော်သံနှင့်အပြိုင် ကျွန်တော်သည် ဆိုင်ကယ်ကို ဘယ်ဘက်သို့ ဆွဲချလိုက်ပါသည်။ ထိုအချိန်တွင် အခြားတစ်ဘက်မှ မျက်နှာချင်းဆိုင် လာနေသော ကုန်တင်ကား တစ်စီးကို တွေ့လိုက်ရပါသည်။ ထိုကားကြီးကလဲ မီးစိမ်းနေသည့်အတွက် တစ်ရှိန်ထိုး မောင်းချလာသည်။

"ဟာ....ရှေ့မှာကား....ကား၊ ခုန်ချ ခုန်ချ" ဟု မိုးကျော်သူက အော်ပါသည်။ သူ့အော်သံ မဆုံးခင် ကျွန်တော်၏ ဆိုင်ကယ်လေးသည် ပလက်ဖေါင်းဘောင်ကို အရှိန်နဲ့ ဝင်တိုက်ပါတော့သည်။ ကျွန်တော်တို့ နှစ်ဦးစလုံးလေထဲသို့ မြောက်တက်သွားပါသည်။ ဆိုင်ကယ်လေးသည် ဝင်တိုက်သည့်အရှိန်နှင့် လည်ဆင်းသွားပြီး ကုန်တင်ကားကြီးအောက် ရောက်ကာ ကုန်တင်ကားကြီး၏ နောက်ဘီးနှင့် အကြိတ်ခံလိုက်ရပါသည်။ ကျွန်တော်သည် လေထဲမြောက်တက်သွားပြီး အကျကောင်းခဲ့ပါသည်။ ကုလားအဘိုးကြီးတစ်ယောက်က ပလက်ဖောင်းနံဘေးရှိ မြက်ချားကို နွားစာအတွက် ရိတ်ပြီး ပုံထားသော မြက်ချားပေါ်သို့ ကျခြင်းကြောင့် ကျွန်တော် အကျကောင်းသည်ဟု ဆိုခြင်းဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်း ကျော်မိုးသူ မျှော်မှာတော့ ဒဏ်ရာ မပြင်းထန်ပေမယ့် အနည်းငယ်တော့ ခံလိုက်ရပါသည်။

ကျွန်တော်တို့ နှစ်ယောက်သည် ချက်ချင်းဆိုသလို လဲကျနေရာမှ ထကာ ဆိုင်ကယ်လေးကို လှမ်းကြည့်မိကြသည်။ ဆိုင်ကယ်လေးသည် ကားတက်ကြိတ်သည့် ဒဏ်ကြောင့် ရှေ့ပိုင်းတစ်ခုလုံး ကြေနေသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ နှစ်ယောက်လုံးကြက်သီးထသွားပါသည်။ ဆိုင်ကယ်နှင့် အတူလဲကျပါက ကျွန်တော်တို့ဘဝမှာ မတွေးဝံ့စရာ၊ လူတွေက ဝိုင်းလာကြသည်။ တစ်ယောက်တစ်ပေါက်လဲ ပြောကြသည်။

"ဆိုင်ကယ်သမားတွေက ကြမ်းတာကိုး၊ ဖြစ်လာတော့ နည်းသေးတယ်" ဟု ပြောသည်ကို တစ်ချို့၊ 'ကံကြီးပေလို့ သားပေါ့၊ ဒို့ မို့ဆို ဦးနှောက်ပွင့်ပြီး အရိုးနဲ့အသား တစ်ခြားစီဖြစ်မှာ" ဟု ပြောသူက တစ်ချို့ အမျိုးမျိုးဝေဖန်နေကြပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် အံ့သြခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းတို့နှင့် အတူ ဆိုင်ကယ်လေးကို မိနစ်အနည်းငယ်မျှ မှင်တက်မိစွာဖြင့် ရပ်ကြည့်နေမိသည်။

ဒုတိယအကြိမ်

ကျွန်တော့်စိတ်ထဲမှာလည်း 'ခါရကာ ပရိတ်တော်ကြောင့် အသက်ဘေးမှ လွတ်ရတာပဲ ဖြစ်မည်'ဟု ယူဆလိုက်ပါသည်။

ကျွန်တော်သည် အထက်ပါ ဖြစ်ရပ်ကလေးကို ဖြစ်ပြီးကတည်းက ရှေးကထက် ယုံကြည်လေးစားမှုကို ပိုမိုလေးနက်သွားစေခဲ့သည်။

ကျွန်တော့်အနေနှင့်ပြောချင်သည်မှာ မြတ်ဗုဒ္ဓရှင်တော်မြတ်၏ အာဝေဏိကဂုဏ်တော် ၁၈ ပါးကို ဖော်ပြထားသည့် သည်ခါရကာ ပရိတ်တော်ကို လူငယ်၊ လူရွယ်၊ ကျောင်းသားတိုင်း ရွတ်ဖတ်စေချင်ပါသည်။ ယခုအခါ ဥပစ္ဆေဒက ကံကြောင့် သေရခြင်းများကို မကြာခဏ ကြားနေကြရပါသည်။ထို့ကြောင့် ဤသို့သေရခြင်းမှ လွတ်မြောက်စေခြင်းငှာ သည်ခါရကာ ပရိတ်တော်ကို ရွတ်ဖတ်ကြစေရန် စေတနာများစွာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

သတ္တဝါတိုင်းလူတိုင်းပင် တစ်နေ့နေ့၌သေရမည်မှာဓမ္မတာဖြစ်ပါသည်။ အကာလမရဏမှ လွတ်မြောက်သည်ဆိုလျှင် ဖြစ်မြဲဓမ္မတာအရ သေချိန်ကျမှသာသေရမည် ဖြစ်သည်။ဥပစ္ဆေဒက ကံကြောင့် မသေရပါ။မသေနိုင်ပါ။

ခါရကာ ပရိတ်တော်ကို ရွတ်ဖတ်ခြင်း အားဖြင့် ကောင်းမြတ်သော စေတနာရှင်အားလုံး ဘေးအန္တရာယ် ရန်စွယ်ခပ်သိမ်းတို့မှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ။

ဝါဝါထင်လင်း

* * *

# ဓာရဏပရိတ် ပါဠိ

(မြတ်စွာဘုရား၏ အာဝေဏိက ဂုဏ်တော် ၁၈-ပါး)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ ဘထာမေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ

ဒုတိယ အကြိမ်

ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ခေါရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရ ဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ခေါရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ၊ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ။ နာနာဘယဝိကောပါ၊ န ကောဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ နမူဠှကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။

၈။ တံ ခေါရဏပရိတ္တံ ယထာ ကထမေ၊ ဇာလေ မဟာဇာလေ၊ ဇာလိတ္တေ မဟာဇာလိတ္တေ၊ ပုဂ္ဂေ မဟာပုဂ္ဂေ၊ သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူဘင်္ဂမို တမင်္ဂလုံ။ ဣမံခေါ ပနာနန္ဒ ခေါရဏပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓ ကောဋိဟိ ဘာသိတံ၊ ဝတ္တေ အာဝတ္တေ၊ ဂန္ဓဝေ အာဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ခေါရဏေ အခေါရဏေ၊ ကုလ္လိ မိလ္လိ တိလ္လိ မိလ္လိ၊ ယောရုဂ္ဂေ မဟာယောရုဂ္ဂေ၊ ဘူတင်္ဂမို တမင်္ဂလံ။

၉။ ဣမံခေါ ပနာနန္ဒ ခေါရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ မရောဟိလာ ရေလာ ဒုဗ္ဘိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

## ခေါရဏပရိတ် အနက်

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတာယ၊ အသက်၏။ အန္တရာယော၊ ဘေးအန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သော သူသည်။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အတီတံသေ၊ လွန်လေပြီးသောအဖို့၌။ အပ္ပဋိဟတံဉာဏံ၊ အဆီးအတားအပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အနာဂတံသေ၊ နောင်လာလတ္တံ့သော အနာဂတ်အဖို့၌။ အပ္ပဋိဟတံဉာဏံ၊ အဆီးအတား အပိတ် အပင် မရှိသော

ဉာဏ်တော်ကြည်း ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန် မျက်မှောက်ဖြစ်သောအဖို့၌။ အပ္ပဋိဟတံဉာဏံ၊ အသိဉာဏ်တား၊ အပိတ်အပင် မရှိသောဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။

၃။ တိဟိ၊ သုံးပါးကုန်သော။ ဣမေဟိဓမ္မေဟိ။ ဤကျေးဇူးတရားတော်တို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့် ပြုလုပ်အပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ပြဋ္ဌာန်းခြင်းရှိသည်၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏ နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည်၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ နှလုံးဖြင့် ပြုသော အမှုသည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ပြဋ္ဌာန်းခြင်းရှိသည်၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။

၄။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဆန္ဒဿ၊ သတ္တဝါတို့၏ အကျိုးစီးပွားကိုပြုလိုသော ဆန္ဒတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဓမ္မဒေသနာယ၊ တရားတော်ကို ဟောပြောခြင်း၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝီရိယဿ၊ သူတစ်ပါးတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်း၌ လုံ့လဝီရိယတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိပဿနာယ၊ သင်္ခါရ တရားတို့ကို အနိစ္စအစရှိသောလက္ခဏာသုံးပါးဖြင့်ရှုမှု ‘ဝိပဿနာ’ ဉာဏ်တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ သမာဓိဿ၊ စိတ်တည်ကြည်မှု ‘သမာဓိ’ တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ၊

၅။ ဒွါဒသဟိ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။

ဒုတိယ အကြိမ်

ဒဝါ၊ ရယ်မြူးလို၍ပြုမူပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ ရဝါ၊ သတိလွတ်၍ချွတ်ယွင်းပြုမူပြောဆိုခြင်းသည်၊ နတ္ထိ၊ မရှိ။ အဖုဋ္ဌံ၊ ဉာဏ်တော်ဖြင့် မတွေ့မထိ မသိအပ်သောတရားသည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ ဉာဏ်ဖြင့် မဆင်မခြင်အဆောတလျင် ပြုသောအမှုသည်။ နတ္ထိ၊ မရှိ။ အဗျာဝဋမနော၊ သူတစ်ပါးတို့အတွက် ကြောင့်ကြမှုဖြစ်သော စိတ်နှလုံးတော်သည်။ နတ္ထိ၊ မရှိ၊ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်ဖြင့် မဆင်မခြင် လျစ်လျူရှုသောအမှုသည်၊ နတ္ထိ၊ မရှိ။

အဋ္ဌာရသဟိ၊ တစ်ဆယ့်ရှစ်ပါးကုန်သော။ ဗုဒ္ဓဓမ္မေဟိ၊ ကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံတော်မူသော။ ဘဂဝန္တော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓါ၊ မြတ်စွာ ဘုရားအား။ နမော၊ ရှိခိုးပါ၏၊ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ ဝိပဿိ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ တည်းဟူသော မြတ်စွာဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

၆။ တထာဂတာ၊ ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော်မူသော မြတ်စွာဘုရားတို့အား။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု 'ကာယဒုစရိုက်' သည်။ နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု 'ဝစီဒုစရိုက်' သည်။ နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ မနောဒုစ္စရိတံ၊ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု 'မနောဒုစရိုက်' သည်။ နတ္ထိ၊ မရှိ။ အတီတံသေ၊ လွန်လေပြီးသောအဖို့ကာလ၌။ ဘဂဝတော၊ ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပဋိဟတဉာဏံ၊ ဆီးတားပိတ်ပင်ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ။ ပစ္စုပ္ပန္နံသေ၊ ပျက်မှောက်သော အဖို့ကာလ၌။ ဘဂဝတော၊ ဘုန်းတော်ကြီးသော ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပဋိဟတဉာဏံ၊ ဆီး တား ပိတ် ပင် ခြင်း ရှိ သော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ၊ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သောအမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွား ရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့။ နာနုပရိဝတ္တံ၊ အစဉ် မလိုက် ခြင်း သည်။ နတ္ထိ၊ မရှိ၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြုအပ်သောအမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ စိတ်ဖြင့် ပြု အပ် သော အ မှု သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင်

ဒုတိယ အကြိမ်

ရွှေ့သွားမရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့။ နာန့ုပရိဂေတ္တိ၊ အစဉ်မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဣမံ့ခါရဏံ၊ ဤအဆောင်သည်။ ဝါ၊ ဤ ဆောင် ထား အပ် သော ခါရဏပရိတ်တော်သည်။ အမိတံ၊ မနှိုင်းယှဉ်အပ်။ အသမံ၊ တူမျှခြင်းလည်းမရှိ။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏။ တာဏံ၊ ခိုမှီ ကိုးကွယ်ရာလည်းဖြစ်၏။ လေဏံ၊ ပုန်းအောင်း လဲလျောင်းရာလည်း ဖြစ်၏။ သံသာရဘယဘိတာနံ၊ သံသရာဘေးကို ကြောက်ရွံ့သော သူတို့၏။ အဂ္ဂံ၊ အလွန်မြတ်သော။ ပရိတ္တံ၊ အရံအတားဖြစ်၏။ မဟာတေဇံ၊ ကြီးသော တန်ခိုးရှိန်စော် အာနုဘော်ရှိသော။ ပရိတ္တံ၊ အရံအတားဖြစ်၏။

၇။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမံခါရဏပရိတ္တံ၊ ဤသို့ တန်ခိုး တေဇော် အာနုဘော် ကြီးမြတ်သော ခါရဏပရိတ်တော်ကို။ ဓာရေဟိ၊ ရွတ်ဆောင်လော့၊ ဝါရေဟိ၊ မှတ်သားလော့။ ပရိပုစ္ဆာဟိ၊ မေးမြန်း စူးစမ်းဆင်ခြင်လော့။ တဿ၊ ထိုသို့ရွတ်ဆောင်၊ မှတ်သား၊ မေးမြန်း စူးစမ်းဆင်ခြင်သောသူ၏။ ကာယေ၊ ကိုယ်၌။ ဝိသံ၊ မြွေနဂါး စသည် တို့၏ အဆိပ်သည်။ န ကမေယျ၊ မကျရောက်ရာ။ ဥဒကေ၊ ရေ၌။ န လဂ္ဂေယျ။ မငြိတွယ် မနစ်မွန်းရာ။ အဂ္ဂိ၊ မီးသည်။ န ဍဟေယျ၊ မလောင် ကျွမ်းရာ။ နာနာဘယဝိကော၊ အထူး ထူး အ ပြား ပြား များ စွာ သော ဘေးရန်ဘို့သည်မထိမရောက်နိုင်ရာ။ န ဧကာဟာရကော၊ တစ်စုံတခါယောက် သော သူ မျှ တစ် ရက် မ ကောင်း ကြံ သော သူ သည် သည်း မကြံနိုင်ရာ။ န ဒွိ ဟာရကော၊ နှစ်ရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န တိဟာရကော၊ သုံးရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န စတုဟာရကော၊ လေးရက်မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န ဥမ္မတ္တကံ၊ ရူးသွပ် ပျံ့လွင့်သော အနာလည်း မဖြစ်နိုင်ရာ။ န မူဠ္ဌကံ၊ တွေဝေမိုက်မဲသော အနာလည်း မဖြစ်နိုင်။ မနုဿေဟိ၊ လူတို့သည်လည်း ကောင်း၊ အမနုဿေဟိ၊ ဘီလူးတို့သည်လည်းကောင်း။ န ဟိံ သကာ၊ မညှဉ်းဆဲ မဖျက်ဆီး မနှိပ်စက်နိုင်ရာ။

၈။ တံ ခါရဏပရိတ္တံ၊ ထိုခါရဏပရိတ်တော်သည်။ ယထာ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဇာလော၊ စကြဝဠာ ကမ္ဘာတစ်သောင်းကို လောင်ကျွမ်းစေသော နေခုနစ်စင်း၏ အရှိန်အစော်ကဲ့သို့ဘေးရန်အန္တရာယ် အပေါင်းတို့ကို လောင်ကျွမ်းပယ်ဖျောက်နိုင်သည့် တန်ခိုးရှိန်စော်အာနုဘော် ရှိ၏။ မဟာဇာလော၊ နတ်၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ဘီလူး၊

ရက်မှီ အားရှိသည်တို့ကို တားမြစ်နိုင်သော သံကွန့်ရက်နှင့်တူသော ဘုန်းတန်ခိုးရှိစေသဲ့ အာနုတော်ရှိ၏။ ဇလိတ္တော၊ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်လိုသောသူဟုဆိုအပ်သော ရန်သူအန္တရာယ်အပေါင်းကိုလည်း ပယ်ရှားတားမြစ်နိုင်၏။ မဟာဇာလိတ္တော၊ ရောဂန္တရကပ်၊ သတ္ထန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် ဟုဆိုအပ်သော ကပ်သုံးပါးတို့မှ ကင်းလွတ်စေနိုင်၏။ ပုဂ္ဂေ၊ အမင်္ဂလာတွင်း၌ ပဋိသန္ဓေနေသော်လည်း အညွန့်၊ ဆွံ့အခြင်း၊ နားပင်းခြင်း၊ ရူးသွပ်ပေါ့လျော့ခြင်း အနာမျိုးတို့မှ လွတ်စေနိုင်၏။ မဟာပုဂ္ဂေ၊ သစ်ပင်၊ တောင်ကမ်း၊ ချောက်တို့မှ ကျသွားသော်လည်း မသေနိုင်ရာ။ သမ္ပတ္တော၊ မရသေးသော စည်းစိမ်ချမ်းသာ ရတနာဥစ္စာ အပေါင်းတို့ကိုလည်း ရစေနိုင်၏။ မဟာသမ္ပတ္တော၊ ရပြီးသော စည်းစိမ်ချမ်းသာရတနာဥစ္စာအပေါင်းတို့ကိုလည်း ကြီးကျယ်ပြန့်ပွားများ စေ၏။ ဘူတဂ်မိ၊ ဟုတ်မှန်သော အားဖြင့်။ တမင်္ဂလ၊ အမိုက်အပျောက်၍ အလင်းရောက်နိုင်၏။

အနာနုန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ်ပန၊ စင်စစ်မုချကား။ ကုမ်ခါရကာပရိတ္တံ၊ ဤခါရကာ ပရိတ်တော်ကို၊ သတ္တ တတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋိဟိ၊ ခုနစ်သယ်ခုနစ်ကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဟောကြားတော်မူအပ်ပြီ။ ဝဏ္ဏော၊ ကောင်းသောအကျိုးနှင့် ယှဉ်၏။ အဝဏ္ဏော၊ မကောင်းသောအကျိုးနှင့်မယှဉ်။ ဂန္ဓဝေ၊ ကောင်းသော တရားအရသာ အနံ့မျိုးကို ဆောင်၏။ အဂန္ဓဝေ၊ မကောင်းသော တရားအရသာ အနံ့မျိုးကိုမဆောင်။ နေသမေ၊ ကောင်းသောစိတ်နှလုံးကိုဆောင်၏။ အနေသမေ၊ မကောင်းသော စိတ်နှလုံးကိုမဆောင်။ သေသဝေ၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲရသည်ဖြစ်၏။ အသေသဝေ၊ သူတော်မဟုတ် သူယုတ်တို့နှင့် မပေါင်းဖော် မယှဉ်တွဲ မမှီဝဲရသည်ဖြစ်၏။ ကာယေ၊ ကောင်းသော ကိုယ်ကို ဖြစ်စေ၏။ အကာယေ၊ မကောင်းသော ကိုယ်ကိုမဖြစ်စေရာ။ ခါရကေ၊ ကောင်းသော ကုသိုလ်အမှုကိုပြုဆောင်ရ၏။ အခါရကေ၊ မကောင်းသော အကုသိုလ်အမှုကို မပြုမဆောင်ရ။ ဂုလ္လိ၊ ကောင်းသောအိပ်မက်ကို မြင်မက်ရ၏။ မင်္ဂုလ္လိ၊ မကောင်းသော အိပ်မက်ကိုမမြင်မက်ရ။ တိလ္လိ၊ ကောင်းသော အတိတ်နိမိတ်ကိုမြင်ရ၏။ မိလ္လိ၊ မကောင်းသောအတိတ်နိမိတ်ကို မမြင်ရ။ ယောရှုကွေ၊ သေပြီးသော သစ်ပင်တို့ကို ရှင်စေနိုင်၏။ မဟာယောရှုကွေ၊ ရှင်ပြီးသော သစ်ပင်တို့ကိုလည်း အကိုင်းအခက် အရွက်အလက်နှင့် ပြည့်စုံစေနိုင်၏။ ဘူတဂ်မိ၊ ဟုတ်မှန်သော အားဖြင့်။ တမင်္ဂလ၊ အမိုက်အပျောက်၍ အလင်းရောက်နိုင်၏။

၉။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ခေါ်ပန၊ စင်စစ်။ ဣမံ ခါရကာ ပရိတ္တံ၊ ဤ ခါရကာပရိတ်တော်ကို။ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ၊

ကိုးဆယ့်ကိုးကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဟောတော်မူအပ်ပြီ။ ဒိဋ္ဌိလာ၊ မကောင်းသဖြင့် ကြံသောသူတို့၏ အကြံအစည်ကိုလည်း သိမြင်နိုင်၏။ ဒဠှိလာ၊ ဓား၊ လှံ၊ လက်နက်၊ လေး၊ မြား၊ မီးပေါက်အမြောက် အစရှိသော ဘေးတို့သည်လည်း မထိရောက်စေနိုင်။ မန္တိလာ၊ မန္တန် မန္တရား ဂါထာ အင်းအိုင်တို့သည်လည်း ထက်မြက်နိုင်၏။ ရောဂိလာ၊ ရောဂါ အန္တရာယ်အမျိုးမျိုးတို့ကိုလည်း ပယ်ဖျောက်နိုင်၏။ ခန္ဓလာ၊ ကြမ်းတမ်းခက်မာသော အနာရောဂါမျိုးတို့လည်း မထိရောက်နိုင်၊ ဒုဗ္ဘိလာ၊ ကြိုး၊ ထိတ်၊ သံခြေကျဉ်း၊ ကပ်ဘိ၊ တွင်းလှောင်၊ ပင်းသကား၊ လည်ထောက်ကိုလည်း လွတ်စေနိုင်၏။ နေတန သစ္စဝဇ္ဇနေန၊ ဤသို့ မှန်သော သစ္စာစကားကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ (မေ၊ ငါ့အား)။ တေ၊ သင့်အား။ (အမှာကံ၊ ငါတို့အား။ တုမှာကံ၊ သင်တို့အား)။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ▮

● ● ●



# ဘုန်းကြီးပေးသော ဂါထာ

## မောင်မြတ်သင်း

ကျွန်တော်သည် ငယ်စဉ်ကပင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်များနှင့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးတော်များကို ကြားဖူးနေပါသည်။ အမေ၏ ဖခင်သည် ကျွန်တော်တို့ စာမဖတ်တတ်မီ ကတည်းက ဂုဏ်တော်များကို နှုတ်တိုက်ချပြီး သင်ကြားခဲ့ရာ အထူးအားဖြင့် ဣတိပိသော ဂါထာကို မပြတ်ရွတ်ရသည်။ တစ်ခါတစ်ခါ မိမိက ကောင်းစွာပင် သတိမမူမိဘဲ စိတ်ထဲက ရွတ်ဆိုနေမိသည်။ အဘသည် ကျွန်တော်တို့ မှတ်မိလွယ်အောင်ပဲလား၊ သူ့ယုံကြည်ချက်ပဲလားမသိ။ 'အရဟံ၊ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား' ဟု အဓိပ္ပာယ် ဖွင့်ပေးပါသည်။ ထို့အပြင် ကျွန်တော်တို့ ငယ်စဉ်က 'အရဟံပူဇော်တပ်ဆင်ရေးအဖွဲ့' ရှိခဲ့ဖူးသည်ကိုလည်း သတိရမိပါသေးသည်။ ရင်ဘတ်တွင် 'အရဟံ' ဟု ရွှေစာလုံး ရင်ထိုး တပ်ဆင် ပူဇော်ကြသည်ကို တွေ့ခဲ့ဖူးသည်။ ယခုသည်း ရှိကောင်း ရှိပါလေဦးမည်။

ဣတိပိသော၊ သမ္ဗုဒ္ဓေ၊ ဓာရဏပရိတ် စသည်တို့ကား မြတ်ဗုဒ္ဓရှင်တော်ဘုရားကို ပူဇော်နည်း အမျိုးမျိုးပင်ဖြစ်ရာ အန္တရာယ် အမှန်ကင်းသည်ဟု ယုံကြည်စွာ ရွတ်ဆို ထိုက်လှပါသည်။ ယခု ကျွန်တော့် မိတ်ဆွေ၏ စိတ်ဝင်စားဖွယ် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ကျွန်တော်၏ အလုပ်ခန်းသို့ မိတ်ဆွေကြီး ဦးစိန်မော်သည် မကြာခဏ လာတတ်ပါသည်။ အငြိမ်းစားယူသွားကြသောလူကြီးများပီပီ ရောက်တတ်ရာရာ စကားများပြောပြီး စိတ်ချမ်းသာအောင် နေကြပါသည်။ တစ်နေ့သော် ဦးစိန်မော်သည် ခပ်တည်တည်ပင် လူကြီးများ ပြောအပ်သော စကားကို ပြောလာပါသည်။ ကျွန်တော်သည် အစသော် မယုံတစ်ဝက်

ယုံတစ်ဝက် နားထောင်နေရာမှ မှတ်သားစရာ ဖြစ်ရပ်မှန်ကြားရ၍ မှတ်တမ်း မတင်ဘဲ မနေသာဖြစ်ရပါသည်။

"ကျွန်တော့် အခု အဓိဋ္ဌာန် ဥပုသ် ဝင်နေတယ်လေ၊ အဝတ်တစ်ထည် ကိုယ်ဘစ်ခုနဲ့ ဆင်းရဲပေ့ဆိုတဲ့ ဘုန်းကြီးကျောင်းမှာ သွားပြီး ကျောင်းမှာ အိပ်၊ ကျောင်းမှာစားနေတယ်၊ ညမှာ အကျီချွတ်လျှော်ပြီး မနက်ကျတော့ ပြန်ဝတ်တာပဲ၊ အခုလဲ ကျွန်တော့်အတွက် အိမ်က စိတ်ပူနေမှာစိုး လို့ ဖုန်း ဆက်ချအောင်လာတာ။

"ခင်ဗျားတို့ မြတ်မင်္ဂလာ စာစောင်မှာ အန္တရာယ်ကင်း ဂါထာတို့၊ ကပ်ကျော် ဂါထာတို့ကို ကိုယ်တိုင် တွေ့ကြုံ ခံစားရတဲ့ ပုဂ္ဂိုလ်တွေက တင်ပြ ကြတာ ဖတ်ရတော့ ကျွန်တော်လဲ စာဖတ်ပရိသတ် အကျိုးအတွက် ကျွန်တော့် ကိုယ်တွေ့ကလေးတွေ ပြောပြချင်လို့။

"ကျွန်တော့် မိန်းမက ဒီမှာကုရခက်တဲ့ ရောဂါတစ်ခုကြောင့် အင်္ဂလန် သွားပြီး ဆေးကုဖို့ နိုင်ငံကူးလက်မှတ် လျှောက်ခဲ့တယ်။ လှန်ခဲ့တဲ့ ငါးနှစ် သောက်ကပေါ့။ ကျွန်တော်က ပိုက်ဆံဘတ်နိုင်လို့ မဟုတ်ပါဘူး။ သမက် ဆရာဝန်က ဟိုမှာအလုပ် လုပ်နေတာဆိုတော့ သူက စရိတ်ပေးပြီး ခေါ် တာပေါ့ဗျာ။

"သမက်နဲ့ သူ့အမေကလဲ လိုက်ပြီး နေတယ်။ ကျွန်တော့် သမီးလဲ မှီခိုသူ ဖြစ်နေတော့ ကျွန်တော့် မိန်းမလိုက်မှာကို အင်္ဂလိပ်သံရုံးက ပြည်ဝင် ခွင့်ဗီဇာ မပေးဘူး။ ကျွန်တော်ကတော့ ဒါကို မစဉ်းစားမိပါဘူး။လူမှုရေး ကိစ္စဆိုတော့ ယောက္ခမဆိုတာလဲ မိဘပဲ မဟုတ်လား။ ဗီဇာပြဿနာ မရှိ ဘူးလို့ အောက်မေ့တာ။ တကယ်ကျတော့ အခက်တွေ့ နေတာပေါ့ဗျာ။

"အဲ...ကျုပ့်သဲ အလျှင်စလိုနဲ့ ကြားကဖောက်ပြီး ပြောမိပြန်ပါပြီ။ အစက ပြောရရင် ဒီလိုလေဗျာ။

"ကျွန်တော် အလုပ်က ပင်စင်မယူမီ တစ်ညနေ ကျွန်တော့်ရုံးခန်းထဲကို ဘုန်းတော်ကြီး တစ်ပါး ကြွလာတယ်။ ကျွန်တော် အဲဒီ ဘုန်းတော်ကြီးကို သိလဲ မသိဘူး။ ပင့်လဲ မပင့်မိတ်ဘူး။ သူ့ဟာသူ ရောက်လာတာ။

"ဒကာကြီးက စွဲစွဲမြဲမြဲ ဘုရားတရားနဲ့ နေတာမို့ ဘုန်းကြီးက မေတ္တာနဲ့ လာတာပဲ။ ဒကာကြီးဆီက ဘာအကူအညီမှ မလိုချင်ပါဘူး။ ဘုရားကို

သစ္စာပြု ပူဇော်ဖို့ ဒကာကြီးကို ဂါထာတစ်ပုဒ် သင်ပေးမယ်လို့။ ဘုန်းကြီး အခုပြောပြမှာက ရိုးရိုးပူဇော်တာထက် ထူးခြားတယ်။ ဒကာကြီး ယုံယုံ ကြည်ကြည် ရွတ်ပါ။ ပူဇော်ပါ’’ ဆိုပြီး ကျွန်တော့်ကို သစ္စာရဲ့ တန်ခိုး ကြီးမားပုံ ဟောပြောသွားတယ်။ ဘုန်းကြီး ရွတ်ပြတဲ့ ဂါထာကို ကျွန်တော် လဲ သေးသေး နုတ်နုတ် မှတ်မထားခဲ့ဘူး။ တောလုံးပွဲကိုယ့် အမိပြေးချင် သေးတာကိုး။

“သုံးလေးလလောက်ကြာတော့ ဒီကိုယ်တော် တစ်ခါကြွလာပြန်တယ်။ ဒကာကြီး ဘုန်းကြီးပေးတဲ့ ဂါထာကို ရွတ်ရဲ့လား တဲ့....။

“ကျွန်တော်ကလဲ ရွတ်မှ မရွတ်မိတဲ့။ သင့်တော်အောင်ပဲ လိုက်လျောပြီး လျှောက်လိုက်ရတယ်။ ကိုယ်တော့် ဘွဲ့တုံ့လဲ မမေးမိဘူး။ နေရပ်လိပ်စာ ကိုလဲ မမေးမိဘူး။ ဘုန်းကြီး ပြန်ကြွသွားတော့လဲ မေ့မေ့ပျောက်ပျောက် ပေါ့ဗျာ။

“နောက် နှစ်လ လောက်ကြာတော့ တတိယ အကြိမ် ရောက်လာပြန် တယ်။ လာတိုင်း လာတိုင်း ညနေ သုံးနာရီနဲ့ လေးနာရီကြားမှာပဲ။ ဒီတစ်ခါ တော့ ကျွန်တော် အားနာပြီး သေသေချာချာ ရိုရိုသေသေ နေရာထိုင် ခင်းပေးပြီး ဘွဲ့ကိုပါ မေးလျှောက်တယ်။ ဂါထာကိုလဲ ဘုန်းကြီးက တစ်ခါ ရေးပေးပြီး အသံနေ အသံထား မှန်အောင် ရွတ်ပြတယ်။’’

ဦးစိန်မော် ထိုကဲ့သို့ ပြောသောအခါ ကျွန်တော်သာမက ရုံးမှအဖွဲ့သား များ၊ ဧည့်သည်များပါ အထူး စိတ်ဝင်စားလာကြပါသည်။ ဦးစိန်မော်က ဇာတ်ကြောင်းကို ပြန်ပြီး ကောက်ပြန်သည်။

“ကျွန်တော့် မိန်းမကို အင်္ဂလိပ်သံရုံးက ပြည်ဝင်ခွင့် ဗီဇာ မပေးတော့ စိတ်ပျက်ပြီး အကျိုးအကြောင်းသိရတဲ့ ညနေခွာပဲ့ သမက်ဆီကို ကြေးနန်း ရိုက်လိုက်တယ်။ မင်းတို့ အမေကတော့ ဗီဇာမရလို့ မလာဖြစ်တော့ဘူး။ ဆေးကုပေးဖို့ အစီအစဉ်တွေ ဖျက်လိုက်ကြတော့လို့၊ စိတ်တော့ ဘယ် ကောင်းနိုင်ပါ့မလဲဗျာ။ ဒါနဲ့ စိတ်ထဲမှာ ဘုန်းတော်ကြီး သင်ပေးသွားတဲ့ ဂါထာကို သတိရလာပြီး ရွတ်တယ်။ ဘုန်းတော်ကြီး ပြောခဲ့တာလဲ ဒီဂါထာဟာ အမှန်တရားကို ရွတ်ဆိုခြင်းမို့ သစ္စာပြုခြင်းဖြစ်တယ်။ သစ္စာ ဆိုသည်မှာ အမှန်ကို ဆိုလိုတယ်။ မှန်တာကို သစ္စာပြုရင် ကိစ္စအရပ်ရပ် အောင်မြင်တယ်။ အောင်မြင်တယ် ဆိုရာမှာလဲ ဖြစ်နိုင်တာကိုသာ တောင့်

တရမယ်။ ဓဖြစ်နိုင်တာကို တောင့်တပြီး သစ္စာ[redacted]ခြင်းကိုလဲ မလုပ်အပ်ဘူးတဲ့။

"ကျွန်တော်လဲ ဘယ်နှစ်ခေါက် ရယ်လို့ တောင်မှ မမှတ်တော့ပါဘူး။ အချိန်ရှိသမျှ ရွတ်နေမိတယ်။ စားတဲ့အချိန်နဲ့ အိပ်တဲ့ အချိန်က လွဲရင် တစ်ချိန်လုံး ရွတ်နေတယ်။ နောက်တစ်နေ့ မနက် ရုံးကို သွားတော့လဲ ရွတ်နေတုန်းပါပဲ။

"ရုံးရောက်တော့ ကျွန်တော့်ဆီကို အင်္ဂလိပ် သံရုံးက လူတစ်ယောက် ရောက်လာတယ်။ ကျွန်တော့် မိန်းမအတွက် ဗီဇာ ထုတ်ပေးဖို့ (ဗီဇာရိုက်ပေးဖို့) အင်္ဂလန်က ကြေးနန်း ရောက်လာတယ်တဲ့။ ဒါကြောင့် (ပတ်စပို့) နိုင်ငံကူး လက်မှတ် ယူပြီး သူနဲ့ လိုက်လာပါတဲ့။ ကျွန်တော်လဲ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ တပည့်တစ်ယောက် ထည့်လိုက်တယ်။ တကယ်ပဲ ဗီဇာရ လာတော့တာပါပဲ။"

နားထောင်နေကြသော ကျွန်တော်တို့ အံ့သြသွားကြသည်။

"ဗိုလ်မှူး အဲဒီဂါထာ ရေးပေးစမ်းပါ။"

ဦးစိန်မော်သည် အငြိမ်းစား ဒု ဗိုလ်မှူးကြီးဖြစ်ပါသည်။

"ကျွန်တော် သတ်ပုံတော့ သေသေချာချာ မသိဘူးဗျာ။ ရွတ်တာတော့ အသံမှန်အောင် ရွတ်တတ်ပါရဲ့။"

ထိုအခါ ကျွန်တော်က မနေသာတော့ပဲ "ရေးသာ ရေးပေးပါ ဗိုလ်မှူး၊ ကျွန်တော် တတ်တဲ့ သိတဲ့ ပညာရှင်တွေ မေးပြီး သတ်ပုံကို အမှန်ရအောင် ပြင်ယူပါမယ်။"

သူက စေတနာ အပြည့်အဝဖြင့် ဂါထာကို ရေးပေးပါသည်။ သူပြောသည့်အတိုင်း သတ်ပုံများကတော့ မမှန်ပါ။

"ဒါနဲ့တင် မပြီးသေးဘူး အစ်ကိုကြီးရ၊ ကျွန်တော်လဲ ဒီဂါထာကို နေ့ညမပြတ် အားတိုင်း ရွတ်နေမိတယ်။ တစ်နေ့တော့ ကျွန်တော့် သားသဘော်သား မော်တော်ကား ဝယ်လာတာကို ရွေးဖို့ နည်းနည်း ပြဿနာ တက်လာတယ်။ လုပ်နည်း ကိုင်နည်း စနစ်မကျလို့နေမှာပေါ့ဗျာ။ ဥပဒေနဲ့ အညီ ဝယ်တာကောင်မှ ထစ်ငေါ့နေတော့ ဒီပြဿနာဟာ သိပ်မခက်ခဲဘူး ဆိုတာ ပေါ်လွင်နေတာပေါ့။ ဒါပေမယ့် ဘယ်လိုလုပ်ရမယ် ဆိုတာကို ကျွန်တော်က မသိဘူး။ ဒါနဲ့ ဒီကိစ္စကို အာရုံပြုပြီး ကျွန်တော် ဘုန်းကြီးပေးတဲ့ ဂါထာကို အမိဋ္ဌာန်နှင့် ရွတ်တယ်။ အကြိမ် တစ်ထောင်ရွတ်တယ်။ ရွတ်ရင်း ရွတ်ရင်း အသံတစ်ခု အလိုလိုကြားယောင် လာတယ်။ အဲဒီအသံက လူတစ်ယောက်ရဲ့ နာမည်ပဲ။ ကျွန်တော်လဲ အဲဒီလူကိုမသိဘူး။ ဒီကိစ္စမျိုး လုပ်တတ်

ကိုင်တတ်တဲ့ လူတစ်ယောက် ဆိုတာကို စုံစမ်းလို့ သိရတာနဲ့ ကျွန်တော် အဲဒီလူနဲ့ သွားတွေ့တယ်။ တိုတိုပြောရရင် ပြေလည်သွားတယ်ဗျ။"

"ဟာ တယ်ဟုတ်ပါလား ဗိုလ်မှူး။"

"ကျွန်တော်ကလဲ ဘုန်းတော်ကြီး ပြောတာကို အမြဲ နှလုံးသွင်းထားတယ်။ မဖြစ်နိုင်တာကို မတောင့်တရဘူး ဆိုတာလေ။ တကယ်ဆိုတော့ ဖြစ်နိုင်တဲ့ကိစ္စကို အထစ်အငေါ့ တွေ့တဲ့အခါမှာ အဲဒီလိုတွေ့ရတဲ့ အထစ်အငေါ့ ပယ်ပျောက်သွားတာပေါ့ဗျာ။"

"ဗိုလ်မှူးဟာက နှစ်ခါတောင်မှ ကြုံရတယ်ဆိုတော့ အံ့ဩစရာလဲဖြစ်၊ အားလဲ အားကိုးထိုက်ပါပေတယ်။"

"အေးပေါ့ဗျာ။ ယုံကြည်မှုလဲရှိရမယ်၊ ကိုယ်တိုင်ကလဲ သမာဓိ ရှိရမယ်။ မဖြစ်နိုင်တဲ့ ကိစ္စမျိုးကိုလဲ မမျှော်မှန်း မတောင့်တ ရပ်ဘူးပေါ့။ စောစောက ပြောသလို ကျွန်တော့် မိန်းမက ဆေးသွားကုရလို့ အင်္ဂလန်မှာ ရှိတဲ့ သမီးနဲ့ တွေ့ခဲ့ပြီ။ ကျွန်တော်ကလဲ တွေ့ချင်လိုက်တာလေ။ ကိုယ်ချင်းသာစာပေတော့။ သမီးဆိုတော့ မတွေ့ချင်ဘဲ နေပါ့မလား။ ရေိတ်ခလဲ မတတ်နိုင်၊ သူတို့ကို လက်မှတ်ပို့ဖို့လဲ အပူမကပ်ချင်၊ ရုံးကလဲ ခွင့်ရဖို့ မလွယ်နဲ့။ ပြဿနာကတော့ ခပ်များများပေါ့လေ။ ကျွန်တော်ကလဲ အာသာဆန္ဒကပြင်းပြလှန်တော့ ဘုန်းကြီးပေးတဲ့ ဂါထာကို အကြိမ်ပေါင်း ရှစ်သောင်းလေးထောင် ရွတ်ပါ့မယ်လို့ စိတ်နဲ့ အောက်မေ့လိုက်တယ်။ အခုမှ ပြန်စဉ်းစားကြည့်တော့ ရှစ်သောင်း လေးထောင်ဆိုတာ ကြည့်ဖို့ ခက်သားကို။ ကျွန်တော် သော့ ပါးစပ်ကတောင် အမြုပ်ထွက်မယ်လား မသိဘူး၊ နေ့ရော ညရော ဒါကိုပဲ ရွတ်နေတယ်။ ဒမျှားကဲ့ရဲ့မှာကိုလဲ မရှက်ပါဘူး။ အခေါက်ပေါင်း ရှစ်သောင်းလေးထောင် မပြည့်မီမှာပဲ ရုံးအမိန့်တစ်ခု ထွက်လာတယ်။ ကျွန်တော်တို့ ရုံးလုပ်ငန်းနဲ့ ဆိုင်တဲ့ အသာရပ် ဆွေးနွေးပွဲတစ်ခု ဆိမီနာတက်ဖို့ အင်္ဂလန်ကို သွားဖို့ ကျွန်တော့်ကို ရွေးလိုက်တယ်။ ပေါ်လာလိုက်တာဆိုတာတော့ ပြောမနိုင် အောင်ဘဲပေါ့။"

"ကဲ ဗိုလ်မှူး၊ ကျွန်တော်တို့က အခိပ္ပာယ် ဝိုတိုးဂါထာနဲ့ တပ်ပြီး ရွတ်ပြ၊ အဓိပ္ပာယ် ရှင်းပြပါဦးဗျာ။"

ဦးစိန်မောင် ရေးပေးသော ဂါထာကို အသံထွက်အတိုင်း အမှန်ယူပြီး ဗုဒ္ဓကျမ်းစာကို အင်္ဂလိပ် ဘာသာ ပြန်ဆိုနေသော ကိုယ်ချင်း ဖြစ်သူ ဆရာ

ထင်လင်းထံ သွား၍ ညှိနှိုင်းပြင်ဆင်ခဲ့ပါသည်။ ထိုအခါ ဂါထာမှာ အောက်ပါအတိုင်း တွေ့ရပါသည်။

ဒိဝါ တပတိ အာဒိစ္စော
ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

ဝ ဝ ဝ

"ကိုမြတ်သင်းရဲ့ ဂါထာအနက်က ဟောဒီမှာ ကြည့်ပျာ" ဟူ၍ ဆိုကာ ဆရာထင်လင်းက ဓမ္မပဒ စာအုပ်ကိုလည်း ထုတ်ပြပါသည်။ ဂါထာ၏ အဓိပ္ပါယ်မှာ....

"နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏။
လမင်းသည် ညဉ့်အခါ၌သာ တင့်တယ်၏။
မင်းသည် မင်းမြောက်တန်ဆာဆင်မှသာလျှင် တင့်တယ်၏။
ဗြာဟ္မဏသည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်၏။
ဗုဒ္ဓသည် တန်ခိုးဖြင့် နေ့ညဉ့်ပတ်လုံး တင့်တယ်၏။"

ဟူ၍ ဖြစ်ပါသည်။

ဆရာထင်လင်းက "ခင်ဗျားမိတ်ဆွေ ဦးစိန်မောင်က ဒါကိုသစ္စာပြုပြီး ရွတ်တာဗျ။ မှန်တာပေါ့ဗျာ။ မြတ်စွာဘုရားသည် အမြတ်ဆုံး၊ မြတ်စွာဘုရား၏အကြောင်းကို အမှန်ပြောဆိုခြင်း၊ ရွတ်ဆိုခြင်းသည် သစ္စာ၊ အဲဒီလို သစ္စာပြုတော့ ဤသစ္စာကြောင့် မည်သည့်ကိစ္စ အောင်မြင်ရပါလို၏ ဆိုတာမျိုး၊ ဆုတောင်းဖို့ မလိုတော့ဘဲ ဆုတောင်းပြည့်တာပေါ့" ဟူ၍လည်း သူ့ထင်မြင်ချက်ကို ပြောပြလိုက်ပါသည်။

မောင်မြတ်သင်း

ဒုတိယ အကြိမ်

# ဇာလီဇေတာင် ဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့် ဂါထာတော်မြတ်

တက္ကသိုလ် ဝင်းမွန်

တရားဓမ္မကျင့်ကြံအားထုတ် ပေါက်မြောက် အောင်မြင်တော် မူပြီး ဖြစ်သော ဆရာတော် ဘုရားကြီးများနှင့် တရားဓမ္မ ကျင့်ကြံအားထုတ် ပေါက်မြောက် အောင်မြင်ဆဲဖြစ်သော ဆရာ တော်ဘုရားကြီး များသည် ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားလျက်ရှိသော မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားတို့တွင် တရားဓမ္မကျင့်ကြံအားထုတ် သီတင်းသုံးလျက်ရှိကြပါ သည်။ ထိုသို့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ဆရာတော်ဘုရားကြီးများကို သွားရောက်ဖူးမြင်ပြီး အဆုံးအမ ဩဝါဒများ ကို နာယူမှတ်သားရခြင်းသည် စိတ်ဓာတ်အခြေ တစ်ဆင့်မြင့်တက်စေခြင်း အကြောင်း ရင်းတစ်ရပ် ဖြစ်သည့်အပြင် စိတ်နှလုံးချမ်းမြေ့ ကြည်နူးစရာလည်း ကောင်းလှပါသည်။

ကျွန်တော်တို့ မိတ်ဆွေသုံးဦးသည် သရက်မြို့နယ်၊ ဇာလီတောင်တော် ပေါ်၌ ၁၉၅၃ ခုနှစ်မှ စတင်၍ အရညဝါသီ ကေစာရိ သီတင်းသုံး ကာ တရားဓမ္မကျင့်ကြံအားထုတ်လျက်ရှိတော်မူသော ဇာလီဇေတာင် ဆရာ တော်ဘုရားကြီး ဦးသုမင်္ဂလသာမိ အရှင်မြတ်အား ဖူးမြင်ရန် အတွက် ၁၉၈၆-ခု၊ ဇွန်လ ၂၇ ရက်နေ့ည ၇-နာရီတွင် ရန်ကုန်-မြေထဲအဝေးပြေး ဟိုင်းလက်ကားဖြင့်ထွက်ခဲ့ကြပါသည်။

၂၈-ရက်နေ့ နံနက်၆-နာရီတွင် မြေထဲမြို့သို့ရောက်ရှိကြပြီး၊ ထိုမှ တစ်ဆင့် သရက်မြို့သို့ ပဲ့ချိတ်လှေဖြင့် လာခဲ့ကြပါသည်။ သရက်မြို့ ကမ်း

ဒုတိယ အကြိမ်

နားချေးတွင် အသင့်ရှိသော မြင်းလှည်းတစ်စီးကို ငှားရမ်းပြီး ဇာလီတောင်သို့ ထပ်မံခရီးဆက်ကြရာ သစ်ရိပ် ဝါးရိပ်တို့ဖြင့် စိမ်းညို့ တင့်တယ်နေသော ဇာလီတောင်သို့ နံနက် ၉ နာရီတွင် ရောက်ရှိသွားပါသည်။

ဇာလီတောင်ဆရာတော် ဘုရားကြီးကို အဖူးအမြင် ရောက်ရှိပါကြောင်း လျှောက်ထား အကြောင်းပို့ပြီး၊ ဆရာတော်ဘုရားကြီး၏ စံကျောင်းတော် အနီးရှိ ဆွမ်းစား ဇရပ်တွင် ခေတ္တ နားခိုကြပါသည်။

ကျွန်တော့် မိတ်ဆွေ ကထိက ဆရာကြီးဦးစိုးလင်းနှင့် ဆရာဦးသန့်ညွန့်တို့မှာ ဇာလီတောင်သို့ မကြာမကြာ ရောက်လေ့ရှိသူများဖြစ်ကြရာ အသိအကျွမ်း ဓမ္မမိတ်ဆွေများ ပေါလှပါသည်။ ကျွန်တော်တို့သည် ဆွမ်းစား ဇရပ်တွင် လာသမျှ ပရိသတ်တို့အား ဧည့်ခံကျွေးမွေးသော သက်လွတ်ထမင်းကို သုံးဆောင်ကြပြီးနောက် ဓမ္မမိတ်ဆွေများနှင့် တရားဆွေးနွေးရင်း ဆရာတော်ဘုရားကြီး ဖူးမြင်ခွင့်ပြုမည့် အချိန်ကို ပံ့လင့် စောင့်မျှော်နေကြပါသည်။

နေ့လယ် တစ်နာရီတိတိတွင် ဆရာတော်ဘုရားကြီးက ခွင့်ပြုသဖြင့် ကျွန်တော်တို့ မိတ်ဆွေသုံးဦး နှင့်တကွ အခြား ဓမ္မမိတ်ဆွေ များပါ စံကျောင်းတောင်ပေါ်သို့ တက်လာခဲ့ကြပါသည်။ စံကျောင်းတောင်ပေါ် ဘုရားခန်းရှိ ကုလားထိုင်ကြီးတွင် ဆရာတော်ဘုရားကြီး ထိုင်နေပြီး အဖူးအမြင်ခံပါသည်။ ကျွန်တော်တို့လည်း ဆရာတော်ဘုရားကြီးကို ဖူးမြင်ပြီး လှူဖွယ်ပစ္စည်းများကို လှူဒါန်း ကန်တော့ကြပါသည်။

ဆရာတော်ဘုရားကြီးလည်း ကျွန်တော်တို့အား အဆုံးအမ ဩဝါဒ စကားများ မိန့်ကြားကာ ကိုရင်သုံးပါးတို့ရွေးချယ်စုပုံနေကြသော သင်္ကန်း ထီး၊ ဖိနပ် စသည်များကို ညွှန်ပြပြီး

“ဒီသင်္ကန်းတွေ၊ ထီးတွေ၊ ဖိနပ်တွေက မန္တလေး ဝိသုဒ္ဓာရုံတိုက်ကိုပို့ လှူမည့် ပစ္စည်းတွေပဲ။ ဝိနည်းစာပြန်ပွဲတွေမှာ လှူရမှာ ဖြစ်တယ်။ တို့လဲ ရသမျှကို ပြန်ပြီးခွဲဝေလှူဒါန်းရတယ်။ အဝတော့ ခွဲဝေမပို့နိုင်ပါဘူး။ ဒါပေမယ့် အငွေတော့ ပို့နိုင်ပါတယ်။ တို့လဲ တက်နိုင်သလောက် ကုသိုလ်ဒါနပြုပါတယ်။ တို့လှူမယ့် အလှူမှာ မင်းတို့တစ်တွေရဲ့ ကုသိုလ် ဒါနတွေပါတယ်။ ဒါကြောင့် မင်းတို့ကို ခေါ်ပြီး ပြတာပါ။ လှူဖွယ်ပစ္စည်းတွေကို မင်းတို့ ကိုယ်တိုင်ကိုယ်ကျ ကိုင်ပြီး အာရုံပြုသွားကြ။ တို့က နိဗ္ဗာန်ဆော်ပါ။ မင်းတို့က ဆက်ပြီး ဆောင်ရွက်သွားကြမယ့် သူတွေဖြစ်တယ်”ဟု မိန့်ကြားပါသည်။

အနီးစခန်းဆရာတော်၊ မဟာစည် ဆရာတော်၊ ဝေဘူဆရာတော်၊ တောင်ပုလုဆရာတော် စသော ဆရာတော်ဘုရားကြီးများ တစ်ပါးပြီး တစ်ပါး ပျံလွန်တော်မူသည့် အကြောင်းကို မိန့်ကြား ပြီး သံဝေဂယူတော်မူသည့်အကြောင်း မိန့်ကြားပါသည်။ ထို့ပြင် "ရှင်ကံကောင်းပြီး သေကံမကောင်းသူ၊ ရှင်ကံမကောင်းသော်လည်း သေကံကောင်းသောသူ၊ ရှင်ကံရော သေကံပါ ကောင်းသူ" ဟူ၍ ရှိကြောင်း၊ "အနေတတ်ပြီး အသေမြတ်အောင်" ကြိုးစားဖို့လိုကြောင်း မိန့်ကြားပါသည်။

ကျွန်တော်တို့ မိတ်ဆွေသုံးဦး သီးသန့်ကျန်ရှိသောအခါ ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူလိုက်သော ပရိတ်ဆီကို သုံးဆောင်ခွင့်ရသည့်အတွက် သေဘေးမှ လွတ်ကင်းချမ်းသာသွားသော မိတ်ဆွေကြီး တစ်ဦး၏ ဖြစ်ရပ်ကိုလျှောက်တင်လိုက်ပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက

"လူ့အသက် တစ်ချောင်းကို ကယ်ရသာပဲ။ ရတာလဲရှိတယ်။ မရတာလဲရှိတယ်၊ မင်းတို့ တစ်ဖွဲ့လဲ ပညာရှိတဲ့ သူတွေပဲ။ ကိုယ်ကျင့် ကြံ အားထုတ်တဲ့ စရဏတွေကို သစ္စာဆိုပြီး သတ္တဝါတွေကို ကယ်ကြပါ။ ကိုယ့်ဘက်ကိုဆွဲယူကြပါ။ ဒီနေရာမှာ ယုံကြည်မှုနှင့် စိတ်ထားသန့်စင်မြင့်မြတ်မှု အလွန်အရေးကြီးတယ်" ဟု မိန့်ကြားပါသည်။ ထို့နောက် လေးနက်သောအမူအရာဖြင့်

"စရဏကို မပျက်စေနဲ့။ လိုရင်းအချုပ်ကတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်မြတ်နိုးဖို့ ဖြစ်တယ်။ ယုံကြည်တယ်ဆိုပေမယ့် အတွင်းစိတ်ထားပုံ ကွက်တတ်တယ်. ပုတီးကောင် စိပ်ပါများရင် ပြောင်ပြီး အရောင်ထွက်လာတာပဲ။ အရေးကြုံရင် အရိပ်ထွက်ပါတယ်ကွာ။ ကြာကြာဝါးမှ ခါးမှန်းချိုမှန်း သိတယ် မဟုတ်လား။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ ဂုဏ်တော်နဲ့ ဘုရားဂါထာတွေကို စွဲစွဲမြဲမြဲရွတ်ဖို့လိုတယ်။ စွဲစွဲမြဲမြဲ တရားမပြတ် ကျင့်ကြံ အားထုတ်ဖို့လိုတယ်။ ဒါမှ အရောင်ထွက်မယ်။ သမာဓိဖြစ်မယ်" ဟူ၍မိန့်ကြားပါသည်။ ထို့နောက် ဆက်လက်၍

"အသိအလိမ္မာ စာမှာရှိတယ်လို့ ဆိုပေမယ့် အတွေ့အကြုံလိုတယ်။ အပြောလွယ်ပေမယ့် အလုပ်ခက်တယ်။ အယူအဆမှန်ဖို့ အရေးကြီးတယ်။ မျိုးစေ့ မှန်မှ အပင်ပေါက်တယ်။ အဲဒီပေါက်တဲ့အပင်ကလဲ အကိုင်းထွက်ဦးမှ။ အဲဒီအကိုင်းကလဲ အဖူးတွေဖူးပြီး ပွင့်ဦးမှ လှပဝေဆာတယ်။ အဲဒီ သာဓကကို ပမေ့ကြနဲ့။ သူ့အချိန်ကျမှ ပွင့်တယ်။ ဘယ်အရာမဆို မလောနဲ့။ ဖြည်းဖြည်း လုပ်ကြ။ လောရင် 'ကြားဝင်' တတ်တယ်။

အကြား၊ အမြင် အထင်လောက်နဲ့ ရပ်သွားတဲ့သူတွေ၊ ပြီးသွားတဲ့သူတွေ ရှိတယ်" ဟု၍ မိန့်ကြားပါသည်။

"မင်းတို့ အချောင်မလိုက်ကြနဲ့၊ ဆုကြီးပန်ကြ။ ခဲတပ်ကိုလောက်စာလုံးနဲ့ ပစ်ပြီး ဖြိုလို့မရဘူး။ အင်အားကြီးတဲ့ လက်နက်နဲ့ ဖြိုပစ်လို့ရတယ်။ မင်းတို့ ခန္ဓာကိုယ်ထဲမှာ အနိုင်တိုက်ရမှာတွေ ရှိတယ်။ ဒါနပါရမီ၊ သီလပါရမီ စတဲ့ ပါရမီ ဆယ်ပါးကို ပြည့်အောင်ဖြည့်ကြ၊ ရေအိုးများ ရေဖြည့်ဖန်များရင် ပြည့်လာသလိုပဲ ပါရမီဆယ်ပါးလဲ ဖြည့်ရင်းနဲ့ ပြည့်လာမှာဖြစ်တယ်" ဟု မိန့်ကြားပါသည်။

"မင်းတို့၊ ဘုန်းမကြီးချင်ကြနဲ့။ ဘုန်းကံပါရမီဟာ ကိုယ့်အရင်ဘဝက ပြုခဲ့တဲ့ အလုပ်ပေါ်မှာတည်တယ်။ ဘုန်းကံက ပဓာန မဟုတ်ဘူး။ ပန်းတိုင်ကို ရောက်သွားဖို့က ပဓာနဖြစ်တယ်။ ဆင်ရဲတာ ချမ်းသာတာဟာ သူ့အဆင့်အတန်းနဲ့သူ၊ သူ့ဘုန်းကံပါရမီနဲ့ သူဖြစ်တယ်။ ဒါတွေကို တွက်မနေနဲ့။ ပန်းတိုင်ကို မျက်ခြည်မပြတ်ဖို့က အရေးအကြီးဆုံးပဲ" ဟု မိန့်ကြားပါသည်။ ထို့နောက် ကျွန်တော်တို့ကို ပြုံးကြည့်ရင်း....

"ဖြည်းဖြည်းနဲ့ မှန်မှန်သွားရင် ပန်းတိုင်ကို ရောက်ပါတယ်။ အရေးတစ်စုံ ကိုယ်၌ကြုံတဲ့အခါ သစ္စာဆိုပြီ၊ အောင်ရှက်ပါ။ အောင်မြင်ပါတယ်ကွာ။ မင်းတို့တစ်တွေ ဆုကြီးပန်ကြ။ မဟုတ်တာ မမှန်တာတွေမလုပ်ကြနဲ့။ လူပေါ် လူလေတွေ မလုပ်ကြနဲ့၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေလုပ်ကြ" ဟုမိန့်ကြားပါသည်။

ကျွန်တော်တို့သုံးဦးလည်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို ရိုသေစွာ ရှိခိုးကန်တော့ခွင့်ပန်ပြီး ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဇာလီတောင်တော်ပေါ်မှပြန်ဆင်းလာခဲ့ကြပါသည်။

ကျွန်တော်တို့သုံးဦးလည်း လမ်းခရီးတစ်လျှောက်လုံး ဇာလီတောင်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ထေရုပ္ပတ္တိကို ဆွေးနွေးပြောဆိုလာခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးသည် မြစ်ဝကျွန်းပေါ်ဒေသ ဝါးသိုင်းချောင်း လေးမျက်နှာ ဇာတိ၊ ၁၂၄၆ ခုနှစ်၊ ပြာသိုလပြည့် သောကြာနေ့ဖွား၊ (ခရစ်နှစ် ၁၈၈၅ ခု၊ ဇန်နဝါရီလ ၃၁ ရက်) ဖြစ်သည်ဟု သိမှတ်ရသည်။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ ဆရာတော် အရှင် ဝိသုဒ္ဓါစာရ (မြန်မာနှစ် ၁၂၀၀-၁၂၇၈) ထံတွင် ငယ်စဉ်က ပညာသင်ယူခဲ့သည်။ ဆွမ်းချက်ကိုရင်ကြီး အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကောင်တီဘာ ဆရာတော်ထံသွားရောက်၍ ဝိနည်းကို သုံးနှစ် သင်ယူဆည်းပူးခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက ကမ္ဘာ့ဗုဒ္ဓသာသနာတွင်ပါ ထင်ရှား ကျော်စောတော်မူသော အဘယာရာမ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းလည်း ဖြစ်သည်။ ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ဗာရာဏသီဆရာတော်ဦးအာနန္ဒပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် ဦးပဏ္ဍိတ၊ စလင်းမြို့ ကန်လယ် ဆရာတော် ဦးဝဇီရာဝုဓ တို့နှင့် ကျောင်းဖက်ဖြစ်သည်။

စလင်းမြို့ ကန်လယ်ဆရာတော်၊ မင်းဘူး ကျောက်မဲဘောင် ဆရာတော် ဦးပဏ္ဍိတ တို့နှင့် တိုင်ပင်ပြီး ဝိသုဒ္ဓိမဂ် ကျမ်းလာ ဝိပဿနာတော်ကို ဦးထိပ်ပန်ဆင်လျက် ၁၂၈၈-ခုနှစ်တွင် တောထွက်၍ ဓုတင် ဆောက်တည်ကြသည်။ တစ်တောထွက် တစ်တောဝင်ပြီး တရားမှကို ပြင်းပြင်းထန်ထန် ကျင့်ကြံ အားထုတ်ခဲ့သည်။ ၁၃၁၅-ခု၊ (ခရစ်နှစ် ၁၉၅၃) တွင် ဇာလီ တောင်သို့ ဆရာတော်ဘုရားကြီး ကြွမြန်းပြီး သီတင်းသုံးတော်မူသည်မှာ ယနေ့တိုင်အောင် ဖြစ်သည်ဟူ၍ သိမှတ်ရသည်။

ဇာလီတောင် ဆရာတော် ဘုရားကြီးသည် ဒါယကာ ဒါယိကာမ အပေါင်းတို့အား သရဏဂုံ သုံးပါးတည်ပြီး ငါးပါးသီလ ကို လုံခြုံအောင် စောင့်ထိန်းကြရန် ဆုံးမဩဝါဒ ပေးလေ့ရှိပါသည်။ ထို့အပြင် အနန္တော အနန္တ ငါးပါးနှင့် မိမိထက် အသက်သိက္ခာ ဂုဏ်ကြီးသော သူများကို ရိုသေကြရန်၊ သတ္တဝါအပေါင်းတို့၏အပေါ်တွင် ဗြဟ္မဝိဟာရတရား စောင့်ရှောက်ပွားများကြရန်၊ မိမိထက် ဆင်းရဲသော သူအပေါ်တွင် သနား ကရုဏာသက်ပြီး၊ မိမိထက်ချမ်းသာသော သူအပေါ်တွင် ဝမ်းမြောက် မုဒိတာ ပွားကြရန် ဆုံးမဩဝါဒ ပေးလေ့ ရှိပါသည်။

ထို့အပြင်ဆရာတော်ဘုရားကြီးသည် ကိုင်ငါးပါးမြဲပြီးကိုသုံးပါး 'တည်' သောသူများ၊ ကျွဲနွား အသားကိုကို မစားဘဲရှောင်သော သူများ ကိုလည်း ပရိတ်ဆီ ချီးမြှင့် တိုက်ကျွေးလေ့ရှိပါသည်။

ဆရာတော် ဘုရားကြီး၏ တပည့်ရင်းကြီးများမှာ ကိုးပါး သီလကို ဆောက်တည်ပြီး၊ သရဏဂုံသုံးဆယ်ကို ပုတီးစိပ်လေ့ရှိပါသည်။ ပရိတ်ကြီး သုတ်တော်များအပြင် မဟာသမယသုတ်တော်နှင့် ဓမ္မစကြာသုတ်တော်တို့ ကိုလည်း အမြဲရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိပါသည်။ ထို့အပြင် "ဇယစက္ကာ"

အောင်ဂါထာ၊ အပြင် အောင်ခြင်းရှစ်ပါး၊ အတွင်း အောင်ခြင်း ရှစ်ပါး ဂါထာများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ် လေ့ရှိပါသည်။

ကျေးဇူးရှင် ဇာလီတောင် ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသည့် ‘ထူးသက်ပန်း ဆောင်မှတ် ရွတ်ဖတ်ရန် အန္တရာယ်ကင်း ဂါထာ’ ဟူသော စာရွက်နှင့် ငါးပါးသီလ အကျိုး၊ အပြစ် စာရွက်တို့ကို ကျွန်တော်တို့ ရရှိ သိမ်းဆည်း ထားကြပါသည်။ ထိုဂါထာ စာရွက်များရှိ အလှူရှင်အမည်များမှာ ဒေါက်တာ ကျော်ငြိမ်း၊ ဦးတင်ဖေ၊ ဒေါ်သန်းညွန့်၊ ဒေါ်အေးကြည်တို့ ဖြစ်ကြပါသည်။

ကျွန်တော်တို့ မြတ်မြတ်နိုးနိုး ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသော ထိုဂါထာများကို ဓမ္မမိတ်ဆွေများ သိရှိပြီး ရွတ်ဖတ် သရဇ္ဈာယ် နိုင်စေရန် မေတ္တာစေတနာဖြင့် လက်ဆောင် ဖြန့်ဝေပါသည်။

## အန္တရာယ်ကင်း ဂါထာတော်မြတ်

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော။

“ဝိပဿီ” ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

“သိခီ” ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

“ဝေဿဘူ” ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

“ကကုသန္ဓော” ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

“ကောဏာဂမနော” ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

ဒုတိယ အကြိမ်

“ကာယပေါ” ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

“အမှာကံ” ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဉာဏော၊ အနန္တဂုဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

သတ္တိ မေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော၊ သမ္မာသမ္ဗုဒ္ဓါ၊ အနန္တပုညာ၊ အနန္တဉာဏာ၊ အနန္တဂုဏာ၊ အနန္တတေဇာ၊ အနန္တဣဒ္ဓိမန္တာ၊ အနန္တဇုတိမန္တာ၊ မယှံ နာထာ၊ မယှံ ဒီပါ၊ မယှံ တာဏာ၊ မယှံ လေဏာ၊ မယှံ ပဋိသရဏာ။

အနန္တပုညာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ပုညစက္ကေဟိ မံ ရက္ခန္တု။
အနန္တဉာဏာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ဉာဏစက္ကေဟိ မံ ရက္ခန္တု။
အနန္တဂုဏာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိဂုဏစက္ကေဟိ မံ ရက္ခန္တု။
အနန္တတေဇာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ တေဇစက္ကေဟိ မံ ရက္ခန္တု။

အနန္တဣဒ္ဓိမန္တာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ဣဒ္ဓိမန္တစက္ကေဟိ မံ ရက္ခန္တု။

အနန္တဇုတိမန္တာ ဗုဒ္ဓါ၊ ဘဂဝန္တော အနန္တေဟိ ဇုတိမန္တစက္ကေဟိ မံ ရက္ခန္တု။

သဗ္ဗေ မဟိဒ္ဓိကာ ဗုဒ္ဓါ၊ သဗ္ဗေဟိ ဗုဒ္ဓစက္ကေဟိ မံ ရက္ခန္တု။

သဗ္ဗေ မဟိဒ္ဓိကာ ပစ္စေကဗုဒ္ဓါ၊ သဗ္ဗေဟိ ပစ္စေက ဗုဒ္ဓစက္ကေဟိ မံ ရက္ခန္တု။

သဗ္ဗေ မဟိဒ္ဓိကာ ခီဏာသဝါ အရဟန္တော၊ သဗ္ဗေဟိ အရဟန္တစက္ကေဟိ မံ ရက္ခန္တု။

သဗ္ဗေ မဟိဒ္ဓိကာ အရိယာ၊ သဗ္ဗေဟိ အရိယ စက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ဒေဝါ၊ သဗ္ဗေဟိ ဒေဝ စက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ဗြဟ္မာ၊ သဗ္ဗေဟိ ဗြဟ္မ စက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ဗြဟ္မာ၊ သဗ္ဗေဟိ ဗြဟ္မ စက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ နာဂါ၊ သဗ္ဗေဟိ နာဂ စက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ဂရုဠာ၊ သဗ္ဗေဟိ ဂရုဠ စက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ယက္ခာ၊ သဗ္ဗေဟိ ယက္ခ စက္ကေဟိ မံ ရက္ခန္တု။

သဗ္ဗေ မဟိဒ္ဓိကာ ရက္ခသာ၊ သဗ္ဗေ ရက္ခသစက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ဂန္ဓဗ္ဗာ၊ သဗ္ဗေဟိ ဂန္ဓဗ္ဗစက္ကေဟိ မံ ရက္ခန္တု။
သဗ္ဗေ မဟိဒ္ဓိကာ ကုမ္ဘဏ္ဍာ၊ သဗ္ဗေဟိ ကုမ္ဘဏ္ဍစက္ကေဟိ မံ ရက္ခန္တု။

အထက်ပါ အစွန့်အပယ်ကင်း ဂါထာတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ရာ၌ ဂါထာတော်မြတ်၏ အနက် အဓိပ္ပာယ် သိမြင် သဘောပေါက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ပါက ပို၍ အကျိုးအာနိသင် ထက်မြက် ကြီးမားမည် ဖြစ်ပါသည်။ ထို့ကြောင့် အနက်အဓိပ္ပာယ်ကို မြုံမိအောင် ဖော်ပြအပ်ပါသည်။

(၁) မှာ-ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကျွန်ုပ်သည် ကိုးကွယ်ဆည်းကပ်ပါ၏။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ် သုံးပါးမှတစ်ပါး ကိုးကွယ်ဆည်းကပ်စရာ မရှိပါ။ ဘုရား၊ တရား၊ သံဃာ၊ အမိအဖ၊ ဆရာသမား စသည့် အနန္တော အနန္တငါးပါးတို့၏ ဂုဏ်ကျေးဇူးတော်သည် အဆုံးအပိုင်း အခြား မရှိပါ ဟူ၍ အဓိပ္ပာယ်ရပါသည်။

(၂) မှာ--ပွင့်တော်မူပြီးသော (ဝိပဿီ၊သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ) ဘုရားခုနစ်ဆူကို ရှိခိုး ကန်တော့ခြင်း ဖြစ်ပါသည်။ ထိုဘုရားခုနစ်ဆူတို့သည် (ပုဒ္ဓေါ) သစ္စာလေးပါးကို သိမြင်တော်မူ၏။ (ဘဂဝါ) ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။ (အရဟံ) ပူဇော်အထူးကို ခံတော်မူထိုက်၏။ (သမ္မာသမ္ဗုဒ္ဓေါ) မဖောက်မပြန် ကိုယ်တော်တိုင် ဉေယျဓံတရား ငါးပါးကို သိတော်မူ၏။ (အနန္တ) အဆုံးပိုင်းခြားမရှိသော (ပုညော) ဘုန်းပညာ။ (ဂုဏော) ဂုဏ်၊ (ဉာဏော) ဉာဏ်၊ (တေဇော) အရှိန်အစော်။ (ဣဒ္ဓိ) တန်ခိုး။ (ဇုတိ) အရောင်အဝါ ရှိတော်မူ၏ဟူ၍ အဓိပ္ပာယ် ကို ရပါသည်။

(၃) မှာ--ခုနစ်ဆူကုန်သော ဤဘုရားရှင်တို့သည် ဘဂဝါဂုဏ်၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တို့ဖြင့် ပြည့်စုံတော်မူကြသည်။ အပိုင်းအခြားမရှိသော ပုညဂုဏ်၊ ဉာဏ၊ တေဇ၊ ဣဒ္ဓိ၊ ဇုတိ တို့ဖြင့် ပြည့်စုံတော်မူကြသည်။ ထိုဘုရားရှင်တို့သည်။ ကျွန်ုပ်၏ (နာထာ) ကိုးကွယ်ရာ။ (ဒီပေါ) ကျွန်း၊ (တာဏာ) စောင့်ရှောက်ရာ၊ (လေဏာ) ပုန်းကွယ်ရာ၊ (ပဋိသာရဏာ)

ကိုးကွယ် လဲလျောင်းရာ မည်ကုန်၏ ဟူ၍ အဓိပ္ပာယ်ရပါသည်။

(၄) မှာ—အဆုံးအပိုင်းအခြားမရှိသော ပုညာ၊ ဂုဏ၊ ဉာဏ၊ တေဇ ဣဒ္ဓိ၊ ဇုတိ တို့ဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် (ဘုန်းပညာ၊ ဂုဏ်၊ ဉာဏ်၊ အရှိန်အဝါ၊ တန်ခိုး၊ အရောင်အဝါ တို့ဖြင့် ကျွန်ုပ်အား စောင့်ရှောက်တော်မူကြပါ) ဟူ၍ အဓိပ္ပာယ်ရပါသည်။

(၅) မှာ—ခပ်သိမ်းကုန်သော တန်ခိုး မဟိဒ္ဓိ ကြီးမားကြသည့် ဘုရားအမျိုး ရှိသော ပုဂ္ဂိုလ် ၁၄-ဦး၏ အစောင့်အရှောက်ကို တောင်းခံခြင်း ဖြစ်ပါသည်။ (ဗုဒ္ဓဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓါများ၊ အာသဝေါ ကင်းတော်မူကြသည့် ရဟန္တာ အရှင်မြတ်များ၊ အရိယာပုဂ္ဂိုလ်များ၊ နတ်ဒေဝါများ၊ သိကြားမင်းများ၊ ဗြဟ္မာမင်းများ၊ နဂါးများ၊ ဂဠုန်များ၊ ယက္ခ ဘီလူးကြီးများ၊ ရက္ခိုက် ကြီးများ၊ ဂန္ဓဗ္ဗနတ်များ၊ ကုမ္ဘဏ်ကြီးများတို့က ကျွန်ုပ်အား တန်ခိုးတော်ဖြင့် စောင့်ရှောက်တော်မူကြပါ၊ ဟူ၍ အဓိပ္ပာယ်ရပါသည်။

တက္ကသိုလ်-ဝင်းမွန်

* * *

# သိရသ္မိံ ဂါထာ တန်ခိုး

**ထင်အောင်လင်း**

မြန်မာ ဗုဒ္ဓဘာသာဝင် အတော်များများသည် "သိရသ္မိံ ဂါထာ" တော်နှင့် အကျွမ်းတဝင် ရှိကြလိမ့်မည် ထင်ပါသည်။ ကျွန်တော်သည် ငယ်စဉ်ကပင် ဂါထာတော်များ ရွတ်ဖတ်ခြင်းကို ဝါသနာကြီးသူ တစ်ဦး ဖြစ်ပါသည်။ ဝါသနာကြီးသည်နှင့်အမျှ ဂါထာ အတော် များများကို နေ့စဉ်အချိန်ရသရွေ့ ရွတ်ဆိုခဲ့ပါသည်။ ကျွန်တော် ရွတ် ဆို ခဲ့ သမျှသော ဂါထာများအနက် "သိရသ္မိံ ဂါထာ" ကိုမူ အထူး ရွတ်ဆိုသေးရှိပါသည်။ ယင်းသို့ ရွတ်ဆိုခဲ့၍လား မသိ၊ ကျွန်တော့်ကွင် ဘေးအန္တရာယ် အဖုံဖုံ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံ တွေ့ခဲ့ရသော်လည်း ကျော်လွှားနိုင်ခဲ့ သည်သာ ဖြစ်လေသည်။ "သိရသ္မိံ ဂါထာ" တော်ကို ရွတ်ဖတ်ခြင်းကြောင့် သေဘေးမှလွတ်ခဲ့ရသော ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်ကလေးကို စာဖတ် သူများသို့ လေးစားစွာ ဘင်ပြပါရစေ။

၁၉၇၅-ခုနှစ် ဒီဇင်ဘာလဖြစ်သည်။ ကျွန်တော့်ဖခင်၏ မိတ်ဆွေဖြစ် သူ ဦးသိန်းတွန်းသည် ကျိုက်ထီးရိုးဘုရားဖူးရန် ကားတစ်စီး စီစဉ်ထား ကြောင်း၊ လိုက်လိုပါက လူတစ်ဦးလျှင် (၁၀) ကျပ်မည်ဖြစ်ကြောင်း ကျွန်တော့် အား ပြောပါသည်။ ကျွန်တော်လည်း သူငယ်ချင်းများအား မေးမြန်း၍ လိုက်ပါမည်ဟု အကြောင်းပြန်ခဲ့ပါသည်။ ဤသို့နှင့် ကျွန်တော်နှင့်အတူ ယောကျ်ားကလေးသူငယ်ချင်း လေးယောက်နှင့် မိန်းကလေးသူငယ်ချင်း လေးယောက်တို့သည် ကျိုက်ထီးရိုးဘုရားဖူးရန် စီစဉ်လိုက်ကြပါသည်။

ကျွန်တော်သည် ၁၉၇၅-ခုနှစ်၊ ဒီဇင်ဘာလ ၂၄-ရက်နေ့ နံနက် (၄း၀၀) နာရီအချိန်တွင် ကန်တော်ကလေးအရပ်၌ လူစုကြပြီး ဘတ်စ်ကား

ဒုတိယ အကြိမ်

ဖြင့် ထွက်ခွာခဲ့ကြပါသည်။ ကားတွင် ကျွန်တော်တို့ ကိုးယောက် အပါအဝင် လူပေါင်း ၄၅–ယောက် လိုက်ပါကြပါသည်။ နံနက် (၄း၃၀) နာရီခန့် ငမိုးရိပ်ချောင်းတံတားအနီးသို့ ရောက်ပါသည်။ လမ်းဘေးတွင် အသုဘ တစ်ခု၏ ခေါင်းတစ်လုံးကို ကျွန်တော်မြင်တွေ့လိုက်စဉ် စိတ်ထဲမှ လာဘ် ကောင်းသည်ဟု ထင်လိုက်မိပါသည်။

ကားထွက်စဉ်မှပင် ကျွန်တော်သည် မိမိသွားလိုရာအရပ်သို့ စိတ်မှန်းကာ မေတ္တာပို့ခြင်း၊ ကျွန်တော်ပြုခဲ့သမျှသောကုသိုလ်ကောင်းမှုများကိုဝေနေယျ သတ္တဝါအပေါင်းအား အမျှပေးဝေခြင်း ပြုပါသည်။ ဘတ်စ်ကားထဲတွင် လူကျပ်နေ၍ ထိုင်စရာနေရာမရဖြစ်နေသော ကျွန်တော်သည် ဘတ်စ်ကား၏ အရှေ့ဘက် အတက်အဆင်း အပေါက်ဝတွင် ရပ်လျက်လိုက်ပါရင်း သိရသို့ ဂါထာတော်ကို စိတ်အာရုံစူးစိုက်၍ ရွတ်ဆိုနေပါသည်။

အင်းတကော် ကျော်သည့်အချိန်တွင် ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင် ဖြစ်သူ ဦးသိန်းထွန်းက ကျွန်တော့်အား သူထိုင်သည့်နေရာတွင် အဘင်း အကျပ် ထိုင်ခိုင်းပါတော့သည်။ ကျွန်တော်ကလည်း "အဘ ထိုင်ပါ၊ ကျွန် တော်ကလူငယ်ပါ၊ ခရီးကလည်း သိပ်ဝေးတာမှမဟုတ်တာ၊ တော်ကြာရောက် သွားမှာပေါ့" ဟု ပြောလိုက်ပါသည်။

အဘ ဦးသိန်းထွန်းက 'ဒီမယ် မောင်ထင်အောင်လင်း၊ မင်းက လူငယ် အားကစားသမားတစ်ယောက်ဆိုပြီး ငါ့ကိုဒီလိုပြောသလား၊ ငါက အသက် ကြီးပေမယ့် မင်းတို့ လူငယ်တွေလောက်တော့ သန်ပါသေးတယ်ကွ' ဟု ဆိုကာ သူ၏ လက်မောင်း ကြွက်သားများကို ညှစ်ထုတ်ပြပါတော့သည်။ နောက်ဆုံးတွင် အဘ ဦးသိန်းထွန်းအား ကျွန်တော် မည်သို့မျှ ပြောမရနိုင် သူ၏နေရာတွင် ကျွန်တော် ဝင်ထိုင်လိုက်ရပါသည်။

ထိုခဏ၌ လမ်းဘေးတစ်နေရာသို့ ကျွန်တော်တို့ စီးလာသောကားသည် ထိုးရပ်လိုက်ပါသည်။ ကျွန်တော်လည်း အရှေ့ဘက်သို့ လှမ်းကြည့်လိုက်ရာ ခပ်လှမ်းလှမ်းက ကားတစ်စီးမှထွက်ပေါ်လာသော ရှေ့မီးနှစ်လုံး၏အလင်း ရောင်ကို မြင်လိုက်ရပါသည်။ ထိုကားနှင့် ကျွန်တော်တို့စီးလာသောကားမှာ အတော်လေးလှမ်းပါသေးသည်။ ကျွန်တော်လည်း မျက်စိကိုပြန်မှိတ်လျက် ရွတ်လက်စ သိရသို့ ဂါထာတော်ကိုသာ ရွတ်ဆိုနေပါသည်။ နှစ်မိနစ်မျှ အချိန်ကြာသောအခါ 'ဂျိမ်း' ခနဲ မြည်သံကြီးနှင့်အတူ ကျွန်တော်တို့ကား လှုပ်ယိမ်းသွားပါသည်။ အဘ ဦးသိန်းထွန်းသည် ယိုင်လဲပြီး ကားအတက်

အဆင်း ပေါက်ရှိ အပေါ်လက်ကိုင် သံတန်းကို မြဲအောင်စုပ်ထားသော မူလီခေါင်းနှင့်ဆောင့်မိ၍ ညာဘက်မျက်ခုံးကွဲသွားပါသည်။

ကားထဲမှ မည်သည့်အသံမျှ ထွက်ပေါ်လာခြင်းမရှိပါ။ စိတ်ထဲမှ ကျွန်တော်သည် ဘာဖြစ်တာလဲမသိဘူးဟုထင်မိစဉ် နောက်ထပ် 'ဂျိမ်း' ခနဲအသံတစ်ချက် ထွက်လာပြန်ပါသည်။ အဘ ဦးသိန်းထွန်းလည်း ပထမတစ်ချက် ကားချင်းဆောင့်မိစဉ်ကပင် ဟန်ချက်ပျက်နေသော သူ၏ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ ယာဉ်မောင်း၏နောက်တွင် ကာရံထားသော သံတိုင်များအနက် တစ်ချောင်းပြုတ်နေသည့်အတွက် အနည်းငယ်ကျယ်နေသော သံတိုင်ကြားတွင် ခေါင်းညပ်၍ နေပါတော့သည်။

ထိုအခါမှပင် ကားတစ်စီးလုံးရှိ လူများထံမှ 'ကားတိုက်တယ်ဟေ့၊ ကားတိုက်တယ်၊ လုပ်ကြပါဦး၊ ကယ်ကြပါဦး' စသည်ဖြင့် ဆူညံသွားပါတော့သည်။ ကားသည် တုပ်တုပ်မျှမလှုပ်ပါ။ ကျွန်တော်သည် ဘတ်စ်ကား၏ တံခါးကိုဆွဲဖွင့်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်ပါသည်။ အောက်ရောက်သောအခါ မည့်သို့ဖြစ်သနည်းဟု ကြည့်လိုက်ရာ ကျွန်တော်တို့ စီးလာသော ကားသည် လမ်းဘေးချောက်နှုတ်ခမ်းနှင့် တစ်ယောင်ခန့်အကွာတွင် ရပ်ထားကြောင်း တွေ့ရပါသည်။ နေရာကား စာကလေးကွင်းဖြစ်ပါသည်။

ကားလမ်းဘေးတွင်ချောက်နှင့် အရှေ့တွင် ချောင်းကျော်တံတား တစ်ခုရှိနေပါသည်။ ချောင်းကျော်တံတား၏ ဝဲ-ယာနှစ်ဘက်တွင် အုတ်ဘောင်များ ကာရံထားသည်ကို တွေ့ရပါသည်။ စောစောက ဂျိမ်းခနဲ အသံနှစ်သံမှာ ဂျီ-အမ်-စီ ကားသည် အစ်ဆူဇူး ကားကိုဆွဲလာပြီး ကျွန်တော်တို့ကားကို တိုက်မိခြင်းဖြစ်၍ နောက်ကားက တစ်ဖန်ထပ်ဆင့် ဝင်ဆောင့်မိခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ကားမှ ခတ်ဆိမ့်ဆိမ့် ရသည်နှင့် ကျွန်တော်လည်း "ကားပေါ်က လူအားလုံး အမြန်ဆင်းကြပါ၊ ကား မီး လောင်လိမ့်မည်၊ ဘယ်သူမှ ဆေးလိပ်မသောက်ကြပါနဲ့"ဟု လှမ်းအော်လိုက်ပါသည်။ ကျွန်တော်တို့ကားတွင် ရှေ့ဝင်ရိုးနှင့်ဘီးများ ကားနှင့်တွဲလျက် မရှိတော့ပါ။ ပထမဝင်ဆောင့်သော ဂျီ-အမ်-စီ ကား၏ ဘန်ပါက ကျွန်တော်တို့ကားကို ဝင်ထိန်းထားကြောင်း တွေ့ရပါသည်။

ဒရိုင်ဘာ၏အဆိုမှာ ထိုကားသည် အဝေးမှပင် ယိမ်းထိုးမောင်းလာကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ကားကို လမ်းနှင့် လွတ်နိုင်သမျှလွတ်အောင် ချောက်ဘေးသို့ကပ်လျက်ရပ်ထားကြောင်း၊ ရန်ကုန်-မန္တလေးကားလမ်းသည် ပဲခူးအနီး စာကလေးကွင်းနေရာ၌ အတော်ကျယ်ပါသည်။

သို့ရာတွင်တစ်ဘက်က ဂျီ-အမ်-စီကား၏ ယာဉ်မောင်းသည် အရက်မူးပြီး အိပ်ပျော်နေ၍ ယာဉ်နောက်လိုက်မှ ဝင်မောင်းခြင်း ဖြစ်ကြောင်းသိရပါသည်။

ကျွန်တော်တို့ စီးလာသော ကားသည် ရှေ့ဝင်ရိုးနှင့်တကွ ဘီးပါကားနှင့် တွဲလျက် မရှိတော့သော်လည်း လုံးဝ လှုပ်ယမ်းခြင်းမရှိ၊ပကတိကျောက်ချထားဘိသကဲ့သို့ ရပ်တည်နေပြီး တစ်တောင် မျှကွာသော လမ်းဘေးချောက်ထဲသို့လည်း လူ ၄၅-ဦး၏အလေးချိန်နှင့် ကျသွားမည့်အစား မကျသွားဘဲ ကြို့ကြို့ ခံနေခြင်းမှာ အလွန် အံ့သြဖွယ်ဖြစ်ပါသည်။ တစ်ဘက်ကားနှင့် ဝင်ဆောင့်မိသော ကျွန်တော်တို့ကား၏ ဘယ်ဘက်ထောင့်စွန်းရှေ့ဆုံး၌ ထိုင်နေသော ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ အမျိုးသမီး သူငယ်ချင်း 'မဝေ' မှာ သေလျှင်သေ၊ မသေလျှင်လည်း ဒဏ်ရာ အကြီးအကျယ်ရမည့် အနေအထားတွင် ရှိသော်လည်း ကားတိုက်မိမှန်းကိုပင် မသိ၊ မည်သည့်ဒဏ်ရာမျှလည်း မရပါ။ ကားပေါ်တွင် ပါလာသမျှ လူအားလုံးအနက် အဘ ဦးသိန်းထွန်းမှာ ဒဏ်ရာအများဆုံးရရှိပြီး ကျန်လူများမှာ ဆေးစလောက်ဒဏ်ရာလေးများသာ ရရှိပါသည်။

ကျွန်တော်တို့လူကုံးယောက်စုမိပြီး ကျွန်တော်က 'ဘာဒဏ်ရာတွေရကြသေးလဲ' ဟု မေးရာ ဘာဒဏ်ရာမျှ မရကြောင်း သိရပါသည်။ အထက်က ကျွန်တော်တင်ပြခဲ့သော ကျွန်တော်၏သူငယ်ချင်းဖြစ်သူ မဝေကို 'ဘာဒဏ်ရာမှမရဘူးနော်' ဟု မေးရာ၊ သူက 'ဘယ်ရမလဲ၊ သိတောင်မသိလိုက်ဘူး၊ သိရသ္မီဂါထာ ရွတ်နေတာကိုး' ဟု ဖြေပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော်နှင့် မဝေတို့မှာ သိရသ္မီ ဂါထာတော်ကို အလေးထား ရွတ်ဖတ်နေခြင်းကြောင့်လည်းကောင်း၊ မိမိအတွက်သာမကဘဲ မိမိ ဦးဆောင်ပါဝင်လာသော သူများအတွက်ပါ လည်းကောင်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုလာသည့်အတွက် ကျွန်တော်တို့ ကိုးယောက်အုပ်စုမှာ မည်သည့် ဒဏ်ရာမျှမရကြဘဲ ရှိနေကြပါသည်။

ကျွန်တော်သည် မှုလမတ်တတ်ရပ်နေစဉ်အတိုင်းဆိုပါက အဘ ဦးသိန်းထွန်းကဲ့သို့ပင် ဒဏ်ရာရနိုင်သော်လည်း သိရသ္မီ ဂါထာတော်ကို ရွတ်ဆိုနေသည့်အတွက် အဘ ဦးသိန်းထွန်းသည် ဇနရာမှ အတင်းထပေးခြင်း၊ ကျွန်တော်ကိုယ်စားခံသွားခြင်းဖြစ်သည်မှာ ကျွန်တော်ရွတ်ဆိုနေသော သိရသ္မီ ဂါထာတော်၏ တန်ခိုးတော်ကြောင့်ပင်ဖြစ်သည်မှာ ယုံမှားဖွယ် မရှိပါ။

ဒုတိယ အကြိမ်

အဘ ဦးသိန်းထွန်းတို့အုပ်စုမှာ ကျိုက်ထီးရိုးသို့ ဆက်မသွားကြတော့ဘဲ ရန်ကုန်သို့ပြန်ကြပါသည်။ ကျွန်တော်ဦးဆောင်သော ကိုးယောက်အုပ်စုမှာမူ မြတ်စွာဘုရားနှင့်တကွ တရားတော်၊ သံဃာတော်တို့၏ တန်ခိုးတော်အနန္တကို အကြွင်းမဲ့ အားကားသူများဖြစ်၍ မည်သည့် ဘေးအန္တရာယ်မှ မတွေ့ကြုံနိုင်ကြောင်း ယုံကြည်ချက် အပြည့်အဝဖြင့် ကျိုက်ထီးရိုးသို့ ဆက်လက်ထွက်ခွာကြပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း အမျိုးကောင်း သားသမီးတို့သည် တန်ခိုးထက်မြက်သည့် သိရသို ဂါထာတော်ကို အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရမှ မဟုတ်ဘဲ အမြဲတစေယုံကြည်အားထား၍ ရွတ်ဆိုပွားများကြပြီး အခက်အခဲ၊ အန္တရာယ်များမှ လွတ်မြောက်ကြလျက် သူတော်ကောင်းတရားများ လွှမ်းမိုးနိုင်ကြစေရန် ရည်သန်၍ ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်ကလေးကို တင်ပြရင်း တိုက်တွန်းလိုက်ရပါသည်။

ဆရာတိုင်းကြီး ပြုစုသည့် ရှေးဘိုးဘွားစဉ်ဆက် အသုံးပြုသော 'မဟာတိတ်ထုံကျမ်းကြီး' တွင် သိရသို ဂါထာတော်ကြီးကို အိပ်ရာဝင်တိုင်း အမြဲရွတ်ဖတ်ရမည်။ ထိုသို့ ရွတ်ဖတ်ရချွဲဘယ်ပါလျှင် အနာရောဂါကင်း၍ အသက်ရှည်ခြင်း၊ ချမ်းသာခြင်း အကျိုးထူးကို မုချရမည်ဟူ၍ အထင်အရှား ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။

## သိရသို ဂါထာပါဌ်

(၁) သိရသို (မေ) ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တောစ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋကတ္တယံ။

(၂) ပစ္ဆိမေ (မမ) အာနန္ဒော၊ စတုဒ္ဒိသာ ခိဏာသဝါ။
သမန္တာ လောကပါလာစ၊ ဣန္ဒာဒေဝါ သဗြဟ္မကာ။ ။

(၃) ဧ တေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဉပဒ္ဒဝါ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။ ။

(သုံးခေါက်ရွတ်ပါ)

**မှတ်ချက်။** ။ဂိလာနပုဂ္ဂိုလ်ကိုဖြစ်စေ၊ အခြား ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ရွတ်သောအခါ ကွင်းထားသော (မေ) နေရာမှာ (တေ) ဟု ပြင်ပါ၊ (မမ) နေရာမှာ (တဝ) ဟု ပြင်ရွတ်ပါ။

## ဒုတိယ အကြိမ်

## သိရသို့ ဂါထာ အနက်

မေ၊ ခပ်သိမ်းဉဿုံဘေးမျိုးစုံကို အကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမျှော် ဘုရားတပည့်တော်၏။ သိရသို့၊ လက်၊ ခြေ၊ နား၊ နှာ၊ ကိုယ်အင်္ဂါတွင် မြတ်ရာတန္တုန်း မပြတ်သုံးသည့် အမြတ်ဆုံး ဖြစ်သော ထိပ်အလုံး၌။ ဗုဒ္ဓသေဋ္ဌော၊ သုတ၊ သာဝက၊ ပစ္စေကဟု ဗုဒ္ဓသုံးဆူ ချီး မွမ်းအပ်သော သူတို့ထက် ဆယက်ဂုဏ်နေ သင်္ချေမက သာလွန်ထူးမြတ် လှသည့် ... းလောကဆီမီး ဘုရားကိုယ်တော်မြတ်ကြီး သည်။ တို့ငွတု၊ ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မယိမ်းမယိုင်ကျောက်စာတိုင်သို့ မြဲခိုင်မတ်မတ် ရပ်တန့် တည်နေတော်မူပါ ခြောက်ရောင်စုံထိန်လင်း နေလို ဝင်းတဲ့ အရှင်မြတ်ကြီးဘုရား။

မေ၊ ခပ်သိမ်းဉဿုံ ဘေးမျိုးစုံကို အကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမျှော် ဘုရားတပည့်တော်၏။ ဒက္ခိဏေ၊ လက်ယာပခုံး၊ ညာ လက်ရုံး၌။ သာရိပုတ္တော၊ ပြဿနာတူးဆန်း အခန်းခန်းကို ခွဲခြမ်း ပိုင်ပိုင် ဖြည့်စွမ်းနိုင်တတ် ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ တို့ငွတု၊ ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူပါ ပညာအရာ ဝေဝေဆာသည့် လက်ယာရံ အရှင်မြတ်ဘုရား။

မေ၊ခပ်သိမ်းဉဿုံ ဘေးမျိုးစုံကို အကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမြှော် ဘုရားတပည့်တော်၏။ ဝါမအံသေ၊ လက်ဝဲပခုံး ဘယ် လက်ရုံး၌။ မောဂ္ဂလာနော သန္တာတွက်ဘိန်း နှစ်သိန်း လေးသောင်း အပေါင်းအစု အထုရှိရာ ဤမဟာပထဝီမြေကြီး တက်စီးတွန်းလှန် ကျွမ်း ပြန်ဦးစောက် ကိုင်၍မှောက်နိုင်သော ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ် သည်။ တို့ငွတု၊ ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူပါ တန်ခိုးရှိန်ကဲ ထိန်ထိန်ကြဲသည့် လက်ဝဲရံ အရှင်မြတ်ဘုရား။

မမ၊ ခပ်သိမ်းဉဿုံ ဘေးမျိုးစုံကို အကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမြှော် ဘုရားတပည့်တော်၏။ ပုရတော၊ နဖူး မုခ လည်ရင်ဝ တွင် ရှေ့တခွင်၌။ပိဋကတ္တယံ၊ သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ် အင်္ဂါ မှန်စွာရှစ်သောင်း လေးထောင်ဓမ္မခန္ဓာ ဒေသနာအရပ်ရပ် ကျယ် ဝန်းလတ်ဘိ ပဋိယတ်ထင်ပေါ် ပိဋကတ်တရားတော်သည်။ တို့ငွတု၊

ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မတိမ်မရွှား ရှေ့ပါးမျက်မှောက် တည်လာ ရောက်တော်မူပါ ပိဋကတ် အဖြာဖြာ ကျမ်းရွှေစာတော်မြတ်ဘုရား။

မမ၊ ခပ်သိမ်းဥဿုံ ဘေးမျိုးစုံကိုအကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမျှော် ဘုရားတပည့်တော်၏။ ပစ္ဆိမေ၊ နောက်ဟု သမုတ် လည်ကုတ် လည်ပြင် ကျောတခွင်၌။ အာနန္ဒော၊ သုတိကောင်းလတ် ရွတ်ဖတ်လျင်မြန် မြဲမြဲအမှတ် ရှိလက်ကြားမြင် ထို့ပြင် အလေ့ သိမ်မွေ့ လုပ်ကျွေး မိန့်ရေးငါးချက် တေဒဂ်သွယ်သွယ် သာကီနွယ်ကျော် ဘထွေးတော် အမိတောဒနမင်း၏သား ဘုရားညီတော် ရှင်အာနန္ဒာမထေရ်ကျော်သည်။ တိဋ္ဌတု၊ ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်မတ်မတ်ရပ်တန့်နေတော်မူပါ့ တေဒဂ် ငါးတန် ဗျာဒိတ်ခံသည့် အာနန္ဒာအရှင်မြတ်ဘုရား။

မမ၊ ခပ်သိမ်းဥဿုံ ဘေးမျိုးစုံကို အကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမျှော် ဘုရားတပည့်တော်၏။ စတုဒ္ဒိသာ-စတုဒ္ဒိသာသု။ လေးရပ်မျက်နှာ ကိုယ်အင်္ဂါတို့၌။ ခီဏာသဝါ၊ ယုဂန်တောင်စွန်း ထွက်ပေါ်ထွန်းသည့် နေဝန်းပမာ ဉာဏ်ရောင်ဝါဖြင့် ကောင်းစွာလှလှ သန္တိသုခ နိဗ္ဗာနကို ဉာဏ်စထင်ထင် သိမြင်တုံပတ် ရဟန္တာအရှင်မြတ်တို့သည်။ တိဋ္ဌတု၊ ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူကြပါကုန် အသရေ တင့်ဆန်း ရှုမခန်းရသည့် ရဟန္တာအရှင်မြတ်တို့ဘုရား။

မမ၊ ခပ်သိမ်းဥဿုံ ဘေးမျိုးစုံကို အကုန်ကင်းဝေး လွတ်ရေးအောင်ဆု ကြောင်းပြုရှုမျှော် ဘုရားတပည့်တော်၏။ သမန္တာ၊ ဝန်းကျင် ပတ်ချာ ရပ်ဒိသာမှ။ သဗြဟ္မကာ၊ ဈာန်ဖြင့်ပွားစီး ဗြဟ္မာကြီးတို့နှင့်ဘက္က ဖြစ်ကုန်သော။ ဣန္ဒာဒေဝါစ၊ ယုဇနာရှစ်သောင်း လေးထောင် အမြင့်ဆောင်ယူ တောင်ဟူသမျှ စိုးနင်း မြင်းမိုရ်မင်းမှ ချမ်းသာရိပ်ငြိမ် နတ်စည်းစိမ်ကို ကြိမ်ကြိမ်ခံစား ပျော်ပါးနေထိုင်ကြကုန်သော သိကြား နတ်တို့သည်လည်းကောင်း။ လောကပါလာစ၊ လောကသုံးခွင် ဘုံအပြင်ကို ကျန်စင်စောင့်တတ် လောကပါလ နတ်ကောင်း နတ်မြတ်တို့သည် လည်းကောင်း။ တိဋ္ဌတု၊ ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူကြပါစေကုန်သတည်း။

## ဒုတိယ အကြိမ်

ဧတေသံ၊ဤသို့ အထူးဂုဏ်ကျေးဇူးတို့ကို ချီးကျူးအံ့အား ပြောကြား၍ မကုန်နိုင်သော ဘုရား၊ တရား၊ သံဃာ၊ သိကြား၊ ဗြဟ္မာ၊ နတ်မင်းတို့၏။ အာနုဘာဝေန၊ တန်ခိုးဟေဇော် မေတ္တာတော် အာနုဘော်ဖြင့်။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ ခပ်သိမ်းကုန်သော ဘယဥပဒ္ဒဝါစ၊ နှစ်ဆယ့်ငါးပါးသော ဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည် လည်းကောင်း။ အနေကအန္တရာယာပိ၊ တစ်ပါးမက များလှသောင်းသောင်း အန္တရာယ် အပေါင်းတို့သည် လည်းကောင်း။ အသေသတော–အသေသေန၊ အကြွင်း အကျန် မြူမှုန်ဆံမျှ မရှိသော အားဖြင့် လည်းကောင်း။ ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက် ၎ရောက်စေရာ မကွာနေ့ည ဖဲသွားကြပါစေကုန် သတည်း။ ။

* * *

ဒုတိယ အကြိမ်

# အန္တရာယ်ကင်း
# လာဘ်ရွှင်ဂါထာ

**ချောင်းဆုံအုန်းသွင်**

စာရေးသူသည် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် လောကုတ္တရာ ပညာသင်ယူသော ဘုန်းကြီးကျောင်းသားတစ်ဦး ဖြစ်ခဲ့ပါသည်။ ဘုန်းကြီးကျောင်းသားဘဝ (၁၂) နှစ်သားခန့်တွင် စာရေးသူနှင့်ရွယ်တူ 'ငပု' ဆိုသည့် ကျောင်းသားတစ်ဦး ရှိပါသည်။

ငပုမှာ အခြားအမည်ရင်းရှိပါသည်။ စာရေးသူတို့ ဘုန်းကြီးကျောင်းသားများမှာ ကျောင်းစရောက်သည့်နေ့က စပြီး မူလအမည်ပျောက်ကာ ကျောင်းမှ ကျောင်းသားကြီးများ၊ ကိုရင်ကြီးများ နှင့် ဦးပဉ္ဇင်းငယ်များ ပေးသော အမည်သစ်များ ရပါသည်။ သူတို့သည် ကျောင်းသားသစ်များကို ရုပ်လက္ခဏာကြည့်ပြီး မြင့်လျှင် လောရှည်၊ ပုလျှင် ငပု၊ ပိန်လျှင် ငပိန်၊ ဝလျှင် ငဝက်စသည်ဖြင့် ကင်းပွန်းတပ်ကြပါသည်။ သူတို့ပေးသော အမည်သည် ကျောင်းထွက်ပြီးနောက်လည်း ဆက်ကပ် နေတတ်ပါသည်။

ငပုသည် မုခန်းရွာသားဖြစ်ပြီး မုဆိုးမကြီး ဒေါ်အေး၏ တစ်ဦးတည်း သောသားဖြစ်သည်။ ဒေါ်အေးသည် သားဖြစ်သူ ငပုကို မခွဲလိုသော်လည်း သေစာ ရှင်စာ ရေးတတ်–ဖတ်တတ်ရန်နှင့် သံသရာမှာ ဘဝမဆုံးရှုံးရေး အတွက် ကုသိုလ်၊ အကုသိုလ်တရားများကို ခွဲခြားသိနိုင်ရန် ဘုန်းတော်ကြီးကျောင်းသို့ အပ်နှံလာခြင်းဖြစ်၏။

**ဒုတိယ အကြိမ်**

ပေုသည် တာဝန်အရ မူးရစ်ကြီးရွာတွင် ဆွမ်းလှည့်ချိုင့်ယူရသည်။ တစ်နေ့တွင် မုန့်စိမ်းပေါင်းသည် ဒေါ်ဘုမဆိုသူ၏အိမ်သို့ ဆွမ်းချိုင့်အယူ သွားရာ ဒေါ်ဘုမက ပေုအား မုန့်စိမ်းပေါင်း ကျွေးလိုက် ပြီးနောက် 'ဤအပိုင်းတွင် ဆွမ်းလှည့်ရင်း နေ့စဉ်ပင် မုန့်စိမ်းပေါင်းဝင်စားရန်' ပါ ဖိတ်လိုက်သည်။ ပေုလည်း အကြိုက်တွေ့ပြီး နေ့စဉ်ပင် မုန့်စိမ်းပေါင်းဝင် စားသည်။

တစ်လခန့်ကြာသောအခါ ဒေါ်ဘုမက ပေုအား 'ပေု နင် နေကောင်း ရဲ့လား' ဟု ထူးထူးဆန်းဆန်းမေးလာသည်။ ပေုက 'နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး' ဟု ဆိုသောအခါ ဒေါ်ဘုမသည် ပေု၏ ခန္ဓာကိုယ်တွင် လောကီဆေးများထိုးထားခြင်း ရှိမရှိ စစ်ဆေးကြည့်ပြန်သည်။ ဆေးတစ် စက်မှ မတွေ့သောအခါ 'ဟဲ့ကောင်လေး၊ နင့်မှာ သိမ်းထားတဲ့လက်ဖွဲ့တို့၊ အင်းတို့ရှိသလား' ဟု မေးသည်။ ပေုက 'အင်းတို့၊ လက်ဖွဲ့တို့တော့မရှိဘူး၊ အမေပေးလိုက်တဲ့ စာရွက် တစ်ရွက်တော့ ခေါင်းအုံးအောက်မှာ အမြဲရှိ တယ်၊ ပါဠိလိုရေးထားလို့ ကျွန်တော် တစ်လုံးနှစ်လုံးပဲ ဖတ်တတ်သေး တယ်၊ ဘာမှန်းတောင်မသိဘူး' ဟု ပြန်ဖြေပါသည်။ ညနေပိုင်းတွင် ဒေါ်ဘုမ ဘုန်းကြီးကျောင်းသို့ရောက်လာပြီး ဆရာတော် ဦးပညာအား—

"ဆရာတော်ဘုရား ပေုရဲ့ခေါင်းအုံးအောက်မှာ စာရွက်တစ်ရွက် ရှိပါ တယ်။ အဲဒီစာရွက်ဟာ ဂါထာတစ်ခုခု ရေးထားတဲ့ စာရွက်ဖြစ်ပါတယ်။ အဲဒီဂါထာဟာ အင်မတန် အစွမ်းထက်တဲ့ ဂါထာဖြစ်ပါမယ်။ တပည့် တော်ဟာ ဒီပေုကို မုန့်စိမ်းပေါင်းထဲမှာ ဆေးခတ်ပြီး ကျွေးခဲ့တာ တစ်လ နီးပါပြီ၊ တပည့်တော်ရဲ့ဆေးဟာ အလွန်ထက်ပါတယ်၊ တစ်ခါထက် ပို ကျွေးရတာမရှိပါဘူး၊ ချက်ချင်း ဒုက္ခမရောက်ဘဲ ခုယ်ရက်လောက်ကြာမှ ဆေးစွမ်းစပြပါတယ်။ ရက်နှစ်ဆယ်ဆိုရင် သေတာပဲ၊ မအောင်မြင်တာလဲ မရှိပါဘူး၊ ဒီပေုနဲ့ကျမှ ဒီဂါထာရဲ့ တန်ခိုးနဲ့ တပည့်တော်ရဲ့ ဆေးဟာ အစွမ်းမရှိဖြစ်နေပါတယ်ဘုရား" ဟု ရဲရဲဝံ့ဝံ့ လျှောက်ထားသည်။

ဆရာတော်က "ဒကာမကြီး က ဘာလို့ ပေုကို ဆေးခတ်ရသလဲ၊ ပေုက လူမမယ်လေးပဲ၊ ဒကာမကြီးနဲ့ ဘယ်လိုရန်ငြိုးရှိလို့လဲ" ဟု မေးတော်မူရာ၊ ဒေါ်ဘုမက "ပေုနဲ့တော့ ဘာရန်ငြိုးမှမရှိပါဘူးဘုရား၊ ဒါပေမယ့် ဒီနေ့က စပြီး တပည့်တော် ဒီစိတ်တွေကို စွန့်လွှတ်လိုက်ပါပြီဘုရား၊ လွန်ခဲ့တဲ့ ဆယ် ရက်လောက်ကစပြီး တပည့်တော်ရဲ့ စိတ်တွေဟာလဲ တစ်မျိုးဖြစ်နေပါ တယ်၊ ရင်ထဲမှာ ထိတ်လန့်သလို၊ ကြောက်ရွံ့သလို၊ အားငယ်သလို မဖော်ပြ

နိုင်တဲ့ ဝေဒနာကိုလဲ ခံစားရပါတယ်ဘုရား၊ အရှင်ဘုရားကို တပည့်တော် ကတိပေးပါတယ်၊ ဒီနေ့ကစပြီး အသက်ထက်ဆုံး ဒီလိုအလုပ်မျိုးကို မလုပ်တော့ပါဘူးလို့။”

“သာဓု ဒကာမကြီး၊ သာဓု-သာဓု၊ အသက်ကြီးပြီ၊ စိတ်ထားပြောင်းတော့၊ မျက်မှောက်ဘဝတစ်ခုအတွက်သာမကြည့်နဲ့၊ ဘဝများစွာသံသရာအတွက်ကိုကြည့်၊ သံသရာ့ ရိက္ခာဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတွေကို ပြုတော့။”

ဆရာတော်က သာဓု အနုမောဒနာပြုပြီး ဆက်လက် တရားဟောလိုက်သည်။ ဒေါ်ဘုမကလည်း အကျွတ်တရားရကာ ကောင်းသော ပြန်ခြင်းဖြင့် ပြန်သွားသည်။

○ ○ ○

“ရှင်ဒေဝဒတ်ဟာ ဘုရားကိုသတ်ပြီး ဘုရားနေရာယူဖို့ အဇာတသတ်နှင့် ပေါင်းကြံသည်ကိုကတုဒေအမည်ရှိတဲ့ဗြဟ္မာကြီးက အရှင်မဟာမောဂ္ဂလာန်ကို သတိပေးလျှောက်ထားတယ်။ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးကလည်း မြတ်စွာဘုရားသခင်ကို ထပ်မံလျှောက်ထားတော်မူတယ်။ ဟိုအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက—

“ချစ်သားမောဂ္ဂလာန် . မဂ်ဖိုလ်မှအချည်းနှီးဖြစ်သော ဟိုယောကျ်ားသည် မိမိကိုယ်ကို မိမိပင်သတ်လိမ့်မည်။ ချစ်သားမောဂ္ဂလာန် လောကတွင်—

- ငှက်ပျောပင်သည် အသီး သီးခြင်းဖြင့် မိမိကိုယ်ကို မိမိသတ်၏။
- ဝါးပင်သည် အသီး သီးခြင်းဖြင့် မိမိကိုယ်ကို မိမိသတ်၏၊
- ကျူပင်သည် အသီး သီးခြင်းဖြင့် မိမိကိုယ်ကို မိမိသတ်၏။
- အဿတရိမြင်းမသည် သားမွေးခြင်းဖြင့် မိမိကိုယ်ကို မိမိသတ်၏။
- အဇာတသတ်သည် ဒေဝဒတ်အား ကြီးစွာသော လာဘ်ဖြင့် ပူဇော်၏။
- လာဘ်ဟူသည် စိတ်ထားမမှန် ဖောက်ပြန် သူတို့ အတွက် ပျက်စီးစေမည့် ကြီးစွာသော ယက်နက်ဖြစ်၏၊

ဒုတိယ အကြိမ်

ချစ်သားမောင်ဂုလာနီ-

— မြတ်စွာဘုရားသခင်တို့သည် ဘုတစ်ပါး၏ လုံ့လပယောဂဖြင့် ပရိနိဗ္ဗာန်စံရိုး ထုံးစံမရှိ။

— မြတ်စွာဘုရားသခင်တို့သည် မိမိတို့ဘာသာသာလျှင် ပရိနိဗ္ဗာန် စံကြကုန်၏။

လို့ မိန့်ကြားတော်မူတယ်။ ဒီ 'အဋ္ဌာနမေတံ' ဂါထာဟာ အခုပြောခဲ့တဲ့ နောက်ဆုံး အပိုဒ်ရဲ့ အဓိပ္ပာယ်ပဲ။

ထိုဂါထာကို စာရေးသူတို့အရပ်တွင် 'လူမပြုစားနိုင်သော ဂါထာ'ဟု အမည်ပေးကြသည်။ အမှန်စင်စစ် လူမပြုစားနိုင်ရုံသာမက ဘေးအန္တရာယ် အဝဝကင်းစင်ပြီး စီးပွားလာဘ်လာဘလည်း အလွန်တိုးပွားစေပါသည်။ ကိုယ်တွေ့သာဓက တစ်ရပ်ကို ထပ်မံဖော်ပြပါမည်။ ဤတွင်လည်း သက်ရှိသူများအား ငဲ့သောအားဖြင့် အမည်၊ နေရပ်များ လွှဲထားပါသည်။

၀ ၀ ၀

"ငါ့ပဲပြုတ်က မစိန်မြ ပဲပြုတ်ထက် အများကြီးကောင်းတယ်၊ ငါက ငယ်ငယ်ကတည်းက ပဲပြုတ်ရောင်းလာတာ၊ မစိန်မြက မနေ့တစ်နေ့ကမှ ပဲပြုတ်ရောင်းတာ၊ ဒါတောင် ငါ့ပဲပြုတ်ဟောင်းက တစ်ဝက်မကျသေးဘူး၊ မစိန်မြ ကုန်ပြီ၊ ဘာဖြစ်လို့လဲ မသိဘူး။"

စာရေးသူ၏ရွာနှင့် မနီးမဝေး ဘုရားကြီးကုန်းဆိုသည့် ရွာတွင် ဈေးရှိသည်။ ထိုဈေးသို့ ခရိုက်သစ်ရွာမှ ဒေါ်ငွေတင်ဆိုသူနှင့် ကွမ်လမိုင်းရွာမှ ဒေါ်စိန်မြဆိုသူတို့ နေ့စဉ်ပဲပြုတ်ရောင်းကြသည်။ ခရိုက်သစ်နှင့် ဘုရားကြီးကုန်းမှာ လမ်းကောင်း စည်ကားပြီး နီးလည်းနီးသည်။ ကွမ်လမိုင်းမှာ လမ်းမကောင်း၊ လူပြတ်ပြီး ဝေးသည်။ ထို့ထက် ဒေါ်စိန်မြက ဈေးသို့ မိုးလင်းသည်နှင့်ရောက်အောင်၊ မိုးမလင်းမီက ထလာရသည်။ အနီးယံပိုနီးအောင် တောလမ်းမှ ဖြတ်လမ်းဖြင့်လာသည်။

ဒေါ်ငွေတင် ညည်းညူသံကို ဒေါ်ငွေတင်၏ ယောက်ျား အရက်သမား ဦးဖိုးရွှေက ကြားသော် အလွန် မခံချင်ဖြစ်သည်။ ဦးဖိုးရွှေသည် ဒေါ်ငွေတင်ကိုပင် အသိမပေးဘဲ ဒေါ်စိန်မြ မည်သို့ဈေးရောင်းလာသည်ကိုစုံစမ်းရာ ယခင်နေ့များက ဒေါ်စိန်မြ၏ သားကြီး မောင်သာအေးက လိုက်ပို့

ကြောင်း၊ ယခုအခါ မောင်သာအေးဖျားနေသဖြင့် ဒေါ်စိန်မြတစ်ဦးတည်း လာကြောင်း သိရသည်။

ထို့ကြောင့် ဦးဖိုးရွှေသည် နောက်နေ့မနက် မိုးမလင်း တလင်းတွင် ဒေါ်စိန်မြ လာနေကျ လမ်းဘေးချုံကွယ်မှ ခေးကိုင် ရုပ်ဖျက်ပြီး စောင့်နေလိုက်သည်။ သို့သော် ဒေါ်စိန်မြသည် သားကြီး မောင်သာအေးသာမက အိမ်နီးချင်းက သူ့သူငယ်ချင်း မောင်အောင်သိန်းပင် အပိုပါလာသေးသည်ကို တွေ့ရသဖြင့် ထိုနေ့ လက်လျှော့လိုက်သည်။

သို့သော်ဦးဖိုးရွှေသည် ဇွဲမလျှော့သေးဘဲ နောက်နေ့ဆက်သွားပြန်သည်။ ဦးဖိုးရွှေ၏ ရည်ရွယ်ချက်မှာ ဒေါ်စိန်မြထံမှ နားကပ်ကို ခေးပြလုယူပြီး ဒေါ်စိန်မြကို နံနက်စောစော အဖော်မပါဘဲ မလာဝံ့အောင် ခြောက်လှန့်ရန် ဖြစ်သည်။ နောက်နေ့တွင် မောင်သာအေးနှင့် မောင်အောင်သိန်းသာမက ဆယ်အိမ်ခေါင်း ဦးထွန်းအေးပါ ပါလာသည်ကို တွေ့ရသည်။

နောက်နေ့တွင် ဦးဖိုးရွှေက လုယက်ရန် တောလမ်းက သွားမစောင့်တော့ဘဲ ကွမ်းလမိုင်းရွာမှ သူနှင့် သောက်ဖော်သောက်ဖက် ဦးအောင်သင် ဆိုသူထံ အလည်သွားပြီး စကားစမြည်ပြောရင်း မောင်သာအေးအကြောင်းကို မသိမသာ တီးခေါက်ကြည့်သည်။ ထိုအခါ မောင်သာအေးမှာ လေငန်းရောဂါဖြင့် အိပ်ရာထဲတွင် လဲနေကြောင်း၊ မောင်အောင်သိန်းမှာ ကွမ်းလမိုင်းဆရာတော်နှင့် ထားဝယ်မြို့သို့ လိုက်သွားသည်မှာ တစ်ပတ်ခန့်ရှိပြီး ဖြစ်ကြောင်း၊ ဆယ်အိမ်ခေါင်း ဦးထွန်းအေးမှာလည်း သူ့အစ်ကိုကြီးဆုံး၍ ကျိုက်မရောသွားနေသည်မှာ တစ်ပတ်ခန့် ရှိပြီဖြစ်ကြောင်း သိခဲ့ရသည်။

ထိုအခါ ဦးဖိုးရွှေမှာ အကြီးအကျယ် တုန်လှုပ် အံ့ဩသွားပြီး သူ့ဇနီးအား အကြောင်းစုံ ဖွင့်ပြောပြသည်။

"အို... မိုက်လှချည်လား ကိုဖိုးရွှေရယ်၊ ကျွန်မညည်းတာက သူ့ကိုမနာလိုလို့ မဟုတ်ဘူး၊ ကျွန်မဘက်မှာ ဘာချွတ်ယွင်းချက်ရှိလို့လဲ၊ သူ့ဘက်က ဘာအဆောင်အယောင်တွေရှိလို့လဲဆိုတဲ့သဘောပါ။ ရှင်က သုရာမေရယကံသာမက အာဒိန္နဒါနာကံပါ ကျူးလွန်ဦးမလို့လား၊ ရှင် ဒီလိုကြံလို့မရဘဲ ထူးထူးဆန်းဆန်း မြင်တွေ့ခဲ့ရတယ်ဆိုတော့ သူ့မှာ ဘုရားတရားနဲ့ ပတ်သက်ပြီး ထူးခြားတဲ့လုပ်ရပ်တွေရှိရမယ်၊ သူတော်ကောင်း ဖြစ်မယ်။ ရှင် သူတော်ကောင်းကို ပြစ်မှားမိပြီ၊ အကျိုးအကြောင်း ပြောပြီး ဝန်ချတောင်းပန်ချေ" ဟု ဒေါ်ငွေတင်က သူ့ယောကျ်ားကို အထိတ်တလန့်

ပြန်ပြောသည်။ ဦးဖိုးရွှေလည်း သတိတရားရပြီး ဒေါ်စိန်မြကို အိမ်တိုင်ရာရောက် လိုက်တောင်းပန်သည်။ ဒေါ်စိန်မြကလည်း....

"ကျွန်မကလဲ ကျွန်မပဲပြုတ်ဟာ မငွေတင်ထက်စောကုန်လို့ အံ့ဩနေတယ်၊ ကျွန်မပဲပြုတ်ဟာ မငွေတင်လောက် မကောင်းမှန်း ကျွန်မ သိပါတယ်၊ အခု ကိုဖိုးရွှေ ဒီလိုမြင်တွေ့ရတယ်ဆိုတော့ ကျွန်မအဖြစ်ကို ကျွန်မကိုယ်တိုင် နားမလည်နိုင်လောက်အောင်အံ့ဩမိပါတယ်၊ ကျွန်မမှာ ဗာဟိရကိစ္စတွေ များလွန်းလို့ ဘုရားကိုတောင် ဝတ်မပျက်ရုံပဲ ရှိခိုးနိုင်ပါတယ်၊ ဩကာသနဲ့ ငါးပါးသီလလောက်ပါပဲ၊ တစ်ခုတော့ရှိတယ်၊ ကျွန်မ မနက်ဈေးလာတိုင်း "အဋ္ဌာနမေတံ ဂါထာ" ကို အနည်းဆုံး ကိုးခေါက် ရွတ်တယ်၊ အဲဒါပဲ" ဟု ပြန်ပြောသည်။

ဝ ဝ ဝ

အဋ္ဌာနမေတံဂါထာနှင့်ပတ်သက်ပြီး အထက်ပါ အချက်နှစ်ချက်မှာ စာရေးသူ၏ကိုယ်တွေ့ဖြစ်သည်။ကြားဖူးနားဝ အံ့ဩစဖွယ် အန္တရာယ်ကင်းလာဘ်ရွှင်သည့် အခြားသူများ၏ ကိုယ်တွေ့အဖြစ်အပျက်များ အများအပြားလည်း ရှိပါသေးသည်။

ထိုဂါထာကို အနည်းဆုံး နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ်နှစ်ကြိမ်မျှ ရွတ်ဆိုပါ။ တစ်ကြိမ်ရွတ်လျှင် အနည်းဆုံး ကိုးခေါက်၊ တတ်နိုင်လျှင် တစ်ရာ့ရှစ်ခေါက် သို့မဟုတ် သက်စေ့ရွတ်ဆိုပါ။ လူပြုစားခြင်း၊ တစ္ဆေသရဲ၊ မြေဘုတ်ဘီလူး ဖမ်းစားခြင်းတို့မှ ကင်းပါသည်။ 'အကာလမရဏ' ဟုခေါ်သော သေနေ့မစေ့ဘဲ ဥပစ္ဆေဒက ကံဖြင့် ရုတ်တရက် သေရခြင်းမျိုးနှင့် မကြုံမတွေ့နိုင်ပါ။ သွားလေရာ လာလေရာ အန္တရာယ်ကင်းဘေးရှင်းပါသည်။ သူတစ်ပါးတို့ မကောင်းမကြံစည်နိုင်ပါ။ လူချစ်လူခင်ပေါပြီး စီးပွားလာဘ်လာဘ ရွှင်လန်းကြောင်း၊ အရောင်းအဝယ်ကောင်းကြောင်း မြတ်မင်္ဂလာ ပရိသတ်များထံ တင်ပြလိုက်ရပါသတည်း။ ။

**အန္တရာယ်ကင်း လာဘ်ရွှင်ပါစေ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါ-
ရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာ-
ဂတာ ပရိနိဗ္ဗာ ယန္တိ။ ။

ချောင်းဆုံအုန်းသွင်

* * *

**ဒုတိယ အကြိမ်**

# အံ့ဖွယ်ဘုရားဂုဏ်တော်

## ဘုန်းကြီးကျောင်းသား မဇ္ဈိမစရိယ

သတ္တဝါတိုင်း သေရမည်ကား မုချဖြစ်၏။ သို့သော် မသေသင့်သေးဘဲ သေမသွားရန်ကိုမူကား မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယကို အားကိုးယမှု အသုံးပြုသင့်၏။ "ဘုရားဖက်တော့ အသက်ရှည်" ဟူသော ဆိုရိုးတစ်ခု ရှိပါသည်။ ယခုဆောင်းပါးကား ဖြစ်ရပ်မှန် တစ်ခုဖြင့် ယင်း ဆိုရိုးကို ထောက်ခံသမှုပြုလိုက်ခြင်း ဖြစ်ပါသတည်း။

တပ်မတော်မှ စစ်ဗိုလ်နှစ်ဦး ကားတစ်စီးဖြင့် ဟောတွင်း၌ တာဝန်အရ လှည့်လည်သွားလာနေရစဉ်က ဖြစ်၏။ အမှတ်မထင် သောင်းကျန်းသူ ရန်သူ(၃၀၀)ခန့်တို့၏အလယ်သို့ ရောက်သွားလေသည်။ မမျှော်လင့်ဘဲ အဝိုင်းခံရပြီဖြစ်၍ ၂--ယောက်သား ရှတ်တရက်တိုင်ပင်ကာ ဆုံးဖြတ်ချက်ချရလေသည်။

"ဘာမျှမလုပ်လျှင် ငါ တို့အဖမ်းခံရမည်မှာမုချပင်ဖြစ်၏။ အလွယ်တကူ လက်မြောက် အရှုံးပေးပါကလည်း သမိုင်း၌ အမည်းစက်ထင်ကာကျန်ရစ်ခဲ့မည်။ လက်မြှောက်အရှုံးပေးမည့်အစား လွတ်လမ်းရှာရင်း အသက်စတေးပြီး ခုခံသွားတော့မည်" ဟု နှစ်ဦးသဘောတူ ဆုံးဖြတ်ကြလေသည်။

ဤသို့ဖြင့် တစ်ဦးက "အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ" ဟူသော ဘုရားဂုဏ်တော်ကို အာရုံလည်းပြု၊ နှုတ်ကလည်းရွတ်ဆိုလျက် ရန်သူကြားထဲမှပင် ကားကို မောင်းထွက်လာခဲ့

ဒုတိယ အကြိမ်

သည်။ ကျန်တစ်ဦးက သေနတ်ဖြင့် တရစပ်ပစ်ခတ်လျက် လမ်းရှင်းပေးသည်။ မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဘုရားရှင်၏ ဟန်ခိုးတော် အနန္တတို့ကြောင့် နှစ်ဦးလုံး ဌာနေသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လာနိုင်ခဲ့ပါသည်။

ဤဖြစ်ရပ်မှန်ကို ကာယကံရှင်ကိုယ်တိုင် စာရေးသူကို မပြောကြားခဲ့ခြင်းဖြစ်၏။ သူသည် ဘုရားဂုဏ်တော်ကို အာရုံပြု ရွတ်ဆိုရင်း သေမင်းကို အနိုင်ရခဲ့သဖြင့် ဗုဒ္ဓဘာသာဖြစ်ရခြင်းကို အားရပါရ ဂုဏ်ယူလျက်ရှိပါသည်။

ဤဖြစ်ရပ်နှင့် ဆက်နွယ်သော အကြောင်းအရာတစ်ခုကို ဆက်လက်တင်ပြလိုပါသည်။ စာရေးသူတို့ မိတ်ဆွေတစ်စု ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏အထံတော်သို့ အဖူးအမြော်သွားစဉ်က ဖြစ်ပါသည်။ သက်တော်(၁၀၀)ကျော်အောင် နေတော်မူရသော ဆရာတော်ဘုရားကြီးသည် အသက်ရာကျော်ရှည်တော်မူသည်နှင့် စပ်၍ဤသို့ အမိန့်ရှိဖူးပါသည်။

“ဘုန်းကြီး ငယ်ငယ်တုန်းက တစ္ဆေကြောက်တတ်တယ်။ တစ္ဆေနိုင်တဲ့ဟာဆိုပြီး လူကြီးတွေက ဂါထာပါဠိ၊ စုတ္တံယပါဠိတွေကို ကျက်ခိုင်းတယ်။ ကလေးဘဝကစပြီး ခုထိအောင်ပဲ တစ်နေ့ ၂-ခေါက် သုံးခေါက်လောက်ရွတ်ဖြစ်တယ်။ ပျက်တဲ့ ရက်ရယ်လို့ တယ်မရှိပါဘူး။

“အဲဒီပါဠိတွေကို ငယ်စဉ်ကတော့ တစ္ဆေကြောက်လို့ ရွတ်ခဲ့တာပဲ။ နောက်တော့လဲ တစ္ဆေ ကြောက်လို့ရယ် မဟုတ်ပါဘူး။ ရတနာသုံးပါးနဲ့ စပ်တဲ့ ပါဠိတွေဆိုပြီး ရွတ်ဖြစ်တာပါ။ ဒါတွေရွတ်လို့များ ဒီလောက် အသက်ရှည်နေသလားလို့ မကြာမကြာ စဉ်းစားနေမိတယ်” ဟု အမိန့်ရှိလိုက်ပါသည်။

သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီး၏ တွေးတောစဉ်းစားချက်ကို စာရေးသူတို့ မိတ်ဆွေတစ်စု အကြွင်းမဲ့ ယုံကြည်လက်ခံခဲ့ပါ၏။

သက်တော်ရှည် ဆရာတော်ဘုရားကြီး အသက်ရှည်ခြင်းနှင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ အသက်ဘေးမှ လွတ်ကင်းခဲ့ခြင်းတို့၏ အကြောင်းတရားများတွင် ‘အဋ္ဌာနမေတံ ဘိက္ခဝေ’ စသော စုတ္တိယ ပါဠိလေးကို ရွတ်ဆိုကြခြင်း၌ တူညီနေသည်ကို စာရေးသူတို့ အံ့အားသင့်စွာ မှတ်သားခဲ့ရပါသည်။ ဆရာတော်ဘုရားကြီး မိန့်ကြား၍ စာရေးသူတို့ အမြဲရွတ်ဖတ် နှလုံးသွင်းနေသည့် ဂါထာပါဠိနှင့် အနက်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

## ဒုတိယ အကြိမ်

## ဂါထာပါဠိ

၁။ ယေစ ဗုဒ္ဓါ အတီတာစ၊ ယေစ ဗုဒ္ဓါ အနာဂတာ၊
ပစ္စုပ္ပန္နာစ ယေ ဗုဒ္ဓါ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
၂။ ယေစ ဓမ္မာ အတီတာစ၊ ယေစ ဓမ္မာ အနာဂတာ၊
ပစ္စုပ္ပန္နာစ ယေ ဓမ္မာ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
၃။ ယေစ သံဃာ အတီတာစ၊ ယေစ သံဃာ အနာဂတာ၊
ပစ္စုပ္ပန္နာစ ယေ သံဃာ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။
၄။ ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
၅။ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ
ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။

## နိဿယ

၁။ အတီတာစ၊ လွန်လေပြီးဖြစ်ကုန်သော။ ယေစဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားသခင်တို့သည်လည်းကောင်း။ အနာဂတာ၊ နောင်ပွင့်လာလတ္တံ့ဖြစ်ကုန်သော။ ယေစဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားတို့သည် လည်းကောင်း။ ပစ္စုပ္ပန္နာ၊ ယခုပွင့်ဆဲ (ရှိဆဲ) ဖြစ်ကုန်သော။ ယေစဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။ တေဗုဒ္ဓေ၊ ထိုဘုရားရှင်တို့ကို၊ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၂။ အတီတာစ၊ လွန်လေပြီးဖြစ်ကုန်သော။ ယေစဓမ္မာ၊ အကြင်တရားတော်မြတ်တို့သည်လည်းကောင်း။ အနာဂတာ၊ နောင်ဟောကြားလတ္တံ့ကုန်သော။ ယေစဓမ္မာ၊ အကြင်တရားတော်မြတ်တို့သည် လည်းကောင်း။ ပစ္စုပ္ပန္နာ၊ ယခု ဟောကြားဆဲရှိကုန်သော။ ယေစဓမ္မာ၊ အကြင်တရားတော်မြတ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။ တေဓမ္မေ၊ ထိုတရားတော်မြတ်တို့ကို၊ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

## ဒုတိယ အကြိမ်

၃။ အတီတာ၊ လွန်လေပြီး ဖြစ်ကုန်သော။ ယေစသံဗုဒ္ဓါ၊ အကြင် သံဗုဒ္ဓါတော်မြတ်တို့သည် လည်းကောင်း။ အနာဂတာ၊ နောင်ဖြစ်ပေါ် လတ္တံ့ကုန်သော၊ ယေစသံဗုဒ္ဓါ၊ အကြင် သံဗုဒ္ဓါတော်မြတ်တို့သည်လည်း ကောင်း။ ပစ္စုပ္ပန္နာ၊ ယခုရှိဆဲဖြစ်ကုန်သော။ ယေစသံဗုဒ္ဓါ၊ အကြင်သံဗုဒ္ဓါ တော်မြတ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။ တေသံဗုဒ္ဓေ၊ ထို သံဗုဒ္ဓါတော်မြတ်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၄။ အာဒိစ္စော၊ နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌သာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်ပေ၏။ စန္ဒိမာ၊ လမင်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌သာလျှင်။ အာဘာတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်ပေ၏။ ခတ္တိယော၊ မင်းသည်။ သန္နဒ္ဓေါ၊ မင်းမြောက်တန်ဆာ ဝတ်ဆင်သောအခါ ၌သာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်ပေ၏။ ဗြာဟ္မဏော၊ ရဟန္တာသည်။ ဈာယီ၊ ဈာန်ဝင်စားသော အခါ၌သာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်ပေ၏။ အထ၊ စင်စစ်သော်ကား။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သဗ္ဗမဟောရတ္တိံ၊ တန်ခိုးတော်ဖြင့် နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်တော် မူပါ ပေ၏။

တာဒိသံ ထိုသို့သဘောရှိသော။ တေဇသမ္ပန္နံ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗပက္ကမေန၊ သူတစ်ပါး လုံ့လပယောဂ ဖြင့်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဇီဝိတာ၊ အသက်မှ။ ယံ ဝေါရော ပေယျ၊ အကြင်အကြောင်းကြောင့် ကျစေငြားအံ့။ ဧတံ၊ ဤသို့ကျစေနိုင် ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အခွင့်အလမ်း မရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပက္ကမေန၊ သူတစ်ပါး လုံ့လပယောဂ ကင်းရှင်းစွာဖြင့်သာလျှင်။ တထာဂတာ၊ မြတ်စွာဘုရားတို့သည်။ ပရိနိဗ္ဗာ ယန္တိ၊ ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။ ။

ဘုန်းကြီးကျောင်းသား (မဟာစရိယ)

* * *

ဒုတိယ အကြိမ်

# ငှက်၏ဂုဏ် ကိုယ်လုံးဖြိုးသော်

**ထီးချိုင့်နတ်စိုး**

(တစ်)

**ရေးဦးမြို့၊** မင်္ဂလာစာသင်တိုက်၌ ဦးအဂ္ဂဝံသ စာလိုက်၍ နေသည်မှာ ခုလေးနှစ်ပြည့်ခဲ့လေပြီ။

နှစ်တိုင်းဆိုလျှင် တန်ခူးလ စာမေးပွဲများ ဖြေဆိုပြီးခဲ့လျှင် ငယ်ဆရာနှင့် မိဘနှစ်ပါးတို့ကို မျက်နှာပြရန် ထီးချိုင့်မြို့ ဆင်ကျွန်းရွာသို့ ပြန်မြဲဖြစ်သည်။

ယခုနှစ်တွင်ကား ရေးဦးမြို့မှ နှစ်ဦးပရိတ်ပွဲများက ကြို တင်ပင့်လျှောက်ထားကြသောကြောင့် မွေးရပ်မြေသို့ ပြန်လည်ချိန် မရပါချေ။ ထို့ကြောင့် ယခုနှစ် ဆင်ကျွန်းရွာသို့ ပြန်လာနိုင်မည်မဟုတ်ကြောင်း မိဘနှစ်ပါးထံသို့ စာတိုက်မှ စာထည့်၍ အခွင့်ပန်လိုက်သည်။

(နှစ်)

"အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ" ဟူသော ပါဠိတော်အတိုင်း အရာဝတ္ထုတို့မည်သည် မကြံစည်ဘဲလည်း ဖြစ်တတ်၏။ ကြံစည်လျက်လည်း ပျက်တတ်၏။

ယခုနှစ် မိဘရပ်ထံသို့ မပြန်ဟု ဆုံးဖြတ်ပြီးကာမှ မပြန်လျှင် မဖြစ်သော အကြောင်းကိစ္စပေါ်လာ၏။ ပေါ်လာသောအကြောင်းကိစ္စကား–

"အမြန်လာ-ခမည်းတော်ကြီး နေမကောင်း" ဆိုသော ကြေးနန်းစာ ဖြစ်ပါသည်။ ထိုကြေးနန်းစာ ရလျှင်ရချင်း ဦးအဂ္ဂဝံသ၏စိတ် ယူပူသွား၏။

**ဒုတိယ အကြိမ်**

ခမည်းတော်ကြီး အသင့်အတင့် နေမကောင်းရုံမျှဖြင့် ဤသို့ ကြေးနန်း ရိုက်လိမ့်မည်မဟုတ်၊ အလွန် နေထိုင်မကောင်းခြင်းကြောင့် သော်လည်း ကောင်း (သို့မဟုတ်) ကွယ်လွန်ခြင်းသော်လည်းကောင်း ဖြစ်၍သာ ဤသို့ ကြေးနန်းလာခြင်း ဖြစ်လိမ့်မည်။ ခမည်းတော်ကြီးသည် မိမိ၏ အနန္တဂုဏ် ရှင်ကြီး မဟုတ်ပါလား။ ဤသို့သော နာရေး၌ မသွားလျှင် မဖြစ်ဟု ဦးအဂ္ဂဝံသ သန္နိဋ္ဌာန် ချလိုက်ကာ မိရာရထား၊ မီရာသတော်ဖြင့် ထီးချိုင့်သို့ ပြန်လာခဲ့ပေသည်။

(သုံး)

အညာဆန် သင်္ဘောကြီးသည် ညမိုးချုပ်မှ ထီးချိုင့်ဆိပ်ကမ်းသို့ ကပ် သည်။ ဦးအဂ္ဂဝံသသည် သင်္ဘောကပ်လျှင် ကပ်ချင်း သူများထက်ဦးစွာ ဆိပ်ကမ်းသို့ဆင်းခဲ့သည်။ ဆိပ်ကမ်းမှတစ်ဆင့် အသိမိတ်ဆွေနေအိမ်သို့ သွား သည်။ အသိမိတ်ဆွေနှင့် တွေ့လျှင်တွေ့ချင်း "ခမည်းတော်ကြီး နေထိုင် မကောင်းဘူးဆိုကာ ဘယ်လိုနေသလဲ" ဟုမေးသည်။

"ကိုယ်တော့် ခမည်းတော် ဘာမျှ မဖြစ်ပါဘူး၊ နေကောင်းပါ တယ်" ဟု မိတ်ဆွေက ပြောသည်။

"သည်လူပြောပုံမမှန်ဘူး၊ ခမည်းတော်ကြီး နေမကောင်းဘူးလို့ အတိ အလင်း ကြေးနန်းရိုက်ထားပါလျက်နဲ့ 'ဘာမျှ မဖြစ်ဘူး၊ နေကောင်းပါ တယ်' တဲ့၊ ငါ့ကိုဖုံးကွယ်ပြီး ပြောနေတယ်၊ ခမည်းတော်ကြီး ရှိများမှ ရှိပါလေသေးစ"

ဦးအဂ္ဂဝံသ၏စိတ်၌ အားကြီးသော သံသယစိတ် ဖြစ်လာသည်။ ထို့ ကြောင့် မိတ်ဆွေအား နှုတ်ဆက်၍ မွေးရပ်မြေ ဆင်ကျွန်းရွာသို့ အလျင် အမြန် သုတ်ခြေနှင်လေတော့သည်။

(လေး)

ထီးချိုင့်မြို့နှင့် ဆင်ကျွန်းရွာသည် ၃-မိုင်မျှကွာဝေးသည်။ ထီးချိုင့်မြို့မှ ဧရာဝတီမြစ်ကမ်းအတိုင်း သောင်ပြင်ကိုကူး၍ ခက်သင်ကျွန်းကို ဖြတ် ရသေးသည်။ လမ်းခရီး၌ ကြီးမားသော သစ်ပင်များ မရှိပါ။ မြေပဲ၊ စားတော်ပဲ စသော ယာယီသီးနှံများ စိုက်သော အခင်းပြင်များ၊ ကိုင်းပင် များ၊ ချုံနွယ်များသာ ရှိသည်။ သို့သော် ခက်သင်ကျွန်းကိုလွန်၍ ဆင်

ကျွန်းသို့ ရောက်လုနီးတွင် ချောင်းပျက်တစ်ခုရှိ၍ ထိုချောင်းပျက် ပတ်ဝန်းကျင်၌မူကား တောချုံနွယ်များ ဖုံးအုပ်၍နေသည်။

စိတ်ကို အဟန့်အတား ဖြစ်နေသည်ကား လွန်ခဲ့သော နှစ်ဦးပေါက်ရာသီက ဤချောင်း၌ လူတစ်ယောက် ရေနစ်သေဆုံးခဲ့ဖူးသည်။ ထိုသေသောသူသည် မကျွတ်ဘဲ တစ်ခါတစ်ရံ ခြောက်လှန့်တတ်သည်ဟူသော ကောလာဟလ စကားပင်ဖြစ်လေသည်။

ထိုနေ့သည် အမှတ်တရ တန်ခူးလကွယ်နေ့ဖြစ်သည်။ လကွယ်နေ့ဖြစ်ရုံမက မိုးသားများသက်၍ မိုးသေး၊ မိုးဖွဲများလည်း တဖြောက်ဖြောက်ကျနေသည်။

ဦးအဂ္ဂဝံသသည် ခမည်းတော်၏ဇောဖြင့် တအားနှင်ခဲ့ရာ ထိုချောင်းထိပ်သို့ အရောက်တွင် လေတိုက်၍ ကိုင်းပင်များ ယိမ်းနွဲ့ မြည်ဟည်းသွားသကဲ့သို့ ရှဲ-ဟဲ-ဟဲဟူသော အသံကြီးကို ကြားလိုက်ရသဖြင့် ထိတ်ခနဲဖြစ်ကာ ခြေလှမ်းကို ရပ်လိုက်မိသည်။

"အလို-ဒီနေရာဟာ လူရေနစ်သေပြီး တစ္ဆေခြောက်တယ်ဆိုတဲ့ နေရာပါကလား၊ ဒါ-ငါ့များ တစ္ဆေခြောက်နေတာလား၊ ခက်ကပြီ-ငါ့မှာ အဖော်လဲမပါ၊ အချိန်အခါကလဲမိုးချုပ်၊ ဘယ်လိုလုပ်ရမှာလဲ၊ နောက်ဆုတ်လို့တော့ မဖြစ်ဘူး၊ ဘာဖြစ်ဖြစ် ရှေ့ကိုတိုးရမှာပဲ။"

ဦးအဂ္ဂဝံသသည် ရှေ့တိုးရန် စိုးရွံ့သဖြင့် နောက်သို့ပြန်လှည့်၍ ကြည့်လိုက်သည်။

ဤနေ့သည် ဥပုသ်နေ့ဖြစ်၍ ထီးချိုင့်မြို့ဦး တောင်ထိပ်မှ မြသိန်းတန်စေတီတော်ကြီး လျှပ်စစ်မီးပူဇော်ထားသည်ကို ဖူးမြင်ရသည်။

ဒီကနေ့ ငါ့အတွက် လက်နက်ကား ဘုရားရှင်သာရှိသည်။ ယခုပင်ငါ၏ ခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းတော့မည်ဟု ထိုနေရာတွင် ဆောင့်ကြောင့်ထိုင်ကာ မြသိန်းတန် စေတီတော်အား အကြိမ်ကြိမ်ဦးချပြီးလျှင် တပည့်တော်၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူပါ၏။ မြတ်စွာဘုရားသည် တပည့်တော်အား စောင့်ရှောက်တော်မူပါစေသတည်းဟု စိတ်ဖြင့်ဆုတောင်းပြီး ထိုင်ရာမှထ၍ ချောင်းအတွင်းသို့ လှမ်းဆင်းလိုက်သည်။ ထိုအချိန်က ထိုချောင်းအတွင်း၌ ရေမရှိတော့ပါ။ ချောင်းအတွင်းသို့ဆင်းသောခဏ၌ ဆင်ကျွန်းရွာဘက်မှ လှည်းတစ်စီး ခပ်သွက်သွက် မောင်းလာသံကို ကြားရသည်။

## ဒုတိယ အကြိမ်

ဘုရား .. ဘုရား အလွန်ကြောက်ရတဲ့နေရာ လှည်းနှင့်လာကြိုလို့တော် ပေါ့တယ်၊ ဘုရားရှင်ရဲ့ ကျေးဇူးတော်ပါပဲ၊ ဘုရား .. ဘုရား .. ဘုရား....ဟု တမ်းတရင်း ရဲရဲရင့်ရင့်ပင် ချောင်းလမ်းအတိုင်း လျှောက်ခဲ့သည်။ တစ်ဘက်သော ချောင်းအတက်တွင် တစ်ဘက်မှလာသော လှည်းသည် အရှိန်ဖြင့် ချောင်းအတွင်း ဆင်းလာသဖြင့် ကိုယ်ကိုတိမ်း၍ပင် ပေးလိုက်ရသေးသည်။

(ငါး)

ချောင်းလမ်း ကမ်းထိပ်သို့တက်ပြီးနောက် လာသောလမ်းကို ပြန်ကြည့်လိုက်၏။ အံ့ဖွယ်ကောင်းပေစွ၊ မည်သည့်လှည်းမျှ ချောင်းတစ်ဘက်သို့ တက်သွားသည်ကို မမြင်ရချေ။

အင်း....မဟုတ်မှလွဲရော၊ ဤလှည်းသည် ကောန်ငါ့ကို စောင်မကြည့်ရှုသော နတ်လှည်းဖြစ်ရမည်။ ငါ၏စိတ် အလွန်ဆုတ်နစ်နေသဖြင့် ငါ၏စိတ်ရဲရင့်လာအောင် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် နတ်များက လှည်းယောင်ဆောင်ပြီး ပြတာဖြစ်ရမည်။ မည်သို့ပင်ဖြစ်စေ အခက်အခဲတစ်ခုတော့ အောင်လေပြီ။ သို့သော် အခက်အခဲတစ်ခုကား ကျန်သေး၏။ ထိုအခက်အခဲကား ရွာနှင့် မနီးမဝေးတွင် တည်ရှိသော လက်ပံပင်ကြီးဖြစ်၏။ ဤလက်ပံပင်ကြီးကလည်း သရဲခြောက်သည်ဟု အပြောများ၏။ မည်သို့ပင် ဖြစ်စေ ထိုလက်ပံပင်သရဲကိုလည်း ဘုရားဂုဏ်တော်ဖြင့် လွတ်မြောက်ရတော့မည်ဟု ဘုရားရှင်ကို အာရုံပြု၍ အရဟံ ဂုဏ်တော်ကိုရွတ်ဆိုသွားလေသည်။

လက်ပံပင်နှင့် မနီးမဝေးရောက်သောအခါ လက်ပံပင်ဆီမှ မပီမပြင် ပလွေမှုတ်သံကိုကြားရတော့သည်။

(ခြောက်)

ဆင်ကျွန်းရွာတွင် မောင်သန်းဆိုသူသည် အလွန်ပလွေမှုတ် ဝါသနာပါသည်။ သို့ရာတွင် ပီပြင်စွာမမှုတ်တတ်သေးသောကြောင့် သူ ပလွေမှုတ်လျှင် နားငြီးသည်ဟု အများကပြောဆိုတတ်ကြသည်။ ထို့ကြောင့် မောင်သန်းသည် ပလွေမှုတ်ချင်သောအခါ ရွာမှထွက်၍ သင့်တော်မည့် သစ်ပင်ရင်း၌ ထိုင်ကာ ပလွေမှုတ်ရရှာသည်။ ယခု လက်ပံပင်ရင်းက ပလွေသံသည် မောင်သန်း၏ ပလွေသံဖြစ်ရပေမည်။ တော်ပါသေး၏ အလွန်သရဲကြောက်ရသော လက်ပံပင်ရင်း၌ ပလွေဆရာ ရောက်နေသောကြောင့် အကြောက်ရသက်သာသွားလေသည်။

ဒုတိယ အကြိမ်

ဤနည်းဖြင့် အိမ်သို့ ဦးအဂ္ဂဝံသ ရောက်သွားသည်။ အချိန်ကား ညဉ့် ၁၀-နာရီ ကျော်ကျော်ခန့် ရှိချေပြီ။ အိမ်သားအားလုံး အိပ်ပျော်ခနေကြ၍ နှိုးယူရသည်။ ခမည်းတော်ကြီးလည်း ဘာမှမဖြစ်ပါချေ။

သားဖြစ်သူ ပြန်လာစေချင်သောကြောင့် နေမကောင်းဟု ကြေးနန်းရိုက်လိုက်ခြင်းမျှ ဖြစ်သည်။

နောက်တစ်နေ့ ပလွေဆရာ မောင်သန်းကို မေးသောအခါ မောင်သန်းက 'ဟာ ဦးပဥ္စင်းနှယ်-မိုးကာလဲချုပ်၊ မိုးကာလဲကျနှင့် ဒီလက်ပံပင်ရင်း ဘယ်သူသွားပြီး ပလွေမှုတ်ဝံ့မှာလဲဘုရား။ မနေ့က တပည့်တော် အလုပ်ပန်းတာနှင့် အစောကြီး အိပ်ရာဝင်တာပါ' ဟု ပြန်ပြောလေသည်။

အမှန်သော်ကား လမ်း၌ကြုံသော လှည်းသည်လည်း လှည်းစင်စစ်မဟုတ်၊ လက်ပံပင်ရင်းက ပလွေသံသည်လည်း ပလွေသံစင်စစ်မဟုတ်၊ အရဟံဂုဏ်တော်ပွားများထားသော ဦးအဂ္ဂဝံသ၏စိတ် မထိတ်လန့်စေရန် သူတော်ကောင်း နတ်များက စောင့်ရှောက် လိုက်ကြခြင်းသာ ဖြစ်ပါသတည်း။ ။

ထီးချိုင့် - နတ်စိုး

# သဝေမပါ ကိုးဂါထာ

# အကျိုးမှာ အနှယ်

### ချောင်းဆုံအုန်းသွင်

ဦးမော်မော် တစ်ယောက် အလွန်စိတ်ပူနေသည်။ ဆောက်တည်ရာမရ ဖြစ်နေသည်။

ချိုကား မှတ်တိုင် သို့ ဦးမော်မော် နံနက်ခုနစ်နာရီမခွဲမီက ရောက်နေသည်။ ယခုရှစ်နာရီခွဲပြီးပြီ ဦးမော်မော် ကားပေါ်မရောက်သေး။ ကားမှတ်တိုင်မှာ ကမာရွတ်စာတိုက်ရှေ့ မှတ်တိုင်ဖြစ်၏။

ဦးမော်မော်တစ်ယောက် ယမန်နေ့ညနေက ခလုပ်တိုက်မိပြီး ခြေမ ရောင်နေသဖြင့် အခြားခရီးသည်များနှင့် ယှဉ်ပြိုင်ပြီး နင်လားငါလား မတိုးနိုင်။ ကားရပ်လာလျှင် ကားရှေ့ပေါက်သို့ ပြေးလိုက်၊ မတက်နိုင်သည် နှင့် နောက်ပေါက်သို့ လှည့်ပြေးလိုက်၊ကားထွက်သွားလိုက်နှင့် ခြေကပိုနာ လာသည်။

ထိုစဉ်က ယခုကဲ့သို့ အမြန်ကားများလည်း မရှိသေးသဖြင့် အငှားကား စီးလိုလျှင် တစ်စီးလုံးငှားရမည်။ မိမိတွင်ရှိသောငွေမှာ တစ်ကျပ်ပင်မပြည့်၊ အနီးအနားတွင်လည်း ငွေချေးရလောက်အောင် ရင်းနှီးသော ခရီးသည် မရှိ။ ဦးမော်မော်အဖို့ ယနေ့နံနက် ကိုးနာရီအမီ ရန်ကုန်မြို့တွင်းရှိ ရုံးကြီး တစ်ရုံးသို့ ရောက်ရေးမှာ သေရေးရှင်ရေးဖြစ်နေ၏။ ဦးမော်မော်မှာ အလွတ် စာရင်းစစ် အဖွဲ့တစ်ဖွဲ့မှ စာရင်းစစ်တစ်ဦးဖြစ်ပြီး အဖွဲ့ဖျက်သိမ်းလိုက်သဖြင့် လောလောဆယ် အလုပ်လက်မဲ့ တစ်ဦးဖြစ်နေသည်။ လက်ရှိအခြေအနေတွင်

ဒုတိယ အကြိမ်

နေ့စာ ညစာမှန်မှန်အောင် အတော် ပင်ပင်ပန်းပန်း ရှာကြံ စားသောက်နေရသည်။

ထိုအချိန်မျိုးတွင်လျှောက်ထားသောအလုပ်များစွာအနက်ရုံးတစ်ရုံးတွင် စာရင်းကိုင်ရာထူးအတွက် ရေးဖြေအောင်မြင်ခဲ့သည်။ သို့သော် ဦးမော်မော်အဖို့ ယနေ့လူတွေ့စစ်ဆေးခြင်းကို မဝင်နိုင်က မျှော်လင့်ချက် မရှိတော့။ နောက်ကျလျှင်ပင် ဖြေခွင့်ရချင်မှ ရမည်ဖြစ်ပြီး အလုပ်လက်လွှတ်သွားနိုင်သည်။ ထို့ကြောင့် ဦးမော်မော်၏ခေါင်းမှာ ချာချာလည်နေသည်။ ပါးစပ်မှလည်း တစ်စုံတစ်ရာကို အဆက်မပြတ်ရွတ်နေသည်။ ဘတ်စ်ကားစောင့်နေသူ ခရီးသည်တစ်ဦး၏နာရီကို လှမ်းကြည့်လိုက်သောအခါ ကိုးနာရီထိုးရန် ဆယ့်ငါးမိနစ်ခန့်သာ လိုတော့သည်။

ထိုစဉ် တစ်စုံတစ်ခုကိုသတိရသဖြင့် မသိမသာ လက်အုပ်ချီလိုက်သည်။ မိမိရွတ်နေသော ဂါထာကို ကိုးနှစ် အဓိဋ္ဌာန်လိုက်သည်။ ကိုးနှစ်အတွင်း တစ်ရက်မျှ မပျက်ခဲ့ပါ။ ကြိမ်မှန်ကန်သော သစ္စာစကားကြောင့် ယခုကြုံတွေ့နေရသည့် အခက်အခဲမှ အမြန်လွတ်မြောက် အောင်မြင်ရပါစေသတည်း။

မရှေးမနှောင်းမှာပင် ဘရိတ်အုပ်သံနှင့်အတူသူ၏အနားသို့ ကားတစ်စီး ထိုးရပ်လာသည်။ ကားမှာ မာဇဒါ ဖယ်မလီယာ နံပါတ်နီ ကားတစ်စီး ဖြစ်သည်။

ဒရိုင်ဘာက သူ့ဘေးနား ခရီးသည် ထိုင်ခုံဘက်ရှိ ကားတံခါးကို လှမ်းဖွင့်ပြီး “ ငလေကုယ်၊ မင်းရုံးချိန်နောက်ကျနေပြီမဟုတ်လား” ဟု ပြောသဖြင့် ဦးမော်မော်လည်း ဝမ်းသာအားရ ပင်ထိုင်လိုက်သည်။ ထို့နောက် ဒရိုင်ဘာကို ‘သိဟောင်း ကျွမ်းဟောင်းထဲကလား’ ဟူသောအတွေးဖြင့် သေချာစွာ ကြည့်လိုက်သည်။ တစ်ခါမျှ မမြင်ဖူးသည်မှာ အမှန်ဖြစ်၏။ အသက်ခြောက်ဆယ်ကျော်ခန့်ဟု ခန့်မှန်းရသည်။

“ဘယ်ရုံးကို ပို့ရမလဲ။”

ကားဆရာက ဦးမော်မော်ကိုမကြည့်ဘဲ အသံပြတ်ပြတ်ဖြင့် မေးလိုက်သည်။ ဦးမော်မော်က သူသွားရမည့် ရုံးအမည်ကို ရိုရိုသေသေ ပြန်ပြောလိုက်သည်။

ကားဆရာက ဘာမျှထပ်မပြော၊ နှုတ်မှတစ်စုံတစ်ခုကို အဆက်မပြတ် ရေရွတ်ရင်း ကားကို တွင်တွင်မောင်းနေသည်။ ဂါထာပရိတ်တစ်ခုခုကို ရွတ်

နေသည်ဟုထင်ရသည်။ ဦးမော်မော်က ကားဆရာကို အနှောင့်အယှက် မပေးတော့ဘဲ မိမိရွတ်နေကျ ဂါထာကိုသာ မျက်လုံးမှိတ်ပြီး လေးလေး နက်နက် အာရုံပြု ရွတ်နေလိုက်သည်။

ရုံးရှေ့တွင် ကားကိုထိုးရပ်လိုက်သောအခါ ဦးမော်မော်က ကားပေါ်မှ ဆင်းပြီးနောက် 'အဘ ကျွန်တော်....' ဟုဆိုပြီး စကားမဆက်တတ်အောင် ဖြစ်နေသည်၊ပြောချင်သည်မှာ ကားခကိစ္စ။

"ဘာလဲ... ကားခပေးမလို့လား၊ မလိုပါဘူးကွာ။ မင်းက ငါ့ကားကို တားစီးတာမှမဟုတ်ဘဲ။ ငါက မင်းကို တမင်ခေါ်လာတာပဲ။ ငါမင်းကို မေတ္တာနဲ့ ကူညီတယ်ပေါ့" ဟု ကားဆရာက ရယ်ကာမောကာ ပြန်ပြောပြီး ကားကို မောင်းထွက်သွားသည်။

ဝ ဝ ဝ

ဦးမော်မော် သူရွတ်နေကျ ဂါထာ၏ ထက်မြက်ပုံကို ကိုယ်တွေ့ဖြစ်ရပ် နှင့်တကွ ပြောပြရာတွင် သူရွတ်နေကျ ဂါထာမှာ မည်သည့် ဂါထာဖြစ် ကြောင်း ပါမလာသဖြင့် စာရေးသူက မေးလိုက်ပါသည်။

"အဲ.... ဟုတ်သားပဲ၊ ကျွန်တော်ရွတ်နေကျ ဂါထာက 'သဝေမပါ ကိုးဂါထာ'ပဲ ဆရာရဲ့" ဟု ပြန်ပြောသည်။ ထို သဝေမပါကိုးဂါထာအား ဦးမော်မော် ရွတ်ဆိုပုံမှာ—

၁။ နံနက်အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် ခေါင်းအုံးနှင့် ခေါင်းမခွာမီ ကိုးခေါက်၊ ၂။ မျက်နှာသစ်စဉ် ကိုးခေါက်၊ ၃။ ဘုရားရှိခိုးစဉ် ကိုးခေါက်၊ ၄။ နောက် နံနက် သရေစာ (သွား ရည်စာ) စားစဉ် ကိုးခေါက်၊ ၅။ အလုပ် သွားရန်အိမ်မှအထွက် ကိုးခေါက်၊ ၆။ လုပ်ငန်း ဝင်၍ ကုလားထိုင်တွင် ထိုင်မိသည်နှင့် ကိုးခေါက်၊ ၇။ နံနက်စာ စားစဉ် ကိုးခေါက်၊ ၈။ ညနေအိမ်ပြန် ရောက် ကိုးခေါက်၊ ၉။ ညနေ ရေမချိုးမီ မျက်နှာသစ်သောအခါ ကိုးခေါက်၊ ၁၀။ ညစာ ထမင်းစားစဉ် ကိုးခေါက်၊ ၁၁။ ည ဘက် ဘုရားရှိခိုးစဉ် ကိုးခေါက်၊ ၁၂။ ညအိပ်ရာဝင်၍ ခေါင်းအုံး နှင့် ခေါင်း ထိသည်နှင့် ကိုးခေါက် စုစုပေါင်း တစ်နေ့လျှင် (၁၀၈) ခေါက် ဖြစ်သည်။

ဒုတိယ အကြိမ်

"ဦးမော်မော်ကို ဒီဂါထာ ဒီလိုရွတ်ရမယ်လို့ ဘယ်သူက ပေးသလဲ။ ကိုယ့်စိတ်ကူးနဲ့ကိုယ် ရွတ်တာလား" ဟု စာရေးသူက မေးသောအခါ ....

"အဲ....ဒါလဲ ဆန်းတယ် ဆရာရေ၊ ကျွန်တော် အသက် ၁၆–နှစ်သား လောက်မှာ တိုက်ဖိုက်ဖြစ်ပြီး သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေတုန်း အိပ်မက်လိုလို တကယ်လိုလိုနဲ့ ရဟန်းတစ်ပါး ကြွလာတယ်။ အသက်က ၆၀-လောက်၊ သက်န်းက အညိုရောင်နဲ့၊ ကျွန်တော့်ရှေ့မှာရပ်ပြီး "မင်း သရဏဂုံ သုံးပါးကို နေ့စဉ် ၁၀၈-ခေါက်ရွတ်ရမယ်။ တစ်ကြိမ်တည်း၊တစ် ထိုင်တည်း မရွတ်နိုင်ရင် အကြိမ်ကြိမ်ခွဲပြီး ရွတ်နိုင်တယ်။ ဒါမှ မင်းအသက် ရှည်မယ်၊ ဘေးကင်းမယ်"လို့ အမိန့်ရှိပြီး ထွက်သွားသည်။ ကျွန်တော်ပြန် သတိရလာတော့ ကောင်းကောင်း မှတ်မိနေတယ်။ အဲဒါနဲ့ ကျွန်တော့် ဉာဏ်နဲ့ ကျွန်တော် အဆင်သင့်သလို ၁၂–ကြိမ်ခွဲပြီး နေ့စဉ် မပြတ် ရွတ်ခဲ့ တယ်။ ဖျားနေတုန်းကတော့ ၁၀၈–ခေါက် တစ်ကြိမ်တည်း ရွတ်ခဲ့တာ ပေါ့။

"ဒီဂါထာနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အချက်တွေ၊ အကျိုးကျေးဇူးတွေ အများကြီး ရှိသေးတယ်။ ကျွန်တော့် ဘဝ အတွေ့အကြုံမှာ ဘေးအန္တရာယ် အသွယ်သွယ်က အကြိမ်ကြိမ် မ်လွတ်ခဲ့တာတွေ၊မကောင်းကြံသူကကြံလို့ မရ တဲ့အပြင် အလိုလို ကြောက်လန့်ပြီး လာတောင်းပန်တာတွေ၊ ဝတ်လုပြတ်လု အခြေအနေက အဆင်ပြေတာတွေ အများကြီး ရှိသေးတယ်။နောက်ကြုံမှ ပြောပြဦးမယ်" ဟု ဦးမော်မော်က အကျယ်တဝင့် ရှင်းပြပြီး စကားဝိုင်းမှ ထွက်သွား ပါသည်။ ဦးမော်မော် နေ့စဉ်ရွတ်ဆိုသော သဝေမပါ ကိုးဂါထာ ပါဠိနှင့် စကားပြေမှာ....

**ပါဠိ**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

**စကားပြေ**

– ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
– တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
– သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဒုတိယ အကြိမ်**

ဟူ၍ ဖြစ်ပေသည်။ (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်၍ ရွတ်လျှင် ကိုးခေါက်ပြည့်သည်။ ထိုသရဏဂုံ ဂါထာတွင် သဝေထိုး မပါချေ။)

သရဏဂုံသည် ဗုဒ္ဓဘာသာတွင် အခြေခံ အကျဆုံးဖြစ်၏။ အနှစ်သာရအားဖြင့် သံသရာမှ လွတ်မြောက်ရေးအတွက် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ပါ၏ဟူ၍ ဖြစ်ပေသည်။

သံသရာမှ လွတ်မြောက်ရေးအတွက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း ဂါထာသည် သံသရာတွင် ကျင်လည်နေစဉ် ဆင်းရဲဒုက္ခအဝဝတို့မှ လွတ်မြောက်စေခြင်း၊ လောကီ ကောင်းကျိုးချမ်းသာ အဖြာဖြာကိုဖြည့်ဆည်းပေးစွမ်းနိုင်ခြင်း တည်းဟူသော အကျိုးထူးတရားများကို အမှန်စင်စစ် ပေးစွမ်းနိုင်ပေ၏။

ထို့ကြောင့် လောကုတ်လောကီ နှစ်လီသုခ လိုလားကြသည့်ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် သရဏဂုံ သုံးပါးကို ယုံကြည်အားကိုးမှု အပြည့်ဖြင့် ပူဇော်ရွတ်ဆိုပွားများကြပါရန် 'မြတ်မင်္ဂလာ' မှတစ်ဆင့် တင်ပြလိုက်ရပါသတည်း။

ချောင်းဆုံ-အုန်းသွင်

ဝ ဝ ဝ

ဒုတိယ အကြိမ်



# ဘေးဘယံာ မခံသည့် ဗုဒ္ဓဂုဏ်တော်

ယုဓတိ ရွှေဝါမိန်

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ ၈-ရက်နေ့တွင် အင်္ဂလိပ်နှင့် အမေရိကန်တို့ ဂျပန်နိုင်ငံကို စစ်ကြေညာလိုက်ပြီဖြစ်သည်။

သည်တော့လည်း ကျွန်မတို့တစ်တွေ ကျိုးလန့်စာစား ဖြစ်နေကြရသည်။

အင်္ဂလိပ်အစိုးရကလည်း အသံလွှင့်ဌာနမှနေ၍ မဟာမိတ်များ ဂျာမနီ၊ အီတလီတော်များကို အောင်မြင်နေသည့် သတင်းများ အထူးလွှင့်လျက်ရှိနေပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တော့မည်မှာ မလွဲမသွေပါချေ။

"တောလာဟလ သတင်းများကို မယုံကြပါနှင့်၊ ယခု အချိန်မှစပြီး သတင်းများကို ကြေညာပါတော့မည်" ဟု အင်္ဂလိပ်အစိုးရ အသံလွှင့်ဌာနမှနေ၍ သည်သို့သည်ပုံ ကြေညာသည်ကို ကျွန်မတို့ နားထောင်ရသလို "ချယ်ရီပန်းကလေးများပွင့်ရာ ဂျပန်ပြည်မှနေ၍ မြန်မာပြည်သူပြည်သားများထံသို့ အသံလွှင့်နေပါသည်" ဆိုသော တိုကျိုမှ သတင်းကြေညာသူ ဒေါ်သိ၏ အသံကိုလည်း ကျွန်မတို့တစ်တွေ ခိုးပြီး နားထောင်ကြရသည်။

ဂျပန်လေယာဉ်ပျံများသည်လည်း တဝီဝီနှင့် မကြာမကြာ လာတတ်သည်။ ၁၉၄၁-ခု၊ ဒီဇင်ဘာလ ၂၃-ရက်နေ့တွင် ရန်ကုန်မြို့ကို ပထမဆုံးအကြိမ် ဗုံးကြဲ တိုက်ခိုက်သည်ကိုလည်း သိကြရသည်။ တစ်ခါဖူးမျှ စစ်မီးမကြုံဖူးကြသော ကျွန်မတို့ မိသားစုသည် ထိတ်လန့်နေရကြပြီ။

သည်အခါဝယ် ကျွန်မတို့ဖေဖေက ခါတိုင်းခါတိုင်းထက် ဘုရား၊တရား သံဃာ ရတနာသုံးပါးကို ပိုပြီး ဆည်းကပ်ဖို့ ညွှန်ကြားသည်။ ဆုံးမသည်။ ဗုဒ္ဓဝင် နိပါတ်တော်လာ အကြောင်းအရာများ ပြောပြသည်။ မြတ်ဗုဒ္ဓ၏ နှုတ်ကပါဠိတော် အစွမ်းထက်ပုံများကို ပြောပြသည်။

ဖေဖေသည် ကျွန်မတို့ ညီအစ်မတစ်တွေ လူလားမမြောက်မီ၊ စကားကို နားလည်သိတတ်သည့် အချိန်မှစ၍ ဗုဒ္ဓနှင့်ဆိုင်သော စာပေကျမ်းဂန်များ ထဲမှ ကောင်းနိုးရာရာများကို အမြဲတစေပြောပြ၍ လိုက်နာကြရန်၊ကျင့်သုံး ရန်၊ မှတ်သားရန် တိုက်တွန်းခဲ့သူဖြစ်ပါသည်။

ကျွန်မတို့ ငယ်စဉ်က ဗုဒ္ဓဘာသာ စာသင်ကျောင်းမှာ နေခဲ့ရသည်။ ဘုရားရှိခိုး၊ ငါးပါးသီလခံ၊ ဆုတောင်းအမျှဝေ ဆိုသည်များကို ကျောင်းမှ တတ်ခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း သာယာနာပျော်ဖွယ်ကောင်း၍ ဘုရား ကို အထူးကြည်ညိုဖွယ်ဖြစ်အောင် ရှိခိုးရသည်။ ရောင်ခြည်တော်ဘွဲ့၊ ဘုရား ပင့်၊ ဘုရားရှိခိုး၊ ရတနာသုံးပါးသည် အံ့သြဖွယ် အကောင်းဆုံး၊ အထွတ် မြတ်ဆုံးဆိုသော ဘုရားရှိခိုးများကိုမူ ကျွန်မတို့ ညီအစ်မတွေအနက် ၁၂ နှစ်မှ ငါးနှစ်သမီးအထိ သမီးများကိုနှုတ်တိုက် ချပေးပါသည်။ စာတတ်သူ များကိုမူ ကျက်ခိုင်းပါသည်။ ကျောင်းစာကျက်ချိန်မှအပ အားလပ်ချိန် များတွင် ဦးဆုံးရသူကို ပိုက်ဆံတစ်မက် ဆုချမည်ဟု ပြောကာ ကျက်ခိုင်း တတ်ပါသည်။

ကျွန်မသည် ဟိုတုန်းက အဖိုးတန်သည့် ပိုက်ဆံတစ်မတ်ကို လိုချင်၍ ပထမဆုံးရအောင် ကြိုးစားပမ်းစား ကျက်ခဲ့သူဖြစ်ပါသည်။ စစ်မီးလောင် တော့မည်ကို ကြိုသိနေပြီဖြစ်သော ဖေဖေသည် ကျွန်မတို့အား အခါတိုင်း ဘုရားရှိခိုးများနှင့်မတူသော ဂါထာတစ်ပုဒ်ကို ရေးပြီး ကျက်ခိုင်းပြန်ပါ သည်။

ပါဠိအဆင့်များကို ကျွန်မတို့ ဖတ်တတ်နေပြီ။ ဖတ်နည်းကို ဖေဖေပြပေး ထားသည့်ပြင် ဘုရားစာ ကျက်မှတ်ရ၍ မခက်ခဲဘဲ အလွယ်တကူ ဖတ်တတ် ပါသည်။ သည်တစ်ခါ ဖေဖေ ကျက်ခိုင်းသည်က ပါဠိလိုချည်းသက်သက်၊ ကျက်၍ရသည့်အခါမှ မြန်မာပြန်ပြီး ပြောပြမည်ဟု ဖေဖေကပြောပါသည်။ ဂါထာအမည်က "ရတနာရွှေချိုင့်"၊ ဂါထာအပိုဒ်က ဆယ့်ငါးပိုဒ် ရှိပါ သည်။

သို့ရာတွင် မြန်မာစာသက်သက် မဟုတ်ဘဲ ပါဠိတော်ဖြစ်သဖြင့် ခက်ခဲ စွာ ကျက်မှတ်ရပါသည်။ သည်အချိန်က ကျွန်မအသက်ကလည်း ငယ်ပါ

သေးသည်။ သို့ရာတွင် ဖေဖေ သင်ပေးထားသဖြင့် ဗုဒ္ဓရှင်တော် မြတ်ဘုရားအား အကြွင်းမရှိယုံကြည်စိတ်၊ မြတ်နိုးကိုးကွယ်လိုစိတ် သဒ္ဒါစိတ်၊ ကြည်ညိုစိတ်က ထက်သန်ပြင်းပြနေပြီမို့ တစ်နေ့တည်းနှင့်ရအောင် ကျက်ခဲ့ပါသည်။

"ရတနာရွှေချိုင့်ဆိုတာ ဘာအဓိပ္ပာယ်လဲ ဖေဖေ"ဟု စာဒကတက်ကာ မေးခဲ့ပါသည်။ ဖေဖေက မြတ်စွာဘုရားနှင့်တကွ ရဟန္တာအရှင်မြတ်ကြီးများသည် မိမိခေါင်းမှစ၍ တစ်ကိုယ်လုံးပေါ်တွင် ရပ်တည်ပျော်စံနေကြသဖြင့် ဘေးရန် ခပ်သိမ်း ကင်းငြိမ်းနိုင်သည့် ရွှေချိုင့်ကြီးထဲ၌ နေရသာလို ဖြစ်၍ ရတနာရွှေချိုင့်ဟု ခေါ်ကြောင်း ရှင်းပြပါသည်။

သည်တော့လည်း ဝမ်းမြောက် ဝမ်းသာဖြင့် ရအောင်ကျက်ရသည်။

ကျက်၍ရသည်နှင့် ဘုရားခန်းဝယ် ညီအစ်မတွေ ဘုရားရှိခိုးကြစဉ် ရတနာရွှေချိုင့် ဂါထာတော်ကိုပါ ဆိုကြရသည်။ ငယ်သော ညီမလေးများကလည်း မမီမကမ်းလိုက်ဆိုကြသည်။

၁၉၄၂-ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင်မူ ရန်ကုန်မြို့သူမြို့သားများ ရန်ကုန်မှ ထွက်ခွာ၍ တောတောင်ကောင်းသည့်နေရာများတွင် ရွှေ့ပြောင်းနေကြရပြီ။

သည်အချိန် မြန်မာတစ်ပြည်လုံး စစ်မီး ဟုန်းဟုန်းတောက်ပြီ ဖြစ်၏။ ၁၉၄၂-ခု၊ နှစ်လယ်လောက်တွင်မူ မြန်မာပြည်ကို ဂျပန်များအုပ်စိုးလျက်ရှိပြီ။

ဂျပန်အုပ်စိုးနေချိန်တွင်လည်း မြန်မာပြည်သူ ပြည်သားတို့ စိတ်မချမ်းသာကြရပေ။ အင်္ဂလိပ်က နေရာအနှံ့အပြား မီးလောင်ဗုံးတွေချ၊ ကျွဲနှစ်ကောင်ဟု ခေါ်သည့် လေယာဉ်ပျံများကလည်း စက်သေနတ်ဖြင့် မြို့တိုင်းရွာတိုင်း တရစပ် ပစ်ခတ်နှင့် သေမင်းက မိမိတို့အနီးအနားတွင် ရှိနေပြီမို့ လူတိုင်း တုန်လှုပ် ချောက်ချားလျက် ရှိနေကြပါသည်။

ကျွန်မတို့ဖေဖေ အလုပ်လုပ်ရသော မြို့ကလေးတွင်လည်း မကြာမကြာ လေယာဉ်ပျံများ၏ ပစ်ခတ်ခြင်းကို ခံနေရ၏။

ဖေဖေကလည်း ရတနာရွှေချိုင့် ဂါထာတော်ကို ဘုရားရှိခိုးချိန်မှာသာမက အားလပ်နေသမျှ ရွတ်ဖတ်နေပါဟု မေမေနှင့်တကွ တစ်အိမ်သား

လုံးကို ညွှန်ကြားထားသည်။ ကျွန်မတို့မှာ ထမင်းချက်ရင်း၊ အိမ်သိမ်းရင်းနှင့်ပင် ရွတ်နေမိပါသည်။

ကပ်ကြီးသုံးပါး ဆိုက်သည်ဟု ဆိုရမလားမသိ။ စစ်မီးဒဏ်က နီးနေသလို ရောဂါများကလည်း ဖိစီးလာသည်။ တစ်မြို့လုံးလိုလို ကျောက်ရောဂါ ဖြစ်ပွားနေပြီ။

ကျွန်မတို့ အိမ်သားများတွင် မေမေသည် ကျောက်ရောဂါကို အလွန်ကြောက်ရှာပါသည်။ ထိုသို့ ကြောက်ပါသည်ဆိုသော မေမေသည် အဆိုးရွားဆုံးဖြစ်သည့် ကျောက်ကြီးရောဂါဖြစ်သော "ကျောက်သားရေ" ဟုခေါ်သည့် ကျောက်ရောဂါကို ခံစားရပါသည်။လေယာဉ်ပျံများကလည်း ဗုံးကြဲခြင်း ပိုမိုလာသည်။

ကျွန်မတို့မှာ မေမေ့ကို ပြုစုရ၊ သေနတ်သံ နားထောင်ရနှင့် စိတ်ညစ်နေရသည်။ ကျွန်မတို့ အိမ်ခြံဝင်းအတွင်းမှာ ဗုံးခိုကျင်း တူးထားသည်။ ထို့ကြောင့် လေယာဉ်ပျံသံကြားလျှင် အိမ်သားတစ်စုလုံး ဝင်နေမှ ကျည်ဆံဘေး ကင်းဝေးနိုင်သည်။

လေယာဉ်ပျံသံကြားလျှင် မေမေသည် ဦးဆုံး ဝင်ပုန်းနေကျ ဖြစ်ပါသည်။ သို့ရာတွင် မေမေ့ရောဂါက သွေးပြည်များ၊ ကျောက်ရည်များနှင့် တစ်ကိုယ်လုံး ဖြစ်နေသည်ဆိုတော့ ဗုံးခိုကျင်း မဆင်းနိုင်ပါ။ ပွေ့၍လည်း မဖြစ်။ မေမေ့ကို ပွေ့ဆင်းနိုင်သူလည်း မရှိနှင့် မေမေသည် ဘုရားစာများရွတ်ပြီး ကြောက်ရွံ့စွာနေရရှာသည်။

တစ်နေ့မှာ အလွန်ပြင်းထန်သော ဗုံးကြဲချခြင်းများကို နေ့ရာ အနှံ့အပြား ခံစားရသည်။ ကျွန်မတို့အိမ်ကြီးသည် နှစ်ထပ်ဖြစ်ပြီး အလွန်မြင့်သဖြင့် မည်သို့အထင်ရောက်သည်မသိ၊ လေယာဉ်ပျံသည် အိမ်အနီးမှာဝဲပြီး စက်သေနတ်ပစ်ခြင်း၊ ဗုံးကြဲခြင်းတို့ကို ပြင်းထန်စွာပြုနေသည်။ တစ်အိမ်သားလုံး မနေနိုင်ဘဲ ဗုံးခိုကျင်းထဲ ဆင်းပြေးကြရသည်။

မေမေသည် ငယ်သံပါအောင်အော်၍ ဗုံးခိုကျင်းထဲ သွားပါရစေဟု ပြောနေသည်။ ဖေဖေသည်လည်း ဘာမျှမတတ်နိုင်ပါ။ မေမေ့ကို ပစ်မထားရက်၊ ကျွန်မသည်လည်း လေယာဉ်ပျံမကြောက်သူဟု ကိုယ့်ကိုယ်ကို ပြောတတ်သူဖြစ်သဖြင့် ပက်လက်ဖြစ်နေ၍ ရွေ့မရသော မေမေ့အနားမှာပဲ နေမိသည်။ မေမေ့ကိုလည်း ပစ်မထားရက်ပါ။ သည်အခါ ဖေဖေက

"ကဲ-အမေကြီး၊ ဘာမှ မကြောက်နဲ့နော်၊ ရတနာရွှေချိုင့်ကိုပဲ ရွတ်ပြီး မျက်စိမှိတ်နေ။ တို့သားအဖ အမေကြီးရဲ့ခြေရင်း၊ ခေါင်းရင်းက နေပြီး ရတနာရွှေချိုင့်ကိုပဲ ရွတ်မယ်။ ကဲ–သမီး၊ မေမေ့ခြေရင်းမှာ မတ်တတ်ရပ်၊ နားကိုပိတ်ထားပါ။ ဖေဖေလဲ အဲဒီလိုနေပြီး တစ်ပြိုင်တည်း ရွတ်ကြမယ်။ တို့ကိုးကွယ်စရာ ဒါပဲရှိတယ်။ ကဲ-ဆို။" သည့်လိုပြောပြီး စ၍ ရွတ်ကြသည်။ မိသားစု သုံးယောက်အသံသည် တစ်သံတည်း ထွက်ပြီး ကြည်ညိုဖွယ် ရှိလှပါသည်။

လာပါပြီ။ လေယာဉ်ပျံများ အိမ်ပေါ်မှာ ဝဲကာ ဝဲကာနှင့် စက်သေနတ်များပစ်ပါပြီ။ ဝုန်း–ခနဲ အသံကြီးများလည်း ကြားရပါပြီ။ "သမီး မျက်စိမှိတ်။ ပြီးရင် ပြန်ဆို၊ ပြန်ဆို၊ မနားနဲ့။"

ဖေဖေက ဗုံးသံ နားထောင်နေသော ကျွန်မကို သတိပေးပါသည်။ ကျွန်မသည် လုံးဝမတုန်လှုပ်။ မကြောက်မရွံ့။ ဗုဒ္ဓ၏ အစွမ်းထက်သော ဂါထာတန်ခိုးကို မမှိတ်မသုံ ယုံကြည်သောစိတ်က ကျွန်မ ရင်မှာ ပြည့်လျှမ်းလျက် ရှိသည်။

အသံကြီးများကလည်း တဝုန်းဝုန်းနှင့် ကြောက်မက်ဖွယ်လိလိ။ နားပိတ်မထားလျှင်မူ နားကွဲဖွယ်ရာ ရှိပါသည်။ ဖေဖေက ဂါထာ၏အနက်ကို ပြောပြထားပြီးဖြစ်၍ နှစ်ကျိတ်ရှစ်ဆူကုန်သော ဘုရားရှင်နှင့်တကွ ဂေါတမ မြတ်စွာဘုရားသည် ကျွန်မတို့ ခေါင်းထက်၌လည်းကောင်း၊ တရားတော်မြတ်သည် ကျွန်မမျက်လုံးနှစ်ဖက်၌ လည်းကောင်း၊ ရှစ်ပါးသော အရိယာ သံဃာတော်မြတ်တို့သည် ကျွန်မ၏ ရင်၌လည်းကောင်း တည်တော်မူသည်ဟု ယုံကြည် ကိုးစားစွာဖြင့် ရွတ်ဖတ်နေဆဲပင်။

အိမ်ကြီး တစ်ခုလုံးလည်း သိမ့်ခနဲ သိမ့်ခနဲ တုန်လှုပ် နေပါသည်။ တဖြည်းဖြည်းနှင့် လေယာဉ်ပျံသံ၊ ဗုံးသံ၊ စက်သေနတ်သံများ စဲသွားပြီ။ ကျွန်မတို့အိမ်သားတစ်စုတို့သည် ဗုံးခိုကျင်းထဲမှ ထွက်၍ ကျွန်မတို့ရှိရာ အိမ်ပေါ်သို့ မဝံ့မရဲ၊ မကြည့်မရဲဖြင့် တက်လာကြသည်။ သူတို့တတွေသည် သေနေကြမည်ဖြစ်သော ကျွန်မတို့ အလောင်းသုံးလောင်းကို မြင်ရတော့မည်ဟု တွက်ဆခဲ့ကြသည်ဟု သိရှိရပါသည်။

သို့သော် ရတနာရွှေချိုင့် တန်ခိုးတော်ကြောင့် ကျွန်မတို့မိသားစု ဘေးကင်းစွာ ရပ်တည်နေသည်ကို မြင်ကြရသည်။ အားလုံး ဝမ်းသာအားရဖြင့် ကျွန်မတို့အား ဖက်တွယ်ကာ ငိုလည်းငိုကြ၊ ဝမ်းသာကြနှင့် ဖြစ်နေပါသည်။

ကျွန်မတို့ အိမ်ကြီး၏ နံရံဟူသမျှတို့သည် စက်သေနတ်မှန်သည့်အပေါက်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်တော့လည်း ကျွန်မတို့နေကြသည့် အခန်းနှင့် ကပ်လျက်ရှိသော အိမ်ဘေး မြေကြီးမှာ ဗုံးကျ၍ ကျင်းကြီးဖြစ်နေသည်ကို တွေ့ရပါသည်။ အားလုံးတို့သည် တအံ့တသြ ဖြစ်လျက်ရှိကြပါသည်။ ကျည်ဆံများနှင့် ကျည်ဆံပေါက် များသည် ကျွန်မတို့အနီးတွင် ပြန့်ကြဲလျက်။

"သမီး တို့ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးနှင့်တကွ မြတ်ဘုရားရဲ့ နှုတ်ကပါဌ်တော် တန်ခိုးကြီးမားပုံကို ယုံပြီလား။ အမှုကြည့်စမ်း တို့တစ်တွေဟာ ဗုံးကြား စက်သေနတ်ကြားမှ မသေမပျောက်ဘဲ ရှိနေရတယ်။ ဒါဟာ လက်တွေ့။ သူပြော လူပြောမဟုတ်ဘူးနော်။"

ဖေဖေ ပြောပြသည်ကို နားထောင်ရင်း ကျွန်မရင်ထဲတွင် အကြွင်းမရှိ ယုံကြည်မှု ပြင်းထန် စွဲမြဲခဲ့ပါ၏။

ထို့ကြောင့်ပင် ငယ်စဉ်ကာစ၍ ယခုအသက်တိုင်အောင် တစ်နေ့မျှမပျက်ဘဲ နံနက် အိပ်ယာထ၍ ဘုရားရှိခိုးတိုင်း သြကာသ ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူပြီးလျှင် ရတနာရွှေချိုင့်ကို ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ငယ်စဉ် က ရွတ်ဆိုခဲ့ရသော သည်ဂါထာကို ဘယ်တော့မှ မမေ့တော့ပါချေ။

ဗုဒ္ဓဘာသာကို ယုံကြည်မှုသည်လည်း မယိုင်မလဲဘဲ ခိုင်ခိုင်မြဲမြဲ ရင်ထဲနှလုံးထဲတွင် စွဲမြဲလျက်ရှိပါတော့သည်။ ထို့ကြောင့် သူတော်ကောင်းအပေါင်းတို့သည် ယင်း ရတနာဇရွှေချိုင့် ဂါထာတော်ကို ယုံကြည်စွာ ရွတ်ဖတ်ကြပါဟု ကျွန်မ၏ ဇစ်အတွင်း ကြုံတွေ့ရသော လက်တွေ့သာဓကဖြင့် တိုက်တွန်းလိုက်ရပါသည်။

ရတနာရွှေချိုင့် ဂါထာတော် ပါဠိနှင့်အနက်ကို အောက်တွင် သီးခြားဖော်ပြလိုက်ပါသည်။ ဤဆောင်းပါးဖြင့် အသက် ရှစ်ဆယ့် ရှစ်နှစ်တွင် ကွယ်လွန်ခဲ့သော ဖခင်ကြီးအား ကန်တော့လိုက်ရပါသည်။

၀ ၀ ၆

ဒုတိယ အကြိမ်

## ရတနာ ရွှေချိုင့် ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဇယာသနာ ဂတာ ဗုဒ္ဓါ၊ ဇိတွာ မာရံ သဝါဟနံ၊
စတုသစ္စာ မတရသံ၊ ယေ ပိဝိံ သု နရာသဘာ။

၂။ တဏှင်ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိ နာယကာ၊
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပတိဋ္ဌိတော နောသိ၊ ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ၊
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ၊ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊
သာရိပုတ္တော စ ဒက္ခိဏေ၊
ကောဏ္ဍညော ပစ္ဆာဘာဂသ္မိံ၊
မောဂ္ဂလ္လာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝဏေ မယှံ၊
အာသုံ အာနန္ဒ ရာဟုလာ၊
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘံကရော၊
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုင်္ဂဝေါ။

၇။ ကုမာရ ကဿပေါနာမ၊ မဟေသီ စိတြဝါဒကော၊
သောမယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၈။ ပုဏ္ဏော အင်္ဂုလိမာလောစ၊ ဥပါလိ နန္ဒ သီဝလိ၊
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာဝိယ။

၉။ တေဟိ သေသာ မဟာထေရာ၊ ဇိတဝန္တော ဇိနောရသာ
ဇလန္တာ သီလတေဇေန အင်္ဂမင်္ဂေသု သဏ္ဌိတာ။

ဒုတိယ အကြိမ်

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ
ဓဇဂ္ဂံ ပစ္ဆတော အာသိ ဝါမေ အင်္ဂုလိမာလကံ။

၁၁။ ခန္ဓမောရပရိတ္တဉ္စ၊ အာဋာနာဋိယ သုတ္တကံ၊
အာကာသေ ဆဒနံ အာသိ၊ သေသာ ပါကာရလက်ဏာ။

၁၂။ ဇိနာနံ ဗလသံယုတ္တေ၊ ဓမ္မပါကာရလင်္ကတေ၊
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓပဉ္စရေ။

၁၃။ ဝါတပိတ္တာဒိ သဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ၊
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။

၁၄။ ဇိနပဉ္စရ မဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ၊
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာသဘာ။

၁၅။ ဣစ္စေဝမေကန္တ ကတော၊ သုရက္ခော ဇိနာနုဘာဝေ၊
ဟတာရိ သံဃော သံဃသ၊ တေဇေန ဂုဏာကရဿ။

## ရတနာရွှေချိုင့် အနက်

၁။ ဇယာသနာဂတာ၊ အောင်နေရာခွင် အပရာဇိတပလ္လင်သို့ရောက်တော်မူကုန်ထသော။ နရာသဘာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်ထသော။ ယေဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ တေဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည်။ သဝါဟနံ၊စစ်သည်ဗိုလ်ပါနှင့်တကွဖြစ်သော။ မာရံ၊ မာရ်နတ်သားကို၊ ဇိတွာ၊ အောင်တော်မူလေကုန်သည်ဖြစ်၍။ စတုသစ္စာမတရသံ၊ သစ္စာလေးဖြာ မြိုက်ရသာကို။ ပိဝိံသု၊ သောက်တော်မူလေကုန်ပြီ။

၂။ မုနိဿရာ၊ ရသေ့ရဟန်း အပေါင်းတို့ကို အစိုးရတော်မူကုန်ထသော ။နာယကာ၊လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ခရီးလမ်းညွှန်သဖွယ်လည်း ဖြစ်တော်မူကုန်ထသော၊ အဋ္ဌဝီသန္တိ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ တဏှင်္ကရာဒယော၊ တဏှင်္ကရာဘုရား အစရှိကုန်သော။ ယေဗုဒ္ဓါ၊အကြင်မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည်။ မယှံ၊ အကျွန်ုပ်၏။ မတ္ထကေ၊ဦးခေါင်းထက်၌။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဒုတိယ အကြိမ်

၃။ သဗ္ဗဂုဏာကရော၊ခပ်သိမ်းသော ဂုဏ်ကျေးဇူးတော်အပေါင်းတို့၏ တည်ရာလည်း ဖြစ်တော်မူသော။ နော၊ အကျွန်ုပ်တို့၏။ ဗုဒ္ဓေါ၊ ဂေါတမ မြတ်စွာဘုရားသည်။ မယှံ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်း၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ ဓမ္မော၊ ကိုးပါးသော လောကုတ္တရာ တရားတော်သည်။ မယှံ၊ အကျွန်ုပ်၏။ ဒွိလောစနေ၊ မျက်စိ နှစ်ဘက်၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ သံဃော၊ မဂ္ဂဋ္ဌာန် လေးယောက်၊ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်သည်။ မယှံ၊ အကျွန်ုပ်၏။ ဥရေ၊ ရင်၌။ ပတိဋ္ဌိတော၊ တည် တော်မူသည်။ အသိ၊ ဖြစ်ပြီ။

၄။ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါသည်။ မေ၊ အကျွန်ုပ်၏။ ဟဒယေ၊ နှလုံး၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ သာရိပုတ္တော စ၊ အရှင်သာရိပုတ္တရာသည်လည်း။ မေ-မမ၊ အကျွန်ုပ်၏။ ဒက္ခိဏေ၊လက်ယာ၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ ကောဏ္ဍညော၊ ကောဏ္ဍည အရှင်သည်။ မမ၊ အကျွန်ုပ်၏။ ပစ္ဆာဘာဂသ္မိံ၊ နောက်အဖို့၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ မောဂ္ဂလ္လာနော စ၊ အရှင်မောဂ္ဂလာန် သည်လည်း။ မမ၊ အကျွန်ုပ်၏။ ဝါမကေ၊ လက်ဝဲ၌။ ပတိဋ္ဌိတော တည် တော်မူသည်။ အသိ၊ ဖြစ်ပြီ။

၅။ အာနန္ဒရာဟုလာ၊ အရှင်အာနန္ဒာ, အရှင်ရာဟုလာတို့သည်။ မယှံ၊ အကျွန်ုပ်၏။ ဒက္ခိဏေသဝဏေ၊ လက်ယာနား၌။ ပတိဋ္ဌိတာ၊ တည်တော်မူ ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။ ကဿပေါ စ၊ ကဿပအရှင်သည်လည်း ကောင်း။ မဟာနာမော စ၊ မဟာနာမ် အရှင်သည်လည်းကောင်း။ ဥဘော၊ နှစ်ပါးသော အရှင်တို့သည်၊ မယှံ၊ အကျွန်ုပ်၏။ ဝါမသောတကေ၊ လက်ဝဲ နား၌။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၆။ သူရိယောဝ၊ နေမင်းကဲ့သို့။ ပဘင်္ကရော။ အရောင်ကိုပြုတတ်သော။ သိရိသမ္ပန္နော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော၊ မုနိပုင်္ဂဝေါ၊ ရဟန်းတကာတို့၏ အရှင်ဖြစ်သော။သောဘိတော၊ သောဘိတ အရှင်သည်။ မယှံ၊ အကျွန်ုပ်၏။ ကေသန္တေ၊ ဆံ၏အဆုံးဖြစ်သော။ ပိဋ္ဌိဘာဂသ္မိံ၊ ကျောက်ကုန်းအဖို့၌။ နိသန္နော၊ နေတော်မူသည်။ အသိ၊ ဖြစ်ပြီ။

၇။ မဟေသိ၊ သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာတော်မူလေ့ရှိသော။ စိတြဝါစကော၊ ဆန်းကြယ်သော တရားစကားကို ဆိုတော်မူတတ်သော။ ဂုဏာကရော၊ ကျေးဇူးတော်အပေါင်း၏ တည်ရာ

ဒုတိယ အကြိမ်

ဖြစ်တော်မူထသော။ ကုမာရကဿပေါနာမ၊ ကုမာရကဿပ–မည်တော်မူသော။ သောထေရော၊ ထိုမထေရ်သည်။ မယှံ၊ အကျွန်ုပ်၏။ ဝဒနေ၊ နှုတ်ခမ်း၌။ နိစ္စံ၊ အမြဲ။ ပတိဋ္ဌာသိ၊ တည်တော်မူ၏။

၈။ ပုဏ္ဏောစ၊ အရှင်ပုဏ္ဏ မထေရ်လည်းကောင်း၊ အင်္ဂုလိမာလောစ၊ အရှင်အင်္ဂုလိမာလမထေရ်လည်းကောင်း။ ဥပါလိနန္ဒသီဝလိစ၊ အရှင်ဥပါလိထေရ်၊ အရှင်နန္ဒထေရ်၊ အရှင်သီဝလိထေရ်လည်းကောင်း။ ဣမေပဉ္စမဟာထေရာ၊ ဤငါးပါးသော မဟာထေရ်တို့သည်။ မေ၊ အကျွန်ုပ်၏။ နလာဋေ၊ နဖူးပြင်၌။ တိလကာဝိယ မှန်ကူသကဲ့သို့၊ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၉။ တေဟိ၊ ထိုအရှင်အနုရုဒ္ဓါ၊ အရှင်သာရိပုတ္တရာ အစရှိသော အရှင်တို့မှ၊ သေသာ၊ ကြွင်းကုန်သော။ ဇိတဝန္တော။ အောင်အပ်ပြီးသော ရမွက်ရှိကုန်သော။ ဇိနောရသာ၊ မြတ်စွာဘုရားသခင်၏ သားတော်ဖြစ်ကုန်သော။ သီလတေဇေန၊ သီလတန်ခိုးအားဖြင့်။ ဇလန္တာ၊ ထွန်းတောက်ပကုန်သော။ မဟာထေရာ၊ မဟာထေရ်တို့သည်။ မေ၊ အကျွန်ုပ်၏။ အင်္ဂမင်္ဂေသု၊ မြတ်သောအင်္ဂါတို့၌၊ သဏ္ဌိတာ၊ ကောင်းစွာတည်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၁၀။ ရတနံ၊ ရတနသုတ်ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ပုရတော၊ ရှေ့မှ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။ မေတ္တသုတ္တကံ၊ မေတ္တသုတ်ပရိတ်တော်သည်ကား။ မေ၊အအကျွန်ုပ်၏။ ဒက္ခိဏေ၊ လက်ယာ၌၊ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။ ဓဇဂ္ဂံ၊ ဓဇဂ္ဂသုတ် ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ပစ္ဆတော၊ နောက်မှ။ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။ အင်္ဂုလိမာလ၊ အင်္ဂုလိမာလသုတ် ပရိတ်တော်သည်၊ မေ၊ အကျွန်ုပ်၏။ ဝါမေ၊ လက်ဝဲ၌။ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။

၁၁။ ခန္ဓမောရပရိတ္တဉ္စ၊ ခန္ဓသုတ်၊ မောရသုတ် ပရိတ်တော်သည်လည်းကောင်း။ အာဋ္ဌာနာဋိယသုတ္တကံ၊ အဋ္ဌာနာဋိယသုတ် ပရိတ်တော်သည်လည်းကောင်း။ အာကာသေ၊ ကောင်းကင်၌။ ဆဒနံဝိယ၊ ထီးကဲ့သို့။ အာသိ၊ ဖြစ်ပြီ။ သေသာ၊ ကြွင်းကုန်သော ပရိတ်တော်တို့သည်ကား။ ပါကာရလက်တာဝိယ၊ တံတိုင်းကဲ့သို့ ကောင်းစွာတည်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏။

၁၂။ ဇိနာနံ၊ ငါးပါးမာရ်ဖအောင်၊ မြတ်ဘုန်းခေါင်တို့၏။ ဗလသံယုတ္တော၊ ဆယ်ပါးသော အားတော်နှင့် ယှဉ်ထသော။ ဓမ္မပါကာရလက်တေ၊ တရားတော်တည်းဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင်အပ်ထသော။ သမ္မာသမ္ဗုဒ္ဓပဉ္ဇရေ၊ မြတ်စွာဘုရားတည်းဟူသော ရွှေချိုင့်၌၊ အကိစ္စေန၊ မငြိုငြင်သဖြင့်။ ဝသတော၊ နေသော။ မေ၊ အကျွန်ုပ်အား။

၁၃။ ဝါတပိတ္တာဒိသဉ္ဇာတာ၊ လေ၊ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော။ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ၊ အတွင်းအပ ဥပဒ္ဒ ဖြစ်ကုန်သော ဘေးရန်တို့သည်။ အနန္တဂုဏ တေဇသာ၊ အဆုံးမရှိသော ကျေးဇူးတော်ရှိသော ရတနာသုံးပါး၏ တန်ခိုးတော်အားဖြင့်။ အသေသာ၊ အကြွင်းအကျန် မရှိကုန်သည်ဖြစ်၍၊ ဝိနာသံ၊ ပျောက်ပျက်ခြင်းသို့။ ယန္တု-ပါလေန္တု၊ ရောက်စေကုန်သတည်း။

၁၄။ ဇိနပဉ္ဇရမဇ္ဈမှိ၊ မြတ်စွာဘုရား သခင်တည်းဟူသော ရွှေချိုင့်အလယ်၌။ ဝိဟရန္တံ၊ နေသော။ မံ၊ အကျွန်ုပ်ကို။ မဟီတလေ၊ မြေအပြင်၌။ အာသဘာ၊ ကြီးမြတ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေမဟာပုရိသာ၊ ထိုယောကျ်ားမြတ်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ပါလေန္တု၊ စောင့်ရှောက်စေကုန်သတည်း။

၁၅။ ဣစ္စေဝံ–ဣတိဧဝံ ယထာဝုတ္တ ပကာရေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ မေ-မယာ၊ ငါသည်။ ကေန္တံ-ဧကန္တေန၊ စင်စစ်အားဖြင့်။ သုရက္ခော၊ ကောင်းသော အစောင့်အရှောက်ကို။ ကတော၊ ပြုအပ်ပြီ။ ဇိနာနုဘာဝေ–ဇိနာနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော်တော်အားဖြင့်။ ဟတာရိသံဃော၊ သတ်အပ်ပြီးသော ဘေးရန်အပေါင်းရှိသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ဂုဏာကရဿ၊ သီလ၊ သမာဓိအစရှိသော ကျေးဇူးအပေါင်းတို့၏ တည်ရာဖြစ်သော။ သံဃဿ၊ ပရမတ္ထ သံဃာတော်၏။ တေဇေန၊ တန်ခိုးဖြင့်။ သုစိတ္တော၊ ကိုယ်စိတ်၏ ချမ်းသာခြင်းသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ။

ယုဝတီ-ရွှေဝါစိန်



# ရတနာသုံးသွယ် ဘေးရန်ကယ်

ဦးသောင်းညွန့်—ရေနံချောင်း

မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်လာအုံ့ဆဲဆဲအချိန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ် မီးလောင်တော့မည်ဟု ကျွန်တော်၏ ဖခင်ကြီးနှင့် မိတ်ဆွေကြီးများက ခန့်မှန်းကြသည်။ စစ်ဖြစ်လာလျှင် စစ်မီးဘေးရှာ ပြေးရှောင်ကြဖို့၊ အန္တရာယ်ကင်းရန် ရတနာသုံးပါး ပိုမိုအားထားကြဖို့ တိုင်ပင်ကြသည်ကို ကျွန်တော် မှတ်မိနေပါသေးသည်။

တိုင်ပင်ကြရာတွင် ရန်ကုန် သျှပ်စစ် ကော်ပိုရေးရှင်း ဘုတ်အဖွဲ့ကြီးမှ ဥက္ကဋ္ဌဟောင်း ဦးထွန်းအုံလည်း ပါရှိပါသည်။ သူကား ရေနံချောင်း ဘီ၊ အို၊ စီ ကုမ္ပဏီတွင် အင်ဂျင်နီယာအဖြစ် အမှုထမ်းဆဲကာလ ဖြစ်ပါသည်။ သူက စစ်ကြီးဖြစ်လာလျှင် ရေကြည်ရာ မြက်နုရာသို့ ခိုအောင်းအပ်ကြောင်း၊ ရေနံမြေကို မြေလှန်စနစ်ဖြင့် ဖျက်သိမ်းပေလိမ့်မည် ဖြစ်ကြောင်း ပြောပြသဖြင့် ကျွန်တော့်ဖခင်ကြီး ဦးစံရွှေနှင့် ဦးလေးတော်သူ ဦးတင် (ချောက်မြို့ ဘီ အို စီ အင်ဂျင်နီယာချုပ်) တို့ တိုင်ပင်ကြပါသည်။ ဦးတင်၏ ဇနီး ဒေါ်အိ (ယခု ဒေါ်သီလဝတီ၊ စစ်ကိုင်း ယုဇနသင်္ဂီချောင်) နှင့် သူ့အစ်မ ဒေါ်မို့(စာရေးသူ၏ မိခင်) တို့က ရွှေ့ပြောင်းနေထိုင်ရေးအတွက် စီစဉ်ကြရပါတော့သည်။ ရွှေ့ပြောင်းသွားမည့် ဒေသမှာ မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကျောက်ရဲရွာကလေးပင် ဖြစ်ပါတော့သည်။ အစားအသောက်ပေါပြီး ချမ်းမြေ့စွာ နေထိုင်ခဲ့ရသော ဒေသဖြစ်သည်။သက်တော်ရှည် မြတ်ဘုရားကြီးကို မြစ်ကြောင်းမှ လှမ်းပြီး ဖူးမြော်နိုင်သော ကုန်းမြင့်၌ တည်ထားပါသည်။

## ဒုတိယ အကြိမ်

ထိုစဉ် ဖခင်ကြီးတို့ ကိုးကွယ်သော တောင်တွင်းကြီးမြို့မှ တောရဆရာတော်ကြီးတစ်ပါး ကြွရောက်လာပါသည်။ သက်တော် ၇၀–ခန့်ရှိပါပြီ၊ ဦးနန္ဒဝံသဟု သိရပါသည်။ အမြင်ပေါက်သည်ဟု ပြောကြပါသည်။တောင်ဝှေးနက်ကြီးနှင့် ဖြူဖြူဖွေးဖွေး ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။ ဆရာတော်ထံတွင် ကြေးပြားတစ်ချပ် ပါလာပြီး ယင်းကြေးပြားပေါ်တွင် "အကာတော်ကြီး" ဂါထာတော်တစ်ပုဒ် ပါရှိပါသည်။ ဆရာတော်ကြီးက "မောင်စံရွှေ၊ မောင်ထွန်းအုံတို့ ဒီဟာကို ကူးရေးကြ။ မကြာခင် ကပ်သုံးပါးဆိုက်လိမ့်မယ်။ ဘုရားစင်တော်မှာ ချိတ်ဆွဲထား၊ ရအောင်ကျက်၊ ရွတ်ဖတ်ပွားများကြ" ဟု အမိန့်တော်ရှိပါသည်။

ကျွန်တော်တို့ ဆွေမျိုးတစ်စုလည်း လှေကြီး စင်းလုံးငှားပြီး ကျောက်ရဲသို့ ရွှေ့ပြောင်းနေထိုင်ကြပါသည်။ ၁၉၄၂-၄၃- ခုနှစ်လောက်က ဖြစ်ပြီး မြို့မှ ရွှေ့ပြောင်းလာသူ စစ်ပြေးများနှင့် စည်ကားလှပါသည်။ မည်သည့် အန္တရာယ်ဆိုးနှင့်မျှ မကြုံရသေးပါ။

ကျောက်ရဲရွာကို ရောက်ပြီး တတိယနှစ်ပိုင်းလောက်တွင် ရွာလုံးကျွတ်နီးပါး ကျောက်ရောဂါ ဖြစ်ပွားကြရသော်လည်း အိမ်လုံးကျွတ် လွတ်ခဲ့ရပါသည်။ သို့သော် ထိုရောဂါန္တရကပ်ဘေးပြီးသည့်နောက် စားရေရိက္ခာ ရှားပါးစပြုလာပါပြီ။ သူခိုး၊ ခားပြလည်း ထူလာပါပြီ။

ကဆုန်လ ပူအိုက်သော ညတစ်ည၊ သန်းခေါင်ယံအချိန်၊ လူကြီးများ အိမ်ရှေ့မှာ ဝိုင်းဖွဲ့ စကားပြောနေကြစဉ် ရွာ၏တောင်၊ မြောက် တံခါးနှစ်ဘက်မှ စက်သေနတ်သံများ တရစပ်ပေါ်လာပါသည်။ "ဟေ့ ရွာသားတွေ၊ မင်းတို့ သေနတ်စုတ်တွေနဲ့ ထွက်မလာနဲ့၊ တို့မှာ လက်နက်စုံပါတယ်၊ နားထောင်ကွ" ဆိုပြီး အသံမျိုးစုံဖြင့် မိုးသို့ထောင်၍ ပစ်ခတ်နေပါသည်။ တုတ်တုတ်မျှ မလှုပ်ရဲကြ။ မြေမှာ ပြားဝပ်နေကြရပါ၏။ ထိုစဉ် 'ဟေ့ - မင်းတို့နှစ်ဆယ်က ဦးစံရှင်းတိုက်ကိုဝင်၊ မင်းတို့ နှစ်ဆယ်က ပွဲစား ကိုညွှန့်အိမ်ကိုဝင်' ဟု အမိန့်ပေးသံများ ပေါ်လာပါသည်။

ဦးစံရှင်းမှာ တွင်းစားကြီးဖြစ်ပြီး ရွာလယ်မှာ ခြံကြီး၊ တိုက်ကြီးနှင့် နေသူ ရွှေသူဌေးကြီးဖြစ်၏။ ပွဲစားကြီး ဦးညွှန့်ဆိုသူမှာ အကျိုးပေးသန်၍ ငွေများကို ခမြဲတိုက်တူးပြီး ဖက်ပိုကြီး အလုံး ၅၀ ခန့်ဖြင့် လှောင်ထားရသူဖြစ်ပါ၏။ သူက ဖခင်ကြီးအား အစ်ကိုသဖွယ် အားကိုးပြီး ငွေများ၊ စာရင်းများ အပ်နှံထားရာ ဖခင်ကြီးက ထိန်းသိမ်းပေးထားရ၏။ ဖခင်

ကြီးမှာ သူ့အိမ်အပေါ်ထပ် ဘုရားခန်းမှာအိပ်၏။ ခေါ ပြမျှား၏ **အသံကြား** ရစဉ် ဦးညွန့်က ဖခင်ကြီးအား အောက်သို့လာရန် တွဲခေါ်၏။ **ဖခင်** ကြီးမှာ ထိုအချိန်က ထုံနာကျဉ်နာဖြင့် လမ်းမလျှောက်နိုင်ပါ။ **ဖခင်ကြီး** က ကျွန်တော်တို့အားလုံးကို လွတ်အောင်ပြေးပြီး ဆင်းရဲသူ တစ်ဦးအိမ် မှာ သွားရောက်ပုန်းနေဖို့ တိုက်တွန်းသဖြင့် သူ့ကိုထားရစ်ပြီး တွက်ပြေး ခဲ့ကြရသည်။ ဖခင်ကြီး၏ ရွတ်ဖတ်နေသံကို ခပ်သဲ့သဲ့ ကြားနေရ၏။ သို့သော် ကျွန်တော်တို့ကား စိတ်မချမ်းမြေ့ကြ။ ဖခင်ကြီး အသက်ဘေးမှ လွတ်မြောက်ပါစေသား။

ဓားပြအချို့ အနောက် ကျောက်လှေကားမှ တက်လာကြပြီ။လက်နှိပ် ဓာတ်မီး တစ်ဝင်းဝင်း သေနတ်အပြည့်နှင့်။ ဦးညွန့်အိမ်မှာ ကျောက်လှေ ကားမှ အရှေ့သက်တော်ရှည်ဘုရား သွားရာလမ်း မြောက်မှ တောင်သို့ လှည့်လျက်ရှိ၏။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ရှေ့တွင် 'ဦးညွန့် ပွဲစားကြီး' ဟု ဆိုင်းဘုတ်ကြီး ရေးထား၏။ ဓားပြ ၂၀-ခန့် ရှိပါမည်။ ဓာတ်မီး ၃-လက်။ သို့သော် တစ်ဦးက အော်ပြောနေ၏။ 'ဟေ့–ဒီအနားလာပါ ကွာ'ဟု ညည်းရင်း ရှာနေကြ၏။ သို့သော် သူတို့ဘေးက အိမ်ကြီးကို အဟိန်းသား မြင်နေရ၍ မိခင်ကြီးက ဖခင်ကြီးအတွက် စိတ်ပူပြီး ငိုနေ၏။ ရွာလယ် ဦးစံရှင်းအိမ်ဆီမှ စက်သေနတ်သံ ကြားရပြီး ဆူညံသံ၊ ငိုသံ၊ ဝေါက်သံများ ကြားနေရ၏၊ ခွေးပင် မဟောင်ဝံ့။ မျက်စိရှေ့မှ ဓားပြများ လည်း ဟိုလျှောက်၊ သည်လျှောက်၊ အတော်ကြာသော် ဓားပြများ ကျောက်လှေကားအတိုင်း ဆင်းသွားရင်း ဆဲရေးတိုင်းထွာ သွားကြ၏ နံနက်လင်းသော် ဦးစံရှင်းအိမ်မှ စိန်ရွှေများ ပါသွားကြောင်း၊ ဦးညွန့် အိမ်မှာ ကြိမ်းသံကြားရပြီး လွတ်ကျန်ရစ်ခဲ့ကြောင်း ဟိုဒလေးတကြော် ပြောနေကြ၏၊

ဆရာတော်ကြီးက ဂါထာတော်ကို အခြားသူများ အား အကူးခိုင်းပြီး ကြေးပြားကို ဖခင်ကြီးအား ချီးမြှင့်ခဲ့ရာ ဦးညွန့်၏ အိမ်အပေါ်ထပ် ဘုရားခန်း၌ ချိတ်ဆွဲထား၏။ ယင်းဂါထာတော်ကို အောက်တွင် ဖော်ပြ လိုက်ပါသည်၊

ဥုံ–တကျက်ရာအစ၊ ဂေါတမအဆုံး၊ ပတ်ကုံးကြေညာ၊ စိန္တေ ယျာလျှင်၊ ငါလျှင်ရှိခိုး၊ ကိုးကွယ်ရာလျှင်ကတည်း။ ဥုံ–မဟာ သမုဒ္ဒရာ တသီး၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊သီတာခုနစ်တန်

ဒုတိယ အကြိမ်

ငါ့ကို ရန်လော့။ တောင်စဉ်ခုနစ်ထပ်၊ ငါ့ကိုပတ်လော့၊ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီကျုံမြေကြီးသည် ဖျာလိုလိပ် ကာ ဖုံးပိတ်ကာလော့။ တစ်ရာ့ရှစ်လုံး ဂြိုဟ်ကြီးဖုံးလော့။ ရသေ့ ရှစ်သောင်း၊ ကာတုံရှောင်းလော့။ ဥုံ- ငါ၏ ဆရာသည်ကား သဗ္ဗညုတ မြတ်စွာဘုရားသခင်တည်း။ လက်ယာဘက်က အရှင် သာရိပုတ္တရာကို ကိုးကွယ်ပါ၏၊ လက်ဝဲဘက်က အရှင်မောဂ္ဂလာန် ကို ကိုးကွယ်ပါ၏။ ရှေ့က ပိဋကတ်သုံးပုံကို ကိုးကွယ်ပါ၏။ နောက်က ညီတော်အာနန္ဒာကို ကိုးကွယ်ပါ၏။ ပတ်လည် ရဟန္တာ ကို ကိုးကွယ်ပါ၏။ ကြမ္မာမကောင်း ပယ်တုံရှောင်းလော့။ ဒသာ မကောင်း ဝေးတုံရှောင်းလော့။ အိပ်မက်မကောင်း နှင်တုံ ရှောင်းလော့။

ဥုံ—ဗုဒ္ဓစကြာဝဠာ ဟုရုံ ဝါ၊ ဥုံ ဓမ္မစကြာဝဠာ ဟုရုံ ဝါ၊ ဥုံ—သံဃစကြာဝဠာ ဟုရုံ ဝါ၊ ဥုံ—ဘုရားဟူက မောက္ကလု ၂၄။ ဥုံ—တရားဟူက ပါဠိကွေး ၄၅။ ဥုံ— သံဃာဟူက သံချပ်စတ် ၆၇။ ဓုတင် တေရသ၊ မဟာကဿပ ကိန်းဝပ်တော်မူသည်။ မကောင်းဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း အပေါင်းတို့သည် ဖယ်လေ ရှားလေ၊ ဆုတ်လေ၊ ခွာလေ၊ ဝေးလေ ရှဲလေ၊ ဝေးလေစေ။

ကျွန်တော်တို့မိသားစုမှာ ဂါထာတော်ကို အာဂုံဆောင်ပါ၏။ မိတ်ဆွေ အချို့အား ဓမ္မဒါနပြုပါ၏။ သို့သော် မောက္ကလု-၂၄။ ပါဠိကွေး-၄၅။ သံချပ်စတ် ၆၇-၏အဓိပ္ပာယ်ကို မသိပါ။ မိဘနှစ်ပါးရှိစဉ်ကလည်း မေး မထားမိ။ မကြာမီကမှ ရန်ကုန်ဆွေမျိုးများထံမှ တရားစာတစ်ရွက်ရခဲ့ရာ လိုချင်သောအဖြေ ပါရှိသဖြင့် ဝမ်းသာရပါသည်။ စာဖြေရှင်းပေးသည့် ဆရာတော်မှာ ဦးဒေဝိန္ဒဝရ (သာသနဟိတ ဂဏဝါစက ပထမစာချဆရာ တော်) ဖြစ်ကြောင်း သိရပါသည်။

## မောက္ကလု (၂၄)

ဂေါတမဘုရားအလောင်းတော်သည် ဒီပင်္ကရာဘုရားမှစ၍ ကဿပ ဘုရားတိုင်အောင် ၂၄—ဆူသော ဘုရားရှင်ဘို့ထံ ၂၄—ကြိမ်တိုင် နိယတ ဗျာဒိတ်ကို ထပ်တလဲလဲ ခံယူတော်မူခြင်းကို အကြောင်းပြု၍ ဘုရားဟူက မောက္ကလု ၂၄-ဟု ဆိုလိုခြင်းဖြစ်သည်။

## ပါဠိကွေး (၄၅)

ဂေါတမ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ ရောက်တော်မူ သည်မှစ၍ ၄၅-ဝါပတ်လုံး ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ဓမ္မခန္ဓာ

ပေါင်း ရှစ်သောင်းလေးထောင်ကို မနေမနားဟောတော်မူခဲ့ခြင်း**ကို ခေါ်**သည်။

## သံချပ်ဝတ် (၆၇)

သံချပ်ဝတ် ၆၇-ဆိုသည်မှာ မဂ္ဂဋ္ဌာန် ၄-ပါး၊ ဖလဋ္ဌာန် ၄-ပါး၊ ပေါင်း အရိယာသံဃာ ၈-ပါး။ သဒ္ဓါစုရ ၁-ပါး၊ ပညာစုရ ၁-ပါး၊ ပေါင်းစုရ ၂-ပါး။ အရိယာသံဃာ၈-ပါးကို စုရ ၂-ပါးနှင့် မြှောက်လျှင် ၁၆-ပါးဖြစ်၏။ ယင်း ၁၆-ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ် ၃-ပါးနှင့် ထပ်မံမြှောက်ပါက ၄၈-ပါးဖြစ်၏။ ယင်း ၄၈-ပါးကို သံဃာ့ဂုဏ်တော် ၉-ပါးနှင့် တစ်ဖန် ပေါင်းပါက အရိယာသံဃာတော် ၅၇-ပါး ဖြစ်ပါသည်။

ပုထုဇဉ် သံဃာ ၁-ပါး၊ သံဃာ့ဂုဏ်တော် ၉-ပါး၊ ပေါင်း ပုထုဇဉ် သံဃာတော် ၁၀-ပါး ဖြစ်သည်။

အရိယာသံဃာတော် ၅၇-ပါးနှင့် ပုထုဇဉ် သံဃာတော် ၁၀-ပါး၊ နှစ်ရပ်ပေါင်းသော် သံချပ်ဝတ် ၆၇-ဖြစ်ပါသည်။

ဒေါ်အုံးခင်(ဦးထွန်းအုံဇနီး)၏ဖခင်ကြီး ဦးမာမွတ်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်ပါ။ စစ်အပြီးတွင် ဆရာတော် ဦးနန္ဒဝံသကို တောင်တွင်းကြီးသို့ သွားရောက်ပင့်ဆောင်ပြီး ဗဟန်းကင်းဘဲလမ်း၊ ခြံအမှတ် ၁၄၁-အတွင်း၌ ကျောင်းဆောက် ကိုးကွယ်ခဲ့ပါသည်။ ဂျပန်ခေတ်အတွင်း သူဌေး ဦးမာမွတ်တို့ စီးပွားမပျက်၊တက်ခဲ့သေးသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးမှာ သက်တော် ၈၀-အရွယ်၌ မကိုဋ်ကြီးခြံအတွင်းမှာပင် ပျံလွန်တော် မူပါသည်။ ရတနာ ၃-ပါး၏ဂုဏ်ကျေးဇူးတော်ကား ကြီးမားလှပေစွ။ ။

**ဦးသောင်းညွန့် (ရေနံချောင်း)**



**ဒုတိယ အကြိမ်**

# အနာကင်းလို၊ ဘေးကင်းလို ရွတ်ဆို ဤဂါထာ

ချောင်းဆုံ–ဇုန်းသွင်

ဦးပဥ္စင်းကြီး 'ဦးစက္က' ဗိုက်အောင့်၍ အော်နေသည်မှာ သုံးရက်ရှိပြီ။ ယနေ့မှ တောရကျောင်း ကျောင်းထိုင်ဆရာတော် ဦးပညာ သိသဖြင့် ချောင်းဆုံမှ ဗိန္ဓော်ဆရာကြီး 'ဦးရွှေ' ကို အပင့်ခိုင်းရသည်။

ဦးစက္က ဗိုက်စအောင့်သည်မှာ ၁၅-ရက်ခန့်ရှိပြီဆို၏။ သို့သော် အောင့်စက အနည်းငယ်သာဖြစ်၍ အမှတ်တမဲ့နေခဲ့သည်။ လွန်ခဲ့သည့်သုံးရက်က စပြီး ညည်းညူရသည်အထိဖြစ်လာပြီး ယနေ့တွင်မူ လူးလိမ့်အော်ဟစ်နေရသည်။ ဦးပဥ္စင်းများက လေအောင့်သည်ထင်ပြီး နှိပ်ဖို့ကြိုးစားသည်။ သို့သော် လက်အတင်ပင် မခံနိုင်။

ဆရာကြီး ဦးရွှေရောက်သော် ဗိုက်ကို သေသေချာချာ စစ်ဆေးကြည့်သည်၊ လက်ယာဘက်အခန်းတွင် အရှည် သုံးလက်မခန့် အလုံးတစ်လက်မခန့် နီပြီးရောင်နေသဖြင့် အနာလုံးကိုတွေ့ရသည်။ ဦးပဥ္စင်းကြီးသည် ဝေဒနာကို သည်းခံနိုင်လွန်းသူဖြစ်သဖြင့် ဤမျှအထိ ကြီးမားလာရခြင်းဖြစ်၏။

"ဒါဟာ ဝမ်းတွင်းသက်တန့်ပဲဘုရား၊ ဖြစ်စကသိယင် လိမ်းဆေး၊ သောက်ဆေးနဲ့ကျေအောင်ကုလို့ရပါတယ်၊ခုဟာကမကျေနိုင်တော့ပါဘူး၊ ခွဲရင်ခွဲ၊ မခွဲရင် သူ့ဟာသူပေါက်လိမ့်မယ်၊ သူ့ဟာသူပေါက်ရင်လဲအတွင်းက အန္တရာယ်ရှိတယ်၊ ခွဲဖို့လဲ တပည့်တော်အနေနဲ့ မတတ်နိုင်ဘူး၊ ဗလာက ဓာတ်ဆရာတွေမှာတော့ လက်နက်ကိရိယာစုံတယ်။ အဲဒီတော့ ဆေးရုံတင်

ရင်ကောင်းမယ်" ဟု ဆရာကြီးဦးရွှေက အကြံပေးသည်။ ချောင်းဆုံဆေးရုံသို့ မပို့ဘဲ မော်လမြိုင်ဆေးရုံအထိ ပို့လိုသောကြောင့် ကြို့တင်ပြင်ဆင်ရန် နောက်နေ့မှ ခရီးထွက်ရမည်ဖြစ်သည်။

o o o

သြကာသ–သြကာသ–သြကာသ– ကာယကံ–ဝစီကံ မနောကံ....

ဆရာကြီး ဦးရွှေ ပြန်သွားပြီးနောက် ဆရာတော်အပါအဝင် ဦးပဥ္စင်း၊ ကိုရင်နှင့် ကျောင်းသားများ ဦးပဥ္စင်းကြီး၏အခြေအနေကို ကြည့်ရှုနေကြစဉ် ဦးပဥ္စင်းကြီး၏ အခန်းခေါင်းရင်းဘက် ဘုရားစင်ရှေ့မှ ဘုရားရှိခိုးသံကြားရသည်။

ကပ္ပိယကြီး ဦးကြူးသည် ဖန်ခွက်တစ်လုံးကို ရှေ့ချပြီး ဘုရားရှိခိုးနေခြင်းဖြစ်သည်။သြကာသဆုံးသည်နှင့် ဖန်ခွက်ကို လက်နှစ်ဘက်ဖြင့်ကောက်ကိုင်လျက် နဖူးနှင့်ထိထားကာ 'နမောတဿ' သုံးခေါက်ရွတ်ဆိုလိုက်ပြီး 'ဖုဋ္ဌဿ လောကဓမ္မေဟိ' ဂါထာကို လေးလေးမှန်မှန်နှင့် ပီပီသသ ၃၇-ခေါက် ရွတ်ဆိုနေသည်။ အားလုံးက စိတ်ဝင်စားစွာ ကြည့်ကြသည်။

"တပည့်တော်တို့ ငယ်ငယ်တုန်းက အရပ်ထဲမှာအနာပေါက်ရင် ဆေးဆရာဦးမှန်က ဆီမန်းပဲလိမ်းပေးတယ်။သူ့ ဆီမန်းလိမ်းပေးသူတိုင်း ပျောက်တာချည်း လိုလိုပဲ၊ အနာနုရင် ကျေသွားတယ်။ ရင့်မှည့်နေရင်လဲ မနာမကျင်ဘဲ ပေါက်သွားတယ်။ ဦးမှန်ဟာ နှမ်းဆီစစ်စစ်ကို 'ဖုဋ္ဌဿ လောကဓမ္မေဟိ' ဂါထာ ၃၇-ခေါက်ရွတ်ပြီး လိမ်းပေးတာပဲ။ အဲဒါ သတိရလို့မန်းပေးတာပဲဘုရား၊ ဆေးရုံသွားလဲ သွားပေါ့၊ မသွားခင် လိမ်းပေးကြည့်ချင်ပါတယ်။ ဗုဒ္ဓရဲ့ဓမ္မစက်နဲ့ တပည့်တော်ရဲ့မေတ္တာ နှစ်ရပ်ပေါင်းပြီး မုချချမ်းသာရမယ်လို့ တပည့်တော် ယုံကြည်ပါတယ်ဘုရား။"

ဦးကြူးက ဆရာတော်ကို လျှောက်ထားသည်။ ဆရာတော်ကလည်း သဘောကျသဖြင့် လိမ်းစေသည်။ ဦးကြူးသည် ဆီမန်းကို အထက်မှအောက်သို့ သပ်ချပြီး လိမ်းပေးသည်။

တိုနေ့က ညဉ့်နက်သည်အထိ ကိုးကြိမ်မျှ လိမ်းလိုက်ရသည်။ ထို့နောက် ကပ္ပိယကြီးလည်း ဦးပဥ္စင်းကြီးအနားတွင်ပင် အိပ်ပျော်သွားသည်။ ဦးပဥ္စင်းကြီးလည်း အနည်းငယ်ညည်းရင်းမှ သန်းခေါင်ကျော်လောက်တွင် အိပ်ပျော်သွားသည်။

o o o

ဒုတိယ အကြိမ်

"ကပ္ပိယကြီး၊ ကပ္ပိယကြီး ထစမ်းပါဦး" မိုးလင်းခါနီးတွင် ဦးပဥ္စင်းကြီးက နိုးလာပြီး ကပ္ပိယကြီးကို အလန့်တကြား နှိုးသည်။ ကပ္ပိယကြီးလည်း အိပ်ချင်မူးတူးဖြင့် ကုန်းရုန်းထပြီး "ဘာဖြစ်လို့လဲ ဦးပဥ္စင်းကြီး၊ ဘာဖြစ်လို့လဲ" ဟု မေးလိုက်သည်။ ဦးပဥ္စင်းကြီးက–

"ကျုပ်အနာမရှိတော့ဘူး" ဟုဆိုပြီး ထထိုင်လိုက်ရာမှ 'အို–ကျွတ်-ကျွတ်-ကျွတ်' ဆိုပြီး ပေါင်ရင်းကို လက်ဖြင့် နှိပ်လိုက်သည်။ ဦးပဥ္စင်းကြီး၏ 'ဝမ်းဟွင်းသက်တန့်' မှာ ပေါင်ရင်းသို့ ထူးဆန်းစွာ ရောက်နေသည်ကို တွေ့ရသည်။

ဦးပဥ္စင်းကြီး၏ အဖြစ်ဆန်းကို ဆွမ်းခံရာမှပြန်လာသော ဆရာတော်နှင့် ဦးပဥ္စင်း ကိုရင်များ ကြားသဖြင့် တအုံတသြ စုဝေးလာရောက် ကြည့်ရှုကြသည်။ အကြောင်းစုံကိုသိပြီးနောက် ဆရာတော်က-

"မြတ်စွာဘုရားရဲ့နှုတ်ကပါဌ်တော်ဟာ အတုမရှိတန်ခိုးထက်မြက်တယ် ကပ္ပိယကြီး။ ဝေဒနာရှင်ရဲ့ဘုရားတရားတော်အပေါ် ယုံကြည်အားကိုးစိတ်နဲ့ ကံတရား၊ရွတ်ဖတ်ပေးသူရဲ့မေတ္တာ၊စေတနာနဲ့ သီလသမာဓိပေါ် မူတည်ပြီး အကျိုးပေးတယ်။ ဒီဂါထာ ဒီနေရာမှာအစွမ်းထက်တာကို မျက်မြင်ကိုယ်တွေ့ တွေ့ရပေမယ့် အန္တရာယ်ကင်းတဲ့နေရာမှာ အစွမ် ထက်တာတော့ ဘုန်းကြီးရဲ့ လက်တွေ့ပဲ။

"ဘုန်းကြီး ငယ်ငယ်တုန်းက ဘုန်းကြီးရဲ့ရွာကို ဓားပြတွေဝင်တိုက်တယ်။ ဓားပြအဖွဲ့ကလည်း အင်အားကောင်း၊ ရဲစခန်းနဲ့လည်းဝေးတော့ အချိန်အတော်ကြာအောင် စိတ်ကြိုက် မွှေနှောက်လုယက်သွားကြတယ်။ ရွာမှာရှိတဲ့ ထိပ်သီးအိမ်သုံးအိမ်စလုံးကိုဝင်တယ်။ဘုန်းကြီးတို့အိမ်ကတစ်အိမ်ပေါ့။ အဲဒီအချိန်မှာ ဒကာကြီးရဲ့အစ်ကိုနှစ်ယောက်က လယ်ထဲမှာ။ ဘုန်းကြီးက ကိုးနှစ်သားလောက် အငယ်ဆုံးဆိုတော့ ဒကာမကြီးနဲ့ အိမ်မှာကျန်တဲ့ သူရင်းငှား ဘာညာတော့ ရှိတာပေါ့။ ဓားပြတွေ သေနတ်ပစ်ဝင်လာတယ်ဆိုရင်ပဲ ဘုန်းကြီးရဲ့မယ်တော် ဒကာမကြီးဟာ အထုပ်တစ်ထုပ်ကို ပိုက်ပြီး ဘုန်းကြီးကို လက်တစ်ဘက်ကဆွဲပြီး နောက်ဖေးပေါက်က ပြေးဖို့ ထွက်တယ်။ မီးဖိုဆောင်ရောက်တော့ ဓားပြတွေက မီးဖိုတံခါးကို ကန်ဖွင့်ပြီး ဝင်လာတယ်။

"ဒါနဲ့ ဘုန်းကြီးတို့လည်း မီးဖိုဆောင်မှာပဲသားအမိနှစ်ယောက်ဖက်ပြီး ထိုင်လိုက်ကြတယ်။အဲဒီအခါမှာဒကာမကြီးဟာ'ဖုဋ္ဌဿ ဂါထာ'ကိုပဲ ထပ်

တလဲလဲ ရွတ်နေတယ်။ ကြောက်လွန်းလို့ တခြားလည်း သတိမရတော့ဘူး။ နဲ့တူပါရဲ့။

"ခါးပြတွေဟာ ဘုန်းကြီးတို့သားအမိကို လက်နှိပ်မီးနဲ့ထိုးကြည့်သွားကြ တယ်။ ဘုန်းကြီးက မျက်နှာကိုဒကာမကြီးရင်ခွင်ထဲမှာ တအားကပ်ထား လိုက်တယ်။ ဒါပေမယ့် ခါးပြတွေဟာ ဘုန်းကြီးတို့ကိုကျော်ပြီး အိမ်ထဲဝင် သွားကြတယ်။ပြီးတော့ ဆဲဆိုမွှေနှောက်ရှာဖွေကြတယ်။ ဘုန်းကြီးတို့လည်း မလှုပ်ဝံ့တော့ဘူး။ခါးပြတွေဟာအိမ်ပေါ်မှာ လူမတွေ့တော့အိမ်ခန်းအနှံ့ လက်နှိပ်မီး တစ်ဝင်းဝင်းနဲ့ ရှာကြတယ်။ ဘုန်းကြီးတို့ သားအမိဟာ လက် နှိပ်မီး တစ်ဝင်းဝင်းထဲမှာ အထင်းသားကြီးပါပဲ။ ဒါပေမယ့် ခါးပြတွေက လုံးဝတွေ့မသွားဘူး။

"ခါးပြတွေ ထွက်သွားတော့ အပြင်မှာ အလှူယ်တကူထားတဲ့၊အဝတ် အထည် သုံးလေးထည်ပဲ ပါသွားတယ်။ အဲဒါ 'ဖုဋ္ဌဿ ဂါထာ'ရဲ့လက်တွေ့ ပွဲတွေ့ တန်ခိုးသတ္တိပဲ" ဟု မိန့်ကြားတော်မူသည်။

ဝ ဝ ဝ

အထက်ဖော်ပြပါ ဖြစ်ရပ်မှာ စာရေးသူ ယဲစဥ်သခယ ကိုရင်ဘဝတွင် တွေ့ကြုံခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်ပင် ဖြစ်ပါသည်။

ဤ'ဖုဋ္ဌဿဂါထာ' ကို အချို့ဒေသတွင် 'အနာပေါက်ဂါထာ' ဟူ၍ အသိအမှတ်ပြုပြီး အချို့ဒေသတွင် 'အန္တရာယ်ကင်းဂါထာ' ဟူ၍ အသိ အမှတ် ပြုကြသည်။

## ဂါထာပါဠိ

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ။

## အနက်

လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသော မြူလည်းမရှိ။ခေမံ။ ဘေးလည်းမရှိ။ ဧတံ၊ ဤလေးပါးသော တရားသည်သာလျှင်။ ဥတ္တမံ၊ မြတ်၏။

ဤဂါထာမှာ မင်္ဂလသုတ် ပရိတ်တရားတော်မှ ၃၈-ဖြာမင်္ဂလာ၏ ၃၇ ခုမြောက် မင်္ဂလာဖြစ်ပြီး အဓိပ္ပာယ်မှာလည်း–

"လောကဓံတရားရှစ်ပါးနှင့် တွေ့သော် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိ၊ စိုးရိမ်ခြင်း မရှိ၊ ရမ္မက်မရှိ၊ ဘေးလည်း မရှိ" ဟူ၍ ဖြစ်ပေသည်။

ဤဂါထာ၏ အဓိပ္ပာယ်မှာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဟု ယူဆရန်ရှိသော်လည်း ကာကယ်လက်ခံတွေ့ကြွင် ဘေးအန္တရာယ်ကင်းရှင်းစေရုံသာမက ကိုယ်တွင် ပေါက်ရောက်လာသော အိုင်း, အနာများကိုပါ ထူးခြားစွာပျောက်ကင်းစေကြောင်း တွေ့ရပေသည်။

ထို့ကြောင့် အနာရောဂါ ကပ်ရောက်ပါလျှင် ကိုယ်တိုင် ရွတ်ဆိုပါက ကာယကံရှင်၏ ဘုရား တရား အပေါ် ရိုသေလေးစား ယုံကြည်အားကိုးမှု၊ တစ်ဆင့် ရွက်ဆိုပေးရပါက ရွတ်ဆိုသူ၏ သီလ သမာဓိ ဝေဒနာရှင်အပေါ် ပျောက်ကင်း ချမ်းသာစေလိုသည့် ဖြူစင်သော မေတ္တာနှင့် လာဘ်လာဘကို မမျှော်ကိုးမှုအပေါ် မူတည်လျက် အစွမ်းထက်မြက်ပါသည်။

ဘေးအန္တရာယ်နှင့် တွေ့ကြုံပါလျှင်လည်း ယုံကြည်အားကိုးစိတ်အပြည့်အဝဖြင့် ရွတ်ဆိုပါက ဘေးအန္တရာယ်မှ ကင်းစေပါသည်။

"မြတ်မင်္ဂလာ" ပရိတ်သတ်များအဖို့ ယုံယုံကြည်ကြည် ရွတ်ဆိုပါက အားကိုးထိုက်သော ဂါထာ တစ်ပုဒ် ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။

ချောင်းဆုံ-အုန်းသွင်



# စမ္ဗခဏ်ဂါထာတော်နှင့်
# ဗောဓိပက္ခိယတရား

**တက္ကသိုလ် ဝင်းမွန်**

ဇလွန်မြို့ မာရ်အောင်မြင်မုနိ ရုပ်ပွားတော်ကြီး ဟူသော ဘွဲ့မည်တော်ရှိသည့် ပြည်တော်ပြန် ဘုရားကြီး၏ 'စမ္ဗခဏ် ဂါထာတော်မြတ်' သည် အထူးမကျော်စောထင်ရှားသော ဂါထာတော်မြတ် တစ်ပုဒ်ဖြစ်သည်။

ဒိဗ္ဗစက္ခုဆရာတော် စီရင်ရေးသားအပ်သော 'အိမ်ဖြူတော်မန္တန်ပေါင်းချုပ်' ကျမ်း(စာ ၅၄)တွင် "ဘုန်းတန်ခိုးကြီးခြင်း၊ အန္တရာယ်ကင်းခြင်း၊ လာဘ်လာဘဝင်ခြင်း၊ ရန်အောင်ခြင်းများကို လက်တွေ့အကျိုးပေးသော ဂါထာတော်ကြီးဖြစ်ပါ၏။ ပါဠိသက်သက် နေ့စဉ်ရွတ်ပါ။ ထူးဆန်းသော ကောင်းကျိုးဟူသမျှ ပေးနိုင်သော ဂါထာတော်မြတ်ကြီး ဖြစ်ပါ၏" ဟူ၍ ညွှန်းဆိုပါသည်။ အခြားအခြားသော မန္တန်စာအုပ်များ၊ ဘုရားရှိခိုးစာအုပ်များတွင်လည်း စမ္ဗခဏ်ဂါထာတော်မြတ်ကိုဖော်ပြ၍ညွှန်းဆိုထားကြောင်း တွေ့မြင်ဖတ်ရှုရပါသည်။

၁၉၈၂-ခုနှစ် နိုဝင်ဘာလတွင် မိတ်ဆွေ စာရေးဆရာများနှင့် အတူ ဇလွန်မြို့သို့ စာပေဟောပြောပွဲသွားရောက်ခဲ့ရာ ဇလွန်ပြည်တော်ပြန်ဘုရားကြီးကို အနီးကပ် ဖူးမြင်ကြည်ညိုခွင့်ရပါသည်။ ဇလွန်ပြည်တော်ပြန်ဘုရားသမိုင်းစာအုပ်နှင့် ဂါထာလေးပုဒ်ကိုလည်း မှတ်သား ကြည်ညိုခွင့် ရရှိခဲ့ပါသည်။

ဒိဗ္ဗစက္ခုဆရာတော်၏ အိမ်ဖြူတော် မန္တန်ပေါင်းချုပ်ကျမ်း(စာ-၅၄) နှင့် ဇလွန်မြို့ ဆရာဦးမောင်ရှင်း ပြုစုသော ဇလွန်မြို့ ပြည်တော်ပြန်ဘုရားသမိုင်း(စာ-၉) တို့တွင် စမ္ဗခဏ်ဂါထာ အတွင်းစာသားကို (စတုပဋ္ဌာန်)

ဒုတိယ အကြိမ်

ဟူ၍ တွေ့မြင်ရပြီး တက္ကသိုလ် အရှင် ကုလာသ(ပြည်)ပြုစုသော 'ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် ဆင်းတုတော်သမိုင်း (၁-၁၀၅) တွင်မူ (စတုသ ပဋ္ဌာနံ)' ဟူ၍ တွေ့မြင် ဖတ်ရှုရပါသည်။ မူကွဲနေသည့်အဖြစ်ကို သတိပြု ဆင်ခြင်မိပါသည်။

၁၉၈၂-ခု၊ နိုဝင်ဘာလ ၂၆-ရက်နေ့တွင် ပြည်မြို့ ရတနာမာရ်အောင် တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်သို့ သွားရောက်ပြီး ကျေးဇူးရှင် ကမ္မဋ္ဌာန်းရှေ့ရင်အေးဆဲ့ဆရာတော်ဘုရားကြီး ဦးဝိဇ္ဇာပလကို ဖူးမြင်၍ ဩဝါဒခံယူပါသည်။ စကားအလျဉ်းသင့်သည့်အတွက် စမ္ဗဓဏ်ဂါထာတော်အကြောင်းကို လျှောက်တင်လိုက်ရာ ဆရာတော်ဘုရားကြီးက "ဒီ ဂါထာတော်မြတ်ဟာ အလွန် အစွမ်းထက်တယ်။ ဒီဂါထာရဲ့ မူရင်းက (စတုပဋ္ဌာနံ) ဖြစ်တယ်။ (စတုသတိပဋ္ဌာနံ) ဆိုတာက မန်လည်ဆရာတော်ဘုရားကြီးက ဖြည့်ပေးထားတာ ဖြစ်တယ်။ မူရင်းဂါထာတွေကို မနုတ်ပယ်ကောင်းဘူး။ ဒါပေမယ့် ဖြည့်သင့်တာရှိလျှင်တော့ ဖြည့်ကောင်းတယ်"ဟူ၍ မိန့်ကြားပါသည်။

ထို့နောက် ကျွန်တော့်အား စမ္ဗဓဏ်ဂါထာတော်ကို အစအဆုံး ဖတ်ရွတ်ခိုင်းပြီး "ဒီ စမ္ဗဓဏ်ဂါထာတော်မှာ ဗောဓိပက္ခိယတရားတွေ ပါဝင်နေတယ်။ဒါကြောင့် ဦးပဉ္စင်းဘဝ ငယ်ငယ်တုန်းကပဲ ဗောဓိပက္ခိယတရား ၃၇-ပါး ပြည့်စုံအောင်ဖြည့်ပြီး ရွတ်ခဲ့တယ်။ ဒီဂါထာဟာ တန်ခိုးသိဒ္ဓိ ကြီးမားတဲ့ ဂါထာတော်မြတ်ဖြစ်တယ်။ သည်ဂါထာကို စွဲရွတ်လျှင် ဘယ်ရန်သူမှ ကိုယ့်ကိုရန်မပြုနိုင်ဘူး။ရန်ပြုဖို့ ဗိုလ်ခြေတစ်ထောင်နဲ့ဝိုင်းပြီးရှာတာတောင် ရှာလို့မတွေ့နိုင်ဘူး။ ကိုယ်ပျောက်ဂါထာလို့တောင် ဆိုကြတယ်" ဟူ၍ ဆက်လက် မိန့်ကြားတော်မူပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မိန့်ကြား ညွှန်ပြထားသော အခါမှ ဇလွန်မြို့ ပြည်တော်ပြန်ဘုရား၏စမ္ဗဓဏ်ဂါထာတော်မြတ်နှင့်ဗောဓိပက္ခိယ တရား ဆက်နွယ်နေသည့်အဖြစ်ကို သတိပြုမိပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် မြောက်ဆားတောင်ရွာ ဇာတိဖြစ်သည်။ ငယ်မည်မှာ မောင်ပေါက်ကျော် ဟု ခေါ်တွင်သည်။ အဖ ဦးကြက်တောင်၊ အမိ ဒေါ်မလေးတို့မှ သက္ကရာဇ် ၁၂၇၀-ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၃-ရက်(ခရစ်နှစ်-၁၉၀၈-ခု၊ ဇူလိုင်လ ၁၅-ရက်)ဗုဒ္ဓဟူးနေ့ မွန်းတည့်ဆဲ ၁၁-နာရီ ၅၅ မိနစ်တွင် ဖွားမြင်ပါသည်။

## ဒုတိယ အကြိမ်

ငယ်စဉ်ကစ၍ သက်လွတ် စားပြီး အရဟံ ဖုတ်ီးစိပ်သည်။ ၁၂-နှစ် သားတွင် အဂ္ဂိရတ်ပညာကို စတင်လိုက်စားပြီး ၈၃-နှစ်သားတွင် ရှင် သာမဏေဝတ်သည်။ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းပြီး အမြဲ တရားအားထုတ်ရာ ထူးမြတ်သော အကျင့်စရဏကြောင့် ဆားတောင် ကိုရင်လေး၏ဂုဏ်သတင်း သည် ပျော်ဘွယ်နယ်၌ ပျံ့နှံ့ထင်ရှားလာသည်။ သက်တော် ၂၀-တွင် ပျော် ဘွယ်စံတော်ရာကုန်းမြတ်ရှိ ရှင်အရဟံ ရဟန္တာသိမ်တွင်ပျော်ဘွယ်နယ်လူထု နှစ်သောင်းကျော်က စုပေါင်း၍ ဘုံရဟန်းခံပေးခြင်းကိုခံယူတော်မူသည်။

ဆရာတော်ဘုရားကြီးသည် ကျောက်ထီးတန္တု အလေးပြုအပ်သော သက် တော်ရှည် ဆရာတော်ဘုရားကြီးများနှင့် ပုဂ္ဂိုလ်ထူးမြတ်များထံမှ သမထ၊ ဝိပဿနာဆိုင်ရာ နည်းကောင်းလမ်းမြတ်များ တရားထူးများကို ကြားနာ သင်ယူခွင့် ရရှိခဲ့သည်။ ရရှိသော နည်းကောင်း လမ်းမြတ်များကို မလျှော့ သော လုံ့လဝီရိယတော်ဖြင့်ကျင့်ကြံ ကြိုးကုတ်အားထုတ်တော်မူခဲ့သည်။

ယခုအခါ ဆရာတော် ဘုရားကြီးသည် ပြည်မြို့ ရတနာမာရ်အောင် တောရ ကမ္မဋ္ဌာန်း အလင်းပြတိုက်ကြီး၏ သာသနာ့ အကျိုးတော်ဆောင် ကမ္မဋ္ဌာနာစရိယ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူလျက်ရှိပါသည်။ ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်းတောရတွင် သီတင်းသုံးပြီး သံဃာတော် အပါး ၆၀-ကျော်တို့အား ဝိနည်းဒေသနာ စာဝါ ချပေးတော်မူသည်။ အနယ်နယ်အရပ်ရပ်မှတောရသို့ စုဝေး ရောက်ရှိလာကြသော ရဟန်းရှင်လူ တရားနာ ပရိသတ်တို့အား ကမ္မဋ္ဌာန်းတရား ပြတော်မူသည်။ ဝါလ သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက် ပင့်ဖိတ်လာသမျှသော အနယ်နယ် အရပ်ရပ်သို့ ကြွရောက်တော်မူပြီး ဝိပဿနာတရား ဟောကြားပြသတော် မူမြဲဖြစ်သည်။ နှစ်စဉ် တရားပွဲပေါင်း ၂၀၀-ကျော် ဟောကြားပြသတော် မူသည်။

ယခုအခါ ဆရာတော်ဘုရားကြီး၏ သက်တော်မှာ ၇၈-နှစ် ရှိနေပါ ပြီ။ သို့သော် သာသနာတော် စည်ပင်ပြန့်ပွားရေး၊ လူတော်ကောင်းတရား ထွန်းကားရေးအတွက် မြန်မာပြည် အနယ်နယ်အရပ်ရပ်သို့ ကြွရောက်တော် မူပြီး တရားမမွ ဟောပြောပြသဆဲ ဖြစ်ပါ၏။ ဆုကြီးပန် ဆရာတော် ဘုရားကြီး၏ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်တော်တို့ကား အံ့ချီး၍မကုန် နိုင်အောင် ရှိပါပေ၏။

ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူသည့် အတွက် ကျွန်တော်လည်း လယ်တီဆရာတော်၏ ဗောဓိပက္ခိယ ဒီပနီကျမ်း၊ ဆရာ ဦးအောင်သိမ်း၏

မဟာဗောဓိပက္ခိယ ပကာသနီကျမ်း၊ ပိဋကတ် ဘာသာပြန်၊ ကျမ်းဦး အမော်၊ ပွဲတော်မဟာ အထိမ်းအမှတ် ဖြစ်သော ဗောဓိပက္ခိယ သုံးဆယ့် ခုနစ်ပါး စာအုပ်စသည်တို့ကို ဆက်လက်လေ့လာ ဖတ်ရှုရပါသည်။

ထိုအခါ ဗောဓိပက္ခိယ တရားများသည် မြတ်စွာဘုရားသခင်က ထူး သောဉာဏ်ဖြင့်သိ၍ ဟောကြားတော်မူသော တရားများဖြစ်သည်။ ဗောဓိ ပက္ခိယတရားများကို မှီဝဲပွားများ လေ့ကျက်ပါက မြတ်သော အကျင့် (သာသနာတော်သည် အရှည်ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာသည်၊ ထိုသို့တည်တံ့ခြင်းသည် လူအများ၏ စီးပွားချမ်းသာ အလို့ငှါ၊ လောက ကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွားနှင့် ချမ်းသာ အလို့ငှာ ဖြစ်သည်) ဟူသော အချက်ကို တိုး၍ သိမြင်ရသည်။

ဗောဓိပက္ခိယ တရားများသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဟူသော လော ကုတ္တရာ တရား၊ အဆုံးအမ တရားတော်များ ဖြစ်သည်ဟုလည်း သိမြင် ရသည်။ ဗောဓိပက္ခိယတရား ၃၇-ပါးမှာ သတိပဋ္ဌာန်းတရား လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗလ (ဗိုလ်) ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ အရိယာမဂ် အင်္ဂါရှစ်ပါးတို့ ဖြစ်ကြသည်။

ထိုသို့ ထူးမြတ်သော ဗောဓိပက္ခိယတရားတို့ကို ရွတ်ဖတ်ပါက ဘေးရန် အန္တရာယ်ကင်းသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဗောဓိပက္ခိယ တရား ၃၇ ပါးနှင့် လောကုတ္တရာတရား ၉-ပါးကို ပေါင်းစပ်၍ ရွတ် ဆိုခြင်း ဗောဓိပက္ခိယ အင်းရေးစီရင်ခြင်းများ ပြုကြခြင်း ဖြစ်သည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ကပ်ရောဂါ ဘေးဆိုး များကို ကာကွယ်တားဆီးရန်အတွက် ရောဂန္တရ ဒီပနီကျမ်း (မြန်မာနှစ် ၁၂၇၀-ပြည့်နှစ်၊ တော်သလင်းလဆုတ် ၁-ရက်၊ ခရစ်နှစ်-၁၉၀၈) ကို စီစဉ်တော်မူခဲ့ပါသည်။ ထိုကျမ်းစာမျက်နှာ ၅၈-တွင် အောက်ပါ အတိုင်း တွေ့ရပါသည်။

စတ္တာရော သတိပဋ္ဌာနာ၊
စတ္တာရော သမ္မပ္ပဓာနာ၊
စတ္တာရော ဣဒ္ဓိပါဒါ၊
ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊
သတ္တဗောဇ္ဈင်္ဂါနိ၊ အဋ္ဌမဂ္ဂင်္ဂါနိ၊
နဝလောကုတ္တရောဓမ္မော။
မဇ္ဈေ ကောသ သမ္ဘာသမ္ဗုဒ္ဓေါ။

ဗောဓိပက္ခိယအင်း

| | | |
|---|---|---|
| ၄ | ၅ | ၈ |
| ၇ | ၁ | ၄ |
| ၄ | ၉ | ၅ |

ဒုတိယ အကြိမ်

(ဤပါဠိကို ရွတ်ဆိုပြီး တနင်္ဂနွေထောင့်က စ၍ ချ၊ အထက် သရဏဂုံ အင်းနည်းအတိုင်း စီရင်၍ ဆောင်၊ အဘောအကွယ် ကောင်းလှသည် ဟူ၏။)

ဗောဓိပက္ခိယတရားတော်များနှင့်ပတ်သက်၍ ကျမ်းစာများ၊ လောကီ စာများကို ဖတ်ရှုလေ့လာတိုင်း တိုး၍ကြည်ညိုသဒ္ဓါ ပွားရပါသည်။ ကျေးဇူးရှင် ရဟန္တာမှာရ်အောင် ဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယ တရား ၃၇ ပါးပြည့်အောင် ဖြည့်၍ စမ္မခဏ်ဂါထာကို ဦးပဉ္စင်းငယ်ဘဝ ကပင် မိမိ ရွတ်ဆိုခဲ့ကြောင်း မိမိ ကြားသည်ကိုလည်း အလေးအနက် ဆင်ခြင်မိပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နည်းနာအတိုင်း ဖြည့်၍ရွတ်ဆို လေ့လာသူများ ရွတ်ဆိုကြည်ညိုနိုင်ကြစေလိုသော စေတနာရည်ရွယ်ချက် ဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ဇလွန်မြို့ ပြည်တော်ပြန် ဘုရားကြီး၏

စမ္မခဏ် ဂါထာတော်မြတ်

မုတ်ငံ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ၊ စတုသတိပဋ္ဌာနံ၊ စတုသမ္မပ္ပဓာနံ၊ စတုဣဒ္ဓိပါဒံ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သဟာဿညုန္ဒော၊ သဟာဿသုရိယော။

ကြောင်း—နမော ဗုဒ္ဓါနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တုဘယံ၊ သဗ္ဗဘယံ၊ ဇေယျော၊ ဇယတုမင်္ဂလံ။

အနိစ္စံ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခမတိ။ ။

တက္ကသိုလ် ဝင်းမွန်

ဒုတိယ အကြိမ်

# ပြည်တော်ပြန်ဘုရားနှင့် စမ္မခက်ဂါထာ

**ချောင်းဆုံ-အုန်းသွင်**

"စမ္မခက်" ဆိုသည်မှာ မြတ်စွာဘုရား ဆင်းတုတော်များ ထုလုပ်၊ သွန်းလုပ်ရာတွင် ကိုယ်တော်နှင့် ပလ္လင်တော်အကြား၊ ကိုယ်တော်နှင့် တစ်ဆက်တည်း ထုလုပ် သွန်းလုပ်ထားသော 'ခုံ' ပင် ဖြစ်သည်။

ယခု စမ္မခက် ဂါထာဆိုသည်မှာ ထို 'ခုံ' (စမ္မခက်) တွင် ရေးထိုးထားသော ဂါထာတော်ဖြစ်၍ 'စမ္မခက် ဂါထာ' ဟူ၍ ခေါ်ခြင်းဖြစ်၏။

စမ္မခက်တွင် ဂါထာရေးထိုးထားသော ဘုရားမှာ ဇလွန်မြို့မှ မာရ်အောင်မြင် ပြည်တော်ပြန် ဆင်းတုတော် ဖြစ်သည်။ ဆင်းတုတော်၏ သမိုင်းအကျဉ်းကို အံ့သြ ကြည်ညိုဖွယ်ရာ တင်ပြလိုပါသည်။

နယ်ချဲ့အစိုးရသည် အောက်မြန်မာနိုင်ငံကို ကျူးကျော် တိုက်ခိုက် သိမ်းပိုက်ပြီးသောအခါ အောက်မြန်မာနိုင်ငံရှိ ကြေးဖြင့် သွန်းလုပ်ထားသော ဆင်းတုတော်များ၊ ခေါင်းလောင်းများကို လိုက်လံရှာဖွေ သိမ်းပိုက်ပြီး ယင်းတို့၏ လက်အောက်ခံ အိန္ဒိယနိုင်ငံသို့ ယူဆောင်သွားသည်။ ထိုကြေးများကို ကျည်ဆန်နှင့် ငွေများ သွန်းလုပ်သည်။ မြန်မာတို့၏ ဘာသာရေး အထွတ်အမြတ်များကို လူသတ် လက်နက်အဖြစ်အသုံးပြုခြင်း ဖြစ်၏။ ထို့ပြင် ထိုဘာသာရေး အထွတ်အမြတ် ကြေးများဖြင့် ကျိုပြီး သွန်းလုပ်ထားသည့် ငွေများကို မြန်မာနိုင်ငံတွင် ပြန်ဖြန့်ရာ နေရာအနှံ့ ရောက်ကုန်ကြသည်။

ဒုတိယ အကြိမ်

ထိုသို့ ကြေးဆင်းတုတော်များကို ရှာဖွေစုဆောင်းပြီး အိန္ဒိယသို့ ပို့ရာတွင် ဇလွန်မြို့မှ မာရ်အောင်မြင် ဆင်းတုတော်လည်း ပါသွားသည်။

အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ ရောက်သောအခါ စုဆောင်း သယ်ဆောင်လာသော ဆင်းတုတော်များ၊ ခေါင်းလောင်းများ စသည့် ကြေးထည်များကို အရည်ကျိုလေသည်။ ထိုအခါ မာရ်အောင်မြင် ဆင်းတုတော်ထက် အဆများစွာ ထုထည်ကြီးမားလှသည့် ကြေးထည်များ အရည်ပျော်ကြသော်လည်း မာရ်အောင်မြင် ဆင်းတုတော်မှာ အရည်မပျော်ရုံသာမက မည်သို့မျှ ချွတ်ယွင်းခြင်း မရှိပေ။ ထိုအခါ အရည်ကျိုသူများက မကျေနပ်ကြသဖြင့် စို့၊ ဆောက် စသည်များဖြင့် ထုရိုက်ဖျက်ဆီး ကြပြန်သည်။ သို့သော် မပျက်စီးရုံသာမက ခြစ်ရာမျှ မထင်သည်ကို အံ့ဩဖွယ်ရာ တွေ့ရသဖြင့် အရည်ကျိုသူများက မခံချိ မခံသာ ဖြစ်ကြရပြန်သည်။ ထိုစဉ် ထုရိုက်ဖျက်ဆီးသူများမှာ မိမိဘို့ စေတနာ အလျောက် ဘေးတွေ့ကြသဖြင့် ဆက်လက် မဖျက်ဆီးဝံ့တော့ဘဲ ဤအတိုင်းပင် ထားလိုက်ကြသည်။

ပို၍အံ့ဩဖွယ်ရာကောင်းသည်မှာ ထိုအချိန်တွင်အင်္ဂလန်ပြည့်ရှင်ဝိတိုရိယဘုရင်မကြီးသည် ပြင်းထန်သော ခေါင်းကိုက်ဝေဒနာကို ခံစားရပြီး 'ထိုဘုရားကို ပြန်ပို့မှပျောက်မည်' ဟု အိပ်မက်မြင်မက်ခြင်းပင် ဖြစ်၏။ ဘုရင်မကြီးသည် ထိုအိပ်မက်အရ ကြောက်လန့်ပြီး 'ဘုရားကို ပြန်ပို့ပါ' ဟုအမိန့်ပေးလိုက်သည်။

ပြန်ပို့သူများသည် ဘုရားဆင်းတုတော်ကို ဟသ်ာတကမ်းစပ်တွင် လာပစ်ချသွားကြသည်။ ဧရာဝတီမြစ်ရေတက်ချိန်တွင် အလွန်မြင့်မားစွာ မြင့်တက်သော်လည်း ဆင်းတုတော်၏ လည်ပင်းအထက်ကို မရောက်ပေ။ ရေသည် 'ဝ' ကဲ့သို့ခွက်ပြီး ဆင်းတုတော်ကို မမြုပ်ဘဲနေသည်။

ဇလွန်မြို့သူမြို့သားများက ထိုသတင်းကိုကြားသဖြင့် သွား၍ပင့်ဆောင်ကြရာ ဟသ်ာတနှင့် သူပိုင်၊ကိုယ်ပိုင် အခင်းဖြစ်ပွားကြသည်။ နောက်ဆုံး ဘုရား၏ လျှို့ဝှက်ချက်ဖြစ်သော စမ္မခဏ်ရှိ စမ္မခဏ်ဂါထာတော်ကို ဇလွန်က ထုတ်ဖော်ပြောဆိုပြီး အလွတ်ရွတ်ပြနိုင်သဖြင့် ဇလွန်က ရရှိသွားပေသည်။

**စမ္မခဏ်ဂါထာတော်**

ဠတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
သတ္တ ဗောဇ္ဈင်္ဂေါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊
စတု သတိပဋ္ဌာနံ၊ သဗ္ဗညု ဠန္ဒော၊
သဟဿ သူရိယော။

**ဒုတိယ အကြိမ်**

ဩောင်း—နမော မေတ္တာနံ ရာဇဘယံ၊ စောရဘယံ-
ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊ ဇေယျော၊
ဇယတု မင်္ဂလံ၊

အနိစ္စံ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ၊ ဝယဓမ္မံ၊
ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ ခမတိ။

## စကားပြေ

သုံးပုံပိဋကတ် တရားမြတ်သည် ဤသို့ဖြစ်ခြင်း၊ပျက်ခြင်းသဘောရှိခြင်း အကြောင်းကြောင့်လည်း အနိစ္စမည်ပါပေ၏။ ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်း တရားတို့သည်မပြတ်နှိပ်စက်ခြင်းရှိသောအကြောင်းကြောင့်လည်းဒုက္ခမည်ပါပေ၏။ ဤသို့သော် မိမိအလိုသို့မလိုက်သောကြောင့် အနတ္တမည်ပါပေ၏။

ခုနစ်ပါးသောဗောဇ္ဈင်တရားသည်လည်းကောင်း၊ အင်္ဂါရှစ်ပါးရှိသော မြတ်သော မဂ်တရားသည်လည်းကောင်း၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊စိတ္တာနုပဿနာ၊ဓမ္မာနုပဿနာ ဟုဆိုအပ်သော သတိပဋ္ဌာန်လေးပါးသည်လည်းကောင်း၊ အလုံးစုံသောတရားအပေါင်းကို အစိုးရသော (တရားမင်းသည်လည်းကောင်း)၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည်လည်းကောင်း၊ဤသို့ဖြစ်ခြင်း၊ပျက်ခြင်းသဘောရှိသောကြောင့် အနိစ္စမည်ပါပေ၏။ ပျက်ခြင်း တရားသည် မပြတ် နှိပ်စက်ခြင်းရှိသောကြောင့် ဒုက္ခမည်ပါပေ၏။ အစိုးမရ၊ မိမိအလိုသို့မလိုက်သော သဘောရှိသောကြောင့် အနတ္တမည်ပါပေ၏။

အထူးသဖြင့် မြင့်မြတ်တော်မူ ကုန်သော မဟာမေတ္တာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်တို့အား မင်းဘေး၊ ခိုးသူဘေး၊ ရေဘေး၊ မီးဘေး၊ ဓားလှံလက်နက်ဘေးအလုံးစုံသောဘေးတို့ကို အောင်မြင်နိုင်သည်မှုချမသွေ ဖြစ်ပါစေသတည်း။ ကုသိုလ်မင်္ဂလာဟူသမျှသည် အောင်ပါစေသတည်း။

အကြင်ကြောင့် အကြောင်းတရားကိုစွဲ၍ဖြစ်သော အကျိုးတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ပေါ်ကာ ပြုပြင်စီရင်အပ်သည်ဖြစ်၍ အမြဲမရှိ၊ ကုန်ခန်းခြင်းသဘောရှိ၏။ ပျက်စီးခြင်းသဘောရှိ၏။

ရာဂကင်းရာဖြစ်သော ခန္ဓာ၊ အာယတန၊ ဓာတ်တို့ ချုပ်ရာငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ပညာရှိတို့သည် နှစ်သက်မြတ်နိုး ကြပါကုန်၏။

## ဒုတိယ အကြိမ်

ဤစမ္မခဏ်ဂါထာတော်နှင့်ပတ်သက်၍ လက်ငင်းလက်တွေ့အကျိုးပေးခြင်းကို ခံစားရသူများ၏ ကိုယ်တွေ့ မှတ်တမ်းမှတ်ရာများအရ ဂါထာကို ယုံကြည်စိတ်အပြည့်၊ ကြည်ညိုစိတ်အပြည့်ဖြင့် ရွတ်ဆိုပူဇော်သူသည် ပါဠိသက်သက်ကိုသာရွတ်ပါက ကြည်း၊ ရေ၊ လေ ခရီးသွားရာတွင် ဘေးအန္တရာယ်ကင်း၏။ ပါဠိရောအနက်ပါရွတ်ပါက ကြောက်လန့်ခြင်းကင်း၏။

ပါဠိသက်သက်ဖြစ်စေ၊ အနက်ပါဖြစ်စေ မပြတ်ရွတ်ပါက ဘေးဥပဒ်ရန် အသွယ်သွယ် အန္တရာယ်အမျိုးမျိုး ကင်း၏။ အနာရောဂါ ကင်းရှင်း၍ ကျန်းမာခြင်းနှင့်ပြည့်စုံ၏။ အလုပ်အကိုင် အရောင်းအဝယ် အစစအရာရာ အဆင်ပြေပြီး စီးပွားလာဘ်လာဘ ပေါများ၏။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပြီး သွားလေရာ ရောက်လေရာတွင် လူချစ်လူခင်ပေါများ၏။ မိမိအား ငြိုစူသူမရှိ၊ ကူညီသူသာရှိ၏။ မျက်နှာမြင်ချစ်ခင် အသံကြားသနား ဟူသော အကျိုးထူးကိုရ၏။ ရန်သူပင်လျှင် မိမိအား တစ်စုံတစ်ရာကြောင့် မကျေနပ်၍ ရန်ပြုရန်လာသူပင်လျှင် မေတ္တာစိတ်ဝင်ပြီး လိုအပ်သမျှ ကူညီသွားရ၏။

ပညာဉာဏ် ထက်မြက်ပြီး ကျက်မှတ်ရလွယ်ကူ၏။ စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ၊ ဝန်ထမ်းများ ဤဂါထာကို အမြဲမပြတ်ရွတ်ဆိုပူဇော်ပါက ကျက်ထားသမျှစာများ မှတ်မိနေပြီးလျှင် စာမေးပွဲအချိန်ကြောင့် ကျက်မှတ်ထားသမျှ မေ့ပျောက်တတ်ခြင်း အလျဉ်းမရှိဘဲ ချောမောစွာ ဖြေဆိုနိုင်၏။

ရွတ်ဖတ်ပူဇော်ခြင်းများက ကိလေသာလျော့ပါးပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် အထောက်အပံ့ ရရှိနိုင်သည်ဟုပင် အဆိုရှိသည်။

အရေးကြီးသည်မှာ ယုံကြည်ရန်ဖြစ်၏။ 'ယုံကြည်မှုဖြင့် လုပ်သော အလုပ်သည် မလုပ်မီကပင် တစ်ဝက်အောင်မြင်နေပြီ' ဟု ရှေးအစဉ်အဆက် ဆိုစမှတ်ပြုကြသည်။ ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုပူဇော်ကြရန်သာ ဖြစ်ပါသည်။

ချောင်းဆုံ-အုန်းသွင်

ဒုတိယ အကြိမ်

# မာရ်အောင်မြင်မုနိနှင့် ဂါထာတော်များ

**တက္ကသိုလ် ဝင်းမွန်**

မာရ်အောင်မြင်မုနိဟူသော ဘွဲ့မည်တော်သည် ဇလွန်မြို့ ပြည်တော်ပြန် ရုပ်ပွားတော်မြတ်၏ ဘွဲ့မည်တော်ရင်း ဖြစ်ပါသည်။ မာရ်အောင်မြင်မုနိ ဟူသော ဘွဲ့မည်တော်ကို ရှေးယခင်က မသိခဲ့ပါ။ ဇလွန်မြို့ပြည်တော်ပြန်ဘုရားကြီးဟူသော ဘွဲ့မည်တော်ကိုသာ သိရှိခဲ့ကြပါသည်။

မိဘ ဘိုးဘွား ဆရာသမားများသည် ဘုရားရှိခိုးသည့်အခါ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီး၏ စမ္မခဏ် ဂါထာတော်ကို ရိုရိုသေသေမြတ်မြတ်နိုးနိုး ထည့်သွင်း၍ ရွတ်ဆိုပူဇော်လေ့ရှိကြပါသည်။ မန္တလေး မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးနှင့် ဇလွန်ပြည်တော်ပြန် ရုပ်ပွားတော်မြတ်ကြီးတို့မှာ ညီတော် နောင်တော်များ ဖြစ်ကြကြောင်း အစချီကာ ရာဇဝင်သမိုင်းကြောင်းကိုလည်း ပြောကြားလေ့ရှိပါသည်။ ထို့ကြောင့် ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီးကို ကျွန်တော်တို့ ဖူးမြော် ကြည်ညိုလိုစိတ် ထက်သန်ပြင်းပြခဲ့ကြပါသည်။

၁၉၈၂-ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော်သည် မိတ်ဆွေ စာရေးဆရာများနှင့်အတူ ဇလွန်မြို့ စာပေဟောပြောပွဲသို့ သွားရောက်ခဲ့ပါသည်။

ဟောပြောပွဲပြီးနောက် ဇလွန်စာပေလုပ်သားများ၊ စာပေ မိတ်ဆွေများ၏ ကျေးဇူးကြောင့် ကျွန်တော်တို့သည် ဇလွန်ပြည်တော်ပြန် ဘုရားကြီးဟူ၍ ထင်ရှားကျော်စောသော မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်သီတင်းသုံး စံပယ်တော်မူသည့် မဟာဂန္ဓကုဋိတိုက်တော်ကြီး အတွင်းသို့

ဝင်ပြီး အနီးကပ်၍ တစိမ့်စိမ့် ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ပါသည်။ ဘုရားသမိုင်းကြောင်းကိုလည်း သိရှိမှတ်သားခွင့် ရရှိခဲ့ပါသည်။ ဖနိုးသီဒ္ဓိထက်မြက်သော ဂါထာများကိုလည်း သိရှိမှတ်သားခွင့် ရရှိခဲ့ပါသည်။

မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်၏ ရာဇဝင် သမိုင်းကြောင်းမှာ ထူးခြားဆန်းကြယ်၍ အံ့ဩဖွယ် ကောင်းလှပါသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ရဟန္တာ ငါးရာခြံရံလျက် သက္ကရာဇ် ၁၂၂-ခု၊ တပို့တွဲလပြည့်နေ့တွင် ဓညဝတီ ရခိုင်ပြည်သို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွမြန်းတော်မူလာသည်။ ဓညဝတီမြို့တော်ကြီး၏ အနောက်မျက်နှာ ကစ္ဆပနဒီခေါ် ကုလားတန်မြစ် အရှေ့ဘက်ကမ်းရှိ သေလာဂိရိ ကျောက်တောင်ထိပ်၌ ခေတ္တခဏ ရပ်တံ့တော်မူသည်။ ထိုသတင်းကိုကြားလျှင် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းလည်း အခြွေအရံများနှင့်တကွ မြတ်စွာဘုရားသခင်ထံသို့ လာရောက်ဖူးမြော်ပြီး ဓညဝတီ မင်းနေပြည်သို့ ကြွရောက် သီတင်းသုံးတော်မူပါရန် လျှောက်ထားတောင်းပန်သည်။ ထို့ကြောင့် မြတ်စွာဘုရားသခင်လည်း ဓညဝတီ မင်းနေပြည်သို့ ရဟန္တာငါးရာနှင့်တကွ ကြွရောက်တော်မူသည်။ သုံးလတိုင်တိုင် သီတင်းသုံးတော်မူပြီး တရားရေအေး တိုက်ကျွေးတော်မူသည်။

မြတ်စွာဘုရားသခင်နှင့် ရဟန္တာအရှင်မြတ်ကြီးများ ပြန်လည်၍ ဒေသစာရီ ကြွချီတော်မူခါနီးတွင် စန္ဒသူရိယမင်းလည်း မြတ်စွာဘုရားသခင်၏ ကိုယ်စားတော်အဖြစ် နိမိတ်ရုပ်ပွားတော် ချန်ထား၍ ကိုးကွယ်ခွင့်ပြုပါရန် လျှောက်ထား တောင်းပန်သည်။ အခွင့်တော်ရသောအခါ ဓညဝတီမင်းနေပြည်၏အရှေ့မြောက်ထောင့်အရပ်မှ သိရိဂုတ်တောင်ထိပ်တွင်ကြေးသွန်းပညာရှင်များကို မြတ်စွာဘုရားသခင်၏ ကိုယ်စားတော်ဖြစ်သည့် ရုပ်ပွားတော်မြတ် သွန်းလုပ်စေသည်။

သက္ကရာဇ် ၁၂၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညနေတွင် စတင်သွန်းလုပ်ရာ ကြာသပတေးနေ့ နံနက်အချိန်တွင် မဟာမုနိ ရုပ်ပွားတော်မြတ်ကို သွန်းလုပ်အောင်မြင် ပြီးစီးသောအခါ ပိုလျှံသော ရတနာ သတ္တုတို့ဖြင့် မဟာမုနိ ရုပ်ပွားတော်မြတ်၏ ညီတော်များအဖြစ် ဆက်လက်သွန်းလုပ်ခွင့် ပေးပါရန် မြတ်စွာဘုရားသခင်ကို ထပ်မံလျှောက်တင်ပါသည်။ အခွင့်တော်ရသောအခါ ရှင်ကျော်မုနိ၊ ရွှေတုံသာမုနိ၊ မာရ်အောင်မြင်မုနိဟူသော ဘွဲ့တော်ရှိသည့် ရုပ်ပွားတော်သုံးဆူကို ဆက်လက်သွန်းလောင်းရာ အောင်မြင်ပြီးစီးသည်။

## နှတိယ အကြိမ်

မဟာမြတ်မုနိ ရုပ်ပွားတော်၏ ညာဏ်တော် အမြင့်မှာ စမ္မခဏ်အလွတ် ခြောက်တောင်တစ်မိုက်ရှိသည်။ ရှင်ကျော်မုနိမှာ စမ္မခဏ်အလွတ် လေးတောင်ရှစ်လက်မရှိသည်။ ရွှေဘုံသာမုနိမှာ စမ္မခဏ်အလွတ် သုံးတောင်နှင့် ဆယ်လက်မရှိသည်။ မာရ်အောင်မြင်မုနိမှာ စမ္မခဏ်အလွတ် နှစ်တောင့်ထွာ (သုံးပေ ၉ လက်မ) ရှိသည်။ စမ္မခဏ်မှာ ၉-လက်မရှိရာ စမ္မခဏ်နှင့်တကွ ဆိုပါက လေးပေနှင့် ခြောက်လက်မ (သုံးတောင်ကိုတိ) ရှိသည်။ ကြေးချိန်မှာ ၆၆၆-ပိဿာနှင့် ၆-ကျပ်သားရှိသည်။

မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်နှင့် ညီတော်ရုပ်ပွားတော် သုံးဆူကို ဘိုးတော်ဘုရား၏ သားတော်အိမ်ရှေ့မင်းသားက သက္ကရာဇ် ၁၁၄၆-ခုနှစ် တပို့တွဲလတွင်အမရပူရမြို့တော်သို့ကိုးကွယ်ပူဇော်ရန်တောင်ကုတ်တောင်ကြားလမ်းမှ ပင့်ဆောင်လာခဲ့သည်။ အမရပူရသို့ရောက်သောအခါ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကို မြို့တော်မြောက်ပြင်အရပ်မြေပြင်တွင် အုတ်အင်္ဂတေတို့ဖြင့်ခံပြီး ဖန်မှန် ရတနာတို့ဖြင့် ခြယ်စီအပ်သော ဘုံကိုးဆင့်ရှိ ရွှေပြာသာဒ်တော်တွင် သွင်း၍ ကိုးကွယ်တော်မူသည်။

မာရ်အောင်မြင် မုနိရုပ်ပွားတော်ကိုမူ အမရပူရရွှေမြို့တော် နန်းတော်ဦး၌ ရွှေပြာသာဒ်ဖြင့်တည်ထား၍ မင်းအဆက်ဆက်တို့ ကိုးကွယ်လာကြသည်။ သက္ကရာဇ်၁၂၁၄-ခုနှစ်၊ တပို့တွဲလဆန်းတွင်မူ ဇလွန်မြို့သူကြီး ဦးရွှေပွင့်နှင့် အပေါင်းအဖော်များသည် ပုဂံမင်း၏ မယ်တော်ကြီးနှင့် မိဖုရားကြီးတို့ထံ ခွင့်ပန်ပြီး ဇလွန်မြို့တော်သို့ ခေတ္တ ပင့်ဆောင့်လာခဲ့ရာ တပေါင်းလဆန်း ၈-ရက်နေ့တွင် ဇလွန်မြို့သို့ ဆိုက်ရောက်လာသည်။ ထိုအချိန်မှစ၍ မင်းအဆက်ဆက် ကိုးကွယ်လာခဲ့သော မာရ်အောင်မြင် မုနိရုပ်ပွားတော်မြတ်သည် ယနေ့တိုင်အောင် ဇလွန်မြို့၌ စံပယ်သီတင်းသုံး လျက် ရှိသည်။

မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသခင်၏ ကိုယ်စားတော်ဖြစ်သည့် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်၏ ရာဇဝင်သမိုင်းကြောင်းကို သိရှိမှတ်သားရသောအခါ အတိုင်းမသိ သဒ္ဒါကြည်ညိုစိတ် ဖြစ်ပွားရပါသည်။ သပ္ပာယ်တင့်တယ်တော်မူလှသော မျက်နှာတော်ကို တစိမ့်စိမ့် ဖူးမြော်ကြည်ညိုရင်း မိဘ၊ ဘိုးဘွား၊ ဆရာသမားများ ရွတ်ဆိုပူဇော်ကြသော 'ဉာတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တ' အစချီသည့် စမ္မခဏ် ဂါထာတော်ကိုလည်း အလိုလို ရွတ်ဆိုပူဇော်နေမိပါသည်။

စမ္မခဏ်ဟူသည်မှာ ရုပ်ပွားဆင်းတုတော်နှင့် ပလ္လင်အကြားရှိ အခင်းဖြစ်ပါသည်။ ဇလွန်မြို့ ပြည်တော်ပြန် စမ္မခဏ်ဂါထာဆိုသည်မှာ မာရ်

အောင်မြင် မုနိ ရုပ်ပွားတော်မြတ်၏ စမ္ဗခဏ်တွင် ရေးထိုးထားသော ဂါထာပင် ဖြစ်ပါသည်။ မြန်မာပြည်တစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များ ရွတ်ဖတ်သရဇ္ဈာယ်သော စမ္ဗခဏ်ဂါထာအပြင် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်ကြီး၌ အခြားဂါထာသုံးပုဒ်လည်း ရှိသေးကြောင်း။ ထိုဂါထာသုံးပုဒ်မှာ ရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ်တော်ရှိ ဂါထာ၊ လက်ယာလက်ရုံးတော်ရှိဂါထာ၊ လက်ဝဲလက်ရုံးတော်ရှိ ဂါထာများဖြစ်ကြောင်း သိရှိမှတ်သားရပါသည်။

သင်းကျစ်တော်ဂါထာကို ရွတ်ဆိုပူဇော်နေခိုက်တွင် မိမိ၏ဦးခေါင်း ရတနာမြတ်အင်္ဂါထက်သို့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ကြွမြန်းစံပယ်တော်မူလျက်ရှိသည်ဟု စိတ်အာရုံ၌ နှလုံးသွင်း၍ ကြည်ညို နေရမည်။ လက်ယာလက်ရုံးတော်ဂါထာကို ရွတ်ဆိုပူဇော်သော အခိုက်တွင်မူ လက်ယာလက်ရုံးကိုဆန့်တန်းပြီးရွတ်ဆိုပူဇော်ရမည်။ လက်ဝဲလက်ရုံးတော်ဂါထာကို ရွတ်ဆိုပူဇော်သောအခိုက်တွင်မူ လက်ဝဲလက်ရုံးကို ဆန့်တန်းပြီး ရွတ်ဆိုပူဇော်ရမည်ဟုလည်း သိရှိမှတ်သားရပါသည်။

သက္ကရာဇ် ၁၃၁၂-ခုနှစ်၊ တန်ဆောင်မုန်းလတွင် ဇလွန်မြို့၊ ဆရာ ဦးမောင်ရှင်း ရေးသားပြုစုပြီးစီးသော ပြည်တော်ပြန် သမိုင်းစာအုပ်မှ ဂါထာတော်သုံးပုဒ်ကို ပါဠိအနက်နှင့်အတူ အောက်တွင် ဖော်ပြအပ်ပါသည်။

### ၁။ သင်းကျစ်တော် ဂါထာပါဠိအနက်

ဩဘာင်း—ကာသပဋ္ဋာယ ဥပသိမာ၊
မမ မောလိ ဟေိ ဟေိ၊ ဗုဒ္ဓံဝါ ဓမ္မံဝါ သံဃံဝါ
သင်္ဂေသုဝါ ဟုရုံဝါ။

သင်္ဂေသုဝါ၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ လည်းကောင်း၊ ဟုရုံဝါ။ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည် စသည်တို့၌ လည်းကောင်း၊ ယံကိဋ္ဌိ၊ ကြွင်းမဲ့ဥဿုံ ကုန်အောင်စုံသော။ ယံ ယတနံ၊ အကြင်ရတနာသည်။ပဏီတံ၊ မွန်မြတ်၏။ တံရတနံ၊ ထိုရတနာသည်။ ယေန၊ အကြင် ဘုရားရတနာ၊ တရားရတနာ။ သံဃာရတနာနှင့်။ သမံ၊ တူ၏။ နတ္ထိ၊ မရှိ။ တံ-ဗုဒ္ဓံဝါ၊ ထို ဘုရားရတနာသည်လည်းကောင်း။ တံ-ဓမ္မံဝါ၊ ထိုတရားရတနာသည် လည်းကောင်း။ တံ သံဃံဝါ၊ ထိုသံဃာရတနာသည် လည်းကောင်း မမ။အကျွန်ုပ်၏။ မောလိ၊မြင့်မြတ်သောဦးခေါင်းထက်သို့။ ကာသပဋ္ဋာယ။ ပွင့်လင်းသောအရောင်အဝါဖြင့်။ ဥပသိမာ—ဥပသိမာယ၊ နှိပ်စက်တတ်၊

သော ဘေးရန်အပေါင်းတို့ကို ငြိမ်းအေးစေခြင်းငှာ၊ ဩဇာ၊ မြင့်မြတ်သော မင်္ဂလာဖြင့်။ ဟေ–ဟေ၊ မဆိုင်းမတွ လျှင်မြန်စွာ ကွဲတော်မူပါ အရှင်ဘုရား။

## ၂။ လက်ယာလက်ရုံးတော် ဂါထာပါဠိအနက်

သံသာရစက္က ဝိဒ္ဓံသံ၊
သံသုဒ္ဓမယ သြရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံဃံ အပိ သုမာနသံ။

သံသာရစက္က ဝိဒ္ဓံသံ၊ သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးတော် မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးသော စိတ်ရှိတော်မူထသော။ ဘဝေ၊ ဘဝ သုံးပါး၌။ အာသံ၊ ချစ်ခင်တွယ်တာ အာသာတဏှာကို၊ သံဆိန္နကံ၊ ကောင်းစွာ ပယ်သတ် တကယ်ဖြတ်တော် မူပြီးထသော၊ သုမာနသံ၊ အံ့ချီးခြင်းငှာ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော ရွှေနှလုံးတော်ရှိထသော။ ဗုဒ္ဓံအပိ၊ မြတ်စွာဘုရားကို လည်းကောင်း။ သံသာရစက္က ဝိဒ္ဓံသံ၊ သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးတော်မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးထသော။ ဘဝေ၊ ဘဝသုံးပါး၌။ အာသံ၊ .ချစ်ခင်တွယ်တာ အာသာတဏှာကို။ သံဆိန္နကံ၊ ကောင်းစွာ ဖြတ်တော်မူပြီးထသော။ အဿ၊ ထိုမြတ်စွာဘုရား၏။ ဓမ္မံအပိ၊ မဂ်လေးတန်၊ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ သံသာရစက္က ဝိဒ္ဓံသံ၊ သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ဖျက်ဆီးတော် မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးသော စိတ်ရှိတော်မူထသော။ ဘဝေ၊ ဘဝသုံးပါး၌။ အာသံ၊ ချစ်ခင်တွယ်တာ အာသာတဏှာကို။ သံဆိန္နကံ၊ ကောင်းစွာဖြတ်တော်မူပြီးထသော။ သုမာနသံ၊ အံ့ချီးခြင်းငှာ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော ရွှေနှလုံးတော်ရှိထသော။ သံဃံအပိ၊ ရှစ်ယောက်သော အရိယာ သံဃာတော်မြတ် အပေါင်းကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ အဉ္ဇလီ ညွှတ်ကာ ရှိခိုးပါ၏ အရှင်ဘုရား။

ဒုတိယ အကြိမ်

## ၃။ လက်ဝဲလက်ရုံးတော်ဂါထာပါဠိအနက်

တ မေ သ ဒီကော မံ သု ရေ၊
သော အ ပ နာ ပ သု သု ပိ။
အ ခံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဂေါ နမာမဟံ။

တ၊ တဏှင်္ကရာ မြတ်စွာဘုရားကို လည်းကောင်း။ မေ၊ မေဓင်္ကရာ မြတ်စွာဘုရားကို လည်းကောင်း။ သ၊ သရဏင်္ကရာ မြတ်စွာဘုရားကို လည်းကောင်း၊ ဒီ၊ ဒီပင်္ကရာ မြတ်စွာဘုရားကိုလည်းကောင်း။ ကော၊ ကောဏ္ဍည မြတ်စွာဘုရားကိုလည်းကောင်း။ မံ၊ မင်္ဂလမြတ်စွာဘုရားကိုလည်းကောင်း။ သု၊ သုမန မြတ်စွာဘုရားကိုလည်းကောင်း။ ရေ၊ ရေဝတ မြတ်စွာဘုရားကို လည်းကောင်း။ သော၊ သောဘိတ မြတ်စွာဘုရားကိုလည်းကောင်း။ အ၊ အနောမဒဿီ မြတ်စွာဘုရားကို လည်းကောင်း။ ပ၊ ပဒုမမြတ်စွာဘုရားကို လည်းကောင်း။ နာ၊ နာရဒ မြတ်စွာဘုရားကို လည်းကောင်း။ ပ၊ ပဒုမုတ္တရ မြတ်စွာဘုရားကို လည်းကောင်း။ သု၊ သုမေဓ မြတ်စွာဘုရားကို လည်းကောင်း။ သု၊ သုဇာတ မြတ်စွာဘုရားကို လည်းကောင်း။ ပိ၊ ပိယဒဿီ မြတ်စွာဘုရားကို လည်းကောင်း။ အ၊ အတ္ထဒဿီ မြတ်စွာဘုရာ ကို လည်းကောင်း။ ခံ၊ ဓမ္မဒဿီ မြတ်စွာဘုရားကို လည်းကောင်း။သိ၊ သိဒ္ဓတ္ထ မြတ်စွာဘုရားကို လည်းကောင်း။ တိ၊ တိဿမြတ်စွာဘုရားကိုလည်းကောင်း။ ဖု၊ဖုဿ မြတ်စွာဘုရားကို လည်းကောင်း။ ဝိ၊ဝိပဿီ မြတ်စွာဘုရားကိုလည်းကောင်း။ သိ၊ သိခီ မြတ်စွာဘုရားကို လည်းကောင်း။ ဝေ၊ ဝေဿဘူ မြတ်စွာဘုရားကို လည်းကောင်း။ က၊ ကကုသန် မြတ်စွာဘုရားကို လည်းကောင်း။ ကော၊ ကောဏာဂုံ မြတ်စွာဘုရားကို လည်းကောင်း။ က၊ ကဿပ မြတ်စွာဘုရားကို လည်းကောင်း။ ဂေါ၊ ဂေါတမ မြတ်စွာဘုရားကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မာရ်အောင်မြင်မုနိ ရုပ်ပွားတော်၏ စမ္မခဏ်ဂါထာနည်းတူ သင်းကျစ်တော်ဂါထာ၊ လက်ယာလက်ရုံးတော်ဂါထာနှင့် လက်ဝဲလက်ရုံးတော် ဂါထာ သုံးပုဒ်သည်လည်း ထူးခြားဆန်းကြယ်သော ကောင်းကျိုးချမ်းသာမှန်သမျှကို ပေးနိုင်စွမ်းရှိသည်၊ တန်ခိုးသိဒ္ဓိ ထက်မြက်သည်ဟု သက်ဝင်ယုံကြည်ကြပါသည်။

## ဒုတိယ အကြိမ်

တန်ခိုးကြီးဘုရား ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများရာလည်း ရောက်သည်။ ဝစီဒုစရိုက်လေးပါးကို ကျူးလွန်ခြင်းမှ အလိုအလျောက် ကာကွယ်ရာလည်း ရောက်ပါသည်။ ဘုရားဂါထာတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် စိတ်နှလုံး တည်ကြည်ငြိမ်သက်ကာ စိတ်စွမ်းအင်တန်ခိုးများ အလိုလို တိုးပွားလာတတ်ပါသည်။ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်လာတတ်ပါသည်။ ထို့ကြောင့် မာရ်အောင်မြင်မုနိမှ တန်ခိုးသိဒ္ဓိ ထက်မြက်လှသော ဂါထာတော်များကို အများပြည်သူ ရွတ်ဖတ်ကြည်ညို ပူဇော်နိုင်ကြစေရန် ကုသိုလ်စေတနာ ရခြင်း ဖြစ်ပါသည်။ ။

တက္ကသိုလ် ဝင်းမွန်



ဒုတိယ အကြိမ်

# ပရိတ်အကျိုးနှင့် ပရိတ်ရွတ်နည်း

(ပေယျာလီဆရာတော်ဘုရားကြီး စီရင်ရေးသားသော
သုကုမာရမဂ္ဂဒီပနီ စာအုပ်မှ)

ယခုအခါသည် ရောဂါဥပဒ် များပြားလှသောအခါ ဖြစ်၍ ပရိတ်ကြီး ရွတ်ဖတ်သောဝတ်ကို ဆရာဖြစ်သူတို့ အထူးအားထုတ်သင့်၏။ ပရိတ်ကြီး တစ်စောင်လုံးဆိုလျှင် များလှ၍ မဆောင်နိုင်ရှိ၏။ အတုံဖြစ်အောင် နေ့စဉ် စွဲမြဲ၍ ရွတ်နိုင်ပါလျှင် ရတနသုတ် တစ်ခုနှင့်လည်း ပြီးပါ၏။ မေတ္တာသုတ် တစ်ခုနှင့်လည်း ပြီးပါ၏။ ခန္ဓသုတ် တစ်ခုနှင့်လည်း ပြီးပါ၏။ နေ့စဉ် အထုံပြု၍ စွဲမြဲမှုရှိမှ အန္တရာယ်တွေ့သောအခါ ရွတ်လျှင် တန်ခိုးထင်ရှားနိုင် သည်။ အန္တရာယ်ကြီးလျှင်ကြီးလိုက် အထပ်များစွာရွတ်။ နှုတ်နှင့်ရွတ်မှုထက် စာကိုကြည့်၍ ဖတ်မှုသည် သာ၍ကောင်း၏။ မရသောသူတို့လည်း ဖတ်နိုင် ကြကုန်၏။ ရသောသူတို့လည်း အထူးပီပြင်စွာ ဖတ်ဆိုနိုင်ကြကုန်၏။

ဝေသာလီပြည်၌ ကပ်သုံးပါးသင့်ရာ ရတနသုတ်ကြီးကို ညဉ့်သုံးယံပတ် လုံး ရှင်အာနန္ဒာရွတ်ပေး၍ ပျောက်ငြိမ်း၏။ ကပ်ဥပဒ် ကင်းငြိမ်းဖို့အတွက် သက်သက် ဟောတော်မူရသော သုတ်ကြီးပေတည်း။ ထို့ကြောင့် မြို့ရွာ၌ ကပ်ဥပဒ်ဖြစ်ခဲ့သော် ဤသုတ်ကြီးကို ကမ္မဝါပြုလုပ်၍ လူရော၊ရှင်ရော ဖတ် ရွတ်ရမည်။

မြို့ရွာအတွက် အများ ဖတ်ရွတ်ကြသောအခါ တစ်ယောက်သောသူက စာကိုကိုင်၍ ဖတ်ရမည်။ ၂၀-ကျော် ၃၀-မျှသောသူတို့က တစ်သံတည်းကျ အောင် လိုက်ရမည်။ တစ်ရွာလုံးတစ်ရပ်လုံး နှံ့လေအောင် လမ်းလျှောက် မတ်တတ်သွား၍ ဖတ်ရွတ်ကြရမည်။ ကပ်ဥပဒ်မငြိမ်းမချင်း ညစဉ်ဖတ်၊ကပ် ဥပဒ် ပျောက်ငြိမ်းမှ တန့်။ မိမိတို့အိမ်မှာလည်း နေဝင်လျှင် အိမ်ရှိလူကုန် တစ်အိမ်လုံး ဖတ်ရွတ်ကြလေ။

သုတ်ပါထေယျ၌လာသော အာဋာနာဋိယ သုတ်တော်ကြီးသည်လည်း ဘီလူး၊ သဘက် အန္တရာယ်ကင်းဖို့ ဟောထားသော သုတ်ကြီးပေတည်း။ မဟာသမယသုတ်ကြီးသည်လည်း အန္တရာယ်ကင်း သက်သက်ပေတည်း။

ဒုတိယ အကြိမ်

သထုံပြည်၌ ဥပဒ်ဖြစ်ရာ ရဟန္တာအရှင်သောဏမထေရ်၊ ဥတ္တရမထေရ်တို့ပြဟ္မဇာလသုတ်ကြီးကိုရွတ်၍ ပျောက်ငြိမ်းသည်ဟု ကျမ်းဂန်၌ အဆင်အရှားရှိ၏။

ဥပ္ပာတသန္တိသည်လည်း ကပ်ဥပဒ်ငြိမ်းဖို့ သက်သက်ဖြစ်၍ ဇင်းမယ်နိုင်ငံ၌ ကပ်ဥပဒ်ကြီးဆိုက်ရောက်ရာ ဥပ္ပာတသန္တိကို တစ်မြို့လုံးရွတ်ဖတ်ကြ၍ ကပ်ဥပဒ် ကင်းငြိမ်း၏။

ပဋ္ဌာန်းပါဠိတော်များသည်လည်း ကပ်ဥပဒ်ကို ငြိမ်းစေတတ်၏။ မြို့အတွက်၊ ရွာအတွက် ဖတ်ရွတ်ကြသောအခါ ရပ်စု၊ ကွက်စုပြု၍ မိန်းမ၊ ယောကျ်ား အသင်းဖွဲ့၍ဖတ်။ လူများလွန်းလျှင် အသံမကွဲမပြားရှိတတ်၏။ အသံကွဲပြားမှ သာ၍ကောင်းသည်။ နှစ်ကျိပ်၊ နှစ်ကျိပ်ငါး၊ သုံးကျိပ်-သုံးကျိပ်ငါးအစုဖွဲ့ စည်း၍ဖတ်၊ အမြောက်သံ၊ သေနတ်သံ၊ စည်သံ၊ မောင်းသံအချက်ပေး၍ တစ်မြို့လုံး၊ တစ်ရွာလုံး တစ်ပြိုင်တည်းဖတ်၊ တော်ချိန်ကျလျှင်လည်း အချက်ပေး၍ တစ်ပြိုင်တည်းရပ်။ ကပ်ဥပဒ် မငြိမ်းမချင်းညစဉ်ဖတ်၊ ကပ်ဥပဒ်ပျောက်ငြိမ်းမှ တန့်။

ဖတ်မည်ပြုသောအခါ တစ်မြို့လုံး၊ တစ်ရွာလုံး လမ်းစဉ်တစ်လျှောက်တံမြက်လှည်း၊ လမ်းဆုံလမ်းခွကို၌ ရေပြည့်အိုးတည်၊ နေဝင်လျှင် တစ်မြို့လုံးလင်းအောင် မီးထွန်း၊ ငါတို့ထုတ်ထားသော အန္တရာယ်ကင်း ပဗ္ဗာဇနီယကမ္မဝါစာအုပ်မှာ ပြဆိုသော အစီအစဉ်အတိုင်းလုပ်။

ငါတို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ကပ်ဥပဒ်ကြီးများကို ပျောက်ငြိမ်းစေတတ်သော သုတ္တန်ကြီး၊ သုတ္တန်ငယ်၊ ဂါထာကြီး-ဂါထာငယ်များစွာလာရှိ၏။အရကျက်၍လည်း မထားနိုင်ကြ။နှုတ်နှင့်ရွတ်ရိုးရှိနေသည့်အတွက်အရ မကျက်နိုင်သော သုတ္တန်ကြီးငယ်စုသည်။ ကပ်ဥပဒ်ရှိနေသည့် အခါအသုံးမပြုနိုင် ရှိနေကြ၏။ စာနှင့်ဖတ်မှုသည် ဘယ်ပါဠိတော်ကိုမဆို မိန်းမယောကျ်ား အများ ဖတ်နိုင်၏။ နှုတ်နှင့်ရွတ်မှုထက်လည်း ပုဒ်အက္ခရာပီပြင်စွာ ဆိုနိုင်သဖြင့် သာ၍ကောင်းမြတ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာနိုင်ငံ၌ အစောင့်အရှောက်ဖြစ်စေခြင်းငှာ ပြဆိုခဲ့ပြီးသော ပါဠိတော်ကြီးများကို ကျမ်းဂန်တို့မှ ထုတ်နုတ်၍ စာအုပ်ပြုလုပ်ကာ အိမ်တိုင်းမှာပင် အစဉ်တာဝရရှိစေဖြို့ ကောင်းလှ၏။ ပညာရှိတို့ သတိပြုကြလေကုန်။

ဒုတိယ အကြိမ်

## နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက်

၁။ နမောတဿ-မဟာနမက္ကာရကြီးသည်လည်း ဘီလူး၊ သဘက် အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၂။ သရဏဂုံ ၃-ပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၃။ ဣတိပိသော ဂုဏ်တော်၉-ပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၄။ သမ္ဗုဒ္ဓေ-သည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၅။ သိရသ္မိံမေ ဗုဒ္ဓသေဋ္ဌာ-ဟူသော ရတနာရွှေချိုင့်သည်လည်း အန္တရာယ် ကင်းဖို့ အထူးဖြစ်၏။

၆။ အောင်ခြင်း ၈-ပါးသည်လည်း အန္တရာယ်ကင်းဖို့ အထူးဖြစ်၏၊

၇။ အာဋာနာဋိယဂုဏ်တော်၁၈-ပါးသည်လည်းအလွန်တန်ခိုးကြီးလှ၏ မောရဏပရိတ်လည်း ခေါ်၏။ ဘီလူး၊ သဘက်များကို အလွန်နိုင်၏။

၈။ ဆဒိသာပါလသုတ်သည်လည်း အန္တရာယ်ကင်းရိုးရာကြီးပေတည်း။ (ဤသို့လျှင် ဗုဒ္ဓဘာသာ၌ ကပ်၊ ဥပဒ် အန္တရာယ် လွတ်ကင်းရန် ပရိတ်တော်၊ ဂုဏ်တော် အလွန်ပေါများ၏။ အိပ်ရာဝင်၌ အထပ်များစွာ နေ့စဉ်ရွတ်အံ စွဲမြဲ၍ထားကြပါမူ ကြာလေလေ၊ တန်ခိုးရှိလေလေဖြစ်၏။)

နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက်ပြီးပြီ။

ပရိတ်ရွတ်နည်း ပြီး၏။

○ ◉ ○

ပရိတ်တော် ဂုဏ်တော်များကို ရွတ်ဖတ်ကြရာ၌ ကုသိုလ်ဖြစ် ရွတ်ဖတ်ကြသောအခါသဒ္ဓါစိတ်နှင့်ဖြည်းညင်းသာယာနာချင်ဖွယ်ရှိအောင်ရွတ်ဖတ်ရသည်။ အန္တရာယ်ကင်းကိစ္စနှင့် ရွတ်ဖတ်ကြသောအခါ မာန်စိတ်နှင့် အသံထန်စွာ ရွတ်ဖတ်ရသည်။ အန္တရာယ်ကြီးလျှင် ကြီးလိုက် အခေါက်များစွာ အာသံ၊ လျှာသံ အပြင်းအထန်ပေး၍ ရွတ်ဖတ်ရသည်။ ။

ဒုတိယ အကြိမ်

# မေတ္တာဘာဝနာ

## ချမ်းမြေ့ ရိပ်သာဆရာတော်

မေတ္တာဘာဝနာသည် သမထကမ္မဋ္ဌာန်း လေးဆယ်တွင် ပါဝင်သော သမာဓိကမ္မဋ္ဌာန်း တစ်ခုဖြစ်၏။ ဤမေတ္တာဘာဝနာကို ပွားများအားထုတ်ခြင်းဖြင့် ဈာန်လေးဆင့်အနက် တတိယဈာန် သမာဓိအထိ ရနိုင်၏။ ထို့ကြောင့် ဤ မေတ္တာဘာဝနာအခန်းကို သမာဓိအခန်း၏ နောက်၌ ဆက်လက်ဖော်ပြရခြင်း ဖြစ်၏။

### မေတ္တာဆိုသည်မှာ

မေတ္တာဆိုသည်မှာ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောစိတ်၊ သတ္တဝါတို့ကို ချမ်းသာစေလိုသောစိတ်ပင် ဖြစ်သည်။ သတ္တဝါတို့၏အကျိုးစီးပွားကို လိုလားလျက် ချစ်ခင်သောစိတ်ဟု လည်း ဆိုနိုင်၏။ (အဘိဓမ္မာ၌ မေတ္တာသည် စေတသိက်ဖြစ်၏။ ဤမေတ္တာဘာဝနာ အရာ၌မူ ထိုမေတ္တာစေတသိက်နှင့် ယှဉ်သောစိတ်ကို မေတ္တာဟုဆိုရသည်။)

### တဏှာရာဂသည် မေတ္တာမဟုတ်

တစ်စုံတစ်ယောက်အပေါ်၌ ငြိတွယ်လျက် ချစ်ခင်သောစိတ် (တဏှာရာဂ) သည် မေတ္တာမဟုတ်ပေ။ ငြိတွယ်ခြင်းကင်းလျက် ချမ်းသာစေလိုသော သဘောသက်သက်ဖြင့် ချစ်ခင်သောစိတ်သည်သာ မေတ္တာအစစ်ဖြစ်၏။

ငြိတွယ်လျက်ချစ်သော တဏှာချစ် ရာဂချစ်သည် ပူလောင်၏။ ငြိတွယ်မှုကင်းလျက် ချစ်သော မေတ္တာချစ်သည် အေးမြ၏။

## တဏှာချစ်ကြောင့် ဆင်းရဲရ

မိမိက တဏှာရာဂချစ်ဖြင့် ငြိတွယ်လျက် ချစ်ခင်နေသူ တစ်ယောက် မိမိနှင့်ခွဲခွာ၍ တစ်ရပ်တစ်ကျေး၌ သွားရောက်နေထိုင်သည့်အခါ ထိုသူ ထိုအရပ်၌ မည်မျှပင် ချမ်းချမ်းသာသာ နေရစေကာမူ ထိုသူ့ကို မမြင်ရ၊ မတွေ့ရသဖြင့် မိမိမှာ စိတ်ဆင်းရဲရ၏။ ထို့ကြောင့် ငြိတွယ်လျက်ချစ်သော တဏှာချစ် ရာဂချစ်သည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

ဤငြိတွယ်လျက်ချစ်သောအချစ်မျိုးသည် မိဘနှင့်သားသမီး၊ မောင်နှင့်နှမ၊ ဆွေမျိုး တစ်ဦးနှင့်တစ်ဦး၊ မိတ်ဆွေ တစ်ဦးနှင့်တစ်ဦးတို့၏ အကြား၌ပင် များစွာဖြစ်တတ်သေး၏။ ဇနီး ခင်ပွန်းတို့၏ အကြား၌ကား ပြောဖွယ် မလိုတော့ပေ။

## မေတ္တာချစ်ကြောင့် ချမ်းသာရ

မိမိက ငြိတွယ်ခြင်းမရှိဘဲ ချမ်းသာစေလိုသော သဘောသက်သက်ဖြင့် ချစ်ခင်နေသူတစ်ယောက် မိမိနှင့်ခွဲခွာ၍ တစ်ရပ်တစ်ကျေး၌ သွားရောက် နေထိုင်သောအခါ ထိုသူမှာ ချမ်းသာနေသည်ဖြစ်စေ၊ ဆင်းရဲနေသည် ဖြစ်စေ၊ ထိုသူ့ကို မမြင်မတွေ့ရသဖြင့် မိမိမှာ မည်သို့မျှ ဆင်းရဲခြင်း မဖြစ်ပေ။

ထိုသူ့ကို အာရုံပြု၍ ထိုသူချမ်းသာစေလိုသော စိတ်ထား မိမိ၏ စိတ် အစဉ်တွင် စိမ့်ဝင်ပျံ့နှံ့နေရကား မိမိချမ်းသာမြဲ ချမ်းသာနေ၏။ ထို့ကြောင့် ငြိတွယ်ခြင်းကင်းလျက် ချစ်ခင်သော မေတ္တာချစ်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ထို့မျှမက၊ မိမိ မေတ္တာပွားသည့်အတိုင်း ထိုသူချမ်းသာနေလျှင် ဝမ်း မြောက်ဝမ်းသာ မုဒိတာပွားရ၍ မချမ်းသာဘဲ ဆင်းရဲနေလျှင်လည်း ကြင်နာသနား ကရုဏာပွားနေရုံမျှသာ ဖြစ်၏။ စိတ်ဆင်းရဲမှုကား မိမိမှာ မဖြစ်ပေ။

## ပွားသူတို့ ကိုယ်တွေ့

သတ္တဝါ တစ်ဦးတစ်ယောက် အပေါ်၌ဖြစ်စေ၊ အများစု အပေါ်၌ ဖြစ်စေ၊ သတ္တဝါအားလုံးအပေါ်၌ဖြစ်စေ မေတ္တာစိတ်ထား အတော်ကြီး ထားနိုင်၍ မိမိသန္တာန်၌ မေတ္တာစိတ် တဖွားဖွား ဖြစ်ပေါ်လာသည်အထိ မေတ္တာပွားနိုင်လျှင် ပွားသူ၏စိတ်သည် တည်ငြိမ်၏။ ကြည်လင်၏။ ငြိမ်း

အေး၏။ ချမ်းမြေ့၏။ နှစ်သက်ဝမ်းမြောက်မှု ပီတိပါမောဇ္ဇတို့ စိတ်အစဉ်၌ စိမ့်ဝင်ပျံ့နှံ့နေသဖြင့် မည်သည့်ချမ်းသာနှင့်မျှ မတူသော ချမ်းသာကို ခံစားရ၏။ ရုပ်သွင်လည်း တည်ကြည်ငြိမ်သက် ကြည်လင်ငြိမ်းအေး၏။ ထိုသူ့ကို တွေ့မြင်ရသူမှန်သမျှ ဆက်ဆံရသူမှန်သမျှ အလိုလို စိတ်ချမ်းသာ၏။ ထိုသူ့ကို မုန်းနေသူများပင် ချစ်ခင်စိတ် ဝင်လာတတ်၏။

ဤသည်တို့မှာ မေတ္တာကိုအချိန်ယူ၍ ပွားများသူတို့ ကိုယ်တွေ့ကြုံရသော မေတ္တာ၏ အကျိုးတရားများ ဖြစ်ကြ၏။

**အပြစ်ရှာသူ**

တစ်ချိန်က ရန်ကုန်၌ မေတ္တာဘာဝနာပွားသူတပည့်အရာရှိတစ်ဦးသည် ရက်နှစ်ဆယ်ခန့် မေတ္တာဘာဝနာကို အားထုတ်မိသောအခါ ဝိသုဒ္ဓိမဂ်၌ လာသည့်အတိုင်း ကြည်ညိုလေးစားအပ်သူ၊ ချစ်ခင်သူ မိတ်ဆွေနှင့် မချစ်မမုန်း သိကျွမ်းရုံမျှ ဖြစ်သူဘို့ကို ကျေပွန်စွာ ပွားပြီးနောက် ရုံး၌ သူ့ကို အမြဲတစေ အပြစ်မရှိ အပြစ်ရှာနေသော သူ၏ အထက်အရာရှိကို အာရုံထား၍ မေတ္တာပွားကြည့်၏။ ရှေ့ပုဂ္ဂိုလ်များကို ပွားသလိုပင် မေတ္တာစိတ် တဖွားဖွားဖြစ်ပေါ်သည်ကိုတွေ့ရ၍ တစ်နေ့လုံး ထိုအရာရှိကိုချည်း မေတ္တာပွားနေ၏။

တစ်လခွဲခန့်မျှ မေတ္တာဘာဝနာ အားထုတ်ပြီး၍ အိမ်သို့ ပြန်ရောက်သောအခါ ထိုအရာရှိသည် သူ တရားအားထုတ်နေစဉ်အတွင်း သူ့အိမ်သို့ နှစ်ကြိမ် သုံးကြိမ်မျှလာရောက်၍ သူ၏ ကျန်းမာကြောင်း စသည်ကို သတင်းမေးကြောင်း၊ သူ့အစ်ကိုက ပြောပြ၍ သိရ၏။ ရုံး ပြန်တက်သောအခါလည်း သူ့အရာရှိ၏ ရှေးကနှင့် လုံးဝမတူ ကြည်ဖြူသောမျက်နှာထားကို တွေ့ရရုံမျှမက အပြစ်ရှာမှု မရှိတော့ဘဲ ရင်းနှီးခင်မင်စွာ ဆက်ဆံသဖြင့် လုပ်ငန်းခွင်တွင် အဆင်ပြေသွားကြောင်း လျှောက်ထားဖူး၏။

**မကောင်းသတင်းလွှင့်သူ**

မန္တလေးမှ မေတ္တာဘာဝနာ အားထုတ်သူ တပည့်တစ်ဦးသည်လည်း ဆယ်ရက်ခန့် မေတ္တာပွားမိသောအခါ သူ့ကို အမြဲလိုလို မကောင်းသတင်း လွှင့်နေသော အမျိုးသမီးတစ်ဦးကို အာရုံပြုလျက် ပွားကြည့်ရာ အခြားသူများကို ပွားသလိုပင် မေတ္တာစာတ် အင်အား ကောင်းစွာ ဖြစ်ပွားသည်ကို တွေ့ရ၏။ ထို့ကြောင့် ထိုအမျိုးသမီးကို အကြိမ်များစွာ မကြာခဏ မေတ္တာပွား၏။

ဒုတိယ အကြိမ်

အိမ်သို့ ပြန်ရောက်သောအခါ ထိုအမျိုးသမီး မှုပြောင်းနေသည်ကို တွေ့ရ၏။ သူ့အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာကာ ခင်ခင်မင်မင် ဆက်ဆံရုံမျှမက သူ့အကြောင်း မကောင်းသတင်းလည်း ထိုအမျိုးသမီး မလွှင့်တော့ကြောင်း လျှောက်ထားဖူး၏။

**ဗုဒ္ဓဒေသနာတော်မှ အကျိုးများ**

ယောကျ်ားများ၏ မိန်းမနည်းသောအိမ်ကို သူခိုးဓားပြတို့ ဝင်တိုက် ခိုးယူလုယက်နိုင်ရန် လွယ်ကူစွာ ခဲယဉ်းသကဲ့သို့ မေတ္တာတရားဖြင့် မိမိစိတ်ကို ထုံမွှမ်းထားသူကို ဘီလူး စသည်တို့က မနှောင့်ယှက် မဖျက်ဆီးနိုင်ပေ။

ထက်လှသော လှံသွားကိုကိုင်၍ သွေးခြင်း၊ လိပ်ခြင်းကိုပြုလျှင် ပြုသူ သာလျှင် လှံသွားရှ၍ ဆင်းရဲရသကဲ့သို့ မေတ္တာပွားသူ၏စိတ်ကို နှောက် ယှက် ဖျက်ဆီးရန် ဘီလူး စသည်တို့ကြိုးစားလျှင် ထိုဘီလူး စသူတို့သာ လျှင် ကိုယ်စိတ်ပင်ပန်း ဆင်းရဲမှုကို ခံစားကြရ၏။

**သာမာဝတီ၏ မေတ္တာစွမ်း**

မာဂဏ္ဍီ၏ အကောက်ကြံမှုကြောင့် မေတ္တာရှင် သာမာဝတီနှင့် သူ၏ အဖော် အပျိုတော်ငါးရာတို့ကို ဥတေနမင်းကြီး အထင်မှား၍ စီတန်း ရပ်စေပြီးလျှင် လေးဖြင့်ပစ်သတ်ရန် ချိန်လိုက်၏။ သာမာဝတီတို့တစ်သိုက် ကား မေတ္တာပွားလျက်နေ၏။

မင်းကြီး လေးညို့ ခလုတ်ကို ဖြုတ်လိုက်ရာ မြားသည် သာမာဝတီထံသို့ တည့်တည့်ကြီး ဦးတည်ပြေးသွား၏။ သို့သော်လည်း သာမာဝတီ၏အနီးသို့ ရောက်လျှင် သက်ရှိသတ္တဝါတစ်ဦးကဲ့သို့ ရုတ်ခြည်းပြန်လှည့်ကာ မင်းကြီး အထံသို့ ပြေးလာပြီးလျှင် မင်းကြီး၏ခြေရင်း၌ အရှိန်ပြင်းစွာကျသွား၏။

ထိုအခါ မင်းကြီးသည် 'သူတော်ကောင်းရဲ့ဂုဏ်ကို သက်မဲ့ မြားကမှ သိသေးသည်။ ငါ ရေမြေ့ရှင် ဘုရင်က မသိသား ဆိုးရွားလှချည့်လား' ဟု ထိတ်လန့် သံဝေဂရကာ သာမာဝတီကို ရှိခိုးတောင်းပန်လေသည်။

မေတ္တာပွားခြင်း၏အကျိုးကား ကြီးမားလှ၏။

**မေတ္တာပွားခြင်း၏ အကျိုး တစ်ဆယ့်တစ်ပါး**

မေတ္တာပွားသူသည်—

၁။ ချမ်းသာစွာ အိပ်ရခြင်း၊ ၂။ ချမ်းသာစွာ နိုးရခြင်း၊ ၃။ အိပ်မက် ကောင်း မက်ခြင်း၊ ၄။ လူအများ ချစ်ခင်ခြင်း၊ ၅။ နတ်တို့ ချစ်ခင်ခြင်း၊

၆။ နတ်တို့စောင့်ရှောက်ခြင်း၊ ၇။ လက်နက်၊ အဆိပ်၊ မီး စသည်တို့ကြောင့် မသေခြင်း၊ ၈။ စိတ်တည်ကြည် ငြိမ်သက်ခြင်း၊ ၉။ မျက်နှာကြည်လင် ရွှင်ပြခြင်း၊ ၁၀။ မတွေမဝေဘဲ သတိရှိလျက် သေရခြင်း၊ ၁၁။ သေသောအခါ ဗြဟ္မာဖြစ်ရခြင်း အကျိုးများကိုရ၏။

ဆောင်ပုဒ်

- အိပ်လဲချမ်းသာ၊ နိုးချမ်းသာ၊
  ကောင်းရာအိပ်မက်သည်။
- လူရော နတ်ပါ၊ ချစ်ခင်တာ၊
  စောင့်ရာ နတ်တို့သည်။
- လက်နက်ဆိပ်မီး၊ မဖျက်ဆီး၊
  အပြီး စိတ်တည်ကြည်။
- မျက်နှာကြည်လေ၊ မတွေဝေ၊
  အသေ ကောင်းလှသည်။
- ဗြဟ္မာ့ဘုံ လား၊ ဆယ့်တစ်ပါး၊
  ကျိုးများမေတ္တာရသည်။ ။

**မေတ္တာပို့**

ထိုမေတ္တာစိတ်ကို မိမိသန္တာန်၌ အထိုက်အလျောက်ဖြစ်ပွားရုံမျှ "သတ္တဝါမှန်သမျှ ချမ်းသာကြပါစေ" ဟု မိနစ်အနည်းငယ်မျှ ဆင်ခြင်နှလုံးသွင်းပွားများခြင်းကို မေတ္တာပို့သည်ဟု ခေါ်ကြသည်။

**မေတ္တာဘာဝနာပွားများ**

မိမိသန္တာန်၌ သာမန်မေတ္တာစိတ် ဖြစ်ပွားရုံမျှမဟုတ်ဘဲမေတ္တာစိတ်ထားအင်အားကောင်းစွာ တဖွားဖွားဖြစ်ပေါ်လာကာ တစ်ကိုယ်လုံး မေတ္တာစိတ်ဓာတ်ရစ်ပတ်လွှမ်းခြုံလျက် မေတ္တာစိတ်ဖြင့် စိမ့်ဝင်ပျံ့နှံ့နေအောင် 'ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ' ဟု အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်နှလုံးသွင်း ပွားများခြင်းကို မေတ္တာဘာဝနာ ပွားသည်ဟု ခေါ်ရသည်။

ဒုတိယ အကြိမ်

## ဩဓိမေတ္တာ အနောဓိမေတ္တာ

ယင်းသို့ မေတ္တာဘာဝနာ ပွားများအားထုတ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးတည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်စုကိုဖြစ်စေ ပိုင်းခြားကန့်သတ်၍ ပွားများလျှင် ဩဓိမေတ္တာဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်ဟု မပိုင်းခြားမကန့်သတ်ဘဲ တစ်လောကလုံးရှိ သတ္တဝါအားလုံးကို အာရုံပြု၍ ပွားများလျှင် အနောဓိမေတ္တာဖြစ်၏။

## လက်ဦး သိထားနှင့်ရန်

ပုဂ္ဂိုလ်ပိုင်းခြားကန့်သတ်၍ ဩဓိအနေဖြင့် ပွားများလိုသူသည် ပွားရမည့်ပုဂ္ဂိုလ်၊ မပွားရမည့်ပုဂ္ဂိုလ်တို့ကို ရှေးဦးစွာ သိထားဖို့လိုပေသည်။

၁။ မိမိမချစ်ခင်သော မုန်းသောပုဂ္ဂိုလ်ကို အစဆုံး မေတ္တာမပွားရ။ မုန်းသူကို အစဆုံးမေတ္တာပွားလျှင် မေတ္တာစိတ် မဖြစ်ပေါ်နိုင်ပေ။

၂။ အလွန်ချစ်ခင်သူကိုလည်း အစဆုံး မေတ္တာမပွားရ။ အလွန်ချစ်ခင်သူကို အာရုံပြု၍ အစဆုံး မေတ္တာပွားလျှင် ထိုသူ၏ အနည်းငယ်မျှသော ဆင်းရဲဒုက္ခကိုပင် တွေးဆင်ခြင်မိက ငိုမိမလောက် စိတ်ဆင်းရဲရသဖြင့် မေတ္တာစိတ် မဖြစ်ပေါ်နိုင်ပေ။

၃။ မချစ်မမုန်း သိကျွမ်းရုံမျှသာဖြစ်သော အလယ်အလတ်ပုဂ္ဂိုလ်ကိုလည်း အစဦးမပွားရ။ မချစ်မမုန်း ပုဂ္ဂိုလ်ကို ချစ်ခင်သူအဖြစ်ထား၍ ဆင်ခြင်နှလုံးသွင်းလျှင် ပင်ပန်း၏။

၄။ ရန်သူကိုလည်း အစဆုံးမပွားရ။ ရန်သူကို အစဆုံး ပွားလျှင် မေတ္တာစိတ်မဖြစ်ပေါ်ဘဲ ဒေါသစိတ် ဖြစ်လာတတ်၏။

၅။ အမျိုးသမီးက အမျိုးသားကို၊ အမျိုးသားက အမျိုးသမီးကို ဩဓိမေတ္တာအနေဖြင့် ပိုင်းခြားကန့်သတ်၍ မပွားရ၊ ပွားလျှင် ရာဂဖြစ်တတ်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဆို၏။

ဤအဆိုကို မေတ္တာဘာဝနာ ပွားမှု အသားမကျသေး၊ မနိုင်နင်းသေးမီ အခြေအနေကို ရည်ရွယ်၍ဆိုသည်ဟု မှတ်ယူသင့်၏၊ အဘယ်ကြောင့်ဆိုသော် လက်တွေ့မေတ္တာ ဘာဝနာ

အားထုတ်သူများသည် နိုင်နင်းကျေပွန်စွာ ပွားမိသောအခါ ဝိသဘာဂအာရုံကို အခက်အခဲမရှိဘဲ မေတ္တာစိတ်ဖြစ်အောင် ပွားများ၍ရကြသောကြောင့်ပင်။

၆။ သေသူကို မေတ္တာပွားလျှင် ဥပစာရသမာဓိကိုလည်း မဖြစ်စေနိုင်။ အပ္ပနာသမာဓိကိုလည်း မဖြစ်စေနိုင်ပေ။ ဟို့ကြောင့် သေသူကို မပွားအပ်သည်သာတည်း။

## ဆောင်ပုဒ်

မုန်းသူစင်စစ်၊ အလွန်ချစ်၊ မချစ်မမုန်းသူ။
ရန်သူထည့်ကာ၊ လေးယောက်မှာ၊ စစွာ မပွားဟူ။
လိင်မတူကား၊ သီးပိုင်းခြား၊ မပွားရသသူ။
သေသူမှန်က၊ ဘယ်တော့မှ၊ ပွားရ မဖြစ်ဟူ။ ။

## ပရိကံ

မေတ္တာဘာဝနာနှင့်ပတ်သက်၍ သိသင့်သိထိုက်သူများ ကိုလေ့လာနား လည်ပြီးသော မေတ္တာဘာဝနာ အားထုတ်သူသည် မိမိမေတ္တာ ပွားမည့် အချိန်ပိုင်းအတွင်း၌ ကြောင့်ကြ ပလိဗောဓများ ကင်းရှင်းအောင်စီမံထား ပြီးနောက် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ရေမိုးချိုး ဆေးကြော သန့်စင်ပြီးလျှင် တိတ်ဆိတ်သောအချိန်တွင် တိတ်ဆိတ်သောနေရာ၌ စိတ် ရောကိုယ်ပါ လျှော့ချလျှက် ပျော့ပျောင်းသက်သာစွာ ထိုင်ရမည်။ ထို့ နောက် ရတနာသုံးပါး၊ ဆရာသမားတို့ကို ရှိခိုးကန်တော့ရမည်။

## ပွားပုံအစဉ်

မေတ္တာပွားရန် အဆင်သင့်ဖြစ်သောအခါ ....

(၁) မြတ်နိုးကြည်ညို ရိုသေလေးစားအပ်သူ၊ (၂) ချစ်ခင်သောမိတ် ဆွေ၊ (၃) မချစ်မမုန်း သိက္ခာမ်းရုံမျှဖြစ်သူ၊ (၄) ရန်သူတို့ကို တစ်ဦးစီ အပေါ်၌ မေတ္တာစိတ်ထား တဖွားဖွားဖြစ်ပေါ်လာသည့်အထိ ကျေပွန် အောင် အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်ပွားများပြီးမှ နောက်တစ်ဦးကို အစဉ်အတိုင်း ပွားရသည်။

## ဒုတိယ အကြိမ်

## မိမိကိုယ်ကို သက်သေထားပါ

ဖော်ပြပါအတိုင်း မေတ္တာပွားမည့်သူသည် ပထမဆုံး 'ငါချမ်းသာရပါလို၏ ငါဆင်းရဲကင်းရပါလို၏' ဟု မိမိကိုယ်ကို သက်သေအဖြစ် ထားရန် ရှေးဦးစွာ နှစ်မိနစ် သုံးမိနစ်ခန့်ပွားရမည်။ ထိုသို့ပွားခြင်းဖြင့် 'မိမိ ချမ်းသာချင်သလို အခြားသတ္တဝါများလည်း ဆင်းရဲကင်းလိုကြသည်' ဟု ကိုယ်ချင်းစာကာ အခြားသတ္တဝါများ၏အကျိုးစီးပွားကို လိုလားသော မေတ္တာစိတ်ထား ဖြစ်ပေါ်လာနိုင်ပေသည်။

## ပွားပုံ

ယင်းသို့ ပွားပြီးမှ ပထမဆုံး ပုဂ္ဂိုလ်ဖြစ်သော မြတ်နိုးကြည်ညို ရိုသေလေးစားအပ်သော ဆရာသမား၊ ဆရာသမားနှင့် အလားတူ ပုဂ္ဂိုလ်၊ ဥပဇ္ဈာယ်ဆရာ၊ ဥပဇ္ဈာယ်ဆရာနှင့် အလားတူသော ပုဂ္ဂိုလ် တစ်ဦးဦးကို အာရုံပြု၍ အမည်ကို ဖော်လျက် 'ဦးနာဂ ချမ်းသာပါစေ' ဟု ဖြစ်စေ၊ 'ဦးနာဂ ကိုယ်ဆင်းရဲကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ' ဟုဖြစ်စေ ထိုသူ၏ချမ်းသာရေး၊ ဆင်းရဲကင်းရေးကို လိုလားသည့် မေတ္တာစိတ်ထား မိမိသန္တာန်၌ ဖြစ်ပွားလာအောင် ဆင်ခြင် ပွားများရမည်။

ယင်းသို့ ပွားရာ၌ ထိုပုဂ္ဂိုလ်၏ စိတ်ထားကောင်းခြင်း၊ နှုတ်ပြော ချိုသာခြင်း၊ သူတစ်ပါးကို ကူညီတတ်ခြင်း၊ အများအကျိုးဆောင်ခြင်း၊ ပေးကမ်းလှူဒါန်းတတ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းခြင်းစသောကောင်းဂုဏ်တို့ကို ဆင်ခြင်အောက်မေ့၍ ပွားများရမည်။

ထိုသို့ပွားဖန်များလာ၍ အပွားခံပုဂ္ဂိုလ်ကို သေချာစွာ အာရုံပြုလာနိုင်သောအခါ နာမည်ကို ဖော်တော့ဘဲ 'ချမ်းသာပါစေ၊ ချမ်းသာပါစေ'၊ 'ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ' စသည်ဖြင့် လွယ်ကူသလို ပွားရမည်။ 'ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ အစစအရာရာ အဆင်ပြေပါစေ' စသော စကားများဖြင့်လည်း ပွားများနိုင်သည်။ ပွားစတွင် နှုတ်ကပါ ရွတ်ဆိုဖို့ လိုကောင်းလိုပေသည်။ ပွားမှု အသားကျလာသောအခါ စိတ်ဖြင့်သာ ဆင်ခြင်ပွားများရမည်။

## တိုးတက်မှု

ဤပထမပုဂ္ဂိုလ်ကို အကြိမ်ကြိမ်အဖန်ဖန် ပွားခြင်းဖြင့် သမာဓိရလာ၍ ကြည်လင်မှု၊ ငြိမ်သက်မှု၊ ငြိမ်းအေးမှု၊ ချမ်းသာမှု၊ နှစ်သက်ဝမ်းမြောက်မှု၊

ကိုယ်စိတ်နှုးညွှံ့မှု စသည်တို့ကို ခံစားလာရသောအခါ အလားတူပုဂ္ဂိုလ်တို့ကို တစ်ဦးပြီး တစ်ဦး ပြောင်း၍ပွားရမည်။ ဤသို့ဖြင့် မေတ္တာဈာန်သမာဓိကို ရလာနိုင်၏။

ထို ပထမပုဂ္ဂိုလ် အမျိုးအစားကို ကျေပွန်နိုင်နင်းအောင် ပွားများပြီးမှ ဒုတိယ၊ တတိယ၊ စတုတ္ထပုဂ္ဂိုလ် အမျိုးအစားတို့ကို အစဉ်အတိုင်း ဆက်လက်၍ ပွားရမည်။

## သြဒိမှ အနောဓိသို့

ထို့နောက်မှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်း၊ နိုင်ငံပိုင်းခြား ကန့်သတ်လျက် တဖြည်းဖြည်း အပွားခံနယ်မြေကို ချဲ့၍ ချဲ့၍ ပွားသင့်၏။ ထို့နောက်မှ တိုက်ကြီးတစ်တိုက်လုံး၊ တစ်ကမ္ဘာလုံး၊ တစ်စကြဝဠာလုံး၊ တစ်လောကလုံး စသည်ဖြင့်တိုးချဲ့ပွားများလျှင် အပိုင်းအခြားရှိသော သြဒိမေတ္တာမှ အပိုင်းအခြားမရှိသော အနောဓိမေတ္တာသို့ ပြောင်းလဲပွားများပြီး ဖြစ်သွားပေါလိမ့်မည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်နည်းအတိုင်း အရပ်ဆယ်မျက်နှာကို တစ်မျက်နှာစီ ပိုင်းခြားကန့်သတ်၍ ဒိသာဖရဏမေတ္တာအဖြစ် ပွားများပြီးမှ တစ်လောကလုံးကို ပွားများလျှင်လည်း ပို၍သင့်လျော်ဖွယ်ရှိပါသည်။ ။

ချမ်းမြေ့ရိပ်သာဆရာတော်

(အခြေပျိုးဗုဒ္ဓဘာသာမှ)



ဒုတိယ အကြိမ်

# မေတ္တာသုတ် ရွတ်ဖတ်ရခြင်းအကျိုး

(စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် အရှင်ပဏ္ဍိတာဘိဝံသ ထေရ် စီရင်အပ်သော မေတ္တာသုတ် မြန်မာဋီကာစာအုပ်မှ)

မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ လက်ငင်းဒိဋ္ဌရရှိသောကောင်းကျိုး ကျေးဇူး အနည်းငယ်မျှကို ထုတ်ဆောင်ပြဦးအံ့။

စာပေထဲ၌သာလျှင် အကျိုးကျေးဇူးများ ရသည်ဟု ရေးသားထားသည် မဟုတ်။ စာထဲ၌ပါရှိသော ထိုထိုပုဂ္ဂိုလ်များသည်သာလျှင် ထိုထိုသို့သော ကောင်းကျိုးကျေးဇူးတို့ကို ရကြသည်မဟုတ်၊ ငါတို့ ရွတ်ဖတ်သရဇ္ဈာယ် လျှင်လည်း ကောင်းကျိုးကျေးဇူးတို့ကို ရကြပေလိမ့်မည်ဟု ယုံကြည်သော အားဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ကြရမည်။

ကတပရိတ္တဋီ မဟာရာဇ-စသည်ဖြင့်မိလိန္ဒမင်းကြီးအား အရှင်နာဂသိန် ဟောပြောသော ပရိတ်၏ ကျေးဇူးတို့သည်ကား—

(က) ပရိတ် ရွတ်ဖတ်သရဇ္ဈာယ်သောသူကို ကိုက်လိုသောမြွေသည်လည်း မကိုက်နိုင်၊ ကိုက်ရန်ဖွင့်သော ပါးစပ်သည် ပိတ်သွားတတ်၏။ (ဤသို့ဖြစ်သည်ကို အာစေးထည့်သည်ဟု မြွေဘက်ဆိုင်ရာ လူတို့ ပြောဆိုသုံးစွဲကြ၏။

(ခ) သူခိုးခားပြများသည် လက်နက်ကို မြှောက်ချီခြင်းငှာ မစွမ်းနိုင်၊ ကိုင်စွဲသောလက်နက်ကိုချ၍ ဆွေရင်းမျိုးချာကဲ့သို့ မေတ္တာသက်ဝင် ခင်မင်ကြ၏။

(ဂ) ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် နင်းသတ်အံ့သောငှာ ပြေးလာသော ဆင်ပြောင်သည်လည်း အနီးသို့ ရောက်လျှင် ဒေါသကင်းဝေး ငြိမ်းအေး ချမ်းမြေ့ခြင်း ဖြစ်တတ်၏။

**ဒုတိယ အကြိမ်**

(ဃ) အလျှံပြောင်ပြောင် တောက်လောင်သော မီးပုံကြီးသည် လည်းအနီးသို့ရောက်သောကာလ ငြိမ်းအေးခြင်းသို့ရောက်၍ အပူရှိန် ကင်းပျောက်တတ်၏။

(င) လတ်တလော သေစေတတ်သောအဆိပ်ကို စားမျိုမိသော် လည်း အဆိပ်မဖြစ်သည်သာမက ရောဂါကင်းကြောင်း ဆေးကောင်း အဖြစ်သို့သော်လည်း ရောက်၏။ အာဟာရ သော်လည်း ဖြစ်၏။

(စ) သတ်ဖြတ်လိုသော သူ သတ် သမား သည်လည်း အနီးသို့ ရောက်လျှင် အစေခံ ကျေးကျွန်အဖြစ်သို့ပင် ရောက်တတ်၏။

(ဆ) ကျော့ကွင်းကို နင်းမိသော်လည်း ချည်နှောင်မိခြင်းမရှိတတ် ဟူ၍ ဟောတော်မူသည်။

## ပရိတ်အကျိုးပြ သပြေကန်ဝတ္ထု

မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြ၍ ကျေးဇူးခံစားကြရသော ပစ္စက္ခဒိဋ္ဌမမှ ဝတ္ထုသက်သေတို့သည်လည်း များလှ၏။ အချို့ကို ပြဦးအံ့။

နှစ်ကာလများစွာကြီးမကြာမီက ရန်ကုန်အရှေ့ သပြေကန်အနီး သပြေကန်းကျောင်းသည် အလွန်ကြမ်းသည့်ပြင် သံဃာများ မကြာခဏ ဖျားနာကြ၏။ ရံခါရံခါ အပုပ်နံ့ လည်းနံ၏။ ဘုန်းကြီးတစ်ဆက် ပြန်တော်မူပြီးနောက် ကျောင်းထိုင်မည့် ဘုန်းကြီးသစ်သည် ဤသတင်းကို ကြားနှင့်သောကြောင့် ကျောင်းအာရာမ်တွင်းသို့ မဝင်မီကပင် မေတ္တာသုတ်ကိုရွတ်၏။ ကျောင်းသို့ရောက်သည့်အခါလည်း ရွတ်၏။ မပြတ်မပြတ် မေတ္တာသုတ်ကို ရွတ်ရာ ၎င်းဘုန်းကြီး တစ်လက်ထက်လုံး ဘေးဥပဒ် အန္တရာယ် အဖျားအနာ စသည် ကင်းရှင်း၍ ချမ်းသာစွာ သီတင်းသုံးရလေသည်။

## ပရိတ်အကျိုးပြ သုံးခွ ဝတ္ထု

ပဲခူးမြို့ ရွှေအောင်ရွှေး ဆရာတော်သည် ငယ်စဉ်က သုံးခွ မဟာဝုန်တောရသို့ ခေတ္တ ရောက်သွားကြရာ ထိုအခါက မဟာဝုန်တောရ၌ အခြောက်အလှန့်အားကြီး၍ လွန်စွာကြမ်းလှ၏။ ထို့ကြောင့် ရွှေအောင်ရွှေး ဆရာတော်စသော ခရီးသွားသံဃာတော်များသည် မေတ္တာသုတ်ပရိတ်

တော်ကိုရွတ်လျက် ကျောင်းအာရာမ်တွင်းသို့ ဝင်သွားကြ၏။ ညတိုင်းလည်း ရွတ်ကြ၏။ ညအိပ်ပျော်သောအခါ ရဟန်းတစ်ပါးသည် အနီးသို့လာ၍ ယခုမှမိတ်ဆွေကောင်းကို တွေ့ရသည်တဲ့ ပြောသတတ်။ အခြောက်အလှန့် လွတ်ကင်း၍ ချမ်းသာစွာနေခဲ့ရသည်ဟူ၏။

**ပရိတ်အကျိုးပြ ပရက္ကမချောင် ဝတ္ထု**

စစ်ကိုင်းမြို့ ရွာထောင်ရွာ ပန်းထိမ်ကျောင်းကြီး၌ ၁၃၀၂-ခုနှစ်၌ သက်တော် ၈၇-နှစ်ရှိတော်မူမှ ပျံလွန်တော်မူသော ပန်းထိမ်ကျောင်းဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် မိန့်ကြားတော်မူဖူးသည်မှာ--

"ဘုန်းကြီးကလေး-မေတ္တာသုတ်ကို ဂရုပြု၍ရွတ်၊ ခရီးသွားလိုလျှင် သွားမည့် ခရီးကိုမှန်း၍ရွတ်၊ သွားမည့်ကျောင်း၊ နေမည့်ကျောင်းကိုမှန်း၍ရွတ်၊ အာရာမ်တွင်းသို့ မဝင်မီ အဝင်စက ရပ်၍ရွတ်၊ ကျုပ်ဒီကျောင်းမှာနေရအောင် ပရက္ကမချောင်ကလာခါနီးမှာ မလာမီ မေတ္တာသုတ်ကို ရွတ်ခဲ့၏။ လာသောအခါ ကျောင်းအာရာမ်ပေါက်က ရပ်၍ရွတ်၏။ ကျောင်းပေါ် ရောက်သောအခါလည်း ရွတ်၏။ မပြတ် ရွတ်သဖြင့် ကျောင်း အာရာမ် တွင်းရှိ ရက္ခစိုးများ ကျုပ်ကို သေးရန်ကွာဆီး၍ စောင့်ရှောက်တဲ့အခါ ပေါင်း တော်တော်များပြီ"ဟု မိန့်တော်မူဖူးလေသည်။

ပဲခူး ကြခတ်ဝိုင်းကျောင်း၌ တိမ္မလာရုံစည်တီးဆရာတော်ဘုရားကြီး၏ မေတ္တာသုတ်ပရိတ်တော်ကြောင့် အန္တရာယ်ကင်းရှင်းသော သာဓက၊ ဝက်လက်မြို့ကြို့ပင်ကျောင်း ဆရာတော် ဦးလက္ခဏ၏ မေတ္တာသုတ် ပရိတ်တော် ကြောင့် အန္တရာယ်ကင်းရှင်းသော သာဓကဝတ္ထုတွေများစွာရှိသော်လည်း ယုံကြည်ဖွယ် သာဓက ရလောက်ပြီဖြစ်၍ မချဲတော့ပြီ။

အနည်းငယ်မျှ ထုတ်ပြအပ်သော ပရိတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ် ရသော ကောင်းကျိုးကျေးဇူးနှင့် လက်ငင်းဒိဋ္ဌ ကျေးဇူးခံစားရသော ဝတ္ထု သာဓကတို့ကို ယုံယုံကြည်ကြည် မှတ်သား၍ မေတ္တာသုတ်ကို ဂရုပြုကာ ရွတ်ဖတ် သရဇ္ဈာယ်နိုင်ကြစေကုန်သတည်း။

ဤဝတ္ထုများသည် ရဟန်းတော်များ၏ ဝတ္ထုသက်သေများဖြစ်သော်လည်း လူများ၌ ဤအကျိုးကျေးဇူးမျိုးကို မရသည်မဟုတ်၊ လူများရွတ်ဖတ်သရဇ္ဈာယ်လျှင် လူများရမည်သာ ဖြစ်သည်။

**အရှင်ပဏ္ဍိတထေရ်**

**ဒုတိယ အကြိမ်**

# မေတ္တာသုတ် ပါဠိတော်

၁။ ယဿာ နုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါ နုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မ–တန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝ မာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ကရဏီယ မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူစ သု ဟုဇူစ၊
သုဝစော စဿ မုဒု အနတိမာနီ။

၄။ သန္တုဿကော စ သု ဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

၅၊ နစ ခုဒ္ဒမာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏ ဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုက ထူလာ။

ဒုတိယ အကြိမ်

၇။ ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကိဉ္စိ။
ဗျာရောသနာ ပဋိဃ သညာ၊
နာည မညဿ ဒုက္ခမိစ္ဆေယျ။

၉။ မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ဧကပုတ္တ–မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗ ဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မ သပတ္တံ။

၁၁။ တိဋ္ဌံ စရံ နိသိန္နောဝ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု။

၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော၊
ကာမေသု ဝိနေယ ဂေဓံ၊
နဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတီ။ ။

ဒုတိယ အကြိမ်

## မေတ္တသုတ် အနက်

၁။ ယဿ၊ အကြင် မေတ္တသုတ်၏။ အာနုဘာဝတော၊ အာနုဘော်ကြောင့်။ ယက္ခာ၊ ဘီလူးတို့သည်။ ဝါ၊ ဘုမ္မစိုးနတ်တို့သည်။ ဘီသန်၊ ကြောက်မက်ဖွယ်သောအဆင်းကို။ နေဝ ဒဿေန္တိ၊ မပြဝံ့ကုန်။ ယမှိစေဝ-ယမှိစ ဧဝ၊ အကြင် မေတ္တသုတ် ပရိတ်တော်ကိုအာလျှင်။ ရတ္တိံ၊ ညဉ့်၌လည်းကောင်း။ ဒိဝံ၊ နေ့၌လည်းကောင်း။ အတန္ဒိတော၊ မပျင်းရိသည်ဖြစ်၍။ နုယုဉ္ဇန္တော လုံ့လပြုသောသူသည်။

၂။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုတ္တောစ၊ အိပ်ပျော်သော်လည်း။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ပါပံ၊ မကောင်းသော အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။ ဧဝမာဒိ ဂုဏူပေတံ၊ ဤသို့အစရှိသော ကျေးဇူးနှင့်ပြည့်စုံသော။ တံပရိတ္တံ၊ ထိုမေတ္တသုတ်ပရိတ်တော်ကို။ ဟေ၊ အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမေ၊ ရွတ်ဆိုကြကုန်အံ့။

၃။ သန္တံ၊ ငြိမ်းအေးချမ်းသာသော၊ ယံပဒံ၊ အကြင် အသခ်တဓာတ်နိဗ္ဗာန်မြတ်သည်၊ အတ္ထိ၊ သဘာဝအားဖြင့် ထင်ရှားရှိ၏။ တံပဒံ၊ ထိုနိဗ္ဗာန်ဓာတ်မြတ်ကို။ အဘိသမေစ္စ၊ လောကီ လောကုတ္တရာ ပညာဖြင့် သိမြင်ထင်ရောက်၍။ ဝိဟာရန္တေန၊ နေလိုသော၊ အတ္ထကုသလေန၊ မိမိ၏ လောကီ၊ လောကုတ္တရာ ၂-ဖြာသော အကျိုးစီးပွား၌ လိမ္မာသော အမျိုးကောင်းသားသည်။ ဧဝံ ဝုစ္စမာနံ၊ ဤပြဆိုလတ္တံ့သော နည်းလမ်းကို။ ကရဏီယံ၊ လိုက်နာအားထုတ် ပြုလုပ်အပ်၏။ သက္ကောစ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်ခြင်းငှာ စွမ်းနိုင်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဟုဇူစ၊ ကိုယ်၊ နှုတ် ၂-တန် ဖြောင့်မှန် ရိုးသားသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဟုဇူစ၊ စိတ်ထား စိတ်ဟန် ဖြောင့်မှန်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဝစောစ၊ ပြောဆိုဆုံးမ လွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ မုဒုစ၊ နူးညံ့သိမ်မွေ့သော ကိုယ်၊ နှုတ်၊ စိတ်ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ အနတိမာနီစ၊ ဇာတိဂေါတ္တ စသည်တို့ဖြင့် မြင့်မောက်လွှမ်းမိုးသော မာနမရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၄။ သန္တုဿကောစ၊ ရသမျှနှင့် မျှတရောင့်ရဲသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဘရောစ၊ လုပ်ကျွေးမွေးမြူ လွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ အပ္ပကိစ္စောစ။ သင်္ကန်းချုပ်ခြင်းစသော မလွဲသာမှု နည်းပါးသော ပြုဖွယ်ကိစ္စ ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သလ္လဟုကဝုတ္တိစ၊ ပစ္စည်းမများပေါ့ပါးသော အသက်မွေးခြင်းရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သန္တိန္ဒြိ

ယောစ၊ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။ နိပကောစ၊ လိမ်မာထက်သန် သိမြင်တတ်သောဉာဏ်ရှိသည်လည်း။အသ၊ ဖြစ်ရာ၏။ အပ္ပဂဗ္ဘောစ၊ ကြမ်းတမ်းသော ကိုယ်၊နှုတ်၊ စိတ်မရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။ ကုလေသု၊ ဒကာ ဒကာမတို့၌။ အနနုဂိဒ္ဓေါစ။ ကပ်ငြိတွယ်တာမှု မရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။

၅။ ယေန၊ အကြင်ဒုစရိုက်မှုကြောင့်။ ဝိညူ၊ သိ ကြား လိမ္မာ ဉာဏ်ပညာရှိကုန်သော။ ပရေ၊ သူတစ်ပါးတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့စွပ်စွဲပြောဆိုကုန်၏။ ခုဒ္ဒံ၊ သေးငယ်ယုတ်ညံ့သော။ တံ၊ ထိုဒုစရိုက်မှုကို။ ကိဉ္စိ၊ အနည်းငယ်မျှပင်ဖြစ်သော်လည်း။ နစ အာစရေ၊ မပြုမလုပ်ရာ။သဗ္ဗသတ္တာ၊ ခပ်သိမ်းသောသတ္တဝါ ဟူသမျှတို့သည်။ သုခိနောဝါ၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်းကောင်း။ ခေမိနောဝါ။ ဘေးရန်ဥပဒ္ဒဝမရှိကုန်သည်လည်းကောင်း၊ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ရောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၆။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ပါဏဘူတာ၊ ပါဏဟုဆိုအပ်သော သတ္တဝါတို့သည်။ ဝါ—ပါဏဘူတာ၊ ထွက်သက်ဝင်သက် ရှိသော ပဉ္စဝေါကာရသတ္တဝါ၊ ထွက်သက်ဝင်သက်မရှိသောစတုဝေါကာရ၊ ဧကဝေါကာရ သတ္တဝါတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣမေပိ သဗ္ဗသတ္တာ၊ ဤအလုံးစုံသော သတ္တဝါတို့သည်လည်း။ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနဝသေသာ၊ အကြွင်းမရှိကုန်သော။ ယေ တသာဝါ၊ အကြင် ကြောက်ရွံ့ထိတ်လန့်တတ်သောပုထုဇဉ်သေက္ခသတ္တဝါတို့သည်လည်းကောင်း။ယေထာဝရာဝါ၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိသော အကြင်ရဟန္တာ သတ္တဝါတို့သည်လည်းကောင်း။ ယေဒီဃာဝါ၊ အကြင်ရှည်ရှည်သော ကိုယ်ရှိသော မြွေ၊နဂါးစသော သတ္တဝါတို့သည်လည်းကောင်း။ ယေ မဟန္တဝါ၊ကြီးမားသောကိုယ်ရှိသော အကြင် လိပ်၊ဆင်၊အသူရိန် စသောသတ္တဝါတို့သည်လည်းကောင်း။ ယေ မဇ္ဈိမာဝါ၊ အလယ်အလတ်ဖြစ်သော ကိုယ်ရှိသည့် အကြင် ကျွဲ၊ နွား၊ မြင်း စသောသတ္တဝါတို့သည်လည်းကောင်း။ ယေ ရဿကာဝါ၊ တိုသော ကိုယ်ရှိသော အကြင် ကြက်၊ ငှက်စသော သတ္တဝါတို့သည်လည်းကောင်း။ ယေ အဏုကာဝါ၊ သေးငယ်လှစွာသောကိုယ်ရှိသော အကြင် ရေပိုး၊ရေမွှားစသောသတ္တဝါတို့သည်လည်းကောင်း။ ယေ ထူလာဝါ၊ ပြည့်ဖြိုး ဝန်းဝိုင်း

သော အကြင် ငါး၊ လိပ်၊ ခရု၊ မယောက်သွားစသော သတ္တဝါတို့သည် လည်းကောင်း။

၇။ ယေ ဒိဋ္ဌာဝါ၊ မိမိ၏မံသစက္ခုဖြင့် မြင်ဖူးသော အကြင်သတ္တဝါတို့သည်လည်းကောင်း။ယေ အဒိဋ္ဌာဝါ။ မိမိ၏ မံသစက္ခုဖြင့် မမြင်ဖူးသော အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဒူရေ၊ ဝေးသောအရပ်၌။ ဝသန္တိ၊ နေကြကုန်သော။ ယေသတ္တာဝါ၊ အကြင်သတ္တဝါတို့သည် လည်းကောင်း။ အဝိဒူရေ၊ နီးသောအရပ်၌။ ဝသန္တိ၊ နေကြကုန်သော။ ယေသတ္တဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ (တစ်နည်း၊ ဝါကျခွဲ၍ အစိတ်စိတ် မြန်မာပြန်လျှင်) ဒူရေ၊ ဝေးသောအရပ်၌။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ အဝိဒူရေ၊ နီးသောအရပ်၌။ ယေသတ္တာ၊ အကြင် သတ္တဝါတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ အနဝသေသာ၊ အကြွင်း မရှိကုန်သော။ ဣမေပိ သဗ္ဗသတ္တာ၊ဤအလုံးစုံသောသတ္တဝါတို့သည်လည်း။ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ ရောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ (ဟူ၍လည်း ဤဒုက်ကို ပြန်ဆိုနိုင်သေး၏။) ယေဘူတာဝါ၊ ဘဝစက်၌ ဖြစ်ခဲ့ပြီးသော အကြင်ရဟန္တာ သတ္တဝါတို့သည်လည်းကောင်း။ ယေသမ္ဘဝေသီဝါ၊ ဘဝသစ်၌ဖြစ်ဦးမည့် အကြင် ပုထုဇဉ်သေက္ခ သတ္တဝါ တို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ ရှိကြကုန်၏။ ဣမေပိ သဗ္ဗ သတ္တာ၊ ဤအလုံးစုံသော သတ္တဝါတို့သည်လည်း။ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ ရောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန် သတည်း။

၈။ ပရော၊ တစ်ပါးသောသူသည်။ ပရံ၊ တစ်ပါးသောသူကို။ နနိကုပ္ပေထ၊ အမျက်မထွက်ပါစေနှင့်။ ကတ္ထစိ၊ တစ်စုံတစ်ခုသော ကိစ္စဌာနနဲ၌။ နံ၊ ထိုတစ်ပါးသောသူကို။ ကိဉ္စိ၊ အနည်းငယ်မျှ။ ဗျာရောသနစယ၊ ဖောက်ပြန်သော ကာယကံ၊ ဝစီကံတို့ဖြင့် ချုပ်ချယ်ခြင်းဖြင့်လည်းကောင်း။ ပဋိဃသညာယ၊ ဖောက်ပြန်သောအား ရန်ငြိုးထားသောစိတ်ဖြင့်လည်းကောင်း။ နာတိမညေထ၊ မထေမဲ့မြင် မပြုပါစေနှင့်။ အညမညဿ၊ အချင်းချင်း၏။ ဒုက္ခံ၊ ဆင်းရဲကို။ နဣစ္ဆေယျ၊ အလိုမရှိပါစေနှင့်။

၉။ မာတာ၊ မွေးသည့် မိခင်သည်။ နိယံပုတ္တံ၊ မိမိ၏ သားရင်းဖြစ်သော။ ဧကပုတ္တံ၊ တစ်ယောက်တည်းသော သားကို။ အာယုသာ၊ အသက် အတွက်ကြောင့်။ အနုရက္ခေ ယထာ၊ အစဉ်စောင့်ရှောက်သကဲ့သို့။ ဧဝမ္ပိ၊ ထို့အတူသာလျှင်။ သဗ္ဗဘူတေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ အပရိ

မာဏံ၊ အတိုင်းအရှည်မရှိသော။ မာနသံ၊ မေတ္တာနှင့် ယှဉ်သော စိတ်ကို။ ဘာဝယေ၊ ပွားများစေရာ၏။

၁၀။ ဥဒ္ဓံ၊ အထက်လောက အရူပဘဝ၌လည်းကောင်း။ အဓော၊ အောက်ပိုင်းလောက ကာမဘဝ၌လည်းကောင်း။ တိရိယံ၊ အလယ်လောက ရူပဘဝ၌လည်းကောင်း။သဗ္ဗလောကသ္မိံ၊အလုံးစုံဖြစ်သောလောက၃-ပါး၌။ အသမ္ဗာဓံ၊ အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်းမရှိသော။ အဝေရံ၊ အကြားအကြား၌ ဝေရစေတနာကင်းသော။ အသပတ္တံ၊ ဗဟိဒ္ဓ ရန်သူဟူ၍ မရှိသော။ အပရိမာဏံ၊ အတိုင်းအရှည် မရှိသော။ မေတ္တံ၊ ချစ်ခြင်းဟု ဆိုအပ်သော။ မာနသံ၊ စိတ်ကို။ ဘာဝယေ၊ ပွားစေရာ၏။

၁၁။ တိဋ္ဌံ-တိဋ္ဌန္တော ဝါ၊ ရပ်သော်လည်းကောင်း၊ ရပ်လျက်လည်းကောင်း။ စရံ-စရန္တော ဝါ၊ သွားသော်လည်းကောင်း၊ သွားလျက်လည်းကောင်း။ နိသိန္နော ဝါ၊ ထိုင်သော်လည်းကောင်း၊ ထိုင်လျက်သော်လည်းကောင်း။ သယာနော ဝါ၊ အိပ်သော်လည်းကောင်း၊ အိပ်လျက်လည်းကောင်း။ ယာဝတာ၊ အကြင်မျှလောက်သောကာလပတ်လုံး။ ဝိတမိဒ္ဓေါ၊ ငိုက်မြည်းခြင်းကင်းသည်။ အဿ၊ ဖြစ်၏။ တာဝတာ။ ထိုမျှလောက်သော ကာလပတ်လုံး။ ဧတံသတိံ၊ ထိုမေတ္တာနှင့်ယှဉ်သော သတိကို။ အဓိဋ္ဌေယျ၊ ဆောက်တည်ရာ၏။ ဣဓ ဤဘုရား၏သာသနာတော်ကြီး၌။ ဧတံဝိဟာရံ၊ မေတ္တာနှင့် ကင်းသော ထိုသတိနှင့် နေခြင်းကို။ ဗြဟ္မံ၊ မြတ်သော။ ဝိဟာရံ၊ နေခြင်း ဟူ၍။ ဗုဒ္ဓေါ၊ ဘုရားရှင်တို့သည်။ အာဟု၊ ဟောတော်မူကြကုန်ပြီ။

၁၂။ သော၊ ထိုမေတ္တာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သော ပုဂ္ဂိုလ်သည်။ ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်မရောက်မူ၍။ သီလဝါ၊ လောကုတ္တရာ သီလရှိသည်ဖြစ်၍။ ဒဿနေန၊ သောတာပတ္တိ မဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံလျက်၊ ကာမေသု၊ ကာမဝတ္ထုတို့၌။ ဂေဓံ။ တောင့်တ မက်မော တွယ်တာ တပ်မက်ခြင်း သဘောကို။ ဝိနယ၊ ပယ်ဖျောက်၍။ ဇာတု၊ စင်စစ်။ ပုန၊ နောက်တစ်ဖန်။ ဂဗ္ဘသေယျံ၊ မိခင်၏ ဝမ်းတွင်း၌ ကိန်းနေခြင်းသို့။ နဧတိ၊ မရောက်ရပေတော့အံ့။ ။